

လွမ်းလေကညင်း

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်ခင်မြ ( မြ ၀၅၉၉၅) |
| | ချမ်းသာစာပေ |
| | အမှတ် ၇၄၁ ၊ ၁၄ လမ်း |
| | ၃ ရပ်ကွက် ၊ သာကေတ |
| ပုံနှိပ်သူ | ဒေါ်ခင်စီ(၀၂၅၀၇) |
| | ပြည့်ဦးဘော ပုံနှိပ်တိုက် |
| | အမှတ် ၁၅၈ ၊ ၃၇ လမ်း |
| | ရန်ကုန်မြို့ |
| မျက်နှာဖုံးရိုက် | ဆန်းသိမ်အော့ဖ်ဆက် |
| | ၁၅၀၊ ၄၈လမ်း၊ရန်ကုန်မြို့ |
| | ဖုန်း ၈၄၃၇၅ |
| စာအုပ်စာတမ်းခွင့်ပြုချက်အမှတ် | ( ၁၇၈ / ၉၀/ ၃ ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ( ၁၇၈ / ၉၀/ ၄ ) |
| | ပထမအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| | ၁၉၉၀၊ မေလ |
| တန်ဖိုး | သုံးဆယ့် ခုနစ် ကျပ် |
| မျက်နှာဖုံးနှင့်ရေခံပန်းချီ | မျိုးမြင့် |
| ကာလာခွဲ | လှမင်း |








ပဒ္မာမြ၊ဝတ်မှုန်
စိန်ချပ်ရုံ ထုံရည်သင်း၊
ရွှေရိုး ရွှက်ညှာ
နီလာတည့် ဖန်ရည်ရေး
ကျေးမယ်နှင့် မင်း၊
ခွာပြေပြေမှုန်ပေနှင်း
ချစ်အင်းရွှေ ညီစုံလို
ရဂုံမြိုင်ယံခင်းမှာ
လွမ်းလေကညင်း။

(မြဝတီမင်းကြီးရေး--ခွာမြ၊သင်းဝတ်ပျိုးမှ)

မျှော်လင့်ခြင်းဆိုတာ ဆောင်းနှောင်းမှာ ဝေတတ်တဲ့
င်းတွေလိုပါပဲ ရင်ငြိမ်း။

အရှေ့အနောက် ထက်အောက်ဘယ်ညာ၊ ဘယ်အရာကိုမှ
တ်သားစွာ မမြင်ရပေမယ့် ရင်ထဲမှာတော့ ငြိမ်းအေးလှ
ယ်။

ဖွေးဖွေးဖြူနေတဲ့နှင်းမြူတွေထဲမှာ အပြစ်လို့ပြောစရာဖြစ်
ဲ့ အနက်ရောင်လေး တစ်မှုန်တစ်မျှင်တောင် မမြင်ရဘူးနော်၊
င်ထဲက သန့်ရှင်းတဲ့ မျှော်လင့်ချက်တစ်ခုလိုပဲ ဖြူစင်လှပ
နလိုက်တာ။

ပတ်ဝန်းကျင် မနက်ခင်းတစ်ခုလုံး နှင်းတွေဝေနေတယ်။

ကိုယ့် ရင်ထဲမှာလဲ မျှော်လင့်ခြင်းတွေ ဝေနေပါတယ် ရင်ငြိမ်း။

ရင်ငြိမ်းနဲ့တွေ့ရဦးမယ်၊ အခွင့်အခါသင့်ရင် ကုန်လွန်ခဲ့ပြီးတဲ့ ကာလများစွာ ကတည်းက ရင်ထဲမှာတမ်းတခဲ့ရတဲ့ ဘဝမှလေးတစ်ခုကို တည်ဆောက်ခွင့်ရမယ်။

ဟောင်းသွားပေမယ့် ပြောင်းမသွားတဲ့ သံယောဇဉ် အထုအထည်ကို အကြောင်းပြုပြီး ဆမုဒယအိပ်မက်နွမ်းကလေးတွေဟာ ဆောင်းဦးမနက်ခင်းပန်းကလေးတွေလို ပြန်လည် လန်းဆန်းခွင့်ရမယ်။

လွမ်းနဲ့ရတဲ့ကာလလေးတွေကုန်ပါစေတော့ ရင်ငြိမ်းရယ်။

*

အပိုင်း (၁)

[၁]

စိုးမြဲက သူ့ကိုယ်ပိုင်စီးတော်ယာဉ်လေးဖြစ်သော ထဆင်ထူး နံပါတ်နှစ်ထောင်ကျော်၊ ၁၉၇၇ ခုနှစ် မော်ဒယ်၊ သံရှိလ်၊ နစ်ဆန်၊ ဆန်နီ အမျိုးအစား ပစ်ကပ်အမိုးတပ်လေးကို ချော့ချော့မော့မော့နှင့် စတင်စက်နှိုးလိုက်သည်။

နားရွက်ဖျားများ ထုံကျဉ်အောင် အေးစက် နေသော ဆောင်း မနက်ခင်းမှာ ဆန်နီကားလေးက ဘော်တော်နှင့် အိပ်ရာမှမထ။ အတင်း ပုတ်နှိုးနေသည့် ကြားက အင်းအဲနှင့် ညည်းညူပြီး ဘယ်လှည့်ညာစောင်းလုပ်ကာ အိပ်ရာသကပ်နေသည့် ကလေးငယ်လို အင်ဂျင်စက်လည်သံပေးလိုက် ပြန်ရပ်လိုက်နှင့် ညည်းညူကြေးထူပြနေသည်။

စွဲမြဲက လီဗာတံကို နှစ်ချက်သုံးချက် ဆင့်ပုတ်လိုက်ပြီး ပြုံးသည်။

'ထမိန်းပါကွာ၊ ဘော်ကြာကျရင် ပြေးရင်းလွှားရင်းနဲ့ မင်း အချမ်းပြေသွားမှာပါ၊ ဒီနေ့တစ်နေ့လုံး မင်း သွားရမယ့် ခရီးက နည်းနည်းနောနောမဟုတ်ဘူးကွ၊ မကွေးရောက်တဲ့အထိ အားလုံးပေါင်း မိုင်သုံးရာကျော် သွားရမှာ၊ ကူညီပါဦး ဖေ့သားကြီးရာ၊ မင်း ငါ့ လက်ထဲ ရောက်ကတည်းက ခုထိ တစ်ခါမှ မင်းကို ဒီလောက် ဒုက္ခမပေးဖူးသေးပါဘူး၊ ဒီတစ်ခါတော့ မင်းဆရာကို သနားသောအားဖြင့် လှိုက်လှိုက်လှဲလှဲ ကူညီလိုက်စမ်းပါဦး'

စိတ်ထဲကနေ တတွတ်တွတ် ပြောရင်း အသက် အောင့်၍ သော့တံကိုလှည့်လိုက်သည်။

ချုပ်ပါဆွဲထားသောကြောင့် ကားလေးက ဂူးခနဲ အသံ ကျယ်ကျယ်မြည်ပြီး နိုးသွားသည်။

ကားစက်ပူလာသည်အထိစောင့်ရင်း စွဲမြဲက သူ့အစီအစဉ် ကို သူပြန်တွက်သည်။

သည်ကနေထွက်သည်နှင့် ရွှေဂုံတိုင်ဘက်ကိုပတ်ပြီး သူငယ် ချင်း ဝင်းငွေးကိုခေါ်မည်။ ပြီးလျှင် အချိန်မဆိုင်းတော့ဘဲ တစ်ခါတည်းဆက်သွားမည်။ ရွှေညောင်ပင်မှာ တစ်ချက်ဝင် ကန်တော့၊ ထောက်ကြံ့ဂံဘ်မှာအစစ်ဆေးခံ၊ ကြားမှာ လုံးဝ မနားတော့ဘဲ တိုက်ကြီးလောက် အထိ ဘောက်လျှောက် မောင်းမည်။



တိုက်ကြီးကျမှ လက်ဖက်ရည်သောက်၊ အင်းမမှာ ထမင်း စား၊ လမ်းမှာ သိပ်မနားလျှင် မကွေးကို ညနေ ငါးနာရီ ခြောက်နာရီလောက်မှာ ဝင်မည်။

ရောက်တာနှင့်တစ်ခါတည်း ရင်ငြိမ်းဆီသွားတွေ့။

တွေ့လျှင် ရင်ငြိမ်းက ဘာမှစ,မပြောခင် အပြုံးနှင့် ဝမ်း သာအားရ ကြိုး။

ရင်ငြိမ်း၏ သိပ်လှသောအပြုံးလေးကို စိတ်ကူးဖြင့် ကြို ခံစားကြည့်သည်။

'ဝမ်းသာလိုက်တာ စွဲမြဲရယ်....၊ ရင်ငြိမ်းလေ စွဲမြဲကို အရမ်းမျှော်နေတာ သိလား'

ဟု ရင်ငြိမ်းပြောလာမည့် အသံလေးကို ကြိုမှန်းဆသည်။ မတွေ့ရတာ ကြာပြီဖြစ်သော ရင်ငြိမ်း၏ ရုပ်ပုံလေးကို လည်း မြင်ယောင်ကြည့်သည်။

လွန်ခဲ့သောဆယ်နှစ်၊ ဆယ့်ငါးနှစ်နှင့် ထို့ထက်မကသော ကာလများက ရင်ငြိမ်း၏ မျက်နှာလေး၊ ကိုယ်လုံးကိုယ်သွယ် လေး၊ ချစ်စဖွယ်လှုပ်ရှားမှု အမူအရာလေးများကို သတိရ သည်။

အင်း အခုဆို! ရင်ငြိမ်းလဲ ငါနဲ့အတူတူ နှစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးလောက်ပြီပဲ၊ နည်းနည်းတော့ ပြောင်းလဲ နေတော့ မှာပေါ့၊ နောက်ဆုံး တွေ့ခဲ့တဲ့အချိန်တုန်းက သူရော၊ ငါရော အသက်ဆယ့်ခုနှစ်၊ ဆယ့်ရှစ်နှစ်။

စိတ်ထဲက ပြောရင်းကား နောက်ကြည့်မှန်ကို လှည့်ယူ၍ စွဲမြဲက သူ့ရုပ်သူ့မှန်ထဲမှာ ကြည့်သည်။

အသက်သာမဟုတ်၊ အလုပ်ကပါ ဖိစီးထားသဖြင့်နားထင်စပ်တွင် တစ်ပင်စ နှစ်ပင်စ ဖြူစပြုနေသော ဆံပင်များကိုတွေ့သည်။

'ဆံပင်တွေဖြူပြီး ငါအဘိုးကြီး ဖြစ်သွားရင် ဘယ်လို လုပ်မလဲ ရင်ငြိမ်း'

'အံမယ်၊ စွဲမြဲရယ်၊ နင်အဘိုးကြီး ဖြစ်မှဘော့ ငါလဲ အဘွားကြီးဖြစ်ပြီပေါ့ဟဲ့၊ အဘိုးကြီးနဲ့ အဘွားကြီး ဘာထူးမှာလဲ၊ နင်နဲ့ ငါက ရွယ်တူက ရွယ်တူပဲပေါ့'

ရယ်ရင်းပြောခဲ့ကြသော ငယ်ငယ်က စကားများကို သတိရမိပြန်သည်။

အတိတ်၏ ရနံ့များ သင်းထုံလာ၏။

'နင်နဲ့ ငါ ဒီဘဝမှာ ဆုံရတော့မယ် မထင်ပါဘူး စွဲမြဲရယ်'

'ရင်ငြိမ်းရယ်၊ဘီလူးဘောကျော်တောင်မှတစ်ဘဝခြားပြီးသူ့ ဘုရား သူတည် နိုင်ခဲ့သေးတာပဲ၊ နင်ဘုရားပြိုက ဘုရားတင်မကြည့်နဲ့လေ၊ မကွေးမြသလွန်ဘုရားကြီးလဲ ပြန်ကြည့်ဦးမှပေါ့၊ တစ်ဘဝဆိုဘာ အချိန်တွေ အများကြီးပါဟာ၊ ကံကောင်းလို့နောက်ဘဝဆက်ရရင်အချိန်တွေပိုများလာနိုင်သေးတယ်၊ဘယ်အချိန်ဖြစ်ဖြစ် ငါနင့်ကို ချစ်နေမှာပဲ ရင်ငြိမ်း၊ပြီးတော့ နင့်ဆီကို ငါ မရောက်ရောက်အောင် လာခဲ့မှာပဲ'

နှင်းမှုန်ထဲတွင် ကားကို အရှိန်လျော့လိုက်ရင်း စွဲမြဲကပြုံးသည်။



'ကိုယ်အခုလာနေပြီ ရင်ငြိမ်း၊ စိတ်ကူးထဲ မျှော်လင့်ချက်ကလေးအတိုင်းဖြစ်ပါရစေကွယ်၊ ကြိုတင် မျှော်လင့်တွက်ဆမထားခဲ့တဲ့ ပြဿနာတွေနဲ့ကြုံပြီး ရင်မောမပြန်ရပါစေနဲ့လို့လဲ ဆုတောင်းမိပါတယ် အချစ်ရယ်၊ ဒီဘဝမှာနောက်တစ်ခါ ထပ်မလွမ်းချင်တော့ပါဘူး'

သူနေသော အလုံတိုက်ခန်းကနေ၊ ဝင်းဒွေးတို့ ရွှေဂုံတိုင် အထိသွားရသော ခရီးပင် အချိန်တော်တော်ယူနေရသည်။

ဝိဇယ မီးပွိုင့်လွန်၍ ဘောင်းဒရီလမ်းမှနေလင့်လမ်းဘက် အချိုးတွင် မီးဆလိုက်များထိုးထားဆဲဖြစ်သော ရွှေတိဂုံစေတီတော်ကြီးကို လှမ်းဖူးမြော်လိုက်ရသည်။

စွဲမြဲစိတ်ထဲမှာ ရောဝတီမြစ်ကွေ့ ကမ်းနဖူးမှ မကွေးမြို့စွန် မြသလွန် စေတီတော်ကို လှမ်းသတိရသည်။

မြသလွန်ဘုရား၊ ဆုတောင်းပြည့်စေတီ၊ ပန်းရစ်တောင်၊ ရွှေလင်မျှော်၊ သိကြားနတ်ကွန်း၊ ဘုရားသုံးဆူ၊ ဘုရားပြို၊ ဆားစည်ကျောင်း၊ ကင်းရွာ၊ ဘောကျော်၊ ဘောသော၊ ပုဏ္ဏဝတီ၊ သုဘောဂသူဌေး၊ သိကြားမင်း၊ ကြစုဖန်ခါးပင်၊ အထက(၁)၊ အထက(၂)၊ ဦးဇင်းညို တိုက်ပျက်ကြီး၊ဥစ္စာစောင့်များ၊ ငွေရောင် မြေကြီးနှင့် သဲသောင်ပြင်ကြီး စသည့် စသည့် အတိတ်၏ နိမိတ်ပုံ သင်္ကေတများလည်း စိတ်ထဲထင်ယောင်မြင်ယောင်လာသည်။

အတိတ်ဆိုတာ ဘာလဲ၊
ဘဝဆိုတာဘာလဲ၊
အချစ်ဆိုတာဘာလဲ၊

ဆောက်လုပ်ရေး အင်ဂျင်နီယာ၊ အဆောက်အဦကန်ထရိုက်တာ ဦးစွဲမြဲခိုင်မာ ဟု ယခုဘဝတွင် အမည်ရနေသော စွဲမြဲ၏ခေါင်းထဲတွင် မေးခွန်းများစွာ ပေါ်လာ၏။

ဆောင်းလေညင်းက ပြတင်းမှ နေတိုးဝင်သည်။

လွမ်းလေညင်းက သူ့ရင်ထဲ နှလုံးသား ပြတင်းကို ဖြတ်သန်း၍ တိုးတိုး ညင်းညင်း တိုက်ခတ်လျက်ရှိ၏။

*

[၂]

အတိတ်ဆိုသည်မှာ ကုန်လွန်ခဲ့ပြီးသော အချိန်များက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများဟု သာမန်အားဖြင့် အဓိပ္ပာယ်ဖွင့်ကြသည်။

သို့သော်အတိတ်ဆိုသော အမျိုးအစားတွင် မျိုးမတူသော အတိတ်ပေါင်းများစွာရှိကြောင်းကိုမူ အထူးပြု၍ ဖွင့်ဆိုလေ့မရှိကြ၊ အနည်းဆုံး တော့ အတိတ်ဆိုသောအရာတွင် မေ့မရသော အတိတ်နှင့် မေ့လွယ်ပျောက်လွယ်သော အတိတ်ဟု နှစ်မျိုးတွေ့ရှိရပေမည်။

အချို့ အတိတ်များသည် ကုန်လွန်ပြီးလေသော အချိန်များနှင့်အတူ မှေးမှိန်ပျောက်ဆုံးသွားကြ၏။

တချို့ကျတော့ ကုန်လွန်ခဲ့ပြီးသော အချိန်များကို လွန်မြောက်နိုင်ရုံသာမကလက်ရှိဖြတ်သန်းနေရသောပစ္စုပ္ပန်ကာလများကိုလည်းကောင်း၊ နောင်သောအခါကျမှ ကြုံဆုံလာရမည့် အနာဂတ်ကာလများကို လည်းကောင်း၊ ကြိုတင်၍ပင် လွမ်းခြုံလွှမ်းမိုးနေသေးသည်။

စွဲမြဲ၏ ဘဝအတွက် မေ့မရသော အတိတ်ကလေးများအကြောင်းပြန်ပြောင်းအောက်မေ့မည်ဆိုလျှင် ပစ္စုပ္ပန်ကာလ၌ သူ ဦးတည်၍သွားနေသော မကွေးမြို့ ကလေးကပင်စရမည်ဖြစ်သည်။

မကွေးမြို့သည် သူ့အတွက် မေ့မရသော အတိတ်ကလေးများ စတင်ပေါက်ဖွားခဲ့ရသော ဒေသပင်။

ဝေးလှပြီ ဖြစ်သောကြောင့် ရေးကျသော ဒဏ္ဍာရီပုံပြင်တစ်ခုကို ပြန်ပြောသလို ဟိုရှေးရှေးတုန်းက စတင်ရမည်ဖြစ်နေသော်လည်းစင်စစ်စွဲမြဲရင်ထဲမှာ ဘာဘာစ်ခုမှ ဟောင်းနွမ်းသွားခြင်းမရှိသေး။ လွန်ခဲ့သောနှစ်ပေါင်းများစွာက မကွေးမြို့ကလေးသည် သူ့ရင်ထဲမှာ ပီပီပြင်ပြင် ရှိနေသေးသည်။

ပြီးတော့....ရင်ငြိမ်း။

သူ့အမည်ကလေးကို သတိရလိုက်သည်နှင့်ပင် ရင်ထဲမှာ ငြိမ်းအေးသွားသည်။ ရင်ကငြိမ်းစေတတ်သော မိန်းကလေးမို့ ရင်ငြိမ်းဟုမှည့်ခဲ့လေသလား၊ စွဲမြဲတိတိကျကျဘော့မပြောတတ်။ သို့သော် ရင်ထဲက အပူများအားလုံးကို ငြိမ်းစေနိုင်သော မိန်းကလေးဖြစ်သည် ကတော့ အမှန်ပင်ဖြစ်သည်။



သည်မိန်းကလေးကလည်း မကွေးကပင်ဖြစ်သည်။

မကွေးကိုသတိရလိုက်သည်နှင့်ရင်ငြိမ်း၏ရုပ်ပုံလွှာကမြင်လွှာထဲသို့ အရင်ဦးဆုံး ထိုးဖောက် ဝင်ရောက်လာသည်။

ထိုအခါ တိုင်းမှာလည်း ကြားဖူးနေသော ကဗျာအပိုင်းအစလေးတစ်ခုကို ရင်ထဲက သတိရ၏။

‘ကလေးရွယ် ငယ်ကတည်းက
စွဲတဲ့အချစ်။’

* * *

‘မြန်မြန်လုပ်ပါ အဖေရာ၊ ကျွန်တော် ကျောင်းသွားချင်လှပြီ’

ပန်းစိုက်ခင်းထဲက ပြန်လာသော အဖေ့ တစ်ကိုယ်လုံးမှာ ချွေးသံတို့ဖြင့် ရွှဲရွှဲစိုနေသည်။ အသက်ကြီးပြီး ဖြစ်သော်လည်း မို့မောက်ဘင်းမာနေဆဲဖြစ်သည် ရင်အုပ် တစ်ခုလုံးမှာလည်း ချွေးများအသီးလိုက် စို့နေ၏။

အဖေက ရေလောင်းသံပုံးနှစ်ခုကို အိမ်ရှေ့ဖိနပ်ချွတ်တွင် တင်ရင်း—

‘ဘယ်လိုဖြစ်ရတာလဲ စွဲမြဲရာ၊မင်းအမေ့လင်ကျောင်းက ဆယ်နာရီမှ တက်မှာပါ၊ ချီးတဲ့မှပဲ၊ စောစောစီးစီး ကိုယ့်အလုပ် ကလေးတောင် ကိုယ် ဖြောင့်အောင် မလုပ်ရဘူး’

အဖေက သူ့စရိုက်အတိုင်း အဆဲအဆိုလေး ဟိုနားသည်နား ဖြည့်စွက်ပြီး လိုရင်းစကားကို ဖွယ်ဖွယ်ရာရာ ပြောတတ်သည်။ စွဲမြဲအဖို့တော့ ရိုးနေပြီဖြစ်၍ သူ့ဟာသူ ဆဲချင်ဆဲ၊ ဆိုချင်ဆို သိပ်မမှုဘဲ၊ ဒီနေ့မှ အသစ် ထုတ်ဝတ်ထားရသည့် အဖြူအစိမ်း ကျောင်းဝတ်စုံလေးကို သဘောကျစွာ ငုံ့ကြည့်ရင်း....။

'ဟာ....အဖေကလဲ၊ ကျောင်းတက်တာက ဆယ်နာရီဆိုပေမယ်၊ ဒီနေ့က ကျောင်းအသစ် စတက်ရဘဲနေ့ဗျ အဖေကလဲကျောင်းအပ်ပေးရဦးမယ်၊ကျွန်တော်ကလဲ ဘယ်အခန်းမှာ တက်ရဦးမယ်ဆိုတာ လိုက်ရှာရဦးမှာ ဘာအလုပ် လုပ်လုပ် ကိုယ့်ဘက်ကလုံ့လဥဿာဟလေး တော့ စိုက်ရဦးမှာပေါ့၊ ဟုတ်ဘူးလား'

'ငါ-ဘယ်...ဒီမအေပေးတော့၊ဆဲလိုက်ရရင်မကောင်းဖြစ်တော့မယ်'

စွဲမြဲကသူ့ကို ဆုံးမနေကျစကားကို အသုံးပြုပြီးပြန်အညွန့်တက်လိုက်သဖြင့် အဖေ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်ကာ အိမ်ပေါ် ဆောင့်အောင့် တတ်သွားသည်။

'ဟဲ့- ဒီသားအဖတွေကလဲ ဘယ်လိုဖြင့်ပြီး စောစောစီးစီး တကျက်ကျက် ဖြစ်နေရဘာလဲ၊ ကိုအုန်းကလဲ ကွယ်၊ သားက ဒီနေ့မှ ကျောင်းပြောင်းပြီး အတန်းသစ်တက်ရမှာမို့ စိတ်စောနေတဲ့ဟာ၊ လိုက်ပို့စရာရှိတာ လိုက်ပို့လိုက်ပါ၊ ရှင့်အလုပ်လဲပြီးပြီ ဥစ္စာပဲ'



နောက်ဖေးခန်းမှ သူ့အလုပ်နှင့်သူ တကုပ်ကုပ်ရှုပ်နေသော အမေက လှမ်းပြောလိုက်မှ အဖေငြိမ်သွားသည်။

အဖေနှင့်အမေ ကွာခြားချက်က လည်း အဲဒါပဲဖြစ်၏။

အဖေက အပြောအဆို ကြမ်းကြမ်း၊ စိတ်ကြမ်းကိုယ်ကြမ်းနိုင်သလောက် အမေက နူးညံ့ ပျော့ပြောင်း ချိုသာသည်။ သို့သော် ဘယ်အခါဖြစ်ဖြစ် အမေက သည်လို လေးတစ်ချက် ပြောလိုက်သည်နှင့် အဖေ့အကြမ်းများကို ဖယ်ရှားပြီးသား ဖြစ်သွားသည်။

ခုလည်း နောက်မိနစ်အနည်းငယ် ကြာသောအခါ အသစ်တွေမဟုတ်သော်လည်း အတော်လတ်လတ်နှင့် သန့်ရှင်းသည့် အဝတ်အစားများ ဝတ်ပြီး အဖေဆင်းလာသည်။

ကျောင်းကို အပူတပြင်း သွားချင်နေသော စွဲမြဲအားမျက်စောင်းတစ်ချက်ထိုးကြည့်ရင်း....

'လာ...ဟေ့ကောင်၊ သွားမယ်'

စွဲမြဲက ပြောင်းလဲသွားသော အဖေ့ ပုံစံကိုကြည့်ပြီး ခစ်ခနဲတစ်ချက် ရယ်လိုက်၏။

* * *

'နေပါဦးကွ၊ အခု မင်းတက်ရမယ့် ကျောင်းက ဘာကိုဆွာဆားညည်ကျောင်းလို့လူတွေကခေါ်နေကြတာလဲ'

ငဲ့ငြဲ့တို့နေသော မြို့ငွန်ရပ်ကွက်ကလေးနှင့် စွဲမြဲအခုတက်ရ

မည့်ကျောင်းက အတန်ငယ် လှမ်းသည်။ နှစ်ယောက်သား လျှောက်လာကြရင်း ဘာစိတ်ကူးပေါက်၍ မေးလိုက်မှန်းမသိသည့် အဖေ့စကားကြောင့် စွဲမြဲက မျက်မှောင်ကြုတ်ရင်း....

'ဘယ်သိမလဲအဖေရ၊ အဖေတောင်မသိတာ ကျွန်တော်က ဘယ်လိုလုပ်သိမလဲ'

'ဟာ–မင်းများသိမလားလို့ မေးကြည့်တာပေါ့ကွ'

'မသိပါဘူး အဖေရာ၊ ကိုယ်နဲ့မဆိုင်တာတွေ အလကားနေရင်း လိုက်မစပ်စုချင်ပါဘူး၊ သူ့ဟာသူ ဆားစည်ကျောင်းဖြစ်နေတော့လဲ ဆားစည်ကျောင်းလို့ ခေါ်လိုက်ရင် ပြီးတဲ့ကိစ္စ၊ ဘာဖြစ်လို့ အပိုလုပ်တွေ လုပ်နေတော့မှာလဲ'

'ဟာ– ဒီမအေ၊ တစ်မနက်လုံး ငါ့ကို ဘုချည့်ဘောနေပါလား'

စွဲမြဲက ရယ်သည်။

'မဟုတ်ပါဘူး၊ ဖေဖေကလဲ၊ အဲဒါတွေက အဖေပဲ ကျွန်တော့်ကို ဆုံးမထားတဲ့စကားတွေပဲ၊ အဖေများ မေ့ကုန်ပြီလားလို့ ပြန်ပြောပြတာပါ'

'မင်း လူပါးဝမလာနဲ့စွဲမြဲ၊ မင်းကိုငါ အစကတည်းက ပြောခဲ့ပြီးသား၊မလွဲသာလို့သာ ငါဒီမြို့ကိုပြောင်းလာရတာ၊ ဒီမြို့မှာငါ သိပ်နေချင်တာ မဟုတ်ဘူး၊ မကျေးဆိုတာ လူတွေအစအဆုံး နေတဲ့မြို့ မဟုတ်ဘူး၊ အရင်တုန်းက ဘီလူးတွေနေတဲ့မြို့၊ မင်းလဲ ဘီလူးမြို့



ရောက်တာနဲ့ဘီလူးစိတ်ဝင်မလာနဲ့၊ ကြည့်မရရင်ဆောင့်ကန်ထည့်လိုက်ဲ့ သွားချေးယိုဒယားက ထွက်သွားမယ် သိလား'

အဖေဒေါကန်နေပုံကိုကြည့်၍ စွဲမြဲဘာမှမပြောဘဲ ရယ်နေလိုက်သည်။

အဖေနှင့် သည်မြို့ကလည်း အဲ့ဒီကိစ္စက တစ်ရန်ဖြစ်နေ၏။

အစက စွဲမြဲတို့က သည်နေ့ မဟုတ်၊ ပြီးခဲ့သည့်နှစ် စွဲမြဲ စာမေးပွဲဖြေပြီး စကမှ ပြောင်းလာခြင်းဖြစ်သည်။

'အဲဒါဆို မင်းကို ငါ သေချာ မှာထားမယ် နော်၊ ကျောင်းမှာလဲ အပေါင်း အသင်း ကြည့် ပေါင်း၊ ယောကျ်ားလေးပဲ ဖြင်ဖြစ်၊ မိန်းကလေးပဲ ဖြစ်ဖြစ် အကုန်လုံး ဒီမြို့ကလူမှန်သမျှ ဘီလူးတွေလို့ပဲ သဘောထား၊ သိပ်အရောမဝင်နဲ့၊ သူတို့လုပ်တိုင်း လိုက်မလုပ်နဲ့ကြားလား'

'ဟုတ်ကဲ့'

'နောက်ပြီးတော့ အဲ့ဒီ ကျောင်းက စည်းကမ်းကြီးတယ်လို့ ပြောတယ်၊ အဲဒါတော့ ငါသဘောကျတယ် အဲဒီက ဆရာတွေထဲမှာ အရိုက် အကြမ်းဆုံး ဆရာကို သေချာမေးပြီး ဘယ်သူလဲဆိုတာ ငါ့ကိုပြောပြ'

"ဟုတ်ကဲ့၊ အဲဒါ ဘာလုပ်ဖို့လဲ အဖေ'

"ဘာလုပ်ရမှာလဲ၊ မင်း အသုံးမကျရင် သူနဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် တွေ့တဲ့ နေရာမှာ ကျဲရိုက်နွားရိုက် ရိုက်ဖို့ သေချာ မှာထားမလို့ ပေါ့ကွ'

'မြတ်စွာ ဘုရား'

သည်တစ်ခါတော့ ပါးစပ်ကပင် ဟူဝ်းကဲ့မလိုက်နိုင်တော့ဘဲ စိတ်ထဲကနေ ဘုရားတလိုက်သည်။ ဘုရား၊ ဘုရား၊ သူပဲ ဘီလူးမြို့လို့လဲပြောသေးသည်။ ဘီလူးမြို့က ဆရာကို ကျွဲရိုက်သွားရိုက်၊ ရိုက်ခိုင်းဦးမည်ဆိုတော့....။

စောစောက ကျောင်းတက်ချင်စိတ် ပြင်းပြနေသော စွဲမြဲ ကျောင်းတက်ရမှာပင် ခပ်လန့်လန့်ဖြစ်သွား၏။

*

[၃]

'ဒကာကြီး ဦးအုန်း'

'ဘုရား'

'ရော့–အဲဒါ ဒကာကြီးပြောတဲ့ ဒီကျောင်းမှာ အရိုက်အဆိုးဆုံး ဆရာညိုတုတ်ဆိုတာပဲ၊ ဒကာကြီးသားကို သူနဲ့ထည့်လိုက်'

'တင်ပါ၊ သေချာရောရိုက်ရဲ့လား ဘုရား'

အဖေ့ အမေးအလျှောက် စကားအဆုံးမှာ ဦးပဉ္စင်းက ပြုံးသည်။

'ရိုက်တာတော့ ဘာမှမပူနဲ့ ဒကာကြီး၊ မဟုတ်တာ လုပ်လို့ကတော့ ညိုတုတ်က ကျောမရွေးတတ်ဘူး၊ ဒီမြို့မှာ စာဆိုတောင်ရှိတယ်၊ ဆားစည်မှာဗိုလ်သုပ်တဲ့ ညိုတုတ်ဆိုတာ သူပဲ၊ ဒကာကြီး စိတ်ချမ်းသာ လက်ချမ်းသာ သာပြန်'

'တင်ပါဘုရား၊ ဆရာညိုတုတ်လက်ကို တပည့်တော် သားကိုလဲ သေချာအပ်ထားလိုက်ပါ့မယ် ဘုရား'

'အေး....အေး....ကောင်းပြီ'

မကွေးမှာ ဆားစည်ကျောင်း စ,တက်သည့်နေ့ကတော့ မှတ်တမ်းတင်လောက်သည့်နေ့ဖြစ်သည်။

တစ်ခါမှ သည်လိုကျောင်းမျိုးမတွေ့ဖူးသဖြင့် စွဲမြဲ တစ်ယောက် မျက်စိသူငယ်နားသူငယ်နှင့် အတော် ထိတ်လန့်အံ့ဩ၍လည်း နေသည်။

ကျောင်း၏အမည်အမှန်က အလက(၁) မကွေး၊ အရှည် ပြောရလျှင် အစိုးရအလယ်တန်းကျောင်း အမှတ်(၁)မကွေးမြို့ ဖြစ်သည်။ သို့သော် မည်သူမျှ သည်လိုမခေါ်ကြ။ အားလုံးက ဆားစည်ကျောင်းဟုပဲ ခေါ်သည်။

ထိုစဉ်က မသိသေးသော်လည်း နောင်သောအခါကျမှ မကွေးမြို့၏ဆားစည်ရပ်တွင်ရှိသောကြောင့် ဆားစည်ကျောင်းဟု ခေါ်ခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းက အစိုးရအလယ်တန်းကျောင်းဖြစ်သော်လည်း တကယ်ကျတော့ ဘုန်းတော်ကြီးကျောင်းပုံစံမျိုးလည်း ဝင်နေသည်။

ရှေးတုန်းက ဘုန်းတော်ကြီးအုပ်ချုပ်သော ဘုန်းတော်ကြီးကျောင်း ဘဝကနေ အစိုးရမူလတန်းကျောင်း၊ အလယ်တန်းကျောင်း စသည်ဖြင့် တိုးချဲ့လာခဲ့သည်မို့ ကျောင်းမှာ ဘုန်းကြီးကျောင်းတစ်ပိုင်း အစိုးရကျောင်းတစ်ပိုင်း ဖြစ်နေသည်။



ဆရာတော်ကလည်း ကျောင်းဝင်းထဲမှာပင် ကျောင်းထိုင်၍ လူမှုဝန်ထမ်း ပရဟိတဂေဟာ တစ်ခုလည်း ပူးတွဲဖွင့်ထားသေးသည်။ ဘုန်း ကြီး ကျောင်း ဝင်း လည်း ဖြစ်နေသည်မို့ ကျောင်းဝင်းအတွင်းဝင်လျှင် မည်သူမျှ ဖိနပ်မစီးရ။

ကျောင်းဝင်းကြီးကလည်း ရောမအကျယ်ကြီး။

တစ်ထပ်ဆောင်၊ နှစ်ထပ်ဆောင်၊ ပေါင်း ခုနစ်ဆောင် လောက် ကျောင်းဆောင်တွေ အများကြီးရှိသည့် အပြင် မန်ကျည်းပင်၊ ထန်းပင်၊ တမာပင်၊ ဖန်ခါးပင်၊ ဗာဒံပင် စသည်ဖြင့် အပင်ကြီးတွေကလည်း တစ်ကျောင်းလုံးမှာ နေရာအနှံ့ အုပ်မိုးနေသည်။

ပြီးတော့ ဘုရားအို၊ ဘုရားပျက်တွေရော၊ ကျောင်းအိုကျောင်းပျက်တွေရော ကျောင်းဝင်းထဲနှင့် ကျောင်းဝင်းနှင့် ကပ်လျက်နေရာများတွင် နေရာအနှံ့ရှိသေးသည်။

သည်လောက်ပူသော မြေလတ်ဒေသမျိုးမှာပင် ကျောင်းဝင်းထဲ ဝင်လိုက်ပါက စိမ့်ခနဲအေးသွားသည်။ အရိပ်ကောင်းသော သစ်ပင်ကြီးများကြောင့် အေးတာကတစ်မျိုး၊ ထို့အပြင် ကျောင်းထဲမှာရှိနေသော ပတ်ဝန်းကျင်၏ ထူးခြားဆန်းကြယ်မှုကြောင့် ကျောစိမ့်တာကတစ်မျိုး၊ နှစ်မျိုးလောက် စိမ့်စရာစုံရသည့်အထဲ ခုတစ်ခါ ဥပဓိရုပ်ကောင်းကောင်း၊ လုပ်စရာရှိလျှင် တကယ်လုပ်မည့် ဆရာတော်နှင့် ဆားစည်မှာ ဗိုလ်လုပ်သည့် ညိုတုတ် ဆိုသော ဆရာ ဝဝဥည်းမည်း ပုပုခန့်ခန့်ကြီးနှင့်ပါ ရင်ဆိုင်လိုက်ရသော အခါ စွဲမြဲ၏ တစ်မနက်လုံး

ရှိနေခဲ့သော ကျောင်းသွားချင်စိတ်လေးသည် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတော့၏။

'မင်းနာမည် ဘယ်သူလဲ'

'စွဲမြဲခိုင်မာပါ ဆရာ'

'အေး....နာမည်ကတော့ကောင်းတယ်၊ ပထမတန်းစာ ပဲ၊ မင်းနာမည်အတိုင်းရော တကယ်စွဲစွဲမြဲမြဲရှိရဲ့လား၊ ရဲရင့်ရဲ့လား၊ အောင်မြင်အောင်ရောကြိုးစားမှာလား'

'လုပ်ပါ့မယ်ဆရာ'

'ကြိုက်ပြီ၊ မင်းပြောသလိုလုပ်ရင်လုပ်၊ မလုပ်လို့ကတော့ ဟောဒီမှာ ကြိမ်လုံးတွေ့တယ်မဟုတ်လား၊ ဒီကျောင်း မှာ မဟုတ်တာ လုပ်ဖူးတဲ့ ကောင်မှန်သမျှ ဒီတုတ်နဲ့ တင်ပါးမှမလွတ်သေးဘူး၊ ဦးပဥ္စင်းညိုက မင်းအဖေကို ပြောလိုက်တာရော မှတ်မိသေးလား'

'မှတ်မိပါတယ် ဆရာ'

'ဘာတဲ့လဲ ပြန်ပြောစမ်း'

'ဆားစည်မှာ ဗိုလ်လုပ်တဲ့ ညိုတုတ် ဆိုတာ ဆရာပဲလို့ ပြောပါတယ် ဆရာ'

စွဲမြဲ စကားကြောင့် ဆရာညိုတုတ်က သူ့ ကွမ်းစားထား သော ပါးစပ်နီနီကြီးကိုဖြဲရင်း သဘောကျစွာ တဟားဟား ရယ်သည်။

'အေး မင်း မဆိုးဘူး၊ မှတ်ဉာဏ်ကောင်းတယ်၊ ဒါပေ မယ့်ညိုတုတ်ဆိုတဲ့ ငါကမကောင်းတဲ့ အလုပ်လုပ်တဲ့



သူမှဆုံးမတာပါကွာ၊ ကောင်းတာ လုပ်ရင် မင်းငါ့ကို သိပ်ချစ်သွားမှာပါ'

ထိုစဉ်ကတော့ဆရာ့စကား ကိုစွဲမြဲသိပ်မယုံမိ၊ သည်ဆရာကို ချစ်ဖို့နေနေသာသာ တွေ့တာနှင့်ပင် ကြောက်ချေး မပါမိ အောင် မနည်းထိန်းထားနေရသည့်အချိန်။

အဖေကလည်း ဘာကိစ္စနှင့် မိဘမေတ္တာကို ဤမျှအတုံး လိုက် အတစ်လိုက်ပြသွားသည်မသိ၊ ဆရာ့လက်ကိုအပ်ပြီးက တည်းက တစ်ချိုးတည်း လှည့်ပြန်သွားလိုက်သည်မှာ စုတ်စ မြုပ်စမှ မတွေ့ရတော့။

'ဟိုရှေ့ကမြင်နေရတဲ့ နဝဒေးဆောင်ဆိုဘာ မင်းဘက် ရမယ့် အဆောင်ပဲကွ၊ ကြားလားစွဲမြဲခိုင်မာ၊ အဲဒီမှာ ရှိသမျှအခန်းတွေအားလုံး ငါးတန်းချည့်ပဲ၊ တန်းခွဲ သော့ မင်းဟာမင်း ရှာယူတော့ကြားလား'

'ဟုတ် ဟုတ်ကဲ့ဆရာ'

'ကဲ သွားတော့'

ဆရာ့ခွင့်ပြုချက်စကား အဆုံးမှာ စွဲမြဲနောက်မှဖြစ်ချင်ရာ ဖြစ်၊ လောလောဆယ် သည်နားက ပြေးရလျှင် ပြီးရောဟု သဘောပိုက်ကာရှေ့မှာ မြင်နေရသည့် နဝဒေးဆောင်အမည် ရသော ကျောင်းတော်ကြီးဆီ ပြေးထွက်လာခဲ့သည်။

ဖြစ်နိုင်လျှင် နောက်နေ့ကစ၍ သည်ကျောင်းမတက်တော့ ဟုလည်း စိတ်ထဲမှာ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချလိုက်၏။

* * *

'ဟဲ့ နင်ဘာကြည့်နေတာလဲ'

သူတက်ရမည့် အခန်းကိုတော့ စွဲမြဲရှာမတွေ့စရာမရှိ၊သည်လောက်တော့စွဲမြဲမအ၊ အတန်းထဲမှာ ဆရာမတစ်ယောက်ကလည်း အဆင်သင့် ရှိနေ၊ နေရာလည်း ချပေးလိုက်သဖြင့် *လွယ်အိတ်*ကိုကိုယ့်နေရာကိုယ်ထားခဲ့ပြီး ကျောင်းမတက်ခင်စပ်ကြား အချိန်လေး အတန်းပြင်ထွက်၍ ဟိုသည်စနည်းနာလေ့လာကြည့်သည်။

အဆောင်က နှစ်ထပ်ဆောင်၊ အယ်လ်ပုံစံ အဆောက်ဦးကြီး၊ အဆောင် နောက်ဘက်မှာ အိမ်သာများရှိ၍ နောက်တစ်ခြမ်းဘေးဘက်မှာ ရေစင်ကြီးတစ်ခုနှင့် ရေစက်အဆောက်အဦးလေးရှိသည်၊ ရေစက် ဟိုဘက်မှာတော့ အဆောင်ကြီးတစ်ဆောင်ရှိသေးသည်။

ဟိုသည်ကြည့်ရင်းကနေတံခါး ပိတ်ထားသော အခန်းကိုမြင်သဖြင့် ဘာမှန်း သိရအောင် ပြတင်း မှန်ကြားမှနေချောင်းကြည့်နေဆဲ၊ ကျောဘက်က ပခုံးကိုတို့ပြီး လေသံဖြင့် တိုးတိုးလေးမေးလိုက်သော အသံကြောင့် စွဲမြဲကိုယ်လေးခါခနဲ ဖြစ်အောင် တုန်လှုပ်သွားသည်။

လှည့်ကြည့်လိုက်တော့ ကောင်မလေးတစ်ယောက်။

ပထမတော့ သက်သက် သူ့လာ လှန့်သည် ထင်ပြီး စွဲမြဲ ဟောက်ပစ်လိုက်ရန် စိတ်ကူး လိုက် သေး သည်၊ သို့ သော် ကောင်မလေး မျက်နှာက ထူး ထူးခြားခြား အလေး အနက် ပုံစံလေး တစ်ခုဝင်နေသဖြင့် အံ့သြသွားပြီး။

'နင် ငါ့ကိုဘာလာလုပ်တာလဲ'



'ဘာလာလုပ်ရမလဲ၊ မေးကြည့်တာပေါ့ဟ'

'ဘာမေးကြည့်တာလဲ'

'နင် တွေ့ရလို့လားဆိုတာ သိချင်လို့မေးတာပေါ့'

'တွေ့ရလို့ ဟုတ်လား'

'အင်း'

'ငါက ဘာတွေ့ရမှာလဲ'

'ဒါဖြင့် နင်ခုနက ဘာကြည့်နေတာလဲ၊ မယ်သီလရှင် ခေါင်းပြတ်ကြည့်တာ မဟုတ်ဘူးလား'

'ဘာ မယ်သီလရှင် ခေါင်းပြတ် ဟုတ်လား၊ ဘာကိစ္စ ငါက မယ်သီလရှင် ခေါင်းပြတ်ကြည့်ရမှာလဲ'

'မသိဘူး လေဟာ၊ နင်က ဒီအခန်းထဲကို တစ်ယောက်တည်း တိတ်တိတ် ချောင်းကြည့်နေတော့ မယ်သီလရှင် ခေါင်းပြတ်ကို တွေ့ပြီး ချောင်းနေတာပဲထင်လို့ ငါ့ထဲ မေးကြည့်တာပေါ့'

ရော် အတော်ထူးခြား၍ အတော်ဆန်းပြားသောပြဿနာနှင့် တွေ့ဆုံနေရပြီပဲဟု စွဲမြဲက တွေးလိုက်ရင်း....

'နေပါဦး၊ နေပါဦး၊နင် ပြောတဲ့ အဲဒီမယ်သီလရှင် ခေါင်း ပြတ် ဆိုတဲ့ အကြောင်း ငါ့ကို သေချာ ပြောပြစမ်းပါဦး၊ ငါကမကွေးကို ခုမှ ပြောင်းလာတာဟ၊ ဒီကျောင်းကိုလဲ ဒီနေ့မှ စရောက်ဖူးတာ၊ နင်ပြောတဲ့ ကိစ္စ ငါဘာမှ မသိဘူး'

စွဲမြဲစကားကြောင့် ကောင်မလေး စိတ်ပျက် သွားပုံဖြင့် သက်ပြင်းကြီး တစ်ချက်ချသည်၊ ပြီးမှ....

'အင်း....ဒုက္ခပါပဲ၊ ငါကတော့ သူ့ပုံစံကြည့်ပြီးအထင်တကြီးနဲ့ လာမေးရတယ်၊ ခုတော့ အကုန်လုံးတောင် ငါက ပြန်ရှင်းပြရဦးမှာဘဲ၊ စိတ်ကုန်လိုက်တာ၊ နှင့်နာမည် ဘယ်သူလဲ၊ နှင်က ဘာကိစ္စနဲ့ ခုမှမကျွေးကို ပြောင်းလာပြီး ဒီကျောင်း ရောက်လာရတာလဲ၊ ဒီကျောင်းမှာရော နှင်က ဘယ်နှစ်တန်းမှာတက်မှာသဲ၊ အရင်တုန်းကကျတော့ နှင်က ဘယ်ကျောင်းမှာ တက်ခဲ့လို့လဲ'

သူ့မေးခါမှ သူကတရစပ်ဆက်၍ပြန်မေးလိုက်သော မေးခွန်းများကြောင့် စွဲမြဲ မျက်လုံးပြူးသွားသည်။

'တဲ့–ဖြေလေ၊ ဘာ အူ ကြောင် ကြောင်နဲ့ ငါ့ကိုမျက်လုံး ပြူးပြတာလဲ'

ရောဂါ အတော်စွာတဲ့ ချာတိတ်မလေးပါလားဟု စွဲမြဲက တွေးရင်း....

'နှင် မေးတာက အများကြီးဟ၊ ငါက ဘယ်လိုလုပ်ပြီး ချက်ချင်းဖြေလို့ရမှာလဲ၊ စဉ်းစားရသေးတာပေါ့ သေချာ နားထောင်၊ ငါ့နာမည်က စွဲမြဲခိုင်မာ–တဲ့၊ သူငယ်ချင်းတွေကတော့ စွဲမြဲလို့ပဲခေါ်တယ်'

'ဟင်– နာမည်ကလဲ စွဲမြဲတဲ့လား၊ လူနာမည်လဲမဟုတ်ဘူး'

'ဟာ–လူနာမည်မဟုတ်ဘူး၊လူကိုမှည့်မလားဟ၊ ငါက လူပဲ'

ကောင်မလေးက မျက်နှာမဲ့၍ ခေါင်းခါသည်။



'တို့မြို့မှာစွဲမြဲလို့ ဖွဲ့တို့ဆိုတာဟာ လူနာမည် မရှိဘူး၊ မြင်းလှည်းနာမည်ရယ်၊ဆိုက်ကားနာမည်ရယ်၊ပွဲဈေးခင်းမှာ လက်မောင်းကို မင်ကြောင်ထိုးတာရယ်၊ဒါပဲ ရှိတယ်၊ ကဲပါလေ ထားပါတော့၊ နှင်က ဒီမြို့ကမှ မဟုတ်ဘဲ၊ ဆက်ဖြေပါဦး'

'ငါက ရန်ကုန်က ပြောင်းလာတာ၊ ရန်ကုန်မှာနေတော့ ရန်ကုန်ကကျောင်းမှာပဲ တက်တာပေါ့ဟ၊ ခုဒီ ပြောင်းလာမှ ဒီကျောင်းတက်ရတာ ငါတက်ရမှာက ငါးတန်း၊ ငါကျောင်းအပ်တာက နောက်ကျလို့ ဒီပြင်အတန်းမှာနေရာ မရှိတော့ဘူး၊ ရှိတဲ့ငါးတန်းအီးတစ်တန်းမှာပဲ တက်ရတော့မယ်တဲ့'

'ဩော်– ငါးတန်းက အီးခန်းမှာလား၊ ဒါဆိုငါနဲ့ မတူဘူးဟ၊ ငါက ငါးတန်းအေက၊ ငါ့ နာမည်က ရင်ငြိမ်းမွန်တဲ့၊ ဒါပေမယ့် နှင့်လိုပဲ၊ ငါ့ သူငယ်ချင်းတွေကတော့ ငါ့ကို ရင်ငြိမ်းမွန်လို့ မခေါ်ဘူး၊ရင်ငြိမ်းလို့ပဲခေါ်တယ်'

'ဒါဆိုငါလဲ ရင်ငြိမ်းပဲ ခေါ်မှာပေါ့ဟာ၊ နှင်ကလဲ ငါ့ကို စွဲမြဲလို့ပဲခေါ်ပေါ့၊ အဲဒီတော့ ခဏနေပါဦး ရင်ငြိမ်း၊ ခုနစကားပြန်ဆက်ပါဦး၊ နှင်ပြောခဲ့တဲ့မယ် သိလရှင် ခေါင်းပြတ်ဆိုတာ ဘာလဲ'

ခစ်ခနဲ ရင်ငြိမ်းက ရယ်သည်။ ပြီးမှ....

'နှင်ကရော ဒီအခန်းထဲကို ဘာလို့ ချောင်းကြည့်နေရတာလဲ'

'ငါက ဒီတစ်ဆောင်လုံးမှ ဒီအခန်းဘာဖြစ်လို့ ပိတ်ထားရတာလဲ သိချင်လို့ကြည့်တာ'

'ဘယ်သိမလဲ၊ ငါက နင်ကြည့်နေပုံ ထောက်ရင် တစ်ခုခုတော့တွေ့နေလို့ ဖြစ်မှာပဲဆိုပြီး မေးကြည့်တာပေါ့ နင်က ခုမှရောက်လာတဲ့သူ ဆိုတော့ သိမှာမဟုတ်ဘူး စွဲမြဲ၊ ငါပြောပြမယ် ဒီကျောင်းမှာ ကြောက်စရာကောင်းတာတွေ အများကြီးရှိတယ် သိလား'

'ဘာ—ကြောက်စရာကောင်းတာ ဟုတ်လားရင်ငြိမ်း'

'အင်း—'

'ဘယ်လို ကြောက်စရာ ကောင်းတာလဲ'

'ဩော်—ကြောက်စရာ ကောင်းပါတယ်ဆိုမှ ဘယ်လို ကြောက်စရာ ကောင်း တာ လဲ မေးရ သေးလား၊ ကြောက်စရာ ကောင်းတာဟာ ကြောက်စရာကောင်းတာပဲပေါ့'

'အေးပါ၊ ဟုတ်ပါပြီ၊ ငါမေးတာက ကြောက်စရာကောင်းတယ်ဆိုတာ ဘယ်လိုဟာမျိုးတွေလဲလို့ မေးတာ'

'ဘယ်လိုဟာချိုးရမှာလဲ၊ သရဲတို့တစ္ဆေတို့ပေါ့'

'ဟင်....သရဲ၊ တစ္ဆေဟုတ်လား'

'အင်း....အများကြီးရှိတယ်၊ ပြီးတော့ ဥစ္စာစောင့်တွေလဲ ရှိတယ်'

မြတ်စွာဘုရား....ဟု စွဲမြဲ စိတ်ထဲက တ,မိပြန်သည်။ စိတ်လည်း ဝင်စားသွားသဖြင့်—



'ဘယ်လိုရှိတာလဲဟာ၊ ငါ့ ပြောပြစမ်းပါဦး'

ထိုစဉ် ကျောင်းတက်သည့် ခေါင်းလောင်းထိုးသံက ပေါ်ထွက်လာသည်။ ရင်ငြိမ်း ပျာပျာသလဲ ဖြစ်သွားရင်း....

'အေး .. အေး....နောက်တော့ ငါပြောပြမယ်၊ ခုတော့ ကျောင်းတက်ပြီဟာ၊ အတန်းထဲ သွားကြရအောင်၊ တော်ကြာ ဆရာဦးညိုတုတ်နဲ့တွေ့လို့ သူ့ကြိမ်တုတ်စာ မိနေဦးမယ်'

ပြောရင်းနှင့် လှစ်ခနဲပြေးသွားသည်။

စောစောက သရဲ၊ တစ္ဆေ၊ ဥစ္စာစောင့် တုန်းက သည်သောက် မကြောက်သော်လည်း ဦးညိုတုတ် ဆိုသော ကိစ္စကိုတော့ နာမည်ကြားရုံနှင့်ပင် စွဲမြဲကြောက်သည်။

သို့အတွက် ရင်ငြိမ်း ပြောသလိုပင် နောက်ကနေလိုက်၍ ပြေးပြီး စာသင်ခန်းထဲဝင်ခဲ့သည်။

ထိုစဉ်က ရင်ငြိမ်း ဆယ့်နှစ်နှစ်၊ သူ ဆယ့်သုံးနှစ်။

ကဗျာထဲကလိုပင် ကလေးအရွယ် ငယ်ကတည်းက စခဲ့ကြသော ဇာတ်လမ်းဖြစ်၏။ ထိုနည်းတူ စောစောက ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ သည်ကျောင်းမှာ အတန်းရှိသမျှ အစအဆုံး ကျောင်းတက်ဖြစ်သွားသော အကြောင်းလည်းဖြစ်၏။

*

[၄]

'အေး....အဓိက ဆရာပြောချင်တာကတော့ မင်းတို့လို လူငယ်တွေဟာ အကျင့်ကောင်း၊ စိတ်ကောင်း နှလုံးကောင်းလေးတွေထားကြပြီး တစ်ဖက်ဖက်မှာ ထူးချွန်ပြောင်မြောက်တဲ့ လူငယ်လေးတွေဖြစ်လာအောင် ကြိုးစားကြဖို့ပဲ၊ ထူးချွန်တဲ့လူတစ်ယောက်ဟာ သူ့ဂုဏ်သူလဲ ဆောင်နိုင်တယ်၊ သူ့မိဘ၊ သူ့ရပ်ရွာ၊ သူ့မြို့၊ သူ့နိုင်ငံဂုဏ်ကိုလဲ ဆောင်နိုင်တယ်၊ ဥပမာ စာ သိပ်တော်တဲ့ ကလေးတစ်ယောက်ဆိုပါတော့၊ အဲဒီသူလေးက စာတော်လိုက်တာ၊ သူ့နာမည်က ဘယ်သူလဲဟဲ့—လို့ အမေးခံရရင် သူ့ဂုဏ် သူ စ,ဆောင်နိုင်ပြီ၊ ပြီးရင် ဆက်မေးဦးမှာပဲ၊ အဲဒါ ဘယ်သူ့သားသမီးလဲ၊ သူ့



ဆရာက ဘယ်သူလဲဆိုရင် သူ့မိဘဂုဏ်၊ သူ့ဆရာဂုဏ်ကိုလဲ ဆက်ဆောင်နိုင်ပြီပဲ'

ဆရာ့အသံက မန်ကျည်းပင်အောက် အေးမြသောလေညင်းထဲမှာ တည်တည်ငြိမ်ငြိမ် အောင်အောင်မြင်မြင်နှင့် ပေါ်ထွက်နေသည်။

'သူ့ထူးချွန်မှု ကျယ်ပြန့်လာတာနှင့်အမျှ ဒီကလေးက မကွေးမြို့ကနေဘ်၊ မကွေးသူ မကွေးသားတွေ တယ်ထူးချွန်ပါလားဆိုရင် မြို့ရွာဂုဏ်လဲ တက်လာတာပဲ၊ ကမ္ဘာနဲ့ချီပြီး ထူးချွန်လာတဲ့ အခါကျတော့ ဟာ.... ဒီကောင်က မြန်မာပြည်ကကွ၊ မြန်မာပြည်သားတွေ တယ်ဟုတ်ပါလား ဆိုပြန်ရင် ကိုယ့်ပြည်အမျိုးဂုဏ်ကို ကိုယ်မြှင့်ပေးနိုင်ပြန်ရော၊ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ထူးချွန်အောင် စ,လုပ်လို့ ဆရာပြောတာပဲ'

ဆားစည်ကျောင်း၏ အဓိက ထူးခြားချက်များတွင် ဤတစ်ချက်လည်း ပါဝင်သည်။

မနက် ဆယ်နာရီမှ ညနေ လေးနာရီအထိ တက်ရသောကျောင်းတွင် ကျောင်းဆင်းခါနီးနောက်ဆုံးအချိန်ကို စာရိတ္တအချိန်၊ ဖွံ့ဖြိုးရေးအချိန် အဖြစ် သတ်မှတ်ထားသည်။

ထိုအချိန်ကျလျှင် ငါးတန်းဆို ငါးတန်း၊ ခြောက်တန်းဆို ခြောက်တန်း အတန်းလိုက် တန်းခွဲအားလုံးကိုပေါင်းပြီး အခန်းပြင်ထွက်၍ အရိပ်ကောင်းသော သစ်ပင်ရိပ်တစ်ရိပ်မှာ စုကြရသည်။

ထိုနောက် ဆရာက ဘာသာရေး၊ လူမှုရေး၊ စာရိတ္တ၊ ဖွံ့ဖြိုး

ရေးတို့နှင့်ဆိုင်သော ဆုံးမစကားများ သင်ကြားပို့ချချက်များ ပြောဆို သင်ကြား ဆုံးမသည်။

သို့အတွက် ဆားစည်ကျောင်းမှ ကျောင်းသားကျောင်းသူတိုင်းလိုလို ဘာသာရေး၊ လူမှုရေးကျင့်ဝတ်များ၊ ပြည်သူ့နီတိများ၊ ရပ်သမိုင်း ရွာသမိုင်း မြို့သမိုင်း၊ နိုင်ငံသမိုင်းများကို နားရည်ဝနေကြသည်။

စွဲမြဲအဖို့ဘော့ ဤအချိန်များအတွက် နှစ်မျိုးနှစ်ဖုံကို ကျေနပ်ရသည်။ တစ်မျိုးဘစ်ဖုံက သူကြားချင်သော သူသိပ်သိချင်သော သမိုင်းကြောင်းများကြားရ၍ ဖြစ်ပြီးနောက် တစ်မျိုးတစ်ဖုံက အေခန်းနှင့် အိးခန်း ကွဲကွာနေသော ရင်ငြိမ်းကို ထိုအချိန်ကျမှ တစ်ဘန်းတည်းအတူတူပြန်ဖြစ်ပြီး လှမ်းမြင်နေခွင့် ရသောကြောင့် ဖြစ်သည်။

'ဝှစ်....'

ဆရာ့စကားကို အာရုံစိုက်နေဆဲမှာပင် လျှာနှင့် အပေါ်အာခေါင်ကိုကပ်ပြီး အသံပြုလိုက်သော သေသံတစ်ခုကြောင့် စွဲမြဲ ချာခနဲလှည့်ကြည့်သည်။

ထင်သည့်အတိုင်းပင် ရင်ငြိမ်း။

စွဲမြဲက ဘာလဲဟူသော အဓိပ္ပာယ်ဖြင့်ခေါင်းဆတ်မေးလိုက်သည်။ ရင်ငြိမ်းက ဘာမှမပြောဘဲ လက်ထဲကနေ ဘာမှန်းမသိသော အရာလေးတစ်ခုဖြင့် လှမ်းပစ်ပေါက်လိုက်သည်။

ထိုအရာကလေးက စွဲမြဲနား ကျလာ၏။

သေချာကြည့်လိုက်ဘော့ စာရွက်သေးသေးတစ်ခုကိုအလုံးလေးဖြစ်အောင် လုံးထားသည့် စာရွက်လုံးလေး။



ရင်ငြိမ်းက စာရွက်လုံးလေး ရှိနိုင်မည့်နေရာကို လက်ညှိုးထိုးရင်း လက်ဝါးနှစ်ဖက်ဖြင့် ဖြန့်၍ဖြန့်၍ ပြသည်။

စွဲမြဲကသဘောပေါက်လိုက်ပြီးခေါင်းညိတ်၍စာရွက်လုံးကလေးကို ကောက်ယူဘည်၊ ထို့နောက် ဖြန့်ဖတ်မည်ပြုဆဲနားထဲဝင်လာသော ဆရာ့အသံကြောင့် ပြန်ခေါင်းထောင်ကြည့်လိုက်၏။

* * *

အဲဒီတော့ မင်းတို့အားလုံးဟာ မြို့ဂုဏ်၊ ရွာဂုဏ်၊နိုင်ငံဂုဏ်ဆောင်ရမှာဖြစ်သလို၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ်နိုင်ငံသမိုင်းအကြောင်းတွေ ဖြစ်စဉ်တွေသဲ သဘောပေါက်ထားရမယ်၊ဓိနေ့မင်းတို့ကို ဆရာဟောဒီမကွေးမြို့ဆိုတာဘယ်လို ဖြစ်လာသလဲဆိုတာကို ပြောပြမလို့'

ရောါပဲ-ဟု စွဲမြဲစိတ်ထဲ က အောက်မေ့လိုက်သည်။ သည်အကြောင်းတွေက သူသိပ်သိချင်နေသော အကြောင်းအရာများဖြစ်သည်။ သည်အချိန်ကျမှ ဆိုက်ဆိုက် မြိုက်မြိုက် မြို့ကိုရောက်လာသောရင်ငြိမ်း၏ စာရွက်သုံးလေးထဲက စာကိုလည်းဖတ်ချင်နေသည်။

'ဟေ့ကောင်၊ ဟိုကောင်မလေးက မင်းကိုဘာလှမ်းပြောတာလဲ'

အရေးထဲ သူ့အနားမှာထိုင်နေသော ဇေယျာကလည်း စပ်စပ်စုစု ဝင်မေးသည်။

‘မသိဘူးကွ၊ ဒီထဲမှာတစ်ခုခုရေးထားမယ်ထင်တယ်၊ ဖွင့်ဖတ်ကြည့်တဲ့ ဒီထဲမှာ ဘာရေးထား တာလဲ မသိဘူး’

‘ဖတ်ကြည့်လေကွာ’

‘နေပါဦး၊ ဒီမှာ ဆရာပြောမယ့် မကွေးမြို့ သမိုင်းအကြောင်းဆိုတာလေး နားထောင်ချင်လို့’

‘အဲဒါကို ငါ့ကိုပေး၊ ငါကအဲဒါတွေ သိပ် စိတ်ဝင်စားတာ မဟုတ်ဘူး၊ သူ့ စာကိုငါဖတ်ပြီး မင်းကို အကျိုးအကြောင်း ပြောပြမယ်’

အဲဒါလည်းမဆိုးဟု သဘောရသဖြင့် စွဲမြဲက စာရွက်လုံးလေးကို ဇေယျာအား လှမ်းပေး လိုက်သည်။

ဆရာ့စကားဆီ အာရုံပြန်ရောက်သွား၏။

‘ဘာဖြစ်လို့ မင်းတို့ကိုဒီလို သမိုင်း အကြောင်းတွေ ပြောပြရသလဲဆိုတော့ လူဆိုတာ ကိုယ့် အကြောင်း ကိုယ် သေချာသိမှကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတတ်တာကွ၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအကြောင်းလဲ ဒီလိုပဲ၊ ကိုယ့် သမိုင်းကို ကိုယ် ဂုဏ်ယူ တတ်မှလဲ ပတ်ဝန်းကျင်က လေးစားတာ၊ ဥပမာ ဆိုပါတော့ တို့အခုနေနေတဲ့ မကွေးမြို့၊ မကွေးမြို့ဟာ မင်းတို့စိတ်ထဲမှာ မြန်မာပြည်က တခြား မြို့တွေလိုပဲ ရိုးရိုးမြို့တစ်မြို့လို့ အောက်မေ့နေလိမ့်မယ်၊ တကယ်ကမဟုတ်



ဘူး၊ ထိုမြို့ဟာမြတ်စွာဘုရား ရှင်ကိုယ်တော်တိုင် ဗျာဒိတ်ပေးခဲ့လို့ ဖြစ်လာရတဲ့မြို့။

‘ဟေ့ ကောင် စွဲမြဲ’

‘ဟင်’

အရေးထဲ စာဖတ်ပြီး ဇေယျာကလက်ကုတ် နေသေးသဖြင့် စွဲမြဲက လှည့်မကြည့်ဘဲ ထူးလိုက်သည်၊ သို့သော် ဇေယျာကတော့ သူ့ပုံစံအတိုင်း ပြုံးပြုံးပျာပျာဖြစ်နေ၏။

‘ဟေ့ ကောင်၊ မင်းတို့ဟာကဘာလဲ’

‘ဘာလဲကွ၊ ဘယ်ဟာက ဘာဖြစ်နေလို့လဲ’

‘ဒီမှာ၊ စာထဲမှာ ရေးထားတယ်၊ ညနေကျရင် ဟိုဟာ မလုပ်တော့ဘူး၊ မနက်ဖြန်ကျမှပဲ လုပ်တော့မယ် တဲ့၊ အဲဒါဘာပြောတာလဲ’

ဇေယျာစကားကြောင့် စွဲမြဲရယ်သည်။

‘ရင်ငြိမ်းက အဲဒီအတိုင်း ရေထား လား’

‘ရင်ငြိမ်းဆိုတာ အဲ့ဒီကောင်မလေး နာမည်လား’

‘အေး’

‘မင်းနဲ့ သူနဲ့ သိလို့လား’

‘အေး’

‘ဘယ်တုန်းက သိတာလဲ’

‘တိုဘလောကမှ’

‘ဟာ အဲ့ဒါကို ဘယ်လိုဖြစ်ပြီး ဒီလိုရေးရတာလဲ’

‘ဘယ်သိမလဲကွ၊ အဲဒါနဲ့ နေပါဦး၊ မင်းကရော ဘာဖြစ်နေတာလဲ’

'ဟာ မင်းတို့ဟာကြီးက ဘယ်လိုလဲကွာ၊ ညနေကျရ
အစက မင်းတို့က ဘာလုပ်ကြမယ်ကြံထားလို့ ဟိုဟ
မလုပ်ဘော့ဘူးလို့ သူကရေးထားရတာလဲ'

'ဩော်....ဒါလား'

စွဲမြဲကရယ်သည်၊ ရယ်ရင်းနှင့် တစ်စုံတစ်ခု ရှင်းပြမည်ဖြ
လိုက်သော်လည်း ဆရာ့ထံမှ ဆက်ကြားရသော စကားမျာ
ကြောင့် ဆရာ့စကားများထံ အာရုံစိုက်လိုက်သည်။

'တို့မြတ်စွာဘုရား ဝါတော်နှစ်ဆယ်ကျော်ရတဲ့အချိန်
သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်
သုံးနေသတဲ့၊ အဲဒီ ကာလက အခုတို့မကွေးတိုင်
အနောက်ဘက်ခြမ်းကြီး တစ်ခုလုံးကို ဘာခေါ်သလ
ဆိုတော့၊ သုနာပရန္တယောနကတိုင်းလို့ ခေါ်တယ်

ဤသို့ စတင်ရင်းဖြင့် ဆရာက မကွေးမြို့ဖြစ်ပေါ်လာပုံအထ
ရောက်အောင် သမိုင်းကြောင်းကို ပြောပြသည်။

နောင် သောအခါ သူ့ဘဝကို လွှမ်းမိုး လာတော့မည့်
ဘောသော ဘောကျော်နှင့်စ ရင်းနှီးခဲ့ရခြင်း မှာလည်း စွဲမြ
အတွက် ထိုအချိန်ကပင်စခဲ့ခြင်းဖြစ်၏။

[၅]

ရာဇဝင်ထဲတွင် ဘောသော ဘောကျော် ဘီလူးညီနောင်တို့၏ ဇာစ်မြစ်ကို သိပ်အသေးစိတ်နှင့် ပြည့်ပြည့်စုံစုံတော့ ဖော်ပြမထား။

သူတို့မှာ ညီအစ်ကိုမောင်နှမ ခြောက်ယောက် ရှိကြောင်းနှင့် သူတို့နေထိုင်သော အရပ်မှာ ယခု မကွေးမြို့တည်ရာ ပတ်ဝန်းကျင် ဒေသဖြစ်သော ရေဝတီမြစ် အရှေ့ဘက်ကမ်း ဘီလူးတို့နေရာ တောအုပ်ဟုသာ အကြမ်းဖျင်းဖော်ပြသည်။

နောက် တစ်ချက်က ဘောသော ဘော်ကျော်တို့ ဘီလူးညီအစ်ကိုမောင်နှမများနေသော အရပ်တွင် ကြစုဖန်းခါးဟုခေါ်သော ဖန်ခါးသီးမျိုးများ အလွန်ပေါများကြောင်းသိရသည်။

မြတ်စွာဘုရား သုနာပရန္တယောနကတိုင်းကို ကြွလာပြီးနောက် ရွှေစက်တော်တွင် စက်ဘော်ရာများချခြင်း၊ ကျောင်းဘော်ရာတွင်စန္ဒကူးကျောင်းဘော်ကို အလှူခံခြင်းတို့ ပြုသည့် သမိုင်းကြောင်းနှင့် တပေါင်းတည်းမှာပင်မင်းဘူးရှိ စက္ကဲနိုင်းတဲတောင်သို့လည်း ကြွလာတော်မူသည်။

ကေလာသ တောင်ခေါ် စက္ကဲနိုင်းတဲတောင်၌ သိကြား ဗြဟ္မာတို့၏ အပူဇော်ခံနေစဉ်၊မြစ်အရှေ့မှ ဘောကျော်၊ဘောသော၊ ဘောသူရ၊ ဘောရသ၊ ယက္ခသာဂီ၊ ယက္ခဒ္ဒါလီဘီလူး ညီအစ်ကို မောင်နှမ ခြောက်ယောက်အနက်မှ ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောရသ ညီအစ်ကို လေးယောက်သည် ဘုရားရှင်ရှိရာ လာရောက်ဖူးမြော်ပြီး ကြစုဖန်းခါးသီးများ ဆက်ကပ်လှူဒါန်းသည်။

မြတ်စွာ ဘုရားက ဘီလူး ညီနောင်တို့အား တရားပြ၍ သိကြားမင်း ဆက်ထားသော မြသားသလွန်ကို ကိုးကွယ်ရာ အဖြစ်ပေးအပ်ပြီး ငါဘုရား၏ သလွန်ဘော်ဘည်ရာ နောင်အခါဝယ်၊ သာသနာပွင့်လင်း၍ ဟောတော်မူရင်း ဌာနမာကရဒေသ၌ နာဂရမြို့ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ် စကားမိန့်ကြားတော်မူ၏။

မြတ်စွာ ဘုရား၏ ဗျာဒိတ် စကားနှင့်အညီ နောင်သောအခါ ပုဂံခေတ်စောလူမင်း လက်ထက်မှစ၍ မကွေးမြို့ကြီး ဖြစ်လာသည်။

ဘီလူးညီနောင်တို့လည်း မြတ်စွာဘုရား ပေးအပ်တော်မူ



သည့် မြသလွန်ကိုပင့်၍ မိမိတို့နေရင်းဌာန တောအုပ် တွင်း၌ စေတီဘည် ဌာပနာပြီးကိုးကွယ်ကြသည်။

ထိုအခါမြသလွန်ကို ဘုရားအားလှူခဲ့သူ သိကြားမင်းကသည်နေရာ သည်ဌာနတွင် သည်လိုပုံစံဖွင့်တည်ရန်မဟုတ်သောကြောင့် သူကိုယ်တိုင်စေတီကို ဖြိုဖျက်ပြီး မြသလွန်ကိုပြန်ပင့်၍ မြစ်ဆိပ်ကမ်းမှ နှစ်ဥသာဘခန့် ဝေးသော တောင်ကုန်း ပေါ်တွင် သီတင်းသုံး နေထိုင်ကြသည့် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဒိဗ္ဗသာန အမည်ရှိသော ရသေ့သုံးဦးထံ အပ်နှံထားခဲ့သည်ဟုဆိုသည်။

ဘောကျော်နှင့် ဘောသောတို့လည်း ဘီလူးဘဝ၌ ဘုရားဒါယကာများ မဖြစ်ရှာဘဲ နောင်လူ့ဘဝ၌ ဝင်စားပြီးကုန်သည်များ ဖြစ်လာသောအခါမှ ဘုရားကို တည်ခွင့်ရလေသည်။

အသေးစိတ်ပြောရလျှင်တော့ဇာတ်လမ်းကအရှည်ကြီးပင်။
ငယ်စဉ်ကတော့ စွဲမြဲ ဤမျှသာ မှတ်မိသေး၏။

* * *

'ဟေ့ ကောင်စွဲမြဲ၊ ပြောလေကွာ'
ဇေယျဖြစ်နေပုံကြည့်၍ စွဲမြဲရယ်ချင်စိတ် ပေါက်လာသည်။
အမှန်က သူပြန်ရမည့်လမ်းနှင့် စွဲမြဲပြန်ရမည့်လမ်း ဘာမှမဆိုင်။သို့သော် ကျောင်းမဆင်းခင်တုန်းကလည်း စွဲမြဲကဆရာ

ပြောနေသည့် မကွေးသမိုင်း၊ မြသလွန်သမိုင်း၌ စိတ်ဝင်စားနေသဖြင့် ဘူသိချင်သော အကြောင်းအရာကို မသိရ။

ခု ကျောင်းဆင်းတော့လည်း စွဲမြဲက အင်တင်တင်လုပ်နေသဖြင့် ကိုယ့်အိမ်ကို ပြန်ရမည့်လမ်းကိုပင် မပြန်နိုင်ဘဲ စွဲမြဲနောက် ကောက်ကောက် ပါအောင် လိုက်လာသည်။

စွဲမြဲက ရယ်ရင်း....

'ဘယ်လိုများ ဖြစ်နေရတာလဲ ဇေယျာရ၊ ကိုယ်နဲ့ဆိုင်တဲ့ကိစ္စလဲ မဟုတ်ဘဲနဲ့၊ ဘာဖြစ်လို့ဒီလောက် စပ်စုနေရတာလဲ'

'စပ်စုတာ မဟုတ် ပါဘူးကွာ၊ သိချင် လို့ပါ၊ ဒီနေ့ မင်းတို့ ဘာလုပ်မလို့ ချိန်းထားကြတာလဲ'

'သရဲကြည့်မလို့'

'ဘာ....ဘာပြောတယ် စွဲမြဲ'

'ဩော်....မင်းကလဲ ဒါလေးတောင် မကြားဘူးလားဟ၊ သရဲကြည့်မလို့ပါဆို'

'ဘယ်က သရဲလဲ'

'ကျောင်း အိမ်သာက သရဲ'

'ဟာ...မင်းကလဲ၊ မဟုတ်တာ'

ပြောသာ ပြောနေရသည်။ ဇေယျ၏ အမူအရာက ပြက်တက်တက်ဖြစ်နေ၏။ ဇေယျက သရဲ ကြောက်တတ်မှန်း စွဲမြဲ လုံးဝမသိ။

'အေး....ငါလဲ အဲဒီလိုပဲ ပြောတာပဲ ဇေယျ၊ ဒါပေမယ့် ရင်ငြိမ်းက မဟုတ်ဘူးတဲ့၊ အဲဒီကျောင်းအိမ်သာထဲမှာ သရဲရှိကို ရှိတယ်တဲ့'

'ဘယ်အိမ်သာလဲ'

'အရှေ့ဘက်လှည့်နေတဲ့ အလယ်က သုံးလုံးတွဲအိမ်သာထဲမှာတဲ့ကွာ၊ သရဲကလဲအထူးအဆန်း'

'ဘယ်လို ခြောက်လို့တဲ့လဲ'

'အဲဒီအိမ်သာပေါ်က ကြည့်ရင် အိမ်သာ အောက်မှာ ဘုန်းကြီး သေးသေးလေးတွေ တန်းစီပြီး သွားနေတာတဲ့'

'တကယ်'

'သူပြောတာပဲလေကွာ၊ စင်ဖြစ်တုန်းက အဲဒီကျောင်းဝန်းထဲဗုံးကျပြီး ဘုန်းကြီးတွေ တော်တော်များများ ပျံလွန်တော်မူသွားသတဲ့၊ အဲဒါ တချို့ဘုန်းကြီးတွေက မကျွတ်ဘဲ တစ္ဆေဖြစ်နေတာတဲ့'

'ဟာကွာ၊ ငါတောင်ကြောက်လာပြီ၊ နောက်ကို အဲဒီအိမ်သာ မတက်တော့ဘူး'

'ဒုက္ခပါပဲ၊ မင်းကလဲတစ်မျိုး၊ ရင်ငြိမ်း ပြောတယ်ဆိုတာနဲ့ပဲ မင်းကကြောက်ရောလား၊ အဲဒီလိုသာဆိုမင်း ကျောင်းဝင်းထဲ ဘယ်မှ လျှောက် မသွားနဲ့တော့၊ ရင်ငြိမ်းပြောသမျှ တစ်ကျောင်းလုံး ကြောက်စရာကြီးပဲ'

'ဟေ- ဘယ်လိုတွေ ဖြစ်နေလို့လဲ'

ဇေယျတကယ် ပြူးပြူးပျာပျာ ဖြစ်နေ၏။ စွဲမြဲကတော့

ပြောလက်စနှင့်မထူးတော့ပြီမို့ ရင်ငြိမ်းပြောသမျှ စကားတွေ အကုန်ပြန်ပြောပြသည်။

'အစုံပဲဇေယျ၊ တို့အခုစာသင်ဘဲ့ အဆောင်ထဲမှာလဲ မယ်သီလရှင် ခေါင်းပြတ်ကြီးကစ်ခု စားပွဲပေါ်ရောက် ရောက် နေတတ်တယ်တဲ့၊ နောက်ပြီး ကျောင်းနောက် ဘက်က တိုက်ပျက်ကြီးတွေထဲမှာလဲ ပန်းတွေ ပန်ပန် ထားတဲ့ ကောင်မလေး လှလှလေးတွေ ခဏခဏတွေ့ရ တယ်တဲ့၊ အဲဒါ ဥစ္စာစောင့်တွေတဲ့၊ သူတို့က ကလေး တွေကို လိပ်ပြာနှုတ်ဘတ်တယ်၊ဦးပဥ္စင်းညိုကြ တွေ့လို့ ကြိမ်လုံးနှင့် လိုက်ရိုက်မှ ထွက်ပြေး သွားကြတယ်တဲ့၊ နောက်ပြီး အဲဒီတိုက်ပျက်ကြီးတွေထဲမှာ အရောင်တွေ တောက်နေတဲ့ မြွေကြီးလဲ ရှိတယ်ဘဲ့၊ တစ်ခါတလေ ခုနစ်ကောင်လောက် လိပ်ခွေပြီးပူးကပ်နေဘယ်ဘဲ့၊အဲ ဒါလဲဦးပဥ္စင်းညိုကြ ခဲနဲ့ပေါက်မှ ပျောက်သွားတတ် တယ်တဲ့'

'ဟာကွာ၊အဲဒါဆိုဒုက္ခပဲ၊ဒီလိုမှန်းသိရင် ငါဒီကျောင်း ကို ပြောင်း မလာပါဘူး၊ ခုဘော့ ဒုက္ခပဲ၊ အိမ်သာ တောင် မသွားရဲဘော့ဘူး'

ဇေယျကလည်း စွဲမြဲလိုပင် အခုနှစ်မှ ဆားစည်ကျောင်း ပြောင်းလာသူဖြစ်သည်။

စွဲမြဲက ရယ်သည်။

'နေစမ်းပါဦးကွာ၊ရင်ငြိမ်းပေါက်ကရ လျှောက်ပြော တာ နေမှာပါ၊ သူပြောဘာနဲ့ပဲ အဟုတ်မှတ်မနေနဲ့ ဦး၊ ငါကတော့ ဒီကျောင်းမှာ ဆရာဦးညိုတုတ်ကလွဲ ရင် ဘာမှမကြောက်ဘူး'

'မင်း တကယ် သရဲတို့ ဥစ္စာစောင့်တို့ကို မကြောက် ဘူးလား'

'မကြောက်ပါဘူး၊ ငါမကြောက်ဘူး၊ ယုံလဲမယုံဘူး ပြောလို့ ရင်ငြိမ်းက ငါ့ကို လိုက်ပြမယ်ဆိုပြီး ချိန်းထား တာကွ၊ ဒီညနေသွားကြည့်ကြမလို့၊ အဲဒါ ဘာကိစ္စ ရှိလို့လဲမသိဘူး၊ ညနေကစာရေးပြီး ဒီနေ့ အဲဒီ ကိစ္စ မလုပ်ဖြစ်ဘူးလို့ပြောတာ၊ ရှင်းပြီလား'

'ဒါဖြင့်ရင် မနက်ဖြန်ကျရင်တော့ သွားကြည့်ကြမှာ ပေါ့'

'အေးလေ....သူ့စာထဲမှာ ဒီအတိုင်း ရေးထားတာပဲ။ ဘာလုပ်မလို့လဲ'

'ငါလဲ လိုက်ကြည့်ချင်တယ်ကွာ၊ လိုက်လို့မရဘူး လား"

စွဲမြဲက အံ့သြစွာဖြင့် ဇေယျကို ကြည့်သည်။

'ရော်....မင်းတို့ဟာတွေက ဘယ်လိုလဲ၊ ကြောက်လဲ ကြောက်တယ် ပြောသေးတယ်၊ ပြီးတော့ ကြည့်လဲ ကြည့်ချင်တယ် ပြောတယ်၊ ကြည့်ရမှာတော့မကြောက် ဘူးလား'

ဇေယျက မျက်လုံးပြူးလျက်....

'ကြောက်တော့ ကြောက်တာပေါ့ကွာ....၊ ဒါပေမယ့် ကြည့်လဲကြည့်ချင်သေးတာပေါ့၊ မင်းက မကြောက် ဘူးဆိုတော့ မင်းနဲ့ကွယ်ပြီးကြည့်လို့ရတာပေါ့'

'လာပြန်ပြီ ရင်ငြိမ်း တစ်ယောက်၊ ရင်ငြိမ်းကလဲ ဒီ
အတိုင်းပဲ ပြောတာပဲ'

'လုပ်ပါကွာ၊ ငါလဲ ခေါ်သွားစမ်းပါ'

'ဇားလေ၊ အဲဒီလိုဆိုလဲ လိုက်ခဲ့ပေါ့၊ မနက်ဖြန်ညနေ
ကျ ကျောင်းဆင်းရင် ငါနဲ့လိုက်ခဲ့'

သူကြားချင်တာနဲ့ သူလုပ်ချင်သည့်ဆန္ဒ ပြည့်သွား၍လား
မသိ၊ သည်စကားတွေပြောတော့မှ ဇေယျ နှုတ်ဆက်ပြီး ပြန်
သွားသည်။

ကလေး ဘဝက ကလေး စိတ်ကူးများနှင့် ထင်ရာပြော၊
ထင်ရာလုပ်ခဲ့ကြသည်မို့ ပြန်တွေးလျှင် ရယ်စရာတော့ကောင်း
သည်။

* * *

အမှန်တော့ ထိုအဖြစ်အပျက်များသည် စွဲမြဲနှင့် ရင်ငြိမ်း
တို့၏ ဇာတ်လမ်းတွင် သိပ်အရေးပါလှသော အဖြစ်အပျက်
များတော့ မဟုတ်။

သို့သော် ထိုအဖြစ်အပျက်ကလေးများက သူနှင့် ရင်ငြိမ်း
တို့၏ စတင်တွေ့ဆုံခြင်းနှင့်ဆက်စပ်နေသလို၊ သူတို့နှစ်ယောက်
ခင်မင်ရင်းနှီးမှုများ စတင်ရာသည်း ဖြစ်သည်။



ဇေယျနှင့် လမ်းခွဲသွက်လာပြီး တစ်ယောက်တည်းပြန်လာ
စဉ် စွဲမြဲ တွေးလာသော အတွေးများမှာ ထိုနေ့မတိုင်မီရက်
များက ရင်ငြိမ်းနှင့် သူပြောခဲ့ဆိုခဲ့သော စကားများ ဖြစ်ပျက်
ခဲ့သော အဖြစ်အပျက်များ ဖြစ်သည်။

ရင်ငြိမ်းနှင့်သူ့ အကြား ဘယ်သူမှမသိလိုက်စွာဖြင့် လျှို့ဝှက်
စွာ ဖြစ်ပွားခဲ့သော အရေးအခင်းလေးများဟု ဆိုနိုင်၏။

*

[၆]

'ရှစ်....'

သည်မြည်သံလေး၏ အသံထွက်အစစ်အမှန်ကို တိတိကျကျ ဖော်ပြဖို့တော့ခက်သည်။ နှုတ်ခမ်းကိုဟသည်ဆိုရုံလေးဟထား၍ လျှာထိပ်ကို သွားနောက်က အာခေါင်လေးမှာကပ်ပြီး နောက်ကနေ လေကိုခပ်ပြင်းပြင်းမှုတ်ထုတ်သည့်အသံ။ ရှစ်ဟုလည်း အပီအသကြီးမထွက်၊ ချစ်ဆိုသောအသံလည်းမဟုတ်။ ကြားသံ တစ်မျိုး။

သို့သော် တစ်ခုသေချာသည်က ထိုအသံလေးကို ရင်ငြိမ်း အမြဲလုပ်တတ်သည်။

ပထမဆုံးအကြိမ်ကြားစကတော့ သူ့ကိုခေါ်သောအသံဟု စွဲမြဲ မသိသေး။

နားထဲကိုဝင်လာသော ထိုအသံလေးက ထူးဆန်းနေသဖြင့် အမှတ်တမဲ့လှည့်ကြည့်လိုက်ခြင်းသာ ဖြစ်သည်။

'ဟင်...ရင်ငြိမ်း'



သူ့အာမေဋိတ်သံအဆုံးမှာ ရင်ငြိမ်းကပြုံးသည်။

'ငါခေါ်နေတာမကြားဘူးလား စွဲမြဲ'

'ဟင့်အင်း...မကြားမိဘူး၊ နင်ငါ့ကိုခေါ်နေတာ ကြာပြီလား'

'အေးပေါ့၊ ငါ နောက်ကနေ တရှစ်ရှစ်နဲ့ လှမ်းခေါ်နေတာကြာပြီ၊ နင်လှည့်မကြည့်တော့ ငါ့ကို နင် မမှတ်မိတော့ဘူးတောင် အောက်မေ့နေတာ'

စွဲမြဲ ပြုံးလိုက်ရင်း....

'ရှစ်...ရှစ်...ဆိုတဲ့အသံတော့ကြားသားပဲ၊ ဒါပေမယ့် အဲဒါ ငါ့ခေါ်မှန်းမသိလို့ပါဟာ၊ နင့်ကို ငါဘာဖြစ်လို့ မမှတ်မိရမှာလဲ ရင်ငြိမ်းရ၊ နင့်နာမည် ရင်ငြိမ်း ငါးတန်း အေ၊ ကဲတွေ့လား ငါ အကုန်မှတ်မိတယ်'

ရင်ငြိမ်းနှင့် နောက်နှစ်ရက်လောက်အကြာမှာ ပြန်ဆုံခြင်းဖြစ်သည်။ သည်တစ်ခါတော့ မနက်ကျောင်းမတက်ခင် အချိန်မဟုတ်။ နေ့လယ်မုန့်စားဆင်းချိန်ကြီး ဖြစ်သည်။

ရင်ငြိမ်းပုံစံက ဟိုတစ်နေ့ကနှင့် ဘာမှမပြောင်းလဲ။ ဟိုတစ်နေ့ကလိုပင် ကျောင်းဝတ်စုံနှင့် ဖြစ်သည်။ ဆံပင်ကိုလည်း ဟိုနေ့ကလိုပင် နှစ်ဖက်ခွဲ၍ ဉည်းထားသည်။ လက်ထဲမှာ ကိုင်ထားသော လက်ကိုင်ပုဝါလေးတစ်ခုသာ အဝါရောင်မှ ပန်းရောင်သို့ ပြောင်းသွားသည်။

စွဲမြဲစကားကြောင့် ရင်ငြိမ်းက ကျေနပ်စွာပြုံးသည်။

'အေးပါ၊ စစချင်း ငါ့နာမည်ကို ခေါ်လိုက်ကတည်းက နင်မှတ်မိဘယ်ဆိုတာ သိသွားပါပြီ စွဲမြဲရယ်၊ အဲ့ဒါနဲ့ နင် အခု ဒီမှာ ဘာလုပ်နေတာလဲ'

'ဘာမှမလုပ်ပါဘူး၊ ရပ်နေတာ'

'အို ရပ်နေတာတော့ သိတာပေါ့၊ ရပ်ပြီးဘာလုပ်နေတာလဲ သိချင်တာ'

စွဲမြဲရယ်သည်။

'ရပ်ပြီးဘာမှ မလုပ်ပါဘူးဟာ၊ ဟိုကြည့် ဒီကြည့် မျှောက်ကြည့်နေတာပါပဲ'

'မျှောက်ကြည့်နေတော့ ဘာတွေလဲ'

'ဘာမှ မတွေ့ပါဘူး၊ ဘာလဲ နင်က မယ်သီလရှင် ခေါင်းပြတ်တွေလား မေးဦးမလို့ မဟုတ်လား'

ရင်ငြိမ်းက ရယ်သည်။

'မဟုတ်ပါဘူး၊ အဲဒါက ဒီလိုအပြင်မှာမှ မရှိတတ်တာ၊ မယ်သီလရှင် ခေါင်းပြတ်က စာသင်ခန်းထဲက စားပွဲပေါ်မှာပဲ ရှိတာတဲ့၊ ဒီပြင်ဟာတွေများ တွေ့သလားလို့'

'လုပ်ပြန်ပြီဟာ၊ ဒါနဲ့နေပါဦး၊ မနေ့ကစကား ပြတ်သွားလို့၊ အဲဒါတွေရှိတယ်ဆိုတာ နင့်ဘယ်သူပြောလို့လဲ'

'အဲဒါတွေဆိုတာ ဘယ်ဟာတွေလဲ'

'နင် ပြောတဲ့သရဲတို့ တစ္ဆေတို့ဆိုတာတွေပေါ့'

'အံမယ်အစက ငါသာမသိတာ၊ ငါ့ အစ်မတွေက



အကုန်သိတယ်ဟ၊ အရင်တုန်းက ငါ့ကို ဘာမှ ပြောမပြဘူး၊ ခုကျောင်းပိတ်ရက်ကမှ ပြောပြတာ၊ ကျောင်းထဲမှာ သရဲတွေရော၊ ဥစ္စာစောင့် တွေရော အများကြီးတဲ့'

ရင်ငြိမ်းက ဘယ်တုန်းကတည်းက ထစ် ယောက် ယောက်ကို ပြန်ပြောပြချင်နေသည်မသိ၊ သူ့အစ်မများပြောပြထားခဲ့သည်ဆိုသော အိမ်သာ အောက်က ဘုန်းကြီး သေးသေးလေးများအကြောင်း၊ ပန်းရောင်စုံများ ပန်ထားသည့်ဥစ္စာစောင့်မများအကြောင်း၊ အရောင်ဖြောက်သော မြွေကြီးအကြောင်းတရ စပ်ပြောပြတော့သည်။

သူ့စကားဆုံးမှ၊ စွဲမြဲက။

'ငါတော့ ဟုတ်မယ်မထင်ပါဘူးဟာ'

ရင်ငြိမ်း အမူအရာလေးက ဒေါသ ဖြစ်သည့်အသွင်သို့ ကူးပြောင်းသွားသည်။

'အံ့ မယ်၊ ဘာ လို့ မ ဟုတ် ရမှာလဲ၊ ငါ ပြောတဲ့ စကားကို နင်ကမယုံဘူးပေါ့၊ ဘာလဲ ငါညာပြောတယ် အောက်မေ့လို့လား'

စွဲမြဲက ရယ်ရင်း....

'အဲ့လိုပြောတာမဟုတ်ပါဘူးဟာ၊ ဒါပေမယ့် ငါ့စဉ်းစားကြည့်တာက နင်လဲ ဒီကျောင်းမှာ နေလာခဲ့တာကြာပြီပဲ၊ တကယ်တာ အဲဒါတွေရှိရင် သူတို့မပြောခင်ကတည်း က နင် တွေ့ဖူးနေရမှာပေါ့၊ ခု အဲ့ဒါတွေ

တကယ်မရှိလို့ သူတို့ ပြောတာတောင် နင်လိုက်ရှာလို့ မတွေ့ရဘူး ဖြစ်နေတယ်မဟုတ်လား'

'မဟုတ်ဘူးစွဲမြဲရ၊ အရင်တုန်းကတော့ ဒီလိုဒီလိုရှိတာကို ငါက သိမှ မသိတာ၊ အဲဒီတော့ တွေ့မြင်နေရင်တောင် သတိထားမိမှာမဟုတ်ဘူးပေါ့၊ ပြီးတော့အဲဒီတုန်းက ငါက ကလေးပဲ၊ သရဲနဲ့တွေ့ရင်တောင် သရဲမှန်း ငါဘယ်သိမလဲ'

သည်တစ်ခါတော့ စွဲမြဲ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်သည်၊ သို့သော် သိပ်ရယ်လိုက်လျှင်လည်း သူလျှောင်သည်ထင်ပြီး ရင်ငြိမ်း စိတ်ဆိုးသွားမှာ သတိရ၍ ကမန်း ကတန်း အရယ်ကိုပြန်ရပ်ရင်း။

'အေးပေါ့ဟာ၊ အဲလိုလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါဖြင့် ဒီလိုလုပ်ကြမယ်လေ နင်လဲကျောင်းထဲမှာ သတိထားကြည့်ထား၊ ငါလဲကြည့်ထားပေးမယ်၊ တစ်ခုခုတွေ့ရင် တစ်ယောက် ပြန်ပြောပြကြပေါ့၊ မကောင်းဘူးလား'

'အေးကောင်းတယ်၊ နင်သတိထားကြည့်ပေးနော်စွဲမြဲ မပေါ့နဲ့ သရဲတစ်ခါတွေ့တိုင်နင့်ကို ငါမုန့်တစ်ခုကျွေးမယ်၊ တွေ့ရင်လဲ ငါ့ကို ချက်ချင်းလာခေါ်ပြ၊ ငါတို့အခန်းကို နင်သိတယ် မဟုတ်လား'

စွဲမြဲကတော့ ရယ်ပြီး ရင်းရယ်ချင်နေတော့သည်။

'သရဲကို ကြည့်ချင် ရအောင် နင်မကြောက်ဘူးလား ရင်ငြိမ်း'



ရင်ငြိမ်းက ဇက်ကလေးကို ပုသိုက်ရင်း—

'ကြောက်တော့ ကြောက်တာပေါ့ဟာ၊ ငါအခု အိမ်သာတောင် တစ်ယောက်တည်း မသွားရဲတော့ဘူး၊ ဒါပေမယ့် ကြည့်တာကလဲ ကြည့်ချင်တာပဲ ငါတစ်ယောက်တည်းလဲ ဘယ်ကြည့်မလဲ၊ နင်နဲ့ အတူကူသွားကြည့်မှာပေါ့၊ နင်က ယောကျ်ား လေးပဲ ဟာ သရဲဖြစ်ဖြစ် မကြောက်နဲ့ပေါ့'

'ငါက မကြောက်ပါဘူး'

'အေးပါ၊ ငါသိပါတယ်၊ အဲဒါကြောင့် နင့်ကိုလဲ ငါအားကိုးတာပေါ့ စွဲမြဲရ'

ဟုတ်သည်မဟုတ်သည်အပထား၊ မကျေးက ဖန်ခါးသီးစားပြီး ရေသောက်ရသလို ချိုတိုတိုလေးဖြစ်နေသည့် အပြင် ချွဲတဲတဲလေးပါ ထပ်ဖြည့်စွက်၍ အားကိုး စကား ပြောလာသော ရင်ငြိမ်းစကားကြောင့်ကလေးကြီး ဖြစ်နေသောစွဲမြဲ စိတ်ထဲမှာ ပေးအပ်သော တာဝန်နှင့် ဝတ္တရားကို ကျေပွန်အောင် စွန့်စား ထမ်းဆောင် လိုသည့် စိတ်ကလေးများဖြစ်လာ၏။

ငယ်ငယ်ကတည်းက ကတ်သီးကဘ်သတ် ခိုင်းတတ်သော ရင်ငြိမ်း။

[၇]

'တွေ့လား'

ရင်ငြိမ်း ဖွဲ့ကောင်းတတ်ခြင်း ကိစ္စကိုတော့ စွဲမြဲကျောက်တိုင်ကစ်ခုခုတွင် မော်ကွန်း ထိုးထားချင်စိတ် ပင် ပေါ်လာသည်။

စတင် တာဝန် ပေးအပ်သည့် နေ့မှစ၍ ရင်ငြိမ်းနှင့်သူ နေ့လယ်မုန့်စားဆင်းတိုင်းတွေ့သည်။ တွေ့တိုင်းလည်း ရင်ငြိမ်းထံမှ ပထမဆုံး ထွက်ပေါ်လာသော စကားသံက ထိုအမေးချည်းဖြစ်သည်။

တစ်ပတ်မြောက်သော ကာလတွင်ပင်၊ စွဲမြဲက ခုနစ်ကြိမ်မြောက် ခေါင်းခါရင်း....

'မတွေ့ပါဘူး ရင်ငြိမ်းရာ၊ နင်ပြောတာမျိုး ဘာတစ်ခုမှ ငါမတွေ့ပါဘူး'

'မဟုတ်သေးပါဘူး စွဲမြဲရာ၊ နင်သေချာမကြည့်လို့ဖြစ်ပါလိမ့်မယ်'

စွဲမြဲ မျက်လုံး ပင့်လိုက်သည်။



'ခြေဘ်—ငါက သေချာ ကြည့်ပါတယ် ရင်ငြိမ်းရယ်၊ နင့်ဥစ္စာတွေက ရှိကိုမရှိတာပါ၊ သေချာ စဉ်းစားကြည့်ပါဦး၊ ဒီကျောင်းမှာ ငါတို့ နှစ်ယောက် တည်းရှိတာမဟုတ်ဘူးဟ၊ နင်ရော ငါရော မတွေ့တောင်ဒါတွေရှိရင် တစ်ယောက်မဟုတ် တစ်ယောက်ကတော့တွေ့မှာပေါ့၊ တွေ့ရင်လဲ တစ်ကျောင်းလုံး အုတ်အောင်းသောင်းတင်း ဖြစ်သွားမှာပေါ့'

'မဟုတ်ဘူးလေ၊ တွေ့တဲ့သူက သူများကို ပြရမှာစိုးတာနဲ့ သူ့ဟာသူ ငြိမ်ရင်ငြိမ်နေမှာပေါ့'

သည်တစ်ခါတော့ စွဲမြဲရယ်သည်။

'ကတ်သီးကတ်သတ် ရင်ငြိမ်းရယ်၊ သရဲတွေ့ တာ ရွှေအိုးတွေ့တာမှ မဟုတ်ဘဲ၊ ငြိမ်နေမလား လန့်ပြီးထွက်ပြေးမှာပေါ့'

'ဒါ့ဖြင့် ဘာဖြစ်လို့ မတွေ့တာလဲ'

ရင်ငြိမ်းက မျက်မှောင်လေး ကြုတ်ပြီး စဉ်းစားသလိုလိုလေသံဖြင့် ပြောသည်။ ပြီးတော့လည်း မေးထောင့် လေးကို လက်ညှိုးထိပ်ဖြင့်ထောက်၍ အိုက်တင်လေးဖြင့် တွေးနေလိုက်သေး၏။

'မရှိလို့ပါဟာ'

စွဲမြဲက ခေါင်းခါရင်း ညည်းပြော ပြော သော် လည်း ရင်ငြိမ်းက ဂရုပင်မစိုက်။ ဘာတစ်ခွန်းမှ မကြားသည့်ပုံစံဖြင့် သူ့ဟာသူသာ ဆက်တွေးနေသည်။

ခဏကြာမှ ဉာဏ်အလင်း ပွင့်သွားဟန်ဖြင့် —

'အဲ့- သိပြီ၊ ငါသိပြီ စွဲမြဲ'

'ဘာသိတာလဲ'

'အသာနေစမ်းပါ၊ ငါပြောပြမှာပေါ့၊ ဒီလိုဖြစ်လိမ့်မယ်ဟ'

'အင်း....ပြောပါဦး'

'နှင်ရော ငါရော တစ်ခုလွဲနေတယ်၊ အမှန်ကခုလိုနေ့ခင်းနေ့လယ် ကျောင်းသား ကျောင်းသူ တွေရော၊ ဆရာ ဆရာမတွေရော ရှိနေတဲ့အချိန် လူတွေအများကြီးထဲ ဘယ်သရဲက လာမလဲ၊ နေဥ-မဟုတ်ဘူးလား' လုပ်ပြန်ပြီ၊ ငါ့ကိုညကြီးမင်းကြီးများ သရဲလာရှာခိုင်းဦးမလို့လားမသိဘူးဟု စွဲမြဲ တွေးရင်း လန့်သွားသည်။

'အမှန်က သရဲဆိုတာ ညမှခြောက်တာ'

စွဲမြဲက အလန့်တကြားဖြင့် ခေါင်းခါ၍ —

'ဟာ — ညဘက်ကြီးဘော့ ဘယ်လို လာရှာလို့ ဖြစ်မလဲဟ'

ရင်ငြိမ်းမျက်စောင်း ဒိုင်းခနဲ ရောက်လာသည်။

'သိပါတယ်၊ သူ့လဲဘယ်သူကမှ ညဘက် လာကြည့်ဖို့မခိုင်းပါဘူး၊ ဖြစ်နေလိုက်တာ၊ နှင့်ကို ညဘက်လာကြည့်ဖို့ ပြောမလို့မဟုတ်ဘူး'

'ဒါဖြင့် ဘယ်လို လုပ်မလို့လဲ'

'ကျောင်းဆင်းပြီး လူရှင်းတဲ့အချိန် စောင့်ကြည့်မလို့ ကျောင်းဆင်းလို့ လူတွေအားလုံးပြန်သွားရင် လူလဲရှင်းပြီ မှောင်လဲ နည်းနည်း မှောင်တော့မယ်၊ သရဲ



အကုန်လုံးမမြင်ရတောင် တစ်ယောက်တလေကတော့ ခပ်စောစောထွက်ပြီး ခြောက်ချင်ခြောက်မှာ'

'အဲဒီတော့ နှင်က ညနေ ကျောင်းဆင်းချိန် စောင့်ကြည့်မယ်ပေါ့'

'အေး- ညနေစာရိတ္တအချိန်ပြီးရင် နှင်မပြန်နဲ့ဦး၊ လူရှင်းအောင်စောင့်ပြီး ငါ့ကိုလာခေါ်၊ ငါပါလိုက်ခဲ့မယ်'

'နှင်က ဘယ်က စောင့်မှာလဲ'

'ရှာကြည့်ပေါ့ကွ၊ နှင်မြင်နိုင်တဲ့နေရာမှာပဲ ငါ စောင့်နေမှာပေါ့၊ ဒီကျောင်းထဲကနေ ဘယ်သွားမှာလဲ'

'အေးပါ အေးပါ၊ အဲဒါဆိုလဲ ပြီးရော၊ ငါ မြင်နိုင်လောက်တဲ့ နေရာမှာတော့ နေနော်'

ဤနည်းဖြင့် စာရိတ္တအချိန်မှာ ရင်ငြိမ်း စာရွက်လုံးနှင့်ပေါက်၍ နောက် တစ်နေ့သို့ ထပ်ချိန်းသည် အထိ ဖြစ်လာခြင်းပင်။

ခုကျတော့ အဖော် တစ်ယောက်ပင် ထပ်တိုး လာသေးသည်။

ဇေယျလည်း သူပါလိုက်ဦးမည်တဲ့။

အင်း-သုံးငယောက်ပေါင်း လောင်းကျော်၊ ကျောင်းပေါ်မှာတော့ ဘာတွေဖြစ်ကုန်ကြဦးမည် မသိဟုတွေးလိုက်မိ၏။

* *

ကျောင်းပေါ်မှာတော့ ဘာမှမဖြစ်။

ကျောင်းအောက်မှာသာ စုံမြဲတင်ယောက် ကျောကော့အောင်ခံနေရတော့သည်။

'မှတ်ပလားကွ'

'ရှမ်း'

'အား...မှတ်ပါပြီ ဘုရား'

'အေး....နောက်တစ်ခါ ထပ်မှတ်လိုက်ဦးကွ'

'ရှမ်း'

'အား'

'ဟေ့ကောင်၊ ပြောလေကွာ၊ နောက်တစ်ခါ ထပ်မှတ်ပြီလား'

'ရှမ်း'

'အား...နောက်တစ်ခါ ထပ်မှတ်ပါပြီ ဘုရား'

'အေး....တတိယမိ သုံးကြိမ်မြောက် မှတ်လိုက်ဦးကွ'

'ရှမ်း'

'အား....မှတ်ပါပြီဘုရား'

'ငါပြောတာ ဒီလိုမဟုတ်ဘူးကွ'

'ရှမ်း'

'အား....တတိယမိ သုံးကြိမ်မြောက် မှတ်ပါပြီဘုရား'

ဆားစည်ကျောင်း၏လျှို့ဝှက်ချက်များကိုဖော်ထုတ်ရန်ကြိုးစားကြသော ရဲသုံးဖော်၏ အခြေအနေက လုံးဝ မကောင်းတော့။



ကျန်ရဲဘော်များ၏အားကိုးရာဖြစ်သောခေါင်းဆောင်ကြီး စုံမြဲက ဦးပဉ္ဇင်းညို၏လက်ထောက် ဦးပဉ္ဇင်းတပ်ပါး၏ လက်မှာ ငါးဖယ်တေသလို အတောခံနေရသည်။

ညွန့်ကြားရေးမှူးဖြစ်သော ဒေါ်ရင်မြိုင်မှန်က သွေးသံရဲရဲဖြစ်နေသော ခြေဖဝါးကိုဖိရင်း ရှုံ့မဲ့ ရှိုက်ငိုနေသည်။

ဒေသမဟာ့နှစ်မှ စစ်ထဲလိုက်သည့် ဗကျူဇပ် ခေါင်းဆောင်ကြီးဇေယျကတော့ ရေတစ်ပုံးပြီးတစ်ပုံးခေါင်းမှ လောင်းချခြင်းခံနေရကာ ဘယ်လိုမှ မြင်မကောင်း ရှုမကောင်းသော အခြေအနေမှာ ရောက်ရှိနေသည်။

ခဏကြာသောအခါ ၎င်း ...အိမ်မှ မိဘများနှင့် ဇေယျအိမ်မှမိဘများ ကားတစ်စီးစီနှင့် ရောက်လာကြ၏။

* * *

ဖြစ်ပုံကသည်လို။

ပထမနေ့က အဆင်မပြေခဲ့သော ကိစ္စကို၊ ဒုတိယနေ့တွင် ဆက်လက်ဆောင်ရွက်ရန်အတွက် မနက်ပိုင်းမှ စုံမြဲနှင့်ရင်မြိုင်း တွေ့ဆုံသည်။

'မနေ့က ဘာဖြစ်လို့ မကြည့်တော့ဘူးလို့ စာရေးပြောတာလဲ ရင်မြိုင်း'

'မဟုတ်ဘူးဟ၊ မနေ့တုန်းက အိမ်ကစောစောပြန်လာဖို့မှာလိုက်တယ်၊ အဲဒါကို ငါမေ့သွားလို့'

‘ဒီနေ့ရော’

‘ဒီနေ့တော့ဖြစ်တယ်၊ အဲ့ဒါညနေကျ သေချာပေ
စောင့်နေဉ်’

ကမန်းကတန်းသာ မတွေ့လိုက်ရသည်မို့ ဇေယျလိုက်
မည့် အကြောင်းကိုပင် ထည့်မပြောဖြစ်လိုက်။

ညနေကျောင်းဆင်းချိန် ဆုံမိတော့ ဇေယျ ပါလာသ
ရင်ငြိမ်းက အံ့ဩသွားကာ။

‘ဟင် သူကဘာဖြစ်လို့ပါလာရတာလဲ’

စွဲမြဲက ရယ်ရင်း။

‘သူက ဇေယျတဲ့ဟ၊ ငါတို့အတန်းထဲကပဲ၊ မ
ငါ့ဆီ ပစ်ပေးလိုက်တဲ့ စာကို သူလဲ ဘေးကနေ
ကြည့်ပြီး တွေ့သွားတယ်၊ အဲဒါအကျိုး အကြေ
မေးတော့ ငါက ပြောပြလိုက်တယ်၊ ပြောပြ
သူလဲ ကြည့်ချင်တယ်၊ သူလဲ ခေါ်ပါဆိုဘာနဲ့
ခေါ်လာတာ’

‘နင်ကလဲဟယ်၊ ဘာဖြစ်လို့ ဟိုလူသည်လူ ခေါ်လ
တာလဲ၊ သရဲက လူများရင် မခြောက်ပါဘူးလို့
ထားရဲ့သားနဲ့’

‘ဩော် တစ်ယောက်တည်းပါဟ၊ လူမများပါ

‘အေးလေ ဒါဖြင့်လဲ ပြီးရောပေါ့၊ နင်ကြောက်
အဖော်ခေါ်လာတာတော့ မဟုတ်ပါဘူးနော်’

‘အံမာ ငါ့ကဘာ ကြောက်ရမှာလဲ၊ သူကလဲ



နင့်လိုပဲ၊ ငါပါမှကြည့်ရဲမယ် ဆိုပြီး ငါ့အားကိုးနဲ့
လိုက်လာတာ’

‘ဟယ် အဲလိုဆိုရင် ဒုက္ခပဲ’

‘ဘာဖြစ်လို့ လဲ’

‘နင်က ငါ့နားမှာ အမြဲ နေမှ ဖြစ်မှာပေါ့၊ တော်
ကြာ သူ ကြောက် လိုက်၊ သူ့ဆီ သွား လိုက်၊ ငါ
ကြောက်လိုက် ငါ့ဆီလာလိုက်လုပ်နေလို့ မဖြစ်ဘူး’

မြဲက ရယ်လိုက်ပြန်ရင်း။

‘အဲဒီလိုတော့ မလုပ်ပါဘူးဟာ၊ နင်က မိန်းကလေး
ပဲ၊ နင့်နားမှာပဲ ငါအမြဲနေမှာပေါ့’

‘တကယ်နော်’

‘အေးပါ၊ တကယ်ပါ’

‘ကဲ ဒါဖြင့်သွားမယ်၊ကျောင်းထဲမှာ လူရှင်းသွားပြီ’

ပြောပြောဆိုဆိုနှင့် သုံးယောက်သား ကျောင်းဆောင်
တက် ကျောင်းပျက်များ အိမ်သာများရှိရာ ဘက်သို့
က်ခဲ့ကြသည်။

‘ဟင်’

ပြောင်းလဲသွားသောပတ်ဝန်းကျင် အနေအထားကြောင်
ာက သတ္တိကောင်းနေသော စွဲမြဲပင် တွန့်ခနဲဖြစ်သွား

ငြိမ်း ပြောသလိုများ ဖြစ်နေမလားဆိုသော အတွေး
ရှတ်ခြည်း ဝင်ရောက်စိုးမိုးလာသည်။

ပတ်ဝန်းကျင် အနေအထားက လုံးဝချောက်ချားဖွယ်ရ
အနေအထားသို့ ကူးပြောင်းနေပြီဖြစ်သည်၊ ခါတိုင်းဆိုသည်
လို ထချိန်ဆို အများနှင့် ရော၍ ကျောင်းပြင် အိမ်နား
ရောက်နေပြီမို့ သည်လို အချိန်မှာ သည်လိုရှိနေတာ်မှန်းမသိ
ခုတော့ ကျောင်းဝင်း တစ်ဝင်းလုံး တိတ်ဆိတ်နေပြီ
သစ်ရွက်များကို လေတိုးသံနှင့် အကောင်ပလောင် အချို့
အော်သံလေးများမှအပ ဘာသံမှမကြားရတော့။

အနေစောင်းပြီမို့ အရိပ် ကောင်းလှသော သစ်ပင်ကြီး
များဖြင့် အုပ်မိုးနေသော ကျောင်းဝင်းထဲမှာ မှောင်ရီသ
နေသည်။ အထူးသဖြင့် သူတို့သွားသော ကျောင်းနော
ဘက်မှာက အုတ်တိုက်ပျက်များ၊ အိမ်သာများ ချုံပုတ်မျ
သစ်ပင်ကြီးများသာရှိသည်၊ လူသူ အရိပ် အယောင် လည်း
မမြင်ရ။

စောစောက ထွက်လာခဲ့သော ခြေသံများသည်
ယောက်စလုံးနှေးကုန်ကြသည်။

'ဦး ဖလပ် ဖလပ်'

'အမေ့'

'ဟ စွဲမြဲရ၊ လုပ်ပါဦး'

ဘာငှက်မှန်းမသိသော ငှက်တစ်ကောင်က အနားက ဖြ
ပျံ့ရင်း တောင်ပံခတ်သံကိုလည်း ကျယ်ကျယ် သောင်လေ
ပြုသွားသည်။

အနားက တွန့်ဆုတ်ဆုတ်လျှောက်လာသောရင်ငြိမ်း
ယောက်စွေ့ခနဲ့ စွဲမြဲနား ရောက်လာပြီး လက်မောင်း



အလန့်တကြား ဆုပ်ကိုင်လိုက်သည်၊ကြားမှာသုံးလေးငါးကိုက်
အကွာလောက်ထား၍ လျှောက်လာသော ဇေယျပင်အထိတ်
တလန့် အော်၍ စွဲမြဲဘေး ရောက်လာ၏။

စွဲမြဲရင်ထဲမှာလည်း ဒိန်းခနဲ ဖြစ်သွားပြီး နှလုံးခုန်သံတွေ
အတွေ ချက်ချင်း မြန်လာကလာသည်။

အခြေအနေကတော့ စလာကတည်းက သိပ်မကောင်းချင်
တော့၊ နှာခေါင်းများထဲသို့လည်း ပုပ်အက်အက် အနံ့တစ်မျိုး
ဝင်လာသည်။

'ဟော့ကောင်စွဲမြဲ၊ အပုပ်နံ့ကြီး မရဘူးလား'

'အေး ဟုတ်တယ် စွဲမြဲ၊ ငါလဲကြောက်လာပြီ'

စွဲမြဲလည်း ကြောက်တော့ကြောက်သည်၊ သို့သော်သည်ထဲ
က သူတစ်ယောက်သာ သတ္တိကောင်းဖို့ ကျန်တော့သဖြင့်
တ်ကိုလည်းတည်ငြိမ်အောင် ပြုရင်း ပတ်ဝန်းကျင်ကို လေ့
လိုက်သည်။

တွေ့လည်း တွေ့သည်။

ခွေးသေကောင်ပုပ်ကြီး၊ သေနေတာ ဘယ်လောက်ကြာ
မှန်းမသိ။ တစ်ကောင်လုံး ပြည့်တင်း ဖောင်းကားပြီး
ရှင်းတွေလည်း မည်းအုံနေသည်။

'ဟိုခွေးသေကောင်ပုပ်ကပါကွာ၊ မင်းတို့ကလဲ'

'ခြော်....ဟုတ်သားပဲ'

'အင်း တော်ပါသေးရဲ့'

နောက်ထပ်ခဏကြာသည်အထိတော့ ဘာမှ ထူးထူးခြား

ခြား မဖြစ်တော့၊ တစ်ခုပဲ အခက်အခဲရှိနေသည်က အုတ်တိုက်ပျက်ကြီးများထဲသို့ ဝင်ရေး မဝင်ရေးကိစ္စပင် ဖြစ်သည်။

ဝင်ချင်သူက ရင်ငြိမ်း။

'နေပါဦး ရင်ငြိမ်းရာ၊ အဲဒီထဲတော့ အရမ်းမသွားပါနဲ့ မြွေပါးကင်းပါး တော်ကြာ တစ်ခုခုဖြစ်မှဖြင့်'

စွဲမြဲက အမြော်အမြင် ကြီးစွာဖြင့် တားသေးသည်၊ သို့သော် ရင်ငြိမ်းကတော့မရ။

'ဟာ ဘာမှမဖြစ်ပါဘူးဟ၊ ငါလဲဒီအထဲကို ဝင်ကြည့်ချင်နေတာကြာပြီ၊ မသွားရဲလို့၊ အခုနင်လဲပါတာပဲ သွားမယ်ဟာ'

'နေပါပြီ၊ နင်ကလဲဟာ၊ ငါပါတော့လဲ ငါက ဘာလုပ်တတ်မှာလဲ နင့်ကို ပြောနေတာက သရဲတွေ တစ္ဆေတွေကိစ္စမဟုတ်ဘူး၊ အောက်ကလဲ ချုံတွေဆူးတွေနဲ့၊ ဒီပြင် အန္တရာယ် တစ်ခုခုဖြစ်မှာ စိုးလို့ ပြောနေတာ'

'ကြည့်သွားမှာပေါ့'

ရင်ငြိမ်းကဇွတ်။

စွဲမြဲက ဇေယျာဘက်လှည့်ကြည့်သည်၊ ဇေယျာကတော့ သူ လိုက်လာမိခဲ့သည်မှာ မှားပြီဟု အကြီးအကျယ် နောင်တရနေသည့်ပုံစံဖြင့်....

'မသွားပါနဲ့ကွာ၊ ငါမလိုက်ရဲဘူး'

'အေး နင်မလိုက်ချင်ရင် ဒီမှာပဲနေခဲ့လေ၊ ငါနဲ့ စွဲမြဲနဲ့သွားမယ်'



ဇေယျာစကားကို စွဲမြဲက တစ်ခုခုပြန်ပြောရန် ပြင်တုန်းရှိသေး၊ ရင်ငြိမ်းကဆိုးဆတ်ဆတ်ဝင်ပြောသည်။

ဒီနေရာမှာတော့ နင်နေရဲမှာပါ၊ ယောကျ်ားလေးပဲ အဲဒီနားမှာ ရပ်ရင်းနဲ့ အိမ်သာဘက် ကြည့်နေပေါ့ဟာ၊ အရေးကြီးတာက အလယ်က သုံးလုံးတွဲ အိမ်သာကို ဂရုစိုက်ကြည့်၊ သရဲရှိတာ အဲဒီထဲမှာ၊ ကဲ လာ စွဲမြဲသွားမယ်'

ရင်ငြိမ်းက ပြောပြော ဆိုဆိုနှင့် စွဲမြဲ လက်ကို ဆွဲရင်း ထတင်းခေါ်သည်၊ စွဲမြဲက ကျန်ရစ်ခဲ့ရမည့် ဇေယျာ့ရုပ်ကို နားလည်သဖြင့် လှမ်းတော့ ကြည့်လိုက်သေးသည်၊ သို့သော် ဘာမှ လုပ်ချိန်မရတော့ရင်ငြိမ်းဆွဲသည့် နောက်သာ ကောက်ကောက်ပါအောင်လိုက်သွားရတော့၏။

* * *

မဆင်မခြင်နှင့်သူများ ကိစ္စဝင်ပါမိတာမှားပြီဟု ဇေယျာ အကြီး အကျယ် နောင်တရသည်။

ခုမှတစ်ယောက်တည်းလည်း ဘာလုပ်ရမှန်း မသိတော့။ အချိန်ကအပုပ်ချိန်။ စောစောက အပုပ်နံ့ကြီးကလည်း နှာခေါင်းထဲစွဲနေသေးသည်၊ သည်ကြားထဲမှာ သစ်ရွက်ခြောက်များကို လေတိုးသံက တရှပ်ရှပ်နှင့် ခြေသံတွေလိုလို၊ ဟိုနှစ်ယောက်ကလည်း တိုက်ပျက်ကြီးများထဲဝင်ရောက် ပျောက်ကွယ်သွားပြီ။

ဇေယျ ဗိုက်ထဲက ရစ်သီနှင့် နာသလိုဖြစ်လာ၏၊ ဆီးက လည်းသွားချင်လာသည်။

ဒုက္ခပဲ ဟု ချေးပြန်လာ၏။

ခုချိန်ကျမှ တစ်ယောက်တည်း အိမ်သာသွားဖို့ကလည်းလန့်စရာကောင်းသည်၊ ပြဿနာမှ ပြဿနာ။

'အား'

တစ်ယောက်တည်း အသံထွက်အောင် အော်လိုက်မိသည်၊ ဗိုက်ကပိုနာလာ၏၊ အခြေအနေက ဟိုနားသည်နား မိုးတိုးမတ်တတ်ပင် မဖြစ်နိုင်တော့၊ အိမ်သာကို သွားမှ ဖြစ်တော့မည်။

ခက်သည်က သေသေချာချာသပ်သပ်ရပ်ရပ် ခိုင်ခိုင်ခံ့ခံ့ ရှိသော အိမ်သာများဆီလည်း မသွားရဲ၊ ထိုအိမ်သာများက ရင်ငြိမ်းအထူးပြု ပြောသွားသော သုံးခန်းတွဲနားမှာချည့်။

သည်ဘက်နားမှာတော့ ခနော်ခနဲ့နဲ့ အိမ်သာ တစ်လုံးရှိသေးသည်၊ ပစ်ထားသည့် အိမ်သာအဟောင်းလို ဖြစ်နေသည့်တစ်လုံး၊ သည်အိမ်သာကတော့ စောစောက အိမ်သာများနှင့် နည်းနည်း အလှမ်းဝေးသည်။

မထူးတော့။

အံ့ဒီပဲပြေးမည်ဟု ဆုံးဖြတ်၍ထိုအိမ်သာ ချည့်ချည့်နဲ့နဲ့လေးဆီပြေးသည်။

'ဟ....ဟ'

ခနော်နီခနော်နဲ့မှ တကယ့်ကို ခနော်နီခနော်နဲ့ ၊ အတွင်းပြုသည့် လှေကားကလည်း အလယ်ဆင့်မရှိဘော့၊ တံခါးက



လည်း ပတ္တာနှစ်ခုလောက် ပြုတ်နေပြီ၊ ကြမ်းခင်းတွေကလည်း လူတစ်ကိုယ်စာရှေ့ရှော ရှုရှုဝင်သာ ထွက်သာအောင် ကျိုးပဲ့နေပြီးဆင့်တန်းနှစ်ခုသာ တစ်ခုနှင့် တစ်ခု တစ်တောင်လောက် ခြား၍ ခပ်တည်တည်ကျန်နေသည်။

ထိုဆင့်တန်း နှစ်တန်းမှာ အတော်ပုံပျက်ပန်းပျက် ခွထိုင်၍ ဇောချေးပြန်ရင်း ဆောင်ရွက်စရာရှိသည်ကို ကမန်းကတန်း ဆောင်ရွက်သည်။

'ကျွိ—ဝုန်း—ဝုန်း....ဝုန်း'

ရုတ်တရက် ချောက်ချားဖွယ်ကောင်းသော အသံကြီးတစ်ခု ပေါ်ထွက် လာသည်။ ဇေယျ ကမန်းကတန်းနှင့် အလန့်တကြား ထရပ်ပြီး အိမ်သာအောက် ပြေးဆင်းရန် ပြင်သည်။

'အာ—အာ....အာ—အံမယ်လေး'

ဆင့်တန်းပေါ်ကခြေထောက်အလွတ်၊ နောက်ခြေတစ်ဘက်က ယိုင်သွားသည်။ ကိုယ်ဟန်ကလည်း ပျက်သွားပြီ။ ဆင့်တန်းနှစ်ခုကြားသို့ ပြုတ်ကျသွားဘော့၏။

* * *

'ဟင်'

အပြင်ဘက်မှ ဆူဆူညံညံ အသံများနှင့် ဇေယျ၏ အော်သံကြောင့် စွဲမြဲရော ရင်ငြိမ်းပါ ထိတ်ခနဲဖြစ်သွားသည်။

'ဟာ... အပြင်မှာ ဇေယျများသာ့ရဲ့နဲ့ ဘွာနေပြီလား မသိဘူး၊ လာ....စွဲမြဲ ထွက်ကြည့်ကြရအောင်'

စွဲမြဲဘာမှ မတားလိုက် မဆီးလိုက်နိုင်မီ ရင်ငြိမ်းက လှစ်ခနဲ ထွက်ပြေးသည်။

ပြီးတော့ နှစ်လှမ်း သုံးလှမ်းထက်ပင် မပိုလိုက်–

'အား'

ပြေးနေသော ရင်ငြိမ်းတစ်ယောက် ခွေခနဲဖြစ်သွားသည်။

'ဟင်....ဘာဖြစ်တာလဲ ရင်ငြိမ်း'

စွဲမြဲက စိုးရိမ်တကြီး ပြေးသွားပြီးကြည့်သည်။

'အား'

မြင်ရသော မြင်ကွင်းက ထိတ်လန့်စရာ ကောင်းလှ၏။ ရင်ငြိမ်းခြေဖဝါးအစပ် ဖိနပ်လွတ်နေသော နေရာမှာ ပုလင်းဖင်ပြတ်ကြီးတစ်ခုက တန်းလန်းကြီးစိုက်နေသည်။

စွဲမြဲ ကမန်းကတန်း ထိုင်ချပြီး ပုလင်းကွဲချွန်ကြီးကို ဆွဲနှုတ်လိုက်သည်။

'အား....အံမယ်လေး... နာတယ်'

ရင်ငြိမ်း၏ ငယ်သံပါအောင် အော်သံနှင့်အတူ စွဲမြဲလက်ထဲမှာ ပုလင်းပြတ်ကြီး ပါလာသည်။ ရင်ငြိမ်း ခြေထောက်မှ တလက်မကျော်ကျော် ဟက်တက်ကြီး ဖြစ်နေသော နေရာကလည်း ဖွေးခနဲတစ်ချက် အသားတစ်မျှား ပေါ်လာ၍ ချက်ချင်းပင် သွေးများဝေါက်ခနဲ ပန်းထွက်လာသည်။

'ဟာ....သွေးတွေအများကြီးပါလား၊ ဒုက္ခပဲ၊ လာကြပါဦးတွေ၊ ဟောဒီမှာ လုပ်ကြပါဦး'

စွဲမြဲဘာလုပ်ရမှန်း မသိဖြစ်ပြီး ထူပူနေသော စိတ်နှင့်အတူ



လူကြီး တစ်ယောက်ဘလေ ရောက်လာလို ရောက်လာငြား ထအော်သည်။

ခဏ ကြာသောအခါ ကျောင်းမှ ကပ္ပိယကြီးနှင့် အတူ ဦးပဥ္စင်းတစ်ပါးပါ ရောက်လာတော့၏။

* * *

စာရင်းချုပ်လိုက်တော့ ရင်ငြိမ်းက ခြေဖဝါးမှပုလင်းကွဲရှသောဒဏ်ရာအတွက် ဆေးစုပေါင်းငါးချက်လောက် ချုပ်လိုက်ရသည်။ ဒါတောင် ဆေးရုံရောက်သော့ သွေးအထွက် လွန်ပြီးမြော့မြော့သာ ရှိတော့၏။

အိမ်သာတွင်းသို့ ပြုတ်ကျသော ဇေယျာမှာလည်း တစ်ကိုယ်လုံး ရေချိုးလို့မနိုင် နေမျိုးတို့ဆိုင် ဖြစ်နေတော့၏။

စွဲမြဲကတော့ ဦးပဥ္စင်းကြိမ်ဒဏ်ဖြင့် နှစ်ရက်လောက်အိမ်ရာမှ မထနိုင်၊ ဒါတောင် ဆတ်ဆတ်သော့အော့ လုပ်သောထိုသုံးယောက်ကို ဆရာတော်က ကျောင်းထုတ်ပစ်မည် တကဲကဲလုပ်နေသဖြင့် မိဘများကဦးချပြီးရင်း ဦးချကာမနည်း တောင်းပန်နိုင်သောကြောင့် ကျောင်းပြန်တက်ရခြင်း ဖြစ်သည်။

အိပ်ကျတော့ဖျားနေသော ရင်ငြိမ်းမှအပ ဇေယျာရော စွဲမြဲပါ အဖေများ၏ ပညာပေးတံမြက်စည်းဖြင့် သေလုမြောပါး အရိုက်ခံလိုက်ကြရသေး၏။

*

## [၈]

ငယ်ဘဝလေးတွေ ပြန်တွေးမိတိုင်း စွဲမြဲရင်ထဲသို့ ထိုအဖြစ်အပျက်ကလေးများက အရင်ဆုံးတိုးဝင် ရောက်ရှိလာတတ်သည်။

ထိုအဖြစ်အပျက် ကလေးများသည် ရင်ငြိမ်းနှင့်စတင် ဆုံစည်းခြင်းအတွက် တစ်သက်လုံး အမှတ်တရ ဖြစ်စရာလေးဖြစ်ခဲ့သလို၊ နောင်သောအခါ ကြုံကြိုက်ကြရမည့်သူနှင့် ရင်ငြိမ်းတို့၏ ဘဝဇာတ်လမ်း တစ်ခုအတွက် ရှေ့ပြေးနိမိတ် တစ်ခုလည်းဖြစ်သည်ဟု အောက်မေ့သည်။

ဘယ်လိုပဲ ဖြစ်ဖြစ်၊ ထိုအဖြစ် အပျက်ကြောင့် သူတို့သုံးယောက်နာမည်သည် ဆားစည်ကျောင်း တစ်ခုလုံး၌ မသိသူမကျန်အောင် ထင်ပေါ် ကျော်ကြား သွားခဲ့သည် တော့အမှန်။



စွဲမြဲမှတ်မိသလောက် ဆားစည်ကျောင်းတွင် တစ်လျှောက်လုံး သူတို့နေခဲ့ကြပြီး ဆားစည့်ကျောင်း၏ နောက်ဆုံးနှစ်အတန်းဖြစ်သော ရှစ်တန်း စာမေးပွဲဖြေခါနီး ကာလမှာပင် ထိုအဖြစ်အပျက်ကို မှတ်မှတ်ရရ ပြန်ပြောသူ ရှိနေသေးသည်။

ပြောသူက ဆရာဦးညိုတုတ်။

ထိုနေ့က ဆရာဦးညိုတုတ်က စွဲမြဲကို တကူးတက ပင် လှမ်းခေါ်ရင်း....

'ဟေ့ ကောင် စွဲမြဲ၊ ဘယ်လိုနေပလဲ၊ စာမေးပွဲအတွက်
အတော်လေး ဟန်ကျနေပြီလား' က အစချီကာ ဂရုတစိုက်မေးသည်။

စွဲမြဲက ခေါင်းညိတ်လျက်—

'ဟုတ်ကဲ့ဆရာ၊ အတော် လေးတော့ အခြေအနေ
ကောင်းပါပြီ'

'ဂုဏ်ထူးသုံးလေးခုလောက် ရနိုင်မလား'

ငယ်ငယ်တုန်းက ကြောက်ခဲ့ရသလောက် နောက်ပိုင်းမှာ အရွယ်ရလေ ဆရာ့ကို လေးစားပြီး ချစ်ခင်ရလေ ဖြစ်ရသည်မှာ ထိုအကြောင်းများကြောင့်ပင် ဖြစ်သည်။

စင်စစ်စွဲမြဲ ရှစ်တန်းမှာ အောင်မအောင်၊ ဂုဏ်ထူးရမရဆိုသည့်ကိစ္စက ဆရာနှင့်ဘာမှမဆိုင်တော့၊ အငယ်တန်းမှသာ စာသင်သောဆရာ၏ တပည့်ဘဝက စွဲမြဲလွတ်ခဲ့သည်မှာလည်းကြာပြီ။

သို့သော် ဆရာ့သံယောဇဉ်က တပည့်များအပေါ် ဘယ်

တော့မှ လွတ်ထွက်မသွား အထူးသဖြင့် စွဲမြဲတို့လို ထူးချွန်သော တပည့်များအပေါ် ပိုသံယောဇဉ်ကြီးသည်။

ဆရာ့အမေးကြောင့် စွဲမြဲက ခေါင်းညိတ်ပြီး…

'ရမယ်ထင်ပါတယ် ဆရာ'

'ဘယ် ဘာသာတွေ ရမယ်ထင်သလဲ'

'သင်္ချာ၊ သိပ္ပံနဲ့ မြန်မာစာတော့ ကျန်တော်သေချာပေါက် မျှော်လင့်တယ်ဆရာ၊ အင်္ဂလိပ် စာကတော့ မပြောရဲဘူး၊ ပထဝီနဲ့သမိုင်း နှစ်ခုမှာတော့ တစ်ခုဝင်အောင် လုပ်ရမှာပဲ'

ကိုယ့်အနေအထား ကိုယ်ယုံယုံရဲရဲ ပြောနေသော စွဲမြဲကို ကြည့်၍ ဆရာကကျေနပ်စွာ ပြုံးသည်။

'အေးပေါ့ကွာ၊ ကိုယ့်အခြေအနေကိုယ် အမှန်အတိုင်း သုံးသပ်နိုင်ပြီး တိတိကျကျ ကြိုးစားနိုင်ရင် မျှော်လင့်သမျှ အာ.လုံး ဖြစ်လာရမှာပေါ့၊ မဆိုးပါဘူး မင်းပြေပုံကို ငါသဘောကျပါတယ်'

ပြောရင်းနှင့် ဆရာကရယ်သည်။

'အေးလေ… ဆားစည်ကျောင်းက သရဲတွေကိုတော့ မတွေ့ တွေ့အောင် လိုက်ရှာခဲ့ဖူးတဲ့လူပဲ၊ ဒီလောက်တော့ ရှိမှာပေါ့ မဟုတ်ဘူးလား'

စွဲမြဲကလည်း ရယ်ရင်း…

'ဆရာအကုန် မှတ်မိနေတာပဲ'

'မမှတ်မိပဲ နေမလားကွာ၊ ဆားစည်ကျောင်းမှာ ဗိုလ်လုပ်နေတဲ့ ညီတုတ်ပဲ၊ ဒီကျောင်းမှာ ငါမမှတ်မိတာ



တစ်ခုမှမရှိဘူး၊ အဲဒီတုန်းက မင်းရဲ့ကွန်မန့်ဒို တပ်ဖွဲ့ထဲမှာပါတဲ့ ဇေယျာနဲ့ ရင်ငြိမ်းမွန် တို့ကိုလဲ ငါ့ ဆီလွှတ်လိုက်ပါဦး၊ သူတို့လဲ အကျိုးအကြောင်း မေးကြည့်ချင်သေးတယ်'

'ဟုတ်ကဲ့ဆရာ ပြောလိုက်ပါ့မယ်'

'မင်းတို့သုံးယောက်ကို အဲဒီတုန်းကတည်းက ငါသိတာ တစ်ခုရှိခဲ့တယ်ကွ၊ အဲဒါဘာလဲဆိုတော့ ကိုယ့်စိတ်ထဲမှာ လုပ်ချင်နေတာ တစ်ခုကိုဖြစ်အောင် လုပ်ပစ်လိုက်ကြတဲ့စိတ်ပဲ၊ ဒီစိတ်မျိုးက လူ့ဘဝမှာ တန်ဖိုးသော်တော်ရှိတယ်နော်၊ တစ်ခုပဲရှိတယ်၊ ကိုယ်လုပ်ခဲ့တဲ့အလုပ်ဟာ ကောင်းဖို့၊ မှန်ဖို့ကိုလဲသတိထား၊ နေရာတိုင်းမှာ စိတ်အလိုမလိုက်နဲ့၊ အဲဒီတုန်းကတည်းက မင်းတို့ကို ငါ အဲဒီစကားပြောချင်တာ၊ ဒါပေမယ့်မင်းတို့ကငယ်သေးလို့ ငါမပြောခဲ့ဘူး၊ ခုတော့ နောက်နှစ်ဆိုရင် မင်းတို့က အထက်တန်းကျောင်း ပြောင်းတော့မှာ၊ ဒါကြောင့်မို့ မင်းတို့ကိုလဲ အဲဒါလေးတော့ ပြောဖြစ်အောင် ပြောလိုက်ဦးမယ်ဆိုပြီး တမင်ခေါ်တွေ့တာပဲ၊ ငါပြောတာနားလည်လား'

'နားလည်ပါတယ် ဆရာ'

'ဘယ်လိုနားလည်လဲ၊ ပြန်ပြောစမ်း'

'စိတ်ထဲမှာ လုပ်ချင်နေတာ တစ်ခုကိုဖြစ်အောင် လုပ်တတ်တဲ့စိတ်ကကောင်းတယ်၊ ဒါပေမယ့် လုပ်ချင်တဲ့

အလုပ်ဟာ ကောင်းဖို့မှန်ဖို့တော့ သတိထား၊ နေရာတိုင်းမှာ စိတ်အလိုမလိုက်နဲ့’

‘အေး— ဟုတ်တယ်၊ ကောင်းတဲ့အလုပ်ကို ရွေးပြီးလုပ်ပြီဆိုရင်လဲ၊ မအောင်မြင်တာနဲ့ စိတ်မပျက်နဲ့၊ ကိုယ့်ချို့ယွင်းချက် ကိုယ်ပြန်ရှာ၊ ပြီးတော့ ဖြစ်အောင်ပြန်လုပ်၊ အဲဒါလဲမမေ့နဲ့’

‘ဟုတ်ကဲ့ဆရာ’

‘အေး....အေး— သွားတော့၊ သွားတော့’

ငါးတန်းတုန်းက ဖြစ်ခဲ့သောအဖြစ်အပျက်ကို ဆရာမမေ့သလို ထိုနေ့က ဆရာ့စကားများကိုလည်း ခုတိုင်စွဲမြဲမမေ့။

မမေ့သည့်ပြင် ဆရာ့ အမှာစကားများအတိုင်း လိုက်နာဆောင်ရွက်ခြင်းလည်း ဖြစ်သည်။

မကွေးရောက်၍ ရင်ငြိမ်းနှင့်တွေ့ပြီး အားလုံးအဆင်ပြေသွားပါက နှစ်ယောက်သား ဆရာကို အရင်ဆုံး သွားကန်တော့ရမည်ဟုလည်း တွေးလိုက်မိ၏။

* * *

‘နေပါဦး စွဲမြဲ၊ မင်းက ဘာ စိတ်ကူး ပေါက်လို့ ဒီလောက် ခရီးအဝေးကြီးကို ဆိုင်းမဆင့် ဗုံမဆင့် ထ,ထွက်လာရတာလဲ၊ နည်းနည်းပါးပါး အကျိုးသင့်အကြောင်းသင့်လေးရော ငါမသိရဘူးလား’

ဝင်းဌေးစကားကြောင့် စွဲမြဲပြုံးသည်။

ရန်ကုန်က ထွက်လာ ကတည်းက ကိုယ့်အတွေးနှင့် ကိုယ်



အတိတ်ခရီးနှင့်နေမိသဖြင့် ဝင်းဌေးနှင့်ပင် စကားကောင်းစွာ မပြောဖြစ်။ ဝင်းဌေးကလည်း အလိုက်သိစွာပင်ငြိမ်လိုက်လာသည်။

တိုက်ကြီးရောက်၍ လက်ဖက်ရည်ဆိုင်သောက် စေ့ မှဆိုင်ထဲမှာ ဝင်ထိုင်ရင်း ဝင်းဌေးက မေးလည်၊ စွဲမြဲက ပြုံးရင်း။

‘မင်းကရော ဘာကိစ္စထင်လို့ မမေးမစမ်းဘဲ ထလိုက်လာခဲ့ရတာလဲ ဝင်းဌေး’

ဝင်းဌေးက ခေါင်းခါသည်။

‘မလိုပါဘူးကွာ၊ မင်းလို အလုပ်ကြမ်းပိုးက အရေးမကြီးဘဲဒီလောက် ခရီးဝေးထသွားစရာကိုအကြောင်းမရှိပါဘူး၊ သွားသင့်သွားထိုက်လို့သွားတယ်၊ ဆိုတာငါသဘောပေါက်ပါတယ်၊ ခုလဲ ပြောချင်မှ ပြောပါ၊ ငါဇွတ်မမေးပါဘူး’

သည်တစ်ခါတော့ စွဲမြဲရယ်သည်၊ ရယ်ပြီးမှ။

‘အေးပါကွာ၊ ငါလဲ ငါ့အတွေးနဲ့ငါ ဖြစ်သွားလို့ဘာမှ မပြောဖြစ်တာပါ၊ တမင်သက်သက် လျှို့ဝှက်တာတော့ မဟုတ်ပါဘူး အခုအခြေအနေမှာပေါ့လေ၊ ရှေ့ပိုင်းတုန်းကတော့ မင်းအပါအဝင် ဘယ်သူ့ကိုမှ ငါမပြောခဲ့ဖူးဘူး ဝင်းဌေး ကဲပါကွာ၊ လက်ဖက်ရည်သောက်လိုက်ပါဦး၊ သွားရမယ့်ခရီးက အဝေးကြီး ကျန်ပါသေးတယ်၊ လမ်းကျမှ ကားမောင်းရင်း ပြောပြမယ်’

ဝင်းဒွေးကိုတော့ သိပ်ငယ်ငယ်တုန်းက အကြောင်းတွေ ပြောမပြတော့ဟု ဆုံးဖြတ်မိသည်။

ကိုယ့်ဟာကိုယ်သာ မမေ့နိုင်၍ အမှတ်ရနေမိသော်လည်း သူနှင့် ရင်ငြိမ်းတို့ဘဝမှာ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း ရှစ်တန်းလောက်အထိ အဖြစ်အပျက်တွေက ဘာမှထူးခြားလှသည်မဟုတ်။

ငယ်ငယ်တုန်းက သူငယ်ချင်းဖြစ်ခဲ့ရသော အခြားသူများ အဖြစ်အပျက်များနှင့် မယိုးမစွဲလောက်သာရှိမည်၊ ထည့်ပြောရမည်ဆိုလျှင်လည်း။

'ငါ့ဘဝမှာ ရင်ငြိမ်းဆိုတဲ့ မိန်းကလေး တစ်ယောက် ရှိခဲ့ဖူးတယ် ဝင်းဒွေး၊ ဟိုတုန်းက၊ ငါမကွေးမှာနေခဲ့တုန်းကပေါ့ကွာ၊ သူနဲ့ငါနဲ့က ငါးတန်းလောက်က တည်းကစပြီး ခင်ခဲ့ကြတယ်၊ ရှစ်တန်းလောက်အထိ ဆိုပါတော့ကွာ၊ အဲဒီအထိကတော့ ငါတို့နှစ်ယောက် ဟာ သူငယ်ချင်းတွေ ဘဝနဲ့ပဲရှိခဲ့ပါတယ်၊ အဲ ဇာတ် လမ်းက ဘယ်ကျမှ စသလဲဆိုတော့'

ဟုအစချီကာခပ်ကျဉ်းကျဉ်းချုံ့ပြောလိုက်လျှင်လုံလောက် နိုင်ပါ၏။

တကယ်လည်း ရှစ်တန်း စာမေးပွဲများ ဖြေပြီးသည်အထိ လောက်ကတော့ ဘာမှ ဇာတ်လမ်းရယ်လို့ မစဖြစ်ခဲ့။

ဇာတ်လမ်းစတင်ခဲ့သော အချိန်သည်ကား။

⁂

[ ၉ ]

'တောက် နာတယ်ကွာ၊ ဒီနှစ်တို့ကျောင်းကိုပြောင်း လာတဲ့ အထဲမှာ အသားနားဆုံးက ဒီတစ်ယောက်ပဲ ပါလို့၊ ဝင်းသာရမလား အောက်မေ့တယ်၊ အဲဒီတစ် ယောက်ကလဲ ညည်းစား လက်ကိုင်ကြီးနဲ့ သွားပြီ၊ ရေရေလည်လည်ဆွေးတာပဲ'

သူတို့ကိုတိုက်ရိုက်ပြောသောစကားတော့မဟုတ်၊ ကျောင်း ပေါက်ဝတွင် စုဝေးထိုင်နေသော ဆယ်တန်းက ကျောင်း သားကြီးများ၊ သူတို့အချင်းချင်း ပြောသလိုလိုနှင့်ပြောလိုက် သော စကားသာဖြစ်သည်။

သို့သော် ဖြတ်လျှောက်လာသော စွဲမြဲနှင့်ရင်ငြိမ်းတို့ နား ထဲသို့ ပီပီသသကြီးနှင့် တန်းတန်းမတ်မတ်ကြီး ဝင်လာသည်။

ပထမအကြိမ်ကြားဖူးသည်ဆိုလျှင်တော့ ရင်ငြိမ်းနှင့်သူ့ကို ရည်ရွယ် ပြောသည်ဟု စွဲမြဲထင်မိမည်မဟုတ်၊ ခုတော့သည် စကားမျိုးက ကြားရပေါင်းများပြီ။

အနားမှာ ဘယ်သူမှမရှိခြင်းကလည်း ဒီပြင်လူကိုပြော တာမဟုတ်ကြောင်း အထောက်အကူပြုနေသည်။

နှစ်ယောက်သား ခေါင်းငုံ့၍ ထိုနေရာဘစ်ဝိုက်မှ ခပ် သွက်သွက်လျှောက်ထွက်လာခဲ့၏၊ တော်တော်ဝေးဝေးရောက် မှ ရင်ငြိမ်းက ခေါင်းငုံ့ရင်း ခပ်တိုးတိုး လေသံဖြင့်....

'တို့ကို ပြောတာ မဟုတ်လားစွဲမြဲ'

စွဲမြဲ ပင့်သက် တချက်ရှိုက်သည်။

'ထင်တာပဲ ရင်ငြိမ်း၊ နင်နဲ့ငါ အတူတူ သွားတိုင်း ဒီစကားမျိုးတွေ ကြားကြားနေရတယ်၊ နင်လဲကြား တာပဲ မဟုတ်လား'

ရင်ငြိမ်းက ခေါင်းညိတ်သည်။

စွဲမြဲက သက်ပြင်းချ၍....

'ဒုက္ခပဲဟာနော်၊ ငါတို့တွေ ဆားစည် ကျောင်းမှ ဒီလိုပဲ တစ်လျှောက်လုံး နေလာခဲ့တာဘာမှ ပြော မကြားရဘူး၊ ဒီအထက (၁)ရောက်မှ ဒါမျိုးချည် အပြောခံနေရတယ်၊ ဘာတွေမှန်းလဲ မသိပါဘူးဟာ'

"ဘာတွေမှန်း မသိတာမဟုတ်ဘူး စွဲမြဲ၊ နင်နဲ့ငါကလ အရင်လို ကလေးတွေမဟုတ်တော့ဘူး၊ ဒီအရွယ်ရောက် မှ ဒီလိုဆက်ဆံနေတော့ လူပြောစရာဖြစ်နေတာပေါ့

"ဟင်'



စွဲမြဲက အထိတ်တလန့်ဖြင့် လှမ်းကြည့်သည်။

ရင်ငြိမ်းကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ပင်ရှိနေ၏။

* * *

'ဟုတ်သားပဲ စွဲမြဲ၊ ရင်ငြိမ်းပြောတာသဲ အမှန်ပဲဟာ၊ မင်းတို့ ငါတို့ သူတို့က ကလေးတွေမှ မဟုတ်ကြ တော့ဘဲ'

ဇေယျာက ရယ်ရင်းပြောသည်။စောစောကတည်းက မကျေ မနပ် ဖြစ်နေသော စွဲမြဲရင်ထဲသို့ ဒေါသအနည်းငယ်ပါ ဝင် လာရင်း—

'ဘာဆိုင်လို့လဲကွာ၊ ကလေးမဟုတ်ပေမယ့် လူကြီးတွေ လဲ ဖြစ်သေးတာမှ မဟုတ်ဘဲ၊ တစ်သက်လုံး ဒီလိုပဲ နေလာခဲ့ပြီးမှ'

ဇေယျာက ရယ်မြဲရယ်သည်။

'တစ်သက်လုံးနေလာခဲ့ပေမယ့် ခု နေလို့ဖြစ်ချင်မှဖြစ် မှာပေါ့ကွ ငတုံးရ၊ ဒါကြောင့် လူအထင်လွဲမခံရအောင် ရင်ငြိမ်းက မင်းကို ယဉ်ယဉ်လေးနဲ့ ခွာလိုက်တာနေမှာ ပေါ့'

'ဘယ်လို....၊ ရင်ငြိမ်းက ယဉ်ယဉ်သေးနဲ့ ခွာလိုက်တာ ဟုတ်လား'

"အေးလေ၊ ဒီလိုပဲဖြစ်မှာပေါ့'

'မင်းပြောတာကို ငါနားမလည်ဘူး ဇေယျ၊ ဘာအကြောင်းနဲ့ သူက ငါ့ကို အဲဒီလိုလုပ်ရမှာလဲ'

ဇေယျက သူ့ကိုကြည့်၍ရယ်ပြန်သည်။

'မင်းကလဲ စွဲမြဲရာ၊ ဘော်ချင်တဲ့နေရာကျတော့ လွှတ်တော်ပြီး ညံ့ချင်တဲ့နေရာကျတော့လွှတ်ညံ့နေပြန်ပါပြီ၊ မင်းကသာငယ်သေးတယ်ထင်တာ မင်းတို့ငါတို့အသက်တွေက ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ထဲဝင်နေပြီကွ၊ ဒီအရွယ်ကငယ်ချင်ရင်လဲ ကလေးပဲ၊ ကြီးချင်ရင်လဲ လူကြီးပဲ၊ သဘောပေါက်လား'

'မပေါက်ဘူး'

'အေး....မင်းကတော့ ဘယ်ပေါက်မလဲ၊ ဒါပေမယ့် ပေါက်တဲ့သူတွေက ပေါက်ကုန်ကြပြီလေ၊ ရင်ငြိမ်းက ဒီနှစ်ကျောင်းပြန်ဖွင့်မှ တအားလှနေတာ၊ ပိုလဲ ပြင်ဆင်တတ်နေတာ မင်းမသိဘူးလား'

'ငါ့မျက်စိထဲမှာတော့ ဒီလိုပါပဲကွာ'

'ဒီပြင်လူမျက်စိထဲကျတော့ ဒီလိုမဟုတ်တော့ဘူး စွဲမြဲ၊ အထူးသဖြင့် ခုမှ ရင်ငြိမ်းကို မြင်ဖူးတွေ့ဖူးတဲ့ ကောင်တွေ မျက်စိထဲမှာတော့ ရင်ငြိမ်းကအပျိုပဲ၊ ရင်ငြိမ်းလဲ သူ့ကိုယ်သူ ဒီလိုပဲတွက်တော့မှာပေါ့'

'အဲဒါနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ကွ၊ အပျိုဆိုတော့ လူပျိုလို့ သူတို့ကိုယ်သူတို့ ထင်တဲ့လူတွေက ငမ်းကြပြီပေါ့၊ အဲဒီလို ငမ်းကြတဲ့ ပုဂ္ဂိုလ် တွေထဲမှာ ရင်ငြိမ်းကလဲ တစ်ယောက်



ယောက်ကို သဘောမကျဘူး ဘယ်ပြောနိုင်မလဲ၊ အဲဒီလိုအချိန်မှာ မင်းက ဘာမဟုတ် ညာမဟုတ်နဲ့ အနားမှာ အမြဲရှိရှိနေတော့ အလကားနေရင်း သူ လာဘ်ပိတ်တယ်ထင်ပြီး မင်းကို ခွာခိုင်းတာဖြစ်မှာပေါ့'

ဇေယျစကားကြောင့် စွဲမြဲငိုင်သွားသည်။

မဖြစ်နိုင်ဘူးဟု ငြင်းချင်သော်လည်း ညနေက ကျောင်းဆင်းအပြန်မှာ ရင်ငြိမ်း ပြောသွားသော စကားက သည်လိုယူဆရာဖြစ်နေသည့်အတွက် ငြင်းရန်ပြင်သောနှုတ်က အလိုလိုပိတ်သွားသည်။

ခဏကြာမှ ဇေယျဘက်လှည့်ရင်း....

'မင်း အဲဒီလိုပဲထင်လား ဇေယျ'

'တွေးကြည့်ရတာပဲလေကွာ'

'အေး....အဲဒီအတိုင်း ဖြစ်ဖို့များတာတော့အမှန်ပဲ၊ ငါက ရိုးရိုးသားသားပဲနေတဲ့ကောင်ဆိုတော့ ရုတ်တရက် အဲလိုဘယ်တွေးမိမလဲ၊ ဒါပေမယ့် မင်း အခုပြောတဲ့ ပုံစံနဲ့တွေးကြည့်တော့ ဟုတ်သလိုလိုဖြစ်နေတယ်'

မျက်စိထဲမှာလည်း ခုနှစ်ကျောင်းဖွင့်တော့မှပဲ ဖဲပြားရောင်စုံလေးတွေ စည်းစည်းပြီး တစ်မျိုးပြုပြင်လာသော ရင်ငြိမ်း၏ ဆံပင်ပုံစံကို မြင်လာသည်။ ပြီးတော့ ခါတိုင်းလို သနပ်ခါးချည်းသက်သက် မဂါမ်းတော့ဘဲ မျက်နှာလေးဖွေးဖွေးမှုန်မှုန် ဖြစ်အောင် ဘယ်လိုလုပ်လာမှန်းမသိသည့် ရင်ငြိမ်း၏ မျက်နှာလေးကိုလည်း မြင်ယောင်သည်။

ပြီးတော့ ဘေးကနေ မကြားတကြားစလျှင် ခေါင်းငုံ့ငုံ့သွား၍ ငြိမ်ငြိမ်သွားတတ်သော အမူအရာ။

ပြီးတော့ ပြောတာ ဆိုတာက အစ နည်းနည်းငြိမ်ဝပ်၍ လူကြီးဆန်လာသော ရင်ငြိမ်း၏ အနေအထိုင်။

စွဲမြဲက သက်ပြင်းချလိုက်ရင်း....

'ဒါဖြင့် ကျောင်းမှာ ရင်ငြိမ်းကို ကြိုက်နေတဲ့ကောင် တွေရှိနေပြီပေါ့ ဟုတ်လား'

ဇေယျက ဟားတိုက်ရယ်သည်။

'တစ်သိန်းလောက်ရှိတယ် ပုဂ္ဂိုလ်၊ မင်းက ထူလွန်းလို့ သာမသိတာ၊ ကျောင်းမှာ ရင်ငြိမ်းကိုကြိုက်ပြီး မင်းကို ရိုက်ချင်နေတဲ့ ကောင်တွေ တစ်ပုံကြီး ဖြစ်နေတယ်၊ မင်း တကယ်မသိဘူးလား'

'မသိဘူးတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် ဒီ အရွယ်မှာ ဒီလိုမျိုးမတွေးသင့်သေးဘူးပဲ အောက်မေ့ တာပေါ့၊ သူတို့ စ,နေနောက်နေတာ ငါအမြဲကြားနေ ရတာပဲ၊ ဒါပေမယ့် စ,တာနောက်တာလို့ပဲ အောက် မေ့နေမိတယ်'

'အေး....အခုသိပြီမဟုတ်လား၊ ဒါကြောင့် ငါတော ဒီကျောင်းရောက်တော့ သူက သိပ်မရောဘဲ ခပ်တန် တန်း လုပ်နေတာပေါ့'

စွဲမြဲစိတ်ထဲမကောင်းသလိုဖြစ်သွားသည်။ဆားစည်ကျောင် မှာတုန်းက ဒီပြင်သူငယ်ချင်းများ အများအပြားရှိသော်လည်



သူတို့သုံးယောက်က ခင်လည်း ပိုခင်၊ စလည်းပိုတော်ကြသူ များမို့ ပိုတွဲဖြစ်သည်။

အခြေအနေတွေက သည်မျှပြောင်းကုန်ကြပြီလား။

ဘဝမှာ တစ်ခါမှ မမြင်ဖူးသော အမြင်များဝင်လာသလို မရဖူးခဲ့သောခံစားမှုများလည်း ပထမဆုံးအကြိမ်အဖြစ် စတင် ရလာသည်။

အနားက တမာပင်ကြီးပေါ်ရှိ စိမ်းနုနုရွက်သစ်လေးများ ကို အလန့်တကြားနှင့် လှမ်းကြည့်လိုက်မိ၏။

*

အပိုင်း (၂)

[၁]

နေမရ ထိုင်မရ ဆိုသော စကား၏အဓိပ္ပာယ်ကို စွဲမြဲ အခုမှ တဖြည်းဖြည်း သဘောပေါက်လာသည်။

ထိုရက်သတ္တပတ်တစ်ပတ်လုံးမှာ စွဲမြဲ ဘယ်လိုမှ ကိုယ့်ကိုယ်ကိုယ် အသားကျအောင် နေ၍ ထိုင်၍ မရ။ ဘာအကြောင်းတွေးတွေး အာရုံက သည်ပဲပြန်ရောက်သည်။ ဘယ်သွားသွား ဘာလုပ်လုပ်လည်း စိတ်က သည်ကိစ္စထဲမှာသာရှိနေသည်။

စာရင်းချုပ်လိုက်တိုင်း ရင်ဖြိုင်းနှင့် သူ ဝေးနေပါလား ဆိုသောအသိဖြင့် ဝမ်းနည်းစိတ်မကောင်းဖြစ်သွားသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုခု ပဲ့ကျနေသလိုလို။ မိမိနှင့်မခွဲမခွာ ရှိနေရမည့် အရာတစ်ခုခု ပျောက်ဆုံးနေသလို လပ်ဟာနေသည်။

ခက်သည်က အလိုအလျောက် အကြောင်းကိစ္စတစ်ခုခုဖြင့် ခွဲခွာနေရခြင်းမျိုးမဟုတ်ဘဲ တမင်မကွဲကွဲအောင် လုပ်ထားရသလို ဖြစ်နေမှန်း သိနေခြင်းကဆိုးသည်။

သည်ရက်ပိုင်းအတွင်းမှာ ရင်ငြိမ်းနှင့်သူ စကားတစ်ခွန်းပင် မပြောဘဲ ရှောင်နေခဲ့သည်။ ခါတိုင်း ကျောင်းဆင်းချိန် အတူတူ ပြန်နေကျကိစ္စကိုလည်း ရပ်ဆိုင်းထားလိုက်သည်။

ပထမပိုင်းမှာတော့ ရင်ငြိမ်းက ဘာမှမသိဘဲ ခါတိုင်းလိုပင် ခေါ်ပြောဆက်ဆံရန် လုပ်သေးသည်။ နောက်ပိုင်းမှာ စွဲမြဲ တမင်ရှောင်နေမှန်းသိသွား၍လား မပြောဘတ်၊ သူကလည်း ဘာသိဘာသာနှင့် မသိကျိုးကျွန်တွေပြန်လုပ်လာသည်။

စွဲမြဲတစ်ယောက် အလူးအလဲခံနေရ၏။ စိတ်ထဲမှာ အလိုလို အားငယ်သိုးနွမ်းမှုကလည်း တစ်ခါမှမကြုံစဖူးအောင် ခံစားနေရသည်။

‘စွဲမြဲ နင်နဲ့ရင်ငြိမ်း ဘာဖြစ်နေတာသဲ၊ ရန်ဖြစ်ထားလို့လား၊ ဒါမှမဟုတ် ရင်ငြိမ်းက စိတ်ကောက်နေလို့လား’

အရေးထဲ ရင်ငြိမ်းနှင့်လည်းခင်၊သူနှင့်လည်းခင်သော မိုးမိုးက လာစပ်စုနေသေးသည်။စွဲမြဲမှုန်ကုပ်ကုပ်နှင့်ခေါင်းခါရင်း-

‘မသိဘူးဟာ၊ ဘာဖြစ်ဘာလဲ၊ နင့် ရင်ငြိမ်းနင်ပဲမေးကြည့်၊ ငါ့လာမမေးနဲ့’

ဘုတောသလိုတော့ ဖြစ်သွားသည်။ သို့သော် မဘဘ်ခိုင်၊ ဒါပဲ ပြောတတ်တော့သည်။ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်၍ ဘာဖြစ်နေမှန်းပင် မသိ။



တနင်းလာနေ့က သောကြာနေ့အထိ ကျောင်းဖွင့်ရက်တစ်ပတ်လုံးလုံး သည်အတိုင်းကုန်လွန်သွားခဲ့သည်။ စနေ၊တနင်္ဂနွေ ကျောင်း ပိတ်ရက်ကျတော့ တစ်ယောက်နှင့် တစ်ယောက် တွေ့ပင်မ တွေ့ရတော့။

နောက်ဆုံးတော့ လောကကြီးမှာ ရင်ငြိမ်းသာ မရှိလျှင် ဘာမှအဓိပ္ပာယ် မရှိတော့သလိုပင် ဖြစ်နေပါလားဟု မဝံ့မရဲ တွေးလာရတော့၏။

*  *  *

‘စွဲမြဲ’
‘ဟင်’

အမှတ်တမဲ့မို့ စွဲမြဲတစ်ကိုယ်လုံး တုန်သွားသည် အထိပင် လန့်သွားသည်။ သည်လိုကြုံရလိမ့်မည်ဟုလည်း လုံးဝမတွေးထင် မထားမိ။

ရက်သတ္တတစ်ပတ် ကုန်ဆုံး၍ကျောင်းပြန်ဖွင့်သည့် တနင်းလာနေ့၊ နေ့လယ် မုန့်စားဆင်းချိန်ကြီး ဖြစ်သည်။ စိတ်ဓာတ်က အတော်ကျဆင်းနေပြီမို့ အခန်းအပြင်ပင် မထွက်တော့ဘဲ ကိုယ့်ခုံနေရာမှာပင် ပေတေထိုင်နေရင်း ခေါင်းငုံ့လျက်ကိုယ့် အတွေးနှင့်ကိုယ် ဆွေးနေမိသည်။

အနားကပ်၍ ခေါ်လိုက်သော အသံကြောင့် လန့်သွားပြီး ကပျာကယာမော့ကြည့်သည်။

ရင်ငြိမ်း။

ဘယ်အချိန်က အနားရောက်ပြီး ရှေ့တည့်တည့်လာရပ်နေသည်မသိ။ ခေါ်သံက မာဆတ်သလို မျက်နှာ တစ်ခုလုံးကလည်း သံမဏိသားလို တင်းမာနေသည်။

စွဲမြဲစိတ်ကို အတော်ငြိမ်အောင် ထိန်းလိုက်ပြီးမှ....

'ဘာလဲ ရှင်ငြိမ်း'

'လာ.... ငါနဲ့အခု လိုက်ခဲ့'

'ဘာလုပ်မလို့လဲ'

'လျှာမရှည်စမ်းနဲ့ဟာ၊ လိုက်ဆိုရင်လိုက်ခဲ့စမ်း၊ အပိုတွေ လျှောက်မေးနေတာ ငါသိပ်မုန်းတယ်'

ရော်.... အသားလွတ်ကတော့ အသားလွတ်ကြီးပင် ဖြစ်သည်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်နှင့် တစ်ယောက် စကြဝဠာတစ်ခုစီ ဝေးနေရသလို ဖြစ်နေသည့်ခိုက် ခုလိုတွေ့တွေ့ဆိုင်ဆိုင်လေး ပြန်ဆုံးစည်းရသဖြင့် ဝမ်းသာသလိုတော့ ဖြစ်သွားသည်။

ရင်ငြိမ်းကတော့ စွဲမြဲ ကတုန်ကယင်ဖြစ်နေခြင်းကိုပင် စိတ်ရှည်ဟန်မတူ စားပွဲကိုလက်ဖြင့် တစ်ချက်ပုတ်ရင်း....

'ငါပြောတာ ကြားတယ်မဟုတ်လား စွဲမြဲ၊ ငါခေါ်နေတာ လိုက်မလား မလိုက်ဘူးလား ဒါပဲပြော'

'ငါက ဘယ်လိုက်ရမှာလဲ'

'ဘယ်ဖြစ်ဖြစ် လိုက်ဆိုလိုက်ခဲ့'

ပြောပြောဆိုဆိုနှင့် ချာခနဲ လှည့်ထွက်သည်။

စွဲမြဲ အကြာကြီး ငြိမ်နေ၍ မရတော့။ ခုချိန် ကြမှ တော့



ဘာပဲဖြစ်ဖြစ်ရ သူခေါ်တာ လိုက်သွားတာအကောင်းဆုံးဟု သဘောပေါက်သဖြင့် ခြေလှမ်း သုံးလေးလှမ်းစာ ဝေးနေပြီ ဖြစ်သော ရင်ငြိမ်းနောက်သို့ ကောက်ကောက် ပါအောင် ထလိုက်ခဲ့သည်။

'ဟီ....ဟီ'

လှောင်သလိုလိုနှင့် မခိုးမခန့်ရယ်လိုက်သော အသံကြောင့် လှည့်ကြည့်လိုက်သည်။

မိုးမိုး။

မိုးမိုးကသူ့ကို ပြုံးစိစိ၊ စပ်ဖြဲဖြဲ၊ လှောင်တောင်တောင် မျက်နှာပေးဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရ၏။

* * *

'အဲဒါက ဘာအချိုး ချိုးနေတာလဲစွဲမြဲ၊ နင်က ဘာသဘောလဲ'

ပြန်တွေးရင်းနှင့် ရယ်စရာကောင်းတာ တစ်ခုကို သွားသတိရသည်။ သူနှင့် ရင်ငြိမ်း ကိစ္စများတွင် အိမ်သာသည် အဘယ်ကြောင့် မကြာခဏဆိုသလို အရေးပါ အရာရောက်သော နေရာတစ်ခု ဖြစ်လာရသည်ဆိုသည်ကို စဉ်းစားမရ။ စဆုံခဲ့တုန်းကလည်း အိမ်သာကိစ္စနှင့်ပင် ပတ်သက်ခဲ့သည်။

ခုလည်း ရင်ငြိမ်းက မာရေ ကျောရေပြောဆိုပြီး နောက် ခေါ်စရာရှားသည့်အလား အိမ်သာဘက်ခေါ်ထုတ်လာသည်။

လူခပ်ရှင်းရှင်း၊ အိမ်သာနှင့် မနီးမဝေး ရောက်မှ ဘာမှစကား ချီးပင် ခံမနေတော့ဘဲ တိုက်ရိုက်ဟစ်ထချဲတော့သည်။

စွဲမြဲက မထုံတတ်တေးလုပ်လျက် ...

'ငါက ဘာအချိုး ချိုးနေလို့လဲ ရင်ငြိမ်း၊ ငါက ဘာ ဖြစ်နေလို့လဲ'

'အိမယ်၊ ယခုမှ မသိချင်ယောင် ဆောင် မနေနဲ့စွဲမြဲ၊ ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး နင်ဘာကိစ္စငါ့ကို ရှောင်နေ တာလဲ၊ ဘာလဲ၊ နင်က ငါနဲ့အပေါင်းအသင်း မလုပ် ချင်တော့လို့လား၊ ရှင်းရှင်းပြော'

'ဘာဆိုင်လို့လဲ၊ ဒီကိစ္စက ငါ့ကြောင့် ဖြစ်လာတာမှ မဟုတ်တာ၊ ငါ့ လာမေးလို့ ငါက ဘာပြောတတ် မှာလဲ'

'ဒါဖြင့် ဘယ်သူ့ကြောင့် ဖြစ်လာတဲ့ ကိစ္စလဲ'

'နင့်ကြောင့်'

'ဘာ–ငါ့ကြောင့် ဟုတ်လား'

'ဟုတ်တယ်လေ၊ နင်ပြောခဲ့တဲ့ စကားအတိုင်း ငါက နေတာပဲ'

'ငါဘယ်တုန်းက ဘာပြောလို့လဲ'

ရင်ငြိမ်း ဇဝေဇဝါ ဖြစ်သွားသည်။ သူ့ဟာ သူလည်း ကမန်းကတန်း ပြန်စဉ်းစားပုံရ၏။

စွဲမြဲက သက်ပြင်းတစ်ချက်ချရင်း....

'နင်ပဲ ဟိုတစ်ပတ်သောကြာနေ့က ပြောခဲ့တယ် မဟုတ် လား ရင်ငြိမ်း၊ နင့်နဲ့ငါကအရင်လို ကလေးတွေမဟုတ် တော့ဘူး၊ ဒီအရွယ်ရောက်မှ ဒီလိုဆက်ဆံနေတော့ လူ ပြောစရာတွေ ဖြစ်နေတာပေါ့ဆို၊ ဆယ်တန်းကကောင် တွေဝိုင်းနောက်တော့ ပြောတာလေ'

'အဲဒါ ဘာဖြစ်လဲ'

'ဩော်... အဲလိုဆိုတော့ ငါကနင်နဲ့အရင်လို ဆက်ဆံနေ တော့ ကောင်းတော့မလား၊ ငါ့ကြောင့်ပဲ နင်က လူ ပြောခံနေရသလို ဖြစ်နေတော့ နင့်နားမှာ ငါမရှိရင် နင် အပြောမခံရတော့ဘူး ဆိုပြီး ငါ ရှောင်နေရတာ ပေါ့'

'ဟာ....ဘာဆိုင်လို့လဲဟာ၊ ငါပြောတာ ဒီအဓိပ္ပာယ် မှ မဟုတ်ဘဲ'

'ဒါဖြင့် ဘာအဓိပ္ပာယ်လဲ၊ နင့်ကိုလိုက်နေတဲ့ကောင်တွေ က အထင်လွဲမှာကြောက်လို့ ဆိုတဲ့ အဓိပ္ပာယ်လား' ရင်ငြိမ်းမျက်နှာ တင်းခနဲ ဖြစ်သွားသည်။

'နင် ဘာစကားပြောတာလဲ စွဲမြဲ၊ ငါက ဘာကိစ္စ အဲဒီ ကောင်တွေ အထင်လွဲမှာ ကြောက်ရမှာလဲ၊ အဲ့ဒီ ကောင်တွေကို ငါက တစ်စက်မှ ဂရုစိုက်တာ မဟုတ် ဘူး၊ သူတို့ဟာသူတို့ အထင်လွဲချင်လွဲမှာလို့ ပေးစားပဲနေ နေ၊ ငါက အရေးစိုက်ရမှာလား'

'ဒါဖြင့် ဘာဖြစ်လို့ အဲလိုပြောလဲ'

'ဩော်....ဒါကတော့၊ အဲဒီပဲဖြစ်နေလို့ အဲဒီလိုပဲပြော တာပေါ့ဟာ၊ သူတို့ကနင်နဲ့ငါနဲ့ ရိုးရိုး ခင်နေတာကို ရည်းစားလို့ အောက်မေ့နေတာကိုး'

'အေးလေ၊ အဲဒါကြောင့် အဲလိုမထင်အောင် ငါဒီလို
နေပေးတာပေါ့'

'ဘာဆိုင်လို့လဲ၊ သူတို့ဟာသူတို့ ထင်ချင်ရာထင်၊ ထင်
ဘရင်ပေါ့ဟ၊ သူတို့ထင်တာနဲ့ပဲ နင်နဲ့ငါက မခင်ရ
တော့ဘူးလား၊ အလကားပါ၊ နင်သာ ဘေးလူအထင်
လွဲမှာကြောက်ပြီး ငါနဲ့မခင်ရဲဘူး ဖြစ်သွားတာပါ၊
ဟုတ်တာတ် မဟုတ်လား'

'ဘာမှ မဆိုင်ဘူး ရင်ငြိမ်း၊ ငါ့မှာဒါမျိုး မရှိဘူး'

'အေး - ဒီလိုပဲ ငါ့မှာလဲ ဒါမျိုး မရှိဘူး စွဲမြဲ'

ချက်ချင်းပြန်ပက်လိုက်သော ရင်ငြိမ်းစကားကြောင့် စွဲမြဲ
ကာရယ်သည်၊ ပြီးမှ မျက်နှာပိုးသတ်၍....

'အေးလေ အဲဒါဆိုလဲပြီးရောပေါ့၊ ငါတွေးတာမှား
သွားတဲ့အတွက် ငါတောင်းပန်ပါတယ်၊ အဲဒီနေ့တ
နင်အဲလိုပြောလိုက်တော့၊ ငါအရမ်း စိတ်မကောင်း
ဖြစ်သွားတယ် ရင်ငြိမ်း၊ နင်ငါ့ကို မခင်စေချင်တော့
ဘူးလား မသိဘူးဆိုပြီး ငါအရမ်း ဝမ်းနည်းသွား
တယ်၊ အဲဒါကြောင့် ငါအဲ့လိုနေလိုက်တာ'

ရင်ငြိမ်းက မျက်စောင်းထိုးသည်။

'နင်အပိုတွေသိပ်လုပ်တယ်စွဲမြဲ၊ နင်အဲဒီတုန်းက မကေ
နပ်ရင် ချက်ချင်း ငါ့ကို ပြောစရာရှိတာ ပြောပ
လား၊ ဘာလဲ ယောကျ်ား မဟုတ်သလိုဘဲ၊ အုံပုန်
လုပ်ပြီး စိတ်ကောက်သလိုလို ဘာလိုလို လုပ်နေတယ်



'အဲလိုတော့ မဟုတ် ပါဘူးဟာ၊ ငါ တကယ်စိတ်မ
ကောင်းလို့ပါ'

'အဲလိုလုပ်တော့ရော၊ ငါက စိတ်မကောင်း မဖြစ်
ဘူးလား၊ နင်ဝမ်းနည်းသလို၊ ငါလဲ ဝမ်းနည်း
တာပဲ'

ပြောရင်းနှင့် ရင်ငြိမ်း မျက်ရည်ဝိုင်းလာသည်။

စွဲမြဲက သက်ပြင်း တစ်ချက်ချ၍....

'အေးပါဟာ ငါ နင့် သဘောကို နားလည်ပါပြီ၊
နောက်ကို အဲလိုမဖြစ်စေရပါဘူး၊ နင့်ကို ငါတကယ်
ခင်ပါတယ်၊ ငါလဲ အဲလိုသာ နင့်ကို ရှောင်နေရတာ
ပါ၊ တစ်ရက်မှနေလို့ ထိုင်လို့ မတတ်ပါဘူး'

'နောက်ကို အဲဒါမျိုး လုပ်ရင် နင်အသေပဲစွဲမြဲ၊ ခုလဲ
နင့်ကို ငါသတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်နေ
တာသိရဲ့လား'

စွဲမြဲပြုံးသည်။

ရင်ထဲမှာလည်း ဘယ်လိုသက်သာရာရသွားမှန်း မသိအောင်
သက်သာသွား၏။

*

[၂]

'နှင်တကယ် ပြောဘာနေ့ဘ်ရင်ငြိမ်း'

'ဘာလဲ၊ ဘာကိုပြောတာလဲ'

ထိုနေ့ ညနေ ကျောင်းအပြန်မှာ ခါတိုင်းလိုပင် ပြန်ဖြစ်သည်။

ခါတိုင်းလိုဆိုသည်က၊ ကျောင်းမှနေ နှစ်ယောက်အတူ ပြန်ပြီး ရင်ငြိမ်းတို့ အိမ်ရှေ့အထိ စွဲမြဲက လိုက်ပို့၊ ထိုမှစွဲမြဲက သူ့အိမ်သူပြန်ခြင်းဖြစ်သည်။

မနက်ဆိုလျှင်လည်း စွဲမြဲက ရင်ငြိမ်းတို့အိမ် အရင်ဝင်၍ ရင်ငြိမ်းကို ခေါ်ပြီးမှ ကျောင်းလာကြခြင်းဖြစ်သည်၊ သည်ထုံးစံက ခြောက်တန်းလောက်ကတည်းကရှိနေခဲ့သောထုံးစံပင်၊ ရင်ငြိမ်းတို့အိမ်ကလည်း စွဲမြဲကိုယုံကြည်ပုံရသည်၊ သည်ထုံးစံ အတွက် တစ်ခါမှ ပြဿနာမဖြစ်ခဲ့။



ရင်ငြိမ်းတို့မိဘများက စီးပွားရေး လုပ်ငန်းသမားများ၊ ရင်ငြိမ်းအဖေကခရီးဝေးသွား လော်လီကားကြီး များ နှင့် အလုပ်ရှုပ်နေသူမို့ အိမ်မှာ အမြဲမရှိတတ်သလို၊ ရှိနေလျှင်လည်းသူ့အလုပ်နှင့်သူရှုပ်နေတတ်သည်၊ ရင်ငြိမ်းအမေကလည်း ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားသည်၊ မနက်မိုးလင်းသည်နှင့် ဈေးသွား၍ ညနေဈေးသိမ်းချိန်ကျမှ အိမ်ပြန်သည်။

အိမ်မှာ အမြဲတမ်းရှိနေသည်က ရင်ငြိမ်းတို့ ညီအစ်မများသာ၊ ရင်ငြိမ်းတို့မှာ ညီအစ်မချည့်သုံးယောက်ရှိသည်အနက် ရင်ငြိမ်းကအလတ် ရင်ငြိမ်းအထက်က တင်တင်သိန်းဆိုသော တစ်ယောက်က ဆယ်တန်းသုံးခါလောက်ကျပြီး အပြင်ကဖြေ နေရသည်၊ ရင်ငြိမ်း ထက် အငယ် စိုးစိုး ကျတော့ ခုမှ ခြောက်တန်း၊ ဆားစည်ကျောင်းမှာပဲ တက်နေရသည်။

သို့အတွက် ကျောင်းဆင်းကျောင်းတက် အဖော်မရှိသော ရင်ငြိမ်းကိုစွဲမြဲကပဲ အကြိုအပို့လုပ်ပေးရ၏၊ အမြဲတမ်း လမ်းလျှောက်ပြီး သက်သက်တော့မဟုတ်၊ တင်ခါတစ်ရံ စက်ဘီးနှင့် ကျောင်းတက်သလို၊ တစ်ခါတလေလည်း တစ်ယောက်ယောက် စက်ဘီး အဆင်မပြေလျှင် လမ်းလျှောက် အသွားအပြန်လုပ် သည်။

ထိုနေ့ကတော့ ရင်ငြိမ်းမှာ စက်ဘီး မပါ သဖြင့် လမ်းလျှောက်ပြန်ဖြစ်ခဲ့ကြခြင်းဖြစ်သည်။

စွဲမြဲက သူ့စက်ဘီးကို တွန်းလာခဲ့သည်၊ စက်ဘီးကို ထိန်း တွန်းတွန်းရင်း စွဲမြဲက ရယ်သည်။

'မနက်က ငါပြောတဲ့ ကိစ္စလေးဟာ၊ ဒီမြို့ လူတစ်ယောက်ယောက်က ငါနဲ့အထင်လွဲမှာကို စိုးတယ်ဆိုတဲ့ ကိစ္စ'

'ဟာ ငါပြောပြီးပြီပဲဟာ၊ အဲဒါကို ငါက ဘာလို့စိုးရိမ်နေရမှာလဲ'

'မသိဘူးလေဟာ၊ နင်များရည်စား ထားချင်စိတ်တွေပေါ်နေပြီလားလို့'

ရင်ငြိမ်းအမူအရာ ပျာပျာသလဲ ဖြစ်သွားသည်။

'ဘာ ဘာပြောတာယ်စွဲမြဲ၊ ဘာကိစ္စ ငါက ရည်းစားထားချင်စိတ်ပေါ်ရမှာလဲ၊ နင်နော်၊ စကားကိုကြည့်ပြော'

စွဲမြဲက ရယ်မြဲရယ်ချင်း—

'မဟုတ်ပါဘူး၊ ငါက ၊သေချာအောင်မေးကြည့်တာပါ၊ ဟိုဘလောက ဇေယျက ငါ့ကိုပြောလို့'

'ဘာပြောလဲ'

'နင် အခုတလော အလှပြင်နေတယ်တဲ့...၊ ပြီးတော့ ကျောင်းမှာ နင့်ကိုလိုက်နေတဲ့သူတွေလဲ အများကြီးပဲတဲ့၊ အဲဒီထဲက တစ်ယောက်ယောက်ကိုများ နင်က သဘောကျနေလား မသိဘူးတဲ့'

'အံမယ်.... အဲဒီ ကောင်စုတ်က အဲလိုပဲပြောလား...၊ တွေ့မယ်၊ ငါ့ကို မဟုတ်မဟပ်ပြောတဲ့ကောင်၊ မနက်ဖြန်ကျရင် သွားကိုရန်တွေ့ဦးမယ်'



'ဟာ...အဲလိုတော့မလုပ်နဲ့ဟာ၊ တော်ကြာကျ သူက ငါ့ကို တစ်မျိုးထင်နေမှာပေါ့'

'ထင်ထင်ပေါ့၊ ငါ့ဘာသာငါ အလှပြင်တာ ဘာဖြစ်လဲ၊ မိန်းကလေးပဲ နည်းနည်းပါးပါးတော့ လှအောင်ပအောင် ပြင်ရမှာပေါ့၊ အဲဒါနဲ့ပဲ အဲလိုပြောရလား၊ နင်ကရော သူပြောတာနဲ့ပဲ ငါ့ကို အဲလို ထင်ရလား'

စွဲမြဲက ရယ်လက်စဖြင့်ပင် ဆက်၍....

'မသိဘူးလေဟာ၊ အဲဒီလို သူကပြော၊ နင်ကလဲ ငါ့ကို တစ်မျိုးပြောဆိုတော့ ငါလဲ ဟုတ်များဟုတ်နေမလား မသိဘူးဆိုပြီး စိတ်ခေါက်ကျသွားတာပေါ့'

'အံမယ်.... ပြောပုံကိုက....၊ အဲဒီလိုဖြစ်တာနဲ့ နင်က ဘာကိစ္စ စိတ်ခေါက်ကျရတာလဲ'

'မပြောဘတ်ဘူးဟာ၊ စိတ်ခေါက်ကတော့ကျသွားတာ အမှန်ပဲ၊ နင်နားလည်အောင်လဲ ငါရှင်းမပြတတ်ဘူး'

စွဲမြဲစကားအဆုံးမှာ ရင်ငြိမ်းက သဘောကျစွာရယ်သည်။ ဘာကြောင့်ရယ်မှန်း စွဲမြဲမသိသဖြင့် ကမန်းကတန်းလှည့်ပြီး....

'နင်က ဘာရယ်တာလဲ ရင်ငြိမ်း'

'မဟုတ်ပါဘူး နင်ပြောတာကိုသဘောကျလို့ပါ၊ တဲ့ပါ ငါနားလည်အောင်ရှင်းမပြတတ်လဲ ရှင်းပြတတ်တော့မှ ရှင်းပြတော့ပေါ့၊ ခုတော့ အဲဒါတွေထားလိုက်ပါဟာ၊ နင် အခု စိတ်ခေါက်မကျတော့ဘူးမဟုတ်လား'

'အင်း....အခုတော့ သိပ်မဆိုးတော့ပါဘူး၊ ဟိုရက်ကထက် စာရင် အများကြီးတော်သွားပါပြီ'

'အံမယ်လေး....ပြောပုံကိုက'

ပြောရင်းနှင့် ရင်ငြိမ်းက ရယ်သည်။ ပြီးမှ တစ်စုံတစ်... သတိရဟန်ဖြင့်....

'ဪ....နေဦး စွဲမြဲ၊ နင် စနေနေ့ကျရင်အားလား'

'အားပါတယ်၊ ဘာဖြစ်လို့လဲ'

'စနေနေ့ကျရင် ဘုရားသွားရအောင်ဟာ၊ ငါ့ကိုလိုက်... ပို့စမ်းပါ'

'ဟင်....ဘာလုပ်မလို့လဲ'

'အို....ဘာလုပ်လုပ်ပေါ့၊ နင် သိပ်လျှာရှည်တယ် စွဲမြဲ... ငါ့ကိုလိုက်ပို့မလား မလိုက်ပို့ဘူးလား၊ ဒါပဲပြော...'

'လိုက်ပို့တာကတော့ ရပါတယ်'

'အေး....ရရင်ပြီးရော၊ စကားမများနဲ့တော့'

စွဲမြဲ ငြိမ်သွားသည်။

ဖြစ်လာခဲ့သော အခြေအနေ အားလုံးအပေါ် မူတည်... ရင်ထဲမှာလည်း တစ်မျိုးကြီးဖြစ်နေ၏။

ဘယ်လိုတစ်မျိုးမှန်းတော့ မသိ။

* * *

'ငါစဉ်းစားလို့ရတာ တစ်ခုတော့ရှိတယ် စွဲမြဲ၊ ဖြစ်... မဖြစ်နိုင်တော့ မင်းဟာမင်း သုံးသပ်ကြည့်'



ရင်ငြိမ်းနှင့်ပတ်သက်သော အကြောင်းအရာများကို စဉ်းစားတိုင်း သူငယ်ချင်းဖြစ်သူ ဇေယျကို ဘယ်လိုမှ ထည့်မစဉ်းစား၍မရ။ သူနှင့်ရင်ငြိမ်းက သည်ဇာတ်လမ်းမှာ အဓိကဇာတ်ကောင်များဆိုလျှင် ဇေယျက အဓိကဇာတ်ပို့၊ အရေးအကြီးဆုံး ဇာတ်ပို့ဟု သတ်မှတ်ရမည်ဖြစ်သည်။

ဇေယျ၏ အပိုင်းကဏ္ဍများကို မေ့မှိန်ထားလိုက်ပါက သည်ဇာတ်လမ်းသည် ဘယ်လိုမှပြီးပြည့်စုံလိမ့်မည်မဟုတ်။

တစ်နည်းအားဖြင့် ပြောရလျှင် ဇေယျ မပါခဲ့လျှင်လည်း သည်ဇာတ်လမ်းက ခုလိုပင် ဖြစ်ပျက်လာခဲ့မည်မဟုတ်။

စွဲမြဲမှတ်မိသလောက် သူနှင့်ရင်ငြိမ်း တစ်ခုခုဆုံးဖြတ်ဝေခဲ့စရာရှိတိုင်း ဇေယျ ရှိနေတတ်သည်။

ခုကိစ္စမှာလည်း စွဲမြဲက ဖြစ်လာခဲ့သည့် အကြောင်းများအား ဇေယျကိုပြောပြလိုက်သည်နှင့် ဇေယျက ထိုအဖြစ်အပျက်ကို ချက်ချင်း ခွဲခြမ်းစိတ်ဖြာတော့သည်။

'မင်းက ဘယ်လိုစဉ်းစားရလို့လဲ'

'ငါထင်တာ လုံးလုံးတော့လွဲတာမဟုတ်ဘူး စွဲမြဲ၊ နည်းနည်းတိမ်းစောင်းသွားတာပဲ ဖြစ်မယ်၊ ဒီလိုကွာ၊ မင်း ဟိုဥစ္စာကြားဖူးလား'

'ဘယ်ဥစ္စာလဲ၊ မင်းဟာက အရင်းမရှိ အဖျားမရှိ'

'အေးပါကွာ....မင်းကလဲ နေစမ်းပါဦး၊ ပါးစပ်ဖျားလေးတွင်မေ့နေလို့၊ ဟိုဥစ္စာ.... အဲ... မပေါ်သမောဇာတ်'

'ကြားဖူးသားပဲ၊ မပေါ်သမောဇာတ်က ဘာဖြစ်လို့လဲ'

'အဲဒီ မဟော်သဓာဇာတ်ထဲမှာ အမရာက မဟော်သဓာကို စစ တွေ့တွေ့ချင်း လက်သီးဆုပ်ပြတယ်'

ဧယျစကားကြောင့် စွဲမြဲရုတ်တရက် ကြောင်သွား၏။ ပြီးမှ မျက်မှောင် ကြုတ်ထားလျက်ကနေ လက်ခါရင်း

'ဟာ.... ဘယ်ကအမရာက မဟော်သဓာကို လက်သီးဆုပ်ပြမှာလဲကွာ၊ အမရာကိုမဟော်သဓာက လက်သီးဆုပ်ပြတာပါ'

'ဩော်— အေး၊ ဆောရီး မှားသွားလို့၊ မဟော်သဓာက အမရာကိုလက်သီး ဆုပ်ပြတယ်၊ ဒီတော့ အမရာက မဟော်သဓာကို လက်ဝါးဖြန့်ပြတယ်၊ အဲလိုမဟုတ်လား'

'အင်း....ဟုတ်တယ်၊ အဲဒီတော့'

'အဲဒီတော့မဟုတ်ဘူး၊ ဟော့ကောင်၊ အဲဒါပဲ၊ အဲဒါကို မင်း စဉ်းစားကြည့် မဟော်သဓာနဲ့ အမရာ တစ်ယောက်ကို တစ်ယောက် အဲဒီလို လုပ်ပြတာကို ဘေးကနေ နားမလည် ပါးမလည်နဲ့ ကြည့်နေရင် တစ်မျိုး ဖြစ်မသွားဘူးလား၊ ဥပမာ— ဆိုပါတော့၊ မဟော်သဓာက အမရာကိုနှင့်ငါ့လက်သီးနဲ့ ထိုးမယ် ဆိုတော့ အမရာက 'လုပ်ရဲရင်း လုပ်ကြည့် ပါလား၊ ပါးကျိုးသွားမှာပေါ့' ဘာညာ ပြန်ပြောတဲ့သဘောမျိုး'

စွဲမြဲက ရယ်သည်။



'အင်း— ထားပါတော့၊ ဖြစ်နိုင်တာပေါ့'

'အေး....အဲဒါပဲ၊ ဒါမျိုးက ပညာမရှိရင် သိပ်နားမလည်နိုင်ဘူး၊ ပညာရှိတဲ့လူကျတော့ သိတယ်၊ ဒါ.... ဆစ်ဂနယ်ပဲ၊ တစ်ယောက်ကိုတစ်ယောက် နှလုံးသားက သိနိုင်တဲ့ လျှို့ဝှက် အချက်ပြ ဆက်သွယ်ရေးစနစ်နဲ့ ဆစ်ဂနယ်ပို့ အချက်ပြနေပြီဆိုတာ'

'အဲဒါနဲ့ ငါနဲ့ဘာဆိုင်လို့လဲ'

'ဟ—ဆိုင်တာပေါ့ကွ၊ မင်းသာပညာမရှိလို့ နလပိန်းတုံးကြီးခံနေတာ၊ ပညာရှိတဲ့ ငါကျတော့ သဘောပေါက်ပြီးပြီ၊ မင်းတို့ချင်းမှာ နှလုံးသားဆစ်ဂနယ်တွေ ရိုက်နေပြီ၊ နားလည်လား'

'ဟာ— မင်း ကလဲ'

'အေး— အေး....မင်းပဲ ရှက်၊ မင်းပဲရှက်၊ ဒီလိုရှိတယ် စွဲမြဲ မင်းသေချာစဉ်းစားကြည့်၊ မင်းပြောတဲ့စကားမှာ သူက ဒီပြင် ယောကျာ်းလေး တစ်ယောက်လို သဘောကျနေပြီလားလို့ ထင်တာနဲ့ မင်းစိတ်ဓာတ်ကျတယ်လို့ ပါတယ်မဟုတ်လား'

'အင်း....'

'အဲ့ဒါ "လက်သီးဆုပ်ပြတာပဲပေါ့ကွ၊ နို့မို့ ဆိုသူ့ဟာသူ ဘယ်သူ့ကြိုက်ကြိုက်၊ မင်းနဲ့ဘာဆိုင်လို့လဲ၊ မင်းက ဘာဖြစ်လို့ စိတ်ဓာတ်ကျရမှာလဲ မင်းကသူ့ကိုကြိုက်

'နေမှ မင်းကြိုက်တဲ့သူက ဒီပြင်ယောကျ်ားလေးကိုစိတ်ဝင်စားတဲ့အခါ မင်းစိတ်ခုတ်ကျရမှာပေါ့၊ အကျိုးအကြောင်းဆက်စပ် စဉ်းစားကြည့်နော်၊ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ မင်းပြောတဲ့စကားက အဲ့ဒီအဓိပ္ပာယ်ရနေပြီ'

'ဟော်'

စွဲမြဲအလန့်တကြားနှင့် 'ဟော' လိုက်မိသည်၊ ဇေယျစကားက ဟုတ်သလိုလိုပင်။

ဇေယျက ဆက်၍....

'ကဲ ထားတော့၊ ဒါမင်းအပိုင်း၊ မင်းအဲသိုပြောတော့ သူကရောဘယ်လို တုံ့ပြန်သလဲ'

'သူကရယ်တယ်ကွ၊ ပြီးတော့ ငါက ဘာဖြစ်လို့ ရယ်တာလဲ မေးတဲ့အခါ၊ မဟုတ်ပါဘူး၊ နင်ပြောတာကို သဘောကျလို့ပါတဲ့'

'အဲ အဲဒါလက်ဝါးဖြန့်ပြတာပဲ၊ ဆစ်ဂနယ်လေကွာ' မင်းစဉ်းစားကြည့်၊ မင်းကစောစောက အဓိပ္ပာယ်မျိုးပေါက်တဲ့စကားနဲ့ ပြောတဲ့ ဟာကို သူကဘာဖြစ်လို့ သဘောကျရတာလဲ၊ အဲ့ဒီစကားထဲမှာ သဘောကျစရာစကားလုံးတစ်လုံးမှ မပါဘူး၊ စိတ်ခုတ်ကျပါတယ် ဆိုတဲ့ ကိစ္စကိုမသကာပြောရင် အေးဟယ် နင်စိတ်ခုတ်ကျတာ ငါသဲ စိတ်မကောင်း ပါဘူးလို့ပဲ



ပြောရမှာ၊ မင်း အဲလိုဖြစ်တဲ့ဥစ္စာဟာ သူ့ အတွက် ဝမ်းသာစရာဖြစ်နေ လို့ပေါ့'

'အဲဒီတော့'

'အဲဒီတော့၊ မင်းတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြိုက်နေကြပြီပေါ့ကွာ၊ ရှင်းနေတာပဲ'

'ဟော....'

ဒုတိယမ္ပိ နှစ်ကြိမ်မြောက် စွဲမြဲ 'ဟော' လိုက်မိ၏။

*

[၉]

'ရေ့ စွဲမြဲရာ၊ ငါ့ကိုရှက်လှပန်းချည့်ဆယ့်ခုနစ်ခက်၊ ဖယောင်းတိုင် တစ်ဆယ့်ခုနစ်တိုင်၊ ရွှေပြားက ဆယ့်ခုနစ်ပြား ဝယ်ပေးစမ်းပါ'

ရင်ပြင်ပေါ်ရောက်သည်နှင့် ရင်ငြိမ်းကသူ့ နေ့နံ၊ ဗုဒ္ဓဟူးထောင့်မှာ ဓနရာယူရင်း စွဲမြဲကို ညွှန်ကြားချက်များဖြင့်စတင်ခိုင်းစေတော့သည်။

စွဲမြဲက ယောင်တောင်ပေါင်တောင်နှင့် ရင်ငြိမ်းကမ်းပေးသော ပိုက်ဆံကိုလှမ်းယူရင်း။

'များလှချည်သားရင်ငြိမ်း၊ အဲဒါတွေဘာလုပ်မလို့လဲ'

'ကိစ္စရှိလို့ပေါ့၊ ပြီးတော့ နင့်ကို ငါပြောပြပါ့မယ်၊ အဲဒါသာ အရင်သွားဝယ်ပေးနော်၊ စွဲမြဲ နင်ကလိမ္မာပါတယ်'

ပြောနေပုံနှင့် လုပ်နေပုံ အမူအရာကို ကြည့်၍ စွဲမြဲအသည်းယားလာသည်၊ ရွယ်တူချင်းကို သူကအစ်မကြီးပုံစံနှင့်ကလေးကိုချော့ခိုင်းသလိုခိုင်းနေသောကြောင့် ဖြစ်သည်။



သို့သော်ငြားသည်က၊ ခုချိန်မှာ ရင်ငြိမ်းစိတ်ထဲတစ်ခုခု စနိုးနေ့ောင့်ဖြစ်မှာကို စွဲမြဲအလိုလို စိုးရိမ်နေသည်။ သူ့စိတ်ကူးလေးနှင့်သူ ထင်ရာလုပ်၊ ပိုင်ပိုင်နိုင်နိုင် ခိုင်းနေခြင်းကပင်ကိုယ့်အတွက် စိတ်ချင်းသာစရာလေးတစ်ခုလို ဖြစ်နေသည်။

ခါတိုင်းတက်စလျှင် သည်နေ့မှာ ရင်ငြိမ်း၏အပြောအဆိုအမူအရာလေးကလည်း တစ်မျိုးဖြစ်နေသည်ဟု သတိထားမိ၏။ ကျောင်းပိတ်ရက်မို့ ကျောင်းဝတ်စုံ မဟုတ်ဘဲ အပြင်အဝတ်အစား လှလှပပလေး ဝတ်ထားသည်က အမြင်တစ်မျိုးလှနေသလို ခါတိုင်းလို ပျော့မရည်နဲ့၊ ဘာညာခြိမ်းခြောက်ပြီး ခိုင်းတာမျိုးမဟုတ်။

အမူအရာ လေးကလည်း နည်းနည်း လူကြီး ဆန်လျက် အပြုံးလေးတစ်ဘက်နှင့်အတူ လေသံလေးကလည်းချော့ချော့ချွဲချွဲဖြစ်နေသည်။

ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လာသဖြင့် စွဲမြဲက ပင့်သက်ရှိုက်ရင်း....

'အေးပါ၊ သွားဝယ်ပေးပါ့မယ်၊ ဒါပေမယ့် ခုနဟာတွေ ပြန်ပြောပါဦး၊ ရှက်လှက ဆယ့်ခုနစ်ခက်.... ဟုတ်လား'

'အေး... ဖယောင်းတိုင်က ဆယ့်ခုနစ်တိုင်၊ ရွှေပြားက ဆယ့်ခုနစ်ရွက်'

'အားလုံး ဆယ့်ခုနစ်ခု ချည့်ပေါ့'

'အင်း...'

စွဲမြဲက ဘာမှမပြောတော့ဘဲ စောင်းတန်းအတိုင်း ဆင်းလာခဲ့သည်။

မကွေးကို ပြောင်းလာပြီးကတည်းက လေးငါးနှစ်အတွင်းမှာ မြသလွန်ဘုရားကို နှစ်ခေါက်ထက်ပို မရောက်ဖူးသော်လည်း စောင်းတန်းအောက်ဘက်မှာ ပန်းဆိုင်၊ ဘာဆိုင်များ ရှိသည်ကိုတော့ သိသည်။

ရွှေဆိုင်ကိုတော့ သူတို့နှစ်ယောက် စက်ဘီးများ ထားခဲ့သော ဂေါပကရုံးဘက်မှာ ရှိမလား၊ ပန်းဆိုင်မှာပဲ ဝယ်ရမလား မပြောတတ်သေး၊ ဟိုကျမှမေးကြည့်မည်ဟုတွေးသည်။

သူတို့ရောက်နေချိန်က မနက်ရှစ်နာရီလောက်၊ ခပ်စောစောမို့ ဘုရားပေါ်မှာရော စောင်းတန်း တစ်လျှောက် မှာရော လူရှင်းနေသည်။

စွဲမြဲက စောင်းတန်းမှ ဆင်းလာရင်း စောင်းတန်းထိပ်နားရှိ ဘီလူးရုပ်ကြီး နှစ်ရုပ်အလွန်တွင် ကိုယ့်ကိုယ်ကိုယ် တစ်ချက်ငုံ့ကြည့်ရင်း ပြုံးလိုက်သည်။

သူလည်းဒီနေ့ကျမှ ခါတိုင်းနှင့်မတူဘဲ အဝတ်အစားသစ်လေးများနှင့် ဖြစ်နေသည်ကို သတိထားလိုက် မိသောကြောင့်ပင်။

နားထဲမှာလည်း ပြီးခဲ့သည့်တစ်ရက် နှစ်ရက်က ဇေယျ ပြောခဲ့သောစကားများ ပြန်ကြားသည်။

'ဒါလဲဆင်ဂနယ် တစ်ခုပါပဲကွာ၊ ဘုရားသွားတာပဲ ဘာကိစ္စဖြစ်ဖြစ်၊ သူ့အိမ်နဲ့ သွားလို့ရတာပေါ့၊ ပုံမှန်အတိုင်းကတော့ သူ့အိမ်နဲ့ပဲသွားရမှာပဲ၊ ဒါမှမဟုတ်



သူငယ်ချင်းတွေနဲ့ စုသွားရင်လဲ အဓိပ္ပာယ်တစ်မျိုး၊ ခုဟာက မင်းနဲ့နှစ်ယောက်တည်း သေချာချိန်းပြီးသွားတယ်ဆိုတော့ အင်း'

ဇေယျက စကားကို အဆုံးမသတ်ဘဲ မျက်လုံးကြီးပြူးပါးစပ်ကြီးရွဲ၍ သည်အတိုင်း တိုးလိုး တန်းလန်းထားခဲ့သည်။

ဇေယျစကား ဟုတ်မဟုတ် မပြောတတ်သော်လည်း သည်စကားများကြောင့် စွဲမြဲ ရင်ခုန်နေသည်တော့ အမှန်။ သည်ခရီးအတွက်လည်း ညကတည်းက ကောင်းကောင်း အိပ်မရ။

ဘုရားသွားပြီး ဘာလုပ်မှာလဲ၊ အဲဒီလိုသွားရင် ဘာတွေဖြစ်လာမလဲ၊ ကြိုတင်မှန်းဆ၍ မရသော အဖြစ်အပျက်များအတွက်ရင်ကတော့ ကြိုတင်ခုန်လှသည်။ အထက်ကစကားများပြောပြီးတော်တော်ကြာမှ မှတ်ချက်ချခဲ့သော ဇေယျ၏စကားတစ်ခွန်းကိုလည်း နားထဲကမထွက်။

'ဘာပဲပြောပြော၊ မင်းဟာငါတို့ထဲမှာအတော်ကုသိုလ်ကံထူးတဲ့ ပုဂ္ဂိုလ်လို့ပြောရမှာပဲ စွဲမြဲ၊ သိပ်လှတဲ့သူငယ်ချင်းလိုလို ဘာလိုလို ကောင်မလေး တစ်ယောက်နဲ့အဘူတွဲပြီး နှစ်ယောက်ဘည်း ဘုရားသွားဖူးခွင့်ရတယ်ဆိုတာနည်းတဲ့ကုသိုလ် အခွင့်အရေးမဟုတ်ဘူး၊ ဘချို့များသေသွားရော၊ တစ်ခါမှဒါမျိုး လုပ်ဖူးလိုက်မှာမဟုတ်ဘူး၊ ငါ့မစွံ လူ့ျိကြီးတွေကို ပြောဘာပါ'

ဒီအသက်ဒီအရွယ်နှင့် ဒီလောက်ကဲရသလား အပြစ်ပြောလျှင်လည်း ခံရရုံသာရှိသည်၊ စွဲမြဲရင်ထဲမှာ ကြည်နူးနေတာတော့သေချာ၏။

ပန်းဆိုင်မှာလည်း လိုအပ်သော ပစ္စည်းများကို အကုန်ရ သည်။

လိုက်ပ်သော ပစ္စည်းများကို တစ်ခုစီမှာပြီး အောင်မြင်စွာ ဝယ်ယူ လာနိုင်ခြင်းကိုပင် ကြီးမြတ်သော ဂုဏ် တစ်ခုသဖွယ် အောက်မေ့နေမိ၏။

* * *

'ကဲရော့....နင်လိုချင်တာ အကုန်းလုံး ရခဲ့တယ်ရင်ငြိမ်း နောက်ထပ် ဘာလိုသေးလဲ၊ ပြီးတော့နင့်ငါ့ကို ပြော ပြမယ်ဆိုတာကရော ဘာလဲ'

စွဲမြဲမေးရင်း ကမ်းပေးသော ပစ္စည်းများကို ရင်ငြိမ်းက လှပသော အပြုံးကလေးများဖြင့် ကျေနပ်စွာလှမ်းယူသည်။ ထို့နောက် မျက်နှာလေးဝင့်၍ တစ်ချက်ကြည့်ပြီး–

'အေးပါဟာ၊ ပြောမှာပေါ့၊ နင်ကလဲ၊ နင့်ကိုပြောပြ ဖို့ပဲ ငါတမင်စောင့်နေတာပဲ၊ ကဲ–လာ၊ ဒီမှာထိုင်၊ ငါပြောပြမယ်'

ရင်ငြိမ်းပြသော နေရာကိုကြည့်၍ ရင်ထဲမှာဒိန်းခနဲ ဖြစ် သွား၏။ ရင်ငြိမ်းပြသော နေရာက သူ့ဘေးမှာ ကပ်လျက်။

ဘယ်သောအခါကမှ ဘာကြောင့်မှမကြောက်ဖူး၊ မသန့် ဖူး၊ မထိတ်ဖူးခဲ့သော စွဲမြဲတစ်ယောက် ကတုန်ကယင်ကြီးနှင့် ကြောက်သလိုလို၊ လန့်သလိုလို၊ ထိတ်သလိုလို ဖြစ်လာသည်။



'လာလေ၊ ထိုင်ပါလို့ဆိုကာမှ၊ ဘာလုပ်နေတာလဲ' စွဲမြဲ ရင်တဖိုဖိုနှင့် ဝင်ထိုင်သည်။

မနက်စောစော ဘုရားပေါ်မှာ တိုက်နေသော လေပြည် က သည်လောက်မအေးသော်ငြားလည်း စွဲမြဲ ကျောထဲမှ စိမ့် ခနဲ ဖြစ်သွားသည်။

'ဒီနေ့ ငါ့မွေးနေ့သိလား စွဲမြဲ၊ နေ့တော့မတူဘူးပေါ့ ဟာ၊ ဒါပေမယ့် ရက်က ဒီနေ့အတိအကျပဲ၊ ဒီနေ့ ငါ ဆယ့်ခုနစ်နှစ်ပြည့်တဲ့နေ့၊ အဲဒါ ငါ့မွေးနေ့မှာ နင်နဲ့အတူတူ ဘုရားဖူးချင်လို့ ခေါ်လာတာ သိရဲ့လား၊ နင်နဲ့ငါ ဘုရားအတူတူကန်တော့မယ်၊ ပြီးရင် ဒီပန်း တွေကို နင်ကပ်ပေး၊ ဖယောင်းတိုင်မီးလဲ နင်ပဲပူဇော် ပေး၊ ပြီးတော့ ရွှေလဲ ငါ့အတွက်ချပေးနော်'

'အင်း....'

'ပြီးရင် ဒီကအပြန်မှာ ဈေးထဲဝင်ပြီး နင့်ကို ငါ မုန့်ကျွေးမယ်၊ နင်က ငါ့ကို နင်ကြိုက်တဲ့ပစ္စည်းတစ်ခုခု မွေးနေ့လက်ဆောင် ဝယ်ပေး၊ သိပ်ပိုက်ဆံကုန်မယ့် ဟာမျိုး မဟုတ်ဘူးနော်၊ ဘာပဲဖြစ်ဖြစ် အမှတ်တရ ဖြစ်ရင်ပြီးရော၊ နင့်လက်ဆောင်လေးကို အမှတ်တရ ငါသိမ်းထားမလို့'

ဟိုက်ရှားဗား....ဟု စွဲမြဲ အားရပါးရ ထ,အော်ချင်စိတ် များပင် ပေါက်လာမိ၏။

ကြုံနေရတာတွေအားလုံး တကယ်မှဟုတ်ရဲ့သား၊ အိပ်မက် များလားဟုပင် ယုံမှားချင်စိတ်ပေါ်လာသည်။ ဒါမျိုးတွေ

တကယ့်ဘဝမှာ သူကြုံနေရပါလားဟုလည်း တအံ့တသြဖြစ်နေမိသည်။ ဒါမျိုးက ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာသာ တွေ့ရတတ်တာမျိုး။ သူငယ်ချင်းများထဲမှာလည်း ဒါမျိုး ခုထိ ကြုံဖူးသူ တစ်ယောက်မှမရှိသေး။

အံ့သြခြင်းကြီးစွာဖြင့် ငေးငေးကြီးပင်ဖြစ်သွားသည်။

'ဟဲ့....ကြားရဲ့လား စွဲမြဲ၊ ဘာငိုင်တိုင်တိုင်ကြီးလုပ်နေရတာလဲ'

'ဩော်... အေး... ကြားပါတယ်ဟ၊ အေးပါ–အေးပါ၊ နင်ပြောတဲ့အတိုင်း အကုန်ဖြစ်စေရမယ်၊ ဒီလိုလုပ်ဟာ၊ ဈေးထဲကျလို့ရှိရင် နင်လိုချင်တာလေး တစ်ခုခု ငါ့ကိုပြ၊ အဲဒါ နင့် ငါဝယ်ပေးမယ်၊ ငါ့မှာ ပိုက်ဆံပါပါတယ်၊ အဲ... သုံးဆယ်လောက်ပါတယ်'

ရင်ငြိမ်းကရယ်သည်။ ပြီးမှ ခေါင်းညိတ်ရင်း....

'အေးပါ....ရပါတယ်၊ အဲလောက်အများကြီး တောင်မလိုပါဘူး၊ အမှတ်တရဖြစ်ရင်ပြီးရော၊ နောက်တစ်ခါ နင့်မွေးနေ့ကျရင်လဲပြောလေ၊ တို့ ဒီလိုပဲ ဘုရားလာဖူးပြီး နင့်ကိုလဲ ငါ အမှတ်တရလက်ဆောင်တစ်ခု ဝယ်ပေးမှာပေါ့၊ နင့်မွေးနေ့က ဘယ်နေ့လဲ'

စွဲမြဲက မျက်မှောင်ကြုတ်သွားသည်။

'ဟာ...ပြီးသွားပြီဟ၊ ငါ့မွေးနေ့က ငါက နင့်ထက် တစ်နှစ်လောက်ကြီးတယ်၊ အေးလေ....ထားပါတော့၊ နောက်နှစ်ပေါ့'

'အင်း....နောက်ကို နှစ်တိုင်းနှစ်တိုင်း အဲသိုပဲ အမြဲလုပ်



မယ်၊ တစ်သက်လုံးမပျက်ကြေး၊ နင်သဘောတူလား'

'အေး....တူတယ်'

ရင်ငြိမ်းက မျက်နှာလေးရှုံ့၍ရယ်သည်။

'နင်ကလဲဟာ....၊ ပြောပုံက ဆောင့်ကြီးအောင့်ကြီးနဲ့၊ ကဗျာမဆန်လိုက်တာ၊ အေး...တူတယ်တဲ့၊ အေး.... ငါလဲသဘောတူတယ်၊ နှစ်တိုင်း နင်လဲ မမေ့ရဘူးနော်၊ ဘာညာနဲ့ပြောမှပေါ့....ဟဲ့'

စွဲမြဲ လိုက်ရယ်သည်။

'အေးပါ... နင်ပြောတဲ့အတိုင်းပါပဲ'

ထိုနေ့ကအပြန် ဈေးဝင်ရင်း စွဲမြဲက အသည်းပုံ ရင်ထိုးလေးတစ်ခုကို အမှတ်တရဖြစ်စရာပင် ဆယ့်ခုနစ်ကျပ်နှင့်ဝယ်ပေးသည်။

ရင်ငြိမ်းကလည်း အဲဒါလေးကို အရမ်းသဘောကျတာပဲဟု ဝမ်းသာအားရပြော၏။

*

[၄]

'အဲဒါနဲ့ မင်းတို့နှစ်ယောက်သဲ ရည်းစားတွေဖြစ်သွား
ကြတယ်ဆိုပါတော့ ဟုတ်လား စွဲမြဲ'

စွဲမြဲ မောင်းလာသောကားလေး ကြို့ပင်ကောက် အဝင်
လောက်မှာ ထိုးနေရာအထိ ပြောပြီးသည်။ စွဲမြဲ စကားကို
ဖြတ်၍ ဝင်းဌေးက ဝင်မေး၏။

စွဲမြဲက ရယ်လိုက်ရင်း ...

'သဘောကတော့ ဒါပဲပေါ့ကွာ၊ ဒါပေမယ့် အဲဒီ
ရက်ပိုင်းမှာ ချက်ချင်းကြီးဖြစ်သွားတာတော့ မဟုတ်
ပါဘူး၊ ကိုးဘန်းနှစ်ဝက်ကျော်ကျော်လောက်အထိက
တော့ ငါတို့နှစ်ယောက်စလုံး ဗီပုံစံနဲ့ နေလာကြတာ
ပါပဲ'

'ဗီပုံစံဆိုတာက ဘယ်လိုပုံစံကိုပြောတာလဲ'



"စိတ်ကူးယဉ်စရာကောင်း၊ တစ်သက်လုံး မမေ့စရာ
ကောင်းတဲ့ပုံစံမျိုးလေးပေါ့ကွာ၊မင်းမသိဘူးဝင်းဌေး၊
ရင်ငြိမ်းက ဝတ္ထုတွေပဲ ဖတ်လို့လား၊ ဒါမှမဟုတ်
ပင်ကိုကပဲ စိတ်ကူးယဉ်တတ်လို့လားမသိဘူး၊ အဲဒီလို
ကဗျာဆန်ဆန်လေးတွေ သိပ်လုပ်တတ်တယ်၊ဒါပေမယ့်
တစ်ခုတော့ရှိပါတယ်ကွာ'

'ဘာလဲ'

'အင်း ဘာလဲဆိုတော့ အဲဒီအချိန်မှာတို့ နှစ်ယောက်
စလုံးက သိပ်ငယ်သေးတယ်ကွ၊ ဆယ့်ခုနစ်နှစ်၊ ဆယ့်
ရှစ်နှစ် ဆိုတာ အခု ဒီအသက်အရွယ်ကနေ ပြန်ကြည့်
ရင် အတော်ငယ်သေးတဲ့အရွယ်၊ အမှန်က ကလေး
သာသာအရွယ်ပဲ'

'ဒါပေမယ့် တချို့လဲ အဲဒီအရွယ်နဲ့ အိမ်ထောင်ဖွေ
ဘာတွေတောင်ပြုကြတာပဲကွ'

'ဒါက ရှပ်ပိုင်းဆိုင်ရာ ကိစ္စပဲကွ၊ ရုပ်ပိုင်းဆိုင်ရာချည့်
သက်သက်ပြောမယ်ဆိုရင်တော့ ဒီထက်စောပြီးတောင်
အိမ်ထောင်ကတော့ ပြုလို့ရတာပဲပေါ့၊ ဒါပေမယ့်
ဘဝနဲ့ယှဉ်စဉ်းစားရင် အဲဒီအရွယ်ဟာ ဘာမှမပြည့်စုံ
သေးတဲ့အရွယ်ပဲ၊ နောက်တစ်ခုက အာရုံပိုင်း၊ အထူး
သဖြင့်ဘဝနဲ့ ဆိုင်တဲ့ အာရုံ စူးစိုက်စရာတွေ လစ်ဟင်း
ကုန်တဲ့ကိစ္စ'

'ဘာလဲကွ၊ မင်းက အခုမှ နောင်တရနေတာလား'

"နောင်တဆိုတဲ့ စကားကိုတော့ ဒီနေရာမှာ ငါမသုံး

ချင်သေးပါဘူးကွာ၊ ဒီအပိုင်းကအထိကတော့ နောင်
တဆိုတာမျိုးရလောက်အောင် အဖြစ်ဆိုးသေးတာမှ
မဟုတ်ဘဲ၊ ဒါပေမယ့် အစပေါ့လေ၊ ချစ်တာကတော့
ခုလဲ ချစ်နေတာပဲ ဝင်းငွေးရာ၊ ချစ်တာကိုအမှား
တစ်ခုအနေနဲ့ ငါမယူဆချင်ပါဘူး’

‘ဒါဖြင့် မင်းက ဘာပြောချင်တာလဲ’

‘ငါတို့နှစ်ယောက်ချစ်တာ သိပ်စောသွားတယ်ဝင်းငွေး
ပြီးတော့တော်ရုံပဲ ချစ်ခဲ့ကြရင်လဲ ပြဿနာမဟုတ်ဘူး
ငါတို့နှစ်ယောက်ကသိပ်ကဗျာဆန်လွန်းအားကြီးသွား
တယ်’

ဝင်းငွေးက စွဲမြဲ စကားကို သဘောကျစွာဖြင့်ရယ်သည်။

‘လုပ်စမ်းပါဦးကွာ၊ မင်းစကားက အဆန်းပဲ၊ကဗျာ
ဆန်းအားကြီးသွားတယ်-ဟုတ်လား’

‘ဟုတ်တယ် ဝင်းငွေး၊ အချစ်ဆိုတာ အင်မတန်မှသိမ်
မွေ့နူးညံ့ပြီး အင်မတန်မှ အနုပညာဆန်တဲ့ကိစ္စ၊ အဲဒီ
ကိစ္စမှာ ကဗျာဆန်တယ် ဆိုတာကတော့ ဘာမှပြော
စရာမရှိဘူး၊ အင်မတန်လှပြီး အင်မတန်စွဲမက်စရာ
ကောင်းနေမှာပဲ၊ အနုပညာဆန်တာနဲ့ ကဗျာဆန်တာ
က မိတ်ဘက်ကျပြီး ဟပ်နေတာကိုးကွ’

‘ဒါဖြင့် ဘာနဲ့ မိတ်ဘက်မကျလို့လဲ’

‘ဘဝနဲ့လေကွာ၊ ဘဝဆိုတာကျတော့ အနုပညာမဆန်
ဘဲ၊ ဘဝဆိုတာက အင်မတန်မှ လက်တွေ့ကျပြီး
အင်မတန်မှ သိပ္ပံနည်းကျနေတော့၊ ဘဝထဲမှာကဗျာ



ဆန်ခြင်းဆိုတာဟာ စစ်မြေပြင်ကကျည်ဆန်တွေကြား
ထဲမှာ မယ်ဒလင်တီးပြီး သီချင်းသွားဆိုနေသလို ဖြစ်
နေတော့တာပေါ့’

‘ကျည်ဆန်တွေ တဖြောင်းဖြောင်း ဝင်လာတော့တာပဲ
လား’

‘အေး အဲဒီလိုပဲ ပြောရတော့မှာပဲ ဝင်းငွေး ဒီ
လိုကွာ မင်းကို ပထမဆုံးနားလည်အောင်တစ်ခုပြော
ရရင် ရှစ်တန်းအောင်တဲ့အထိ ဆားစည်ကျောင်း တစ်
လျှောက်လုံးမှာ ငါရယ် ဇေယျရယ် ရင်ငြိမ်းရယ်ဆို
တာ စာမေးပွဲ အောင်စာရင်းမှာ အမြဲ ထိပ်ဆုံးက
ရောက်နေတဲ့ လူတွေ ရှစ်တန်းအောင်တော့ ငါက
လေးဘာသာ ဂုဏ်ထူးပါတယ် ရင်ငြိမ်းနဲ့ ဇေယျကသုံး
ဘာသာ ဒီလို လူတွေနော် အဲဒီလို အနေအထား
ကနေပြီး ဘာတွေဖြစ်ကုန်သလဲသိလား’

‘အင်း ပြောပါဦး’

‘ပြောမှာပါကွာ ဒီအကြောင်းတွေ ပြောချင်လွန်း
လို့ပဲဒီလောက် သိုင်းဝိုင်း စကားစခဲ့တာပဲ ဒါပေ
မယ့် ခဏလေးတော့နေဦး မြို့ထဲ ကားဖြတ်နေတုန်း
မှာတော့ ခံစားမှုတွေ သိပ်ဝင်နေတာ မကောင်း
ဘူး စစ်မြေပြင်မှာ သွား မယ်ဒလင်တီးတာနဲ့ လူရှုပ်ရှုပ်
ကားရှုပ်တဲ့လမ်းမှာ ကားမောင်းရင်း စိတ်ကူးယဉ်
လွမ်းဆွေးနေတာနဲ့လဲ အတူတူပဲ’

ပြောရင်းနှင့် စွဲမြဲက မြင်းလှည်းတစ်စီးကို သတိဖြင့် ပယ်
ရှောင်ရင်းကျော်တက်သည်။

တိုစဉ်လမ်း ဘယ်ဘက်ဘေးမှနေ နွားတစ်ကောင်က
ခေါင်းယမ်းပြီး ဝင်လာသည်၊ စွဲမြဲ ကမန်းကတန်းနှင့် သတိ
ထားပြီးမနည်းရှောင်လိုက်ရ၏။

* * *

'အဲဒါ ဘာလုပ်ဦးမလို့လဲ စွဲမြဲ'

ဇေယျအမေးကြောင့် စွဲမြဲက ခေါင်းခါသည်။

'မင်းသွားနှင့်တော့ကွာ ဇေယျ ငါ ရင်ငြိမ်းကိုစောင့်
လိုက်ဦးမယ်'

ကျောင်းရောက်ကာ နီးကျမှ တစ်မျိုး ဖြစ်လာသော စွဲမြဲ
အပြုအမူကြောင့် ဇေယျက မကျေမနပ်ဖြင့် ကြည့်ရင်း။

'ဘာလဲ ဟေ့ကောင် ဒီနေ့လဲ ကျောင်းမတက်ဘဲ
မင်းတို့နှစ်ယောက်လျှောက်လစ်ကြဦးမလို့လား မလုပ်
ပါနဲ့ကွာ စာတွေကတဖြည်းဖြည်း အရေးကြီးလာလို့
ဆရာဆရာမတွေကတောင် ကျောင်းပိတ်ရက်မှာ မနား
ဘဲ သင်ပေးနေတဲ့ ဥစ္စာ တော်ယုံပဲ ကောင်းတယ်
စွဲမြဲ မင်းတို့ဟာက နည်းနည်းလွန်နေကြပြီ'

ပထမတော့ သူငယ်ချင်း အချင်းချင်း ဆရာလုပ်ငံလိုက်
သလို ဖြစ်သွားသဖြင့် စွဲမြဲစိတ်ထဲ ထောင်းခနဲဒေါသ ဖြစ်သွား



သေးသည်။ သို့သော် ဇေယျစေတနာနှင့် ပြောသည်ဆိုသည်
ကိုလည်း နားလည်၊ နောက်တခုက သူ့ဘက်က ကြည့်လျှင်
သည်လိုပဲ မြင်စရာကလည်း ဖြစ်နေသည်မို့ စိတ်ကိုလျှော့၍
ခေါင်းခါလိုက်ပြီး–

'မဟုတ်ဘူးဇေယျရာ ငါတို့မှာသေရေးရှင်ရေးလောက်
အရေးကြီးတဲ့ကိစ္စလေး နည်းနည်းရှိနေလို့ပါ အချိန်
မီရင် ငါတို့နှစ်ယောက်စလုံး ကျောင်းလာ တက်ပါ့
မယ်၊ မင်းသွားရင်းနဲ့ ရင်ငြိမ်းကိုတွေ့ရင်လဲ ပြောလိုက်
ပါ၊ ငါဆေးရုံထောင့်က စောင့်နေတယ်လို့'

သည်လောက်ပြောပြီး၍မှ ပြောမရလျှင် နောက်ထပ် ဘယ်
လောက်ပြောပြောလည်း ရစရာမမြင်တော့ဟု သဘောပေါက်
ပြီးဖြစ်သည့် ဇေယျကဘာမှ ဆက်မပြောတော့ဘဲ သက်ပြင်း
နှင့်အတူ ခေါင်း အသာအယာ ညိတ်ပြီး ဆက် လျှောက်သွား
သည်။

စွဲမြဲတစ်ယောက်သာ ပြည်တော်သာလမ်းနှင့် ဆေးရုံလမ်း
ထောင့်မှ မန်ကျည်းပင်ကြီးရိပ်တွင် ဝင်ခိုရင်း ရင်ငြိမ်းအလာ
ကိုစောင့်သည်။

အချိန်က ဇန်နဝါရီလ ဆောင်းလယ် ကာလကြီးဖြစ်သော်
လည်း အညာတုံးစံအတိုင်း နေမြင့်လာသည်နှင့်အတော်ပူအိုက်
နေပြီ။ စာမေးပွဲကလည်း ဘာမှမလိုတော့။

သို့သော် ခက်သည်က တဖြည်းဖြည်းနှင့် စိတ်ညစ်စရာ
ကောင်းလာသော ပြဿနာများကလည်း တစ်ဖက်၊ ခုပင်လျှင်

ရင်ငြိမ်းနှင့်သူ တူတူ ကျောင်းသွား ကျောင်းပြန် လုပ်ရသော အမြဲအနေမျိုး မရတော့။

ရင်ငြိမ်းနှင့် သူ့အနေအထားကို ရိပ်မိသွားသော ရင်ငြိမ်း အိမ်မှ နည်းနည်းကြပ်မတ်သော အစီအမံများကို လုပ်ဆောင်လာသည်။ ရှေ့လျှောက်လည်း ဘာတွေကြုံရဦးမည် မသိ။

မနေ့ကညနေ ကျောင်း ဆင်းခါနီးမှာ မခင်စန်း အလစ်ချောင်း၍ ရင်ငြိမ်းပေးသွားသော စာလေးကိုသာ ဘိရသည်။

စာကလည်း မခင်စန်းအလစ်မှာ ခိုးရေးလိုက်ရပုံ ရသည်။ လက်ရေးကလည်း မသေမသပ်။ ပြီးတော့ တိုတိုလေး။

စွဲမြဲ—

ပြဿနာတွေကတော့ တက်နေပြန်ပြီဟာ....

ငါ နှင့်ကိုပြောစရာတွေရှိတယ် မနက်ဖြန် စနေနေ့ အချိန်ပိုသင်တန်းကို နင်မတက်နဲ့ ငါလဲ ကျောင်းကနေ ပြန်လစ်ထွက်ခဲ့မယ်။ ခါတိုင်း စောင့်နေကျ နေရာကပဲ စောင့်ကြားလား။

ရင်ငြိမ်း။

ဒါပဲဖြစ်သည်။

လောကဆိုသည်မှာ အံ့သြစရာလည်း ကောင်းသည်ဟု စွဲမြဲ တွေးလိုက်၏။

အခြေ အနေတွေက တဖြည်းဖြည်းနှင့် တစ်ခုပြီး တစ်ခု ပြောင်းလဲသွားလိုက်သည်မှာ မူလအနေအထားကိုပင် မှတ်မိ



နိုင်စရာမရှိတော့။ ဟိုတုန်းက အချိန်မရွေးတွေ့နိုင်၊ ခေါ်နိုင် စကားပြောနိုင်သည့် လူတစ်ယောက်ကို အခု ခဏတစ်ဖြုတ်တွေ့ပြီး စကားပြောဖို့ပင် အသေအလဲနှင့် စွန့်စွန့်စားစား ကြိုးစားနေရသည်။

တစ်ခုတော်သေးသည်မှာ ရင်ငြိမ်းကိုယ်တိုင်က ကိုယ့်ဘက်က ရှိနေ၍ပင် နို့မို့သာဆို အခြေအနေက တွေးဝံ့စရာပင် မရှိ။

နေကျဲကျဲပူနေသော လမ်းမတစ်လျှောက် လှမ်းမျှော်ကြည့်လိုက်သည်။ ရင်ငြိမ်း၏ အရိပ်အယောင်ကို မမြင်ရသေး။

ရင်ငြိမ်းက မှာသာထားသည်။

ထွက်ကော ထွက်လာနိုင်ပါ့မလား မသိ။

ကျောင်းဖွင့်ရက်တိုင်းမှာ ရင်ငြိမ်း အခြေအနေကို စောင့်ကြပ် ကြည့်ရှုရန် သူ့အိမ်မှအပ်ထားသော ဆယ်တန်းက မခင်စန်းတို့နှင့်ကတော့ အချိန်ပိုသင်တန်း ချိန်ခြင်းမတူ။ သို့သော် ပြောလို့တော့မရ။ စိတ်ပူပူနှင့် ရင်ငြိမ်းအိမ်က တစ်ယောက်ယောက် လိုက်လာပြီး စောင့်မနေဟု မပြောနိုင်။

သည်လိုသာဖြစ်လျှင် ကြားထဲကသူ အတန်းလဲ မတက်ဖြစ် ရင်ငြိမ်းနှင့်လည်း မတွေ့ရဘဲ ဖွတ်မရဓားမ ဆုံး ဖြစ်မှာသေချာသည်။

ရင်ငြိမ်းအရိပ်အယောင် မမြင်ရလေ စွဲမြဲရင်ထဲပူလေဖြစ်လာသည်။

အချစ်ဆိုသည်မှာ ပျော်စရာ ရင်အေးစရာချည်းသက်သက်ဟုတ်ကြောင်း ဘယ်သူမှ သင်ကြားစရာ မလိုဘဲနှင့် စွဲမြဲ

သဘောပေါက်လာသည်။ စိတ်ထဲမှာလည်း လွန်ခဲ့သောတစ်လကျော်ကာလအထိ ဘာအပူမှ ဝင်ရောက်မထိုးဖောက်လာမိပျော်စရာကာလလေးများကို အမှတ်ရသည်။

ထိုရက်များက သူတို့နှစ်ယောက် ကြားမှာ ရင်ခုန်ခြင်းနှင့်ပျော်ရွှင်ခြင်းကလွဲ၍ ဟာခြားဘာမှမရှိ။

အရာ အားလုံးသည် လှပချမ်းမြေ့ပြီး ကြည်နူးစရာများဖြင့်သာ ပြည့်ဝခဲ့လေ၏။

*

[၅]

အခြား ကိစ္စများကို အသာ ထားပါဦး အများသူငါ တော်တော်များများတွင် စိတ်တပူပူ ရင်တထိတ်ထိတ်နှင့် ဖြတ်သန်းခဲ့ရသော ချစ်သူအဖြစ် ကူးပြောင်းရေး ကာလကိုပင် သူတို့နှစ်ယောက် အတော် စိတ်အေး လက်အေး ဖြတ်သန်းခဲ့ရသည်။

အမှန်တော့ ရင်ငြိမ်းမေ့နေ့တွင် အသည်းပုံ ရင်ထိုးလေး လက်ဆောင် ပေးပြီးသည့်အချိန်ကစ၍ပင် ဇာတ်လမ်းကပြီးခဲ့သည်ဟုဆိုနိုင်သည်။ ထိုအခြေအနေကနေ ချစ်သူများ ဖြစ်ကြသည်အထိ ဘာမှတစ်ပင်တစ်ပန်းကြိုးစားရခြင်းမျိုးမရှိတော့။ အရာအားလုံးက အလိုက်သင့်စွာပင် အေးအေး ငြိမ်းငြိမ်း ပြေလည်သွားခဲ့သည်။

ချစ်သူဘဝသို့ ကူးပြောင်းပုံကလည်း အလွန်ညင်သာချောမွေ့သည်။

မှတ်မှတ်မိမိ ရင်ငြိမ်းနှင့်သူ ဘုရားသွားဖူးသည့်ရင်ငြိမ်းမွေးနေ့နောက်ပိုင်း တစ်ရက်ကျော် တနင်းလာနေ့ကစ၍ သူနှင့်ရင်ငြိမ်းအကြားတွင် အစဉ်အလာသစ်လေးတစ်ခု တိုးခဲ့သည်။

ထိုအစဉ်အလာက တခြားမဟုတ်။ အဖုံးလှလှလေး ဖုံးထားသော ဗလာစာအုပ် ထူထူတစ်အုပ် ညနေတိုင်း အပြန်အလှန်လက်ပြောင်းရင်း တစ်ယောက် ခံစားချက်ကလေးများ ကိုတစ်ယောက် တစ်လှည့်ဆီ အသိပေးကြသည့် အစီအစဉ်လေးဖြစ်သည်။

ထို အစီအစဉ်လေးကို စတင်သူမှာလည်း ရင်ငြိမ်းပင်ဖြစ်သည်။

ထိုတနင်းလာနေ့ ညနေကျောင်းကအပြန် အိမ်ဝအရောက်တွင် ရင်ငြိမ်းက သူ့လွယ်အိတ်ထဲကနေ ထိုကတ်ထူးဖုံး ဗလာစာအုပ်ထူထူလေးကို ထုတ်ပေးသည်။

'အဲဒါဘာစာအုပ်လဲ ရင်ငြိမ်း'

စွဲမြဲအကြည့်ကို ရင်ငြိမ်းကရယ်၍ တုံ့ပြန်ရင်း....

'မေးမနေနဲ့ယူသွား အိမ်ရောက်တော့ ဖတ်ကြည့်၊အထဲမှာ နင့်အတွက် ငါစာရေးပေးထားတယ်'

လုပ်ခနဲ စွဲမြဲရင်ထဲခုန်သည်။

အိမ်ရောက်မှ ဖတ်ဆိုသော်လည်း စွဲမြဲဘယ်လိုမှမအောင့်နိုင်တော့။ ရင်ငြိမ်းတို့အိမ်နှင့် လွတ်လွတ်ကင်းကင်း ဖြစ်သည့်နေရာရောက်သည်နှင့် လမ်းဘေးအရိပ်ရှိသော သစ်ပင် တစ်ပင်အောက်တွင် စက်ဘီးကိုထိုးရပ်ပြီး စာအုပ်ကို ကပျာကယာဖွင့်ကြည့်သည်။



စာအုပ်လေးက စာမျက်နှာ ၂၀၀-ပါ၊ ဗလာစာအုပ်ကတ်ထူဖုံးလေး ထိုကတ်ထူဖုံးစာအုပ်ကိုဂျပန်မချောချောလေးပုံပါသည့် နိုင်ငံခြားပြက္ခဒိန် စာရွက် ချောမလေးဖြင့် ထပ်ဖုံးထားသေးသည်။

စာအုပ်၏ ပထမဆုံးစာမျက်နှာတွင် အောက်ပါစာသားများကို ရင်ငြိမ်းလက်ရေးလေးဖြင့် တွေ့ရ၏။

'ဤစာအုပ်တွင်းရှိ စာမျက်နှာများသည်
သင်နှင့် ကျွန်ုပ်နှင့်သာ သက်ဆိုင်သောစာမျက်နှာများ
ဖြစ်သည်။
ကျွန်ုပ်၏ခံစားချက်များကို သင် ဖတ်ရှုနိုင်ပါသည်။
သင့်ခံစားချက်များကိုလည်း ကျွန်ုပ်ဖတ်ရှုပါမည်။
အခြားသူများအား မည်သူမျှ မဖတ်ရှုပါစေနှင့်'

* * *

စာသံပေသံများဖြင့် ရေးထားသော အဖွင့်အမှာစကားကို ဖတ်ရင်း ပြုံးမိသည်။ အများနှင့် မသက်ဆိုင်သော နှစ်ယောက်တည်း သီးသန့်ကိစ္စလေးများ ရှိလာခြင်းအတွက်လည်း ဝမ်းသာသလိုလို၊ ရင်ခုန်သလိုလို ကြည်နူးသလိုလို ဖြစ်လာရင်း စွဲမြဲက နောက်စာမျက်နှာတစ်ရွက်ကို လှန်လိုက်သည်။

စွဲမြဲ

ငါ နင့်ကိုသိပ်သတိရနေတာနဲ့ သည်စာ[illegible]ပ် ကလေးကလဲ အဆင်သင့်ရှိနေတာနဲ့ [illegible]ပဲ ဆိုပြီး သည်ကိစ္စလေးကို လုပ်လိုက်တာ။

ချက်ချင်းကြီးတော့ ဘာတွေ စ ရေးရမယ် မှန်း မသိသေးဘူးဟယ်၊ ဒါပေမယ့် ကိစ္စတော့ မရှိပါဘူး၊ နောက်ကျရင် တဖြည်းဖြည်းအများ ကြီး ရေးတတ်လာမှာပေါ့။

ဘာလဲ နင်က ငါ ရူးကြောင်ကြောင်နိုင် တယ်ဆိုပြီး ရယ်နေလား၊ အေး…အဲသည်လို ဆိုရင်တော့ နင်နဲ့ ငါနဲ့ အတွေ့ပဲနော်၊ သည်လို လုပ်လို့ ငါ့ကိုလှောင်ရင်တော့ နင်နဲ့ ငါနဲ့ တစ်သက်လုံး သေခန်းဖြတ်ပဲ။

အဲ့သည်လိုမဟုတ်ဘူး… . သည်ကိစ္စလေးကို နင်လဲသဘောကျတယ်ဆိုရင်တော့ သေချာဖတ် ငါ့စိတ်ကူးကိုပြောပြမယ်။

ငါ့စိတ်ကူးက သည်လို သည်စာအုပ်လေး ကို အခု ငါက စ ရေးလိုက်ပြီ၊ အဲဒါကိုဖတ်ပြီး ရင် နင်လဲ နင်ပြောချင်တဲ့စကားတွေ သည်ထဲ မှာပဲ ပြန်ရေး၊ ပြီးရင် မနက်ဖြန်ကျ ငါ့ကို ပြန်ပေး၊ နောက်တစ်နေ့ကျတော့ ငါက ပြန် ရေးပြီး နင့်ကိုပြန်ပေးမယ်။

အဲ့ဒါဆိုရင် နင်နဲ့ ငါနဲ့ နှစ်ယောက် သည်



ပြင် လူတွေ ဘယ်သူမှမသိစေချင်တဲ့ စကားတွေ ကို သည်နည်းနဲ့ အမြဲပြောသွားလို့ရတယ်။

တချို့စကားတွေက ပါးစပ်နဲ့ လူကိုယ် တိုင် ပြောရတာခက်တယ်ဟာ ရှက်သလိုလိုပဲ၊ သည်လိုမျိုးစာနဲ့ရေးတော့ ရေးရဲတယ်၊ ဥပမာ ပေါ့ဟာ၊ နင် ဟိုနေ့က ငါမွေးနေ့အတွက် လက်ဆောင်ပေးတဲ့ကိစ္စ။

နင်ပေးတဲ့လက်ဆောင်လေးကို ငါ အရမ်း သဘောကျတာပဲ စွဲမြဲ၊ နင့် စိတ်ကူးလေးက အရမ်းကောင်းတာပဲ၊ အဲသည် လက်ဆောင် လေးကို ငါ တစ်သက်လုံးသိမ်းထားမယ်နော်၊ နင်ကကော ငါ့ကိုပဲ လက်ဆောင်မျိုးလေး ပေးဖူးတာကို တစ်သက်လုံးသတိရနေမှာလား၊ ငါကတော့ ဘယ်တော့မှ မမေ့ဘူးသိလား။

အဲ…အဲလိုမျိုးပေါ့ဟာ၊ သည်စကားမျိုး ပါးစပ်ကပြောရမှာ တစ်မျိုးကြီးပဲ၊ အဲလိုမျိုး စကားလေးတွေ သည်ထဲမှာကျတော့လွတ်လွတ် လပ်လပ် ပြောရတာပေါ့။

နောက်တစ်ခုက လာမယ့် စနေနေ့ကျရင် နောက်တစ်ခါ ဘုရားသွားချင်သေးတယ်ဟာ၊ အဲဒါ ဘယ်လိုလုပ်ရမလဲ နင် စဉ်းစားထား စမ်းပါ။

ရင်ငြိမ်း

လက်မှတ်ထိုးပြီးနောက် လက်မှတ်အောက်တွင် နေ့စွဲလေး ပါ ရင်ငြိမ်းက ရေးထည့်ထားသည်။

စွဲမြဲ ကျေနပ်စွာ ပြုံးလိုက်၏။

မလိုအပ်ဘဲ အစိုးရိမ်ကြီးသော ရင်ငြိမ်းကိုလည်း ခုချက် ချင်း ပြေး၍ပင် ပြောပြလိုက်ချင်သည်။ သည်ကိစ္စကို ငါက ဘာဖြစ်လို့ လှောင်ရမှာလဲ ရင်ငြိမ်းရယ်။ ဒါ လှောင်စရာမှ မဟုတ်ဘဲ။ နင့်စိတ်ကူးလေးက ကောင်းလွန်းလို့ ချီးကျူးရင် သာ အရမ်းချီးကျူးရမှာ—ဟု

ဘာရယ်တော့မဟုတ်။

သို့သော် ထိုစာအုပ်လေး လွယ်အိတ်ထဲပြန်ထည့်ပြီး စက်ဘီး ပြန်နင်းရသည်မှာ ခါတိုင်းထက် များစွာပေါ့ပါးသွက်လက် နေသည်။

ခါတိုင်းလို မြေနီလမ်း လမ်းကြမ်းပေါ်မှာ နင်းရသည့် အရသာမျိုးလည်းမရှိ။ ဘာနှင့်တူသလဲဆိုတော့ ကောင်းကင် က တိမ်စိုင်တိမ်လိပ်များထဲတွင် စက်ဘီးနင်းရင်း အိပ်မက် မက် နေရသလို ဖြစ်နေ၏။

* * *



ရင်ငြိမ်း

နင့်စာအုပ်လေးရယ် နင်ရေးထားတဲ့ စာ လေးရယ်ကို ကြည့်ပြီး ငါ အရမ်းကြည်နူးတာ ပဲဟာ၊ နင် အရမ်းတော်တာပဲ၊ သည်လိုစိတ်ကူး လေး ရတဲ့အတွက် နင့်ကို အရမ်းချီးကျူးမိ တယ်၊ တကယ်ပြောတာ ရင်ငြိမ်း၊ ငါနောက် နေတာ လှောင်နေတာ မဟုတ်ဘူး။

နင့်စိတ်ကူးနဲ့ အစီအစဉ်လေးကို ငါဘာကယ် သဘောကျလို့ ပြောတာပါ။

ငါလဲ နင့်လိုပဲပေါ့ဟာ၊ တချို့စကားတွေ ကျတော့ လူကိုယ်တိုင်ကြီးပြောရတာ ခက် သလိုလို၊ ရှက်သလိုလိုဖြစ်ရတာပဲပေါ့၊ ခုလိုကျ တော့ လွယ်သွားပြီ။

ဆိုပါတော့ဟာ အဲသည်နေ့က နင့်ကို ငါ လက်ဆောင်ပေးတော့ အဲဒီလက်ဆောင်လေး ကို တစ်သက်လုံး သိမ်းထားနော် ရင်ငြိမ်း၊ တန်ဖိုးမကြီးပေမယ့် အမှတ်တရဖြစ်ဖရာထဲမှာ အမှတ်တရဖြစ်စရာအကောင်းဆုံးလက်ဆောင် လို့ ငါတော့ သတ်မှတ်မိပါတယ်၊ ပြီးတော့ သည်အဖြစ်အပျက်လေးကိုလဲ့ ငါ တစ်သက်လုံး ဘယ်တော့မှမေ့တော့မှာမဟုတ်ဘူး၊ အာညာ နဲ့ပေါ့ဟာ၊ ပြောချင်တာပေါ့။

ခုတော့ ငါ တကယ်ပြောဖြစ်သွားပါပြီ။

နောက်ဘစ်ခုကလဲ သည်တစ်ခါ ဘုရားသွားရင် ခဏလေးနဲ့မပြန်ချင်ဘူးဟာ၊ ဘုရားပေါ်မှာ အကြာကြီးနေကြမယ်၊ ပြီးတော့.... အချိန်ရရင် ရင်ပြင်တော်ပေါ်ကနေ အောက်ဘက်ဆင်းပြီး ဧရာဝတီမြစ်ကြီးရဲ့သဲသောင်ပြင်ပေါ်မှာတို့နှစ်ယောက်လျှောက်သွားရအောင်၊ ဖြစ်နိုင်ရင် တို့နှစ်ယောက် အဲသည်လိုပဲ ခဏခဏ သွားချင်တယ်။

နင်နဲ့ အဲသည်လိုသွားနေရတဲ့အခါ ဘာဖြစ်လို့လဲ မသိပါဘူးနော်၊ ငါ အရမ်းပျော်တာပဲ၊ နင်ကောဟင် ရင်ငြိမ်း၊ တို့နှစ်ယောက် တစ်သက်လုံး အဲသည်လိုလျှောက်သွားနေရရင် သိပ်ကောင်းမှာပဲ။

စွဲမြဲ

*

[၆]

'ဘာလုပ်နေဘာလဲ စွဲမြဲရယ်၊ နင်ကလဲကြာလိုက်တာ'

'နေပါဦးဟ၊ ဒီစောင်းတန်း တစ်လျှောက်မှာ ရေးထားတဲ့ ပန်းချီကားတွေက မြသလွန်သမိုင်းကို သရုပ်ဖော်ထားတာဟ၊ စိတ်ဝင်စားဖို့ကောင်းတယ်၊ ခဏလေးဖတ်ချင်လို့'

'အံမယ်လေး မြသလွန်ဘုရား သမိုင်းများ ငါ့မေးလဲ ငါပြောပြတတ်ပါတယ်ဟယ်ဒါများအထူးအဆန်းကျနေတာပဲ၊ မြတ်စွာဘုရား မကွေး ဟိုဘက်ကမ်းက မင်းဘူး စက္ကတိန်းဘုရားကို ကြွလာတော့ ဒီဘက်ကမ်းက ဘောကျော်နဲ့ ဘောသောက ကြစုဖန်းသီးတွေ သွားကပ်တယ် အဲဒီတော့ မြတ်စွာဘုရားက သူတို့ဘီလူးတွေကိုးကွယ်ဖို့ ဆိုပြီးတော့ သိကြားမင်း လှူ

ထားတဲ့ မြသလွန်ကို စွန့်လိုက်တယ် အဲ့ဒီမှာဘီလူးတွေက သူတို့နေရာမှာ ဘုရားပြန်တည်တယ်၊ အဲဒီတော့ သိကြားမင်းက အဲ့ဒီ နေရာမှ အဲ့ဒီလို တည်ရမှာ မဟုတ်ဘူးဆိုပြီးဘုရားကို ဖြိုပစ်တယ် သလွန်ကိုလဲ ပြန်သိမ်းထားလိုက်တယ်၊ဒီနောက်ဘဝမှာဘီလူးညီနောင် လူပြန်ဖြစ်မှ အဲ့ဒီ သလွန်ကို ဌာပနာပြီး အခု ဒီနေရာမှာ တည်တယ် ဒါပဲ ပြီးပြီ’

ရင်ငြိမ်း အပြောနှင့် အမူအရာကြောင့် စွဲမြဲရယ်သည်၊ပြီးမှ စောင်းတန်း အပေါ်ရှိ ဘုရားသမိုင်း ပန်းချီကားဆီ လက်ညွှန်ရင်း။

‘နင်ပြောတာက အကြမ်း ဖျင်း ကြီး ရင်ငြိမ်းရဲ့ အဲ့ဒီလောက်တော့-ငါလဲ သိတာပေါ့၊ ခုဟာက အသေးစိတ်လေးတွေပါလို့’

‘ဘာ အသေးစိတ်လဲ’

‘ဟိုမှာ မတွေ့ဘူးလား ဘောကျော်နဲ့ ဘောသောတို့ ဘီလူးဘဝမှာ တည်တဲ့ဘုရားကို သိကြားမင်းက ဖြိုလိုက်တော့ ဘုရားပြိုသွားတယ် အဲ့ဒီနေရာကိုဘုရားပြိုရွာလို့ခေါ်တယ်တဲ့’

‘အံမယ်လေး အဲ့ဒါလဲ ဘာမှ မဆန်းဘူး နင်သွားချင်ရင် ငါလိုက်ပို့လို့ဘောင်ရတယ် ဖပြိုမှာ ငါ့သူငယ်ချင်းတွေရှိသားပဲ’

‘ဘယ်လို ရင်ငြိမ်း ဖပြိုဟုတ်လား’

ရင်ငြိမ်က ရယ်သည်။



‘ဘုရားပြိုကို ပြောတာပါဟ ဒါပေမယ့်တို့ဆီမှာ ဘယ်သူမှ ဘုရားပြိုလို့ စာသံ ပေသံနဲ့ မခေါ်ဘူး ဖပြိုပဲ ဖပြိုဆို လူတိုင်းသိတယ်’

‘နောက်ပြီးတော့ ရှိ သေး တယ် ရင်ငြိမ်းရဲ့ အဲဒီဘုရားကိုဖြိုပြီးတော့ သိကြားမင်းက သလွန်ကိုပြန်ယူလာပြီး ဘုရားသုံးဆူအရပ်က ရသေ့ကြီး သုံးပါးဆီမှာ အပ်ထားသတဲ့ အဲ့ဒီ ဘုရားသုံးဆူ ဆိုတာက’

‘ဒီနားလေးတင် မြို့ဟောင်းအရှေ့ဘက်က သိင်္ဂါဂိရိထဲတင် တိုဗိုလ်ချုပ်လမ်းမကြီး အတိုင်း တည့်တည့်ဝင်လာရင် အနောက်ဘက်ကမြို့ဟောင်း အရှေ့ဘက်က သိင်္ဂါဂိရိ သိတယ်မဟုတ်လား အဲဒီ အတိုင်းတန်းဘန်းသွားပြီးတော့ မင်္ဂလာဈေးတို့ ဘာတို့လွန်ပြီး အရှေ့ချိုးလိုက်ရင် အဲဒါဘုရားသုံးဆူပဲ ကယားတစ်နဲ့ကပ်နေတာ ဘုရားသုံးဆူ ဟိုဘက်ဆက်သွားလိုက်ရင် စစ်တပ်ပဲ စည်းရိုးချင်းကပ်နေတာ’

‘အဲဒီမှာ အခုဘာတွေရှိလဲ’

‘ဘုရားတွေရှိတာပေါ့ဟာဘုရားသုံးဆူပါဆိုမှဘုရားကြီးသုံးဆူရှိတယ်’

‘ဘုရားပြိုမှာကော’

‘ဘုရားပြိုမှာလဲ ဘုရားရှိတာပဲ’

‘အေးဟာ ငါအဲဒီနေရာတွေ သွားကြည့်ချင်လိုက်တာ’

‘အံမယ်လေး ဒါများ ခက်ခက်ခဲခဲ လိုက်လို့ ခုသွား

တောင်ခုရတယ် ဒါပေမယ့် ထားလိုက်ပါ နောက်တော့ အေးအေးဆေးဆေးသွားတာပေါ့'

'နောက်ပြီးတော့ ဟိုပေါ်မှာ ရေးထားတဲ့ထဲမှာရှိသေးတယ် ဟာ ဆုတောင်းပြည့်တို့ ပန်းရစ်တောင်တို့ ရွှေလင်မျှော်တို့ သိကြားနတ်ကွန်းတို့ သိမ်တော်ကြီးတို့ မကွေးမြို့တို့ ဘာတွေလဲ မသိဘူး'

'ဩော် အဲဒါတွေက နင်စောစောက ပြောတဲ့ဘုရားပြိုရယ် ဘုရားသုံးဆူရယ် ခုပြောတဲ့ဟာတွေ ပေါင်းလိုက် ရှစ်ခုရှိတယ် အဲဒီရှစ်ခုကို စောလူးမင်းက ဘုရားသမိုင်းနဲ့ ဆက်နေတဲ့ ရှစ်ဌာနဆိုပြီး တည်တာတဲ့ ဒါကြောင့် မကွေးမြို့က စောလူးမင်းတည်တဲ့မြို့ မြတ်စွာဘုရားရဲ့ ဗျာဒိတ်အရတည်တာ တို့မြို့က နှယ်နှယ်ရရမဟုတ်ဘူး'

'ငါ့အဖေပြောတော့ ဒီနေရာက အစက ဘီလူးတွေနေတဲ့ အရပ်တဲ့ အဲဒါကောဟုတ်လား'

'ဘုရားလက်ထက်ကတော့ ဟုတ်တာပေါ့ဟ စောလူးမင်းလက်ထက် ပုဂံခေတ်ကျတော့ ဘယ်က ဘီလူးတွေရှိတော့မှာလဲ ဘောသောဘောကျော်နဲ့တောင် လူပြန်ဖြစ်လို့ ဘုရားဒကာဖြစ်ပြီး ဘောကျော်က သူဌေးသမီး ပုဏ္ဏဝတီနဲ့တောင် ညားပြီးပြီ'

စွဲမြဲ ပြုံးပြုံးပျာပျာဖြစ်၍။

'အဲ နင် ခုနပြောတဲ့ ပုဏ္ဏဝတီဆိုတာလဲ တွေ့တယ် သူကတော့ ဘယ်လိုလုပ်ပြီး ဒီသမိုင်းထဲပါလာတာလဲ'



ရင်ငြိမ်းက မျက်ခုံးလေးပင့်ပြီး သက်ပြင်းချသည်။

'ဒုက္ခပါပဲ အခုမှ ငါလဲသမိုင်းကြောင်းရဲ့ အကုန်ပြန်လှန်ပြီး ဇာတ်စုံခင်းနေရတော့တယ် ပုဏ္ဏဝတီဆိုတာက သူဌေးသမီး ဘောကျော်ရဲ့ မိန်းမဖြစ်မယ့်သူ ပုဏ္ဏဝတီ အဖေက သုဘောဂသူဌေးကြီးတဲ့ အဲ့ဒီသူဌေးကြီးက မြသလွန်ဘုရားကိုတည်ချင်တယ် ဒါပေမယ့် ဘုရားသုံးဆူကရသေ့ကြီးတွေက ဒီသလွန်ဟာ ဘောကျော်တို့ရဲ့ သလွန် ဒါကြောင့် ဘောကျော်ဝင်စားတဲ့ လူတည်မှ ဒီဘုရားက ရမှာ ဘုရားဒကာဖြစ်ချင်ရင်ဘီလူးညီနောင် ဝင်စားတဲ့ လူယောကျ်ား ညီနောင်ကိုရှာသူတို့နဲ့ ပေါင်းတည်မှ ရမယ်ဆိုလို့ လိုက်ရှာတယ် မတွေ့ဘူး ဘယ်လိုရှာရမှန်းလဲ မသိဘူး'

ရင်ငြိမ်းက စိတ်မရှည်ဟန်နှင့် သမိုင်းကြောင်းကိုကျဉ်းနိုင်သလောက်ကျဉ်းပြီး တိုပြတ်ပြတ် ပြောသည်၊ စွဲမြဲကရင်ငြိမ်းဒါတွေ သိနေပုံကို အံ့သြနေမိသည်။

'အဲ့ဒီမှာ ပုဏ္ဏဝတီကလဲ ဘုရားဒကာဖြစ်တဲ့ ဘောကျော်နဲ့ ပေါင်းဖက်ချင်တော့ ရှာလို့မရတဲ့ အဆုံးမှာ ပန်းကုံးတစ်ခု အဓိဋ္ဌာန်ပြီး အခု နင်အခုနပြောတဲ့ ပန်းရစ်တောင်ပေါ်မှာ ချထားတယ်၊ စာတစ်စောင်လဲရေးထားတယ်၊ ဒီစာနဲ့ ဒီပန်းကုံးတို့ဘောကျော် ဝင်စားတဲ့ လူမှတွေ့မြင်ပါစေလို့ ပြီးတော့ ဘောကျော်ဝင်စားတဲ့ သူကို သူက လင်လဲ တော်ချင်တယ် အဲဒါနဲ့ သူ့လင်ဖြစ်လာမယ့် ဘောကျော် ဘယ်မှာ ရှိပါလိမ့်၊

ဘယ်တော့ လာမှာပါလိမ့်ဆိုပြီး ခဏခဏ မျှော်တယ်၊ အဲ့ဒီ မျှော်တဲ့နေရာမှာ ရွှေလင်မျှော်ဆိုတဲ့ဘုရား တည်ထားတာပဲ'

'နောက်တွေ့သွားကြောလား'

'တွေ့တာပေါ့ အဲဒီ ပန်းရစ်တောင်ပေါ်က စာခွေနဲ့ ပန်းကုံးကို တွေ့ပြီး ဘောကျော်တို့က သူဌေးကြီးနဲ့ ပုဏ္ဏဝတီဆီသွားတယ် ပုဏ္ဏဝတီနဲ့ ဘောကျော်နဲ့လဲ ပေါင်းရတယ် ဘုရားလဲ တည်ဖြစ်တယ်၊ ဒါပဲတော် ပြီဟာ နင်ဟာ နင်သိချင်လဲ ဆက်ဖတ်တော့မောပြီ'

စွဲမြဲက ရယ်၏။

'အံမယ်လေး နင်ပြောဘာနဲ့တင် အတော်လုံလောက်ပါပြီ ရင်ငြိမ်းရယ်၊ နေဦး နေဦး တစ်ခုပဲကျန်တယ် ဘောကျော်နဲ့ ပုဏ္ဏဝတီရတော့ ဘောသောကကော'

'ဘောသောကိုတော့ သူဌေးကြီးက ရွှေလှည်းတစ်စီး ငွေလှည်း တစ်စီးပေးပြီး ပြန်လွှတ်လိုက်တယ်တဲ့ အဲ့ဒီကနေ ဘယ်ပြန်သွားလဲတော့ ငါလဲမသိတော့ဘူး၊ သူတို့က လူပြန်ဖြစ်တဲ့အခါ ကုန်သည်တွေဖြစ်ပြီး ရွှေတွေ ငွေတွေလဲ ရသွားတော့ ရန်ကုန်ပြန်သွားတာဖြစ်ချင် ဖြစ်မှာပေါ့ဟာ၊ အဲဒါ နင်လဲ ဖြစ်ချင် ဖြစ်မှာပေါ့'

'ဟာ....ဘာဆိုင်လို့လဲ'

'ဘယ်သိမလဲ နင်က ဘောသောအကြောင်း သိပ်သိချင်နေတာကိုး'



'မဟုတ်ပါဘူးဟာ၊ ငါက သိချင်လို့ မေးရုံသက်သက်မေးတာပါ၊ ငါက ဘောသောတော့မဖြစ်ချင်ပါဘူး'

'ဒါဖြင့် ဘာဖြစ်ချင်လဲ'

'ဘောကျော်ပဲ ဖြစ်ချင်တာပေါ့ဟာ၊ ရွှေတွေ ငွေတွေက ဘာလုပ်ဖို့လဲ၊ ပုဏ္ဏဝတီနဲ့ပေါင်းချင်တာပေါ့'

'ဩော်...နင်က သူဌေးသမီးနဲ့မှရချင်တာပေါ့ ဟုတ်လား၊ အဲဒီလိုဆို သွားသွား.... ငါနဲ့မပေါင်းနဲ့ နင့်ဟာနင် သူဌေးသမီးပဲလိုက်ရှာတော့'

စွဲမြဲက ရယ်သည်။

'သူဌေးသမီးမို့ ပုဏ္ဏဝတီနဲ့ ရချင်တာမဟုတ်ပါဘူးဟာ၊ အကြောင်းရှိလို့ပါ'

'ဘာလဲ....ဘာအကြောင်းလဲ'

စွဲမြဲက ရယ်မြဲရယ်၍ ...

'ငါ ပါးစပ်နဲ့ မပြောချင်ဘူးဟာ.... ပြောရတာခက်တယ်၊ နင့်ဆီမှာရှိနေတဲ့စာအုပ် ငါ့ကိုပေးလိုက် ဒီနေ့ငါရေးအလှည့်၊ အဲဒီထဲမှာရေးပြမယ်နော်၊ ပုဏ္ဏဝတီရယ်၊ အဲလေ....ရင်ငြိမ်းရယ်'

စွဲမြဲ တမင်မှားလိုက်သောအမှားကြောင့် ရင်ငြိမ်းမျက်နှာလေး ရဲခနဲ ရှက်သွေးဖြန်းသည်။

ရှက်ရှက်နှင့် စွဲမြဲလက်မောင်းကိုလှမ်းထုရင်း....

'အံမယ်....ဘာပုဏ္ဏဝတီရယ်လဲ၊ ဟင်းနော် စွဲမြဲ နင်က ဘောကျော်ဆိုပြီး တမင် ငါ့ကို ပုဏ္ဏာဝတီလို့ ခေါ်

တာ ငါမသိဘူးမှတ်လို့လား၊ သေမယ်....ဘာမှတ်လဲ၊
ကဲ....ကဲ’

လက်သီးဆုပ်ပေါင်းများစွာက စွဲမြဲကျောပေါ်သို့ ထပ်မံကျလာသည်။

စွဲမြဲက သဘောကျစွာရယ်၏။

* * *

ရင်ငြိမ်း

စိတ်မဆိုးပါနဲ့ဟာ။

ဗြုန်းစားကြီးပြောလိုက်လို့ အလွယ်တကူနဲ့ ပေါ့ပေါ့ ပြောတယ်လို့လဲ မထင်ပါနဲ့၊ နှစ်ပေါင်းများစွာ သူငယ်ချင်းဘဝနဲ့ နေလာခဲ့ကြသူတွေမို့ ငါ့စိတ်ဓာတ် ဘယ်လိုဆိုတာ နင်သိပါတယ်။

နင့်အပေါ်မှာထားတဲ့ ငါ့ သံယောဇဉ်ကိုလဲ နင်ကလွဲရင် ဘယ်သူမှမသိနိုင်ပါဘူး၊ အဲဒီတော့ ငါ နင့်အပေါ် ပြောင်းလဲနေတဲ့အချစ်ကိုလဲ ငါ့ ဆက်ဟန်ဆောင် မျိုသိပ်မထားချင်တော့ဘူး။

ဒါကြောင့်လဲ နေ့လယ်က နင် မြသလွန်ဘုရားသမိုင်းအကြောင်းပြောရင်းကနေ အံ့ဩ



စရာကောင်းလောက်အောင် ဘဝရေစက်ဆုံပြီးပေါင်းရတဲ့ ပုဏ္ဏဝတီနဲ့ဘောကျော်အကြောင်းကြားရတဲ့အခါ ငါ ဘောကျော်ဖြစ်ချင်သွားတာပေါ့။

စိတ်ထဲမှာ နင့်ကို ပုဏ္ဏဝတီလိုပဲ သဘောထားလိုက်တယ်၊ နင်လဲသူဌေးသမီးပါပဲရင်ငြိမ်းရယ်၊ ဒါပေမယ့် အဲဒါကို ငါ ရည်ရွယ်ပြောတာမဟုတ်ပါဘူး၊ ကိုယ့်ချစ်သူကို ကိုယ် ဖြူသလား မည်းသလားတောင် မသိသေးဘဲနဲ့ တွယ်တာမျှော်လင့်နေတဲ့ သဘောလေးရယ်၊ စိတ်ကူးကောင်းကောင်းနဲ့ ချစ်သူနဲ့ ဆုံစည်းဖို့ အစီအမံသုပ်တတ်တာလေးတွေရယ်၊ ငါ သိပ်သဘောကျသွားတယ် ရင်ငြိမ်း။

နင်က ငါ့ကို ကြိုတင်ပြီးမျှော်လင့်နေတယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ နင်သာ ငါ့ကို တစ်သက်လုံး တွယ်တာသွားရင် သိပ်ကောင်းမှာပဲဆိုပြီး ငါ့ဘာသာ စိတ်ကူးယဉ်ကြည့်တာ၊ စိတ်ကူးကောင်းတာလေးကတော့ နင့်ကို ငါ ဟိုတုန်းကတည်းကချီးကျူးပြီးသားမို့ အထူးထပ်မပြောတော့ပါဘူး။

သူတို့နှစ်ယောက်ဘဝရေစက်ကြီးပုံ၊ တိုက်တိုက်ဆိုင်ဆိုင် ဖူးစာဆုံပုံလေးတွေဟာ ကြည်နူးစရာသိပ်ကောင်းတယ်၊ ပြီးတော့ သူတို့နှစ်

ယောက်လုံး အင်မတန်မှ မြင့်မြတ်တဲ့ ဘုရား ဒကာ ဘုရားဒကာမတွေလဲ ဖြစ်ကြရတယ်၊ အားကျဖို့မကောင်းဘူးလား။

အဲဒါလေးတွေ တွေးပြီး ကြည်နူးမိတာနဲ့ နင့်ကို ပုဏ္ဏဝတီနေရာမှာထားပြီး ငါက ဘောကျော် ဖြစ်ချင်သွားတာပါ။

နင့်ကို ငါ သိပ်ချစ်တယ် ရင်ငြိမ်း။

တို့နှစ်ယောက်မှာလဲ အင်မတန်ကြီးမားတဲ့ ဖူးစာရေစက်အကြောင်းရှိတယ်လို့ ငါ ထင်မိတယ်၊ စဉ်းစားကြည့်လေ၊ ငါ့မှာ နင်နဲ့ဆုံစည်းဖို့ မကွေးကို တမင် ပြောင်းလာရသလိုပဲ၊ ပြီးတော့ ငါ့ ဘဝမှာ ခုလို ချစ်သူ ဘဝကို တောင့်တဖို့မပြောနဲ့ သိပ်ခင်တဲ့ သူငယ်ချင်း အဖြစ်နဲ့တောင် ဘယ်မိန်းကလေးမှမရှိခဲ့ဖူးဘူး။

ဘဝမှာ နင့်တစ်ယောက်ကိုပဲ တွယ်တာခင်မင်မိသလို တစ်သက်လုံးအတွက်လဲ နင့်ကိုပဲ ငါ မျှော်လင့်မိတယ်။

နင်နဲ့ငါချစ်သူတွေဖြစ်ကြပြီး တစ်နေ့အတူတူ ပေါင်းရရင်တော့ ဘောကျော်နဲ့ ပုဏ္ဏဝတီလို မြင့်မြတ်တဲ့ ဘုရားဒကာ ဒကာမ ဘဝကို မရတဲ့တိုင် အင်မတန်မှ ပျော်စရာ ကြည်နူးအားကျစရာ ဘဝလေးတစ်ခု အတူတူ တည်ဆောက်နိုင်လိမ့်မယ်လို့ယုံကြည်မိတယ်ရင်ငြိမ်း။



အဲဒါပါပဲဟာ။

ငါ့အချစ်ကို နင်နားလည်ပါ ရင်ငြိမ်းရယ်၊ ပြီးတော့ ခုချိန်ကနေ စ,ပြီး တစ်သက်လုံး ချစ်သူဘဝနဲ့ နေသွားပါရစေ၊ တို့နှစ်ယောက် စိတ်တူ ကိုယ်တူ အချစ်တူနဲ့ လှပတဲ့ မေတ္တာ ကမ္ဘာလေး တစ်ခု တည်ဆောက် သွားကြရအောင်နော်။

ရင်ငြိမ်းရဲ့
စွဲမြဲ။
(ဒါမှမဟုတ်)
ဟိုရှေးတုန်းက ပုဏ္ဏဝတီရဲ့
ဘောကျော်။

*

[၇]

'ကဲ....ရောက်ပါပြီရှင်၊ ဟောဒီဘုရားဟာ ရှင်သိပ်ရောက
ချင်တဲ့ ရွှေလင်မျှော်ပါပဲ ကိုစွဲမြဲရဲ့၊ တချို့ကလဲ လ
ရှာမျှော်လို့ ခေါ်ပါသေးသတဲ့၊ သူဌေးသမီး ပု
ဝတီက သူ့ယောကျ်ား ဖြစ်လာမယ့် ဘောကျော်
တမျှော်မျှော် လာစောင့်နေတဲ့ နေရာပါတဲ့ ကိုဘေ
ကျော်ရဲ့၊ ကျေနပ်တော်မူပြီလား'

တောင်စွန်းလေးရှိ ဘုရားရင်ပြင်ဘော်ပေါ်ရောက်သည်နှ
ရင်ငြိမ်းက မျက်စောင်းထိုးရင်းပြောသည်။ စွဲမြဲကလည်း မျ
စွာ ကျေနပ်တော်မူသွားပုံရသည်။ ရင်ပြင်မှနေ ပတ်ဝန်းကျ
ကို လှည့်ကြည့်ရင်း—

'ရှုခင်းလေးက အရမ်းလှတာပဲနော် ရင်ငြိမ်း၊ နေ
လေးကို သဘောကျလိုက်တာဟာ၊ ဟိုဘက် တစ်ဘ
ကမ်းကို အတိုင်းသားမြင်နေရတာပဲနော်'



ရွှေလင်မျှော်ဘုရားက မြသလွန်မှနေ ဧရာဝတီမြစ်အထက်ဘက် အတော်လှမ်းလှမ်းလေးမှာတည်ရှိသည်။ အောက်ခြေမှာ လင်တဝချောင်းဟုခေါ်သော ချောင်းကလေးရှိသည့် ကမ်းပါးစွန်း တောင်ထိပ်လေးပေါ်တွင် ထုံး ဖြူ ဖြူ လေး နှင့် သပ္ပာယ် လွမ်းမောဖွယ်ကောင်းသည်။

ကမ်းပါးစွန်း၊ တောင်ထိပ်က ဧရာဝတီမြစ်ဘက်သို့ မသိမသာစွန်းထွက်နေ၍ တိတိရိရိပြတ်သလိုဖြစ်နေသော ကမ်းပါးစွန်းမှ အောက်ကိုငုံ့ကြည့်လျှင် ဧရာဝတီ၏ သောင်ပြင်ကို မြင်နေရသည်။

စေတီက အတောင်နှစ်ဆယ်ခန့်ရှိသည့်စေတီလေး။တံတိုင်းခတ်ထားသော အင်္ဂတေခင်းရင်ပြင်နှင့် သပ်သပ်ရပ်ရပ်ရှိသည်။ မြစ်ဘက်က တံတိုင်း ကတော့ ရေစားသွား၍နှင့် တူသည်၊ အောက်ခြေ မြစ်သောင်ပြင်ပေါ်သို့ ပြိုကျလျက်ရှိသည်။

အပေါ်မှငုံ့ကြည့်လျှင် ကြည်လင်နေသောရေထဲ၌ ဖွေးဖွေးရိပ်ရိပ် ပေါ်နေသော အုတ်ခုံကျိုးများပင် မြင်နေရသည်။ ကမ်းပါးစွန်းမှာတော့ ရှားပင်များနှင့် ထနောင်းပင်ကြီး တစ်ပင် ရှိသည်။

ဧရာဝတီမြစ် တစ်ဘက်ကမ်းသို့ လှမ်းကြည့်လျှင် မင်းဘူးဘက်မှ ဘုရားနီ၊ မန်းရေနံမြေနှင့် အောက်ကျောင်းဘုရားတို့ကို မြင်နေရသည်။

စွဲမြဲက ရှုခင်းများကိုလှမ်းကြည့်နေရင်းက သူ့လက်မောင်းကို တွဲခိုထားသော ရင်ငြိမ်းဘက်လှည့်၍....

'နေဦး ရင်ငြိမ်းရဲ၊ ဟိုတလောက ဒီဝါးတောချောင်းရွာက အသိတစ်ယောက်နဲ့တွေ့လို့ ဘုရားအကြောင်း မေးကြည့်တော့ သူတို့ဆီမှာ ဒီဘုရားသမိုင်းကိုတစ်မျိုး ပြောကြသေးတယ်တဲ့'

'ဘယ်လိုပြောလို့လဲ'

'သူတို့ ပြောတာက ဒီနေရာကနေ လင်မျှော်တာက ပုဏ္ဏဝတီရယ်လို့ မဟုတ်ဘူးပေါ့ကွာ....၊ သူတို့ ရွာက မင်းသမီးလေးတစ်ပါးပေါ့၊ အဲဒါ သူ့ယောကျာ်းက လှေထိုးသွားတဲ့၊ လှေနဲ့ ကုန်ကူးသွားတဲ့ သူ့လင်ကို ဒီနေရာကနေ လာလာမျှော်ရင်း ဒီနေရာမှာ တစ်နေ့ကို အုတ်တစ်ချပ် အုတ်တစ်ချပ်စီပြီး ဘုရားတည်တယ်တဲ့၊ ဘုရားလဲပြီးရော သူ့ယောကျာ်းကလဲ ပြန်မလာတော့ ရင်ကွဲနာကျပြီးသေသွားတယ်တဲ့၊ ဒါကြောင့် ဒီအောက်ကချောင်းကိုတောင် မင်းသမီးလေး လင်ကိုတ လို့ ဝပြီးမှသေလို့ လင်တဝချောင်းလို့ ခေါ်တယ် ပြောတာပဲ၊ ဒီရွာကမိန်းကလေးတွေဆို ဒီဘုရား မဖူးကြဘူးတဲ့၊ အဲ့ဒီလိုမျှော်ရမှာစိုးလို့တဲ့'

'ဟင်....ဟုတ်လို့လား'

'သူပြောတာပဲလေ၊ ဟုတ်ချင်မှလဲဟုတ်မှာပေါ့၊ ပါးစပ် ရာဇဝင်ဆိုတာ အမျိုးမျိုးရှိတတ်တာပဲ'

'ဒုက္ခပါပဲ၊ အဲလိုဆိုရင် ရင်ငြိမ်းလဲ ဒီဘုရားတောင် ဦးမချရဲတော့ဘူး စွဲမြဲရယ်...၊ ငါလဲ အဲလိုဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ'



စွဲမြဲကရယ်သည်။

'ဟာ....မဟုတ်တာ ရင်ငြိမ်းကလဲ၊ အဲလောက်ဘော့ပဲ မကြောက်စမ်းပါနဲ့၊ ငါကလဲ လှေထိုးသား ဘယ်တော့မှ လုပ်မစားပါဘူး၊ မသကာ ဘုရားလေး ဘာလေး တည်ရအောင် အင်ဂျင်နီယာလုပ်မှာပါ၊ နင်ကလဲ ငါ့ကို ဘာကိစ္စမျှော်ရမှာလဲ'

'ဘယ်ပြောလို့ရမလဲ၊ အဲသလိုမျှော်ရလို့ နင်ပြန်မလာရင် ငါလဲရင်ကွဲနာကျမှာ'

'ကြည့်...ပြောပြန်ပြီ၊ ဒီမှာရင်ငြိမ်း တို့လာဖူးတဲ့ ဘုရားက အဲဒီ အမည်မသိ ဝါးတောချောင်းက မင်းသမီး တည်တဲ့ဘုရား မဟုတ်ဘူး၊ ပုဏ္ဏဝတီ သောကျော်ကို မျှော်ပြီး နောက် ပျော်ပျော်ရွှင်ရွှင်ပေါင်း၊ မြဲသလွန် ဘုရားတည်ရတဲ့ သမိုင်းဘုရား၊ ကိုယ့်သမိုင်း ကိုယ်ယုံကြည်ချက်နဲ့ ကိုယ်ရှိခိုး၊ ဒီသမိုင်းက ဘုရားသမိုင်း အဆူဆူမှာ တရားဝင် အတိအလင်း ရေးထားတဲ့ သမိုင်း၊ အရပ်ပြော သမိုင်းက ကျမ်းဝင်သမိုင်းကို ကျော်မသွားစေနဲ့၊ ရှင်းရဲ့လား'

သည်တော့မှ ရင်ငြိမ်း စိတ်သက်သာသွားပုံ ရသည်။

'အေးလေ- အဲ့လိုဆိုရင်တော့ တော်သေးတာ ပေါ့၊ နို့မို့ ဒီက ချစ်လွန်းလို့ ကျောင်းတောင် မတက်ဘဲ ကျောင်းပြေးပြီး လာခဲ့ရတာ၊ ခုလိုသာဆိုရင်သေလိုက် ဖို့ပဲ ကောင်းတော့တယ်'

နှစ်ယောက်သား ဘုရားအတူရှိခိုးသည်။

ထိုအချိန်က သူတို့နှစ်ယောက် အခြေအနေသည် မြသလွန်ဘုရားပေါ်မှာ ဘုရားသမိုင်းပြောစဉ်ကနှင့် အနေအထားမတူတော့။ မြသလွန် ဘုရားပေါ်မှာတုန်းက သူငယ်ချင်းများ။

ခုတော့ ရည်းစားများလည်း ဖြစ်နေကြပြီ။

ကျောင်းပြေး၍လည်း လျှောက်သွားတတ်နေပြီဖြစ်၏။

* * *

အဓိကတော့ အဲ့ဒါပါပဲ ဝင်းဌေး၊ ငါတို့နှစ်ယောက်ရဲ့ အကြီးဆုံးပြဿနာက တစ်ယောက်နဲ့ တစ်ယောက် မခွဲခွာရက်အောင် အချစ်ကြီးနေမိတာပဲ၊ တစ်ယောက်နဲ့တစ်ယောက် တစ်ရက် လောက်တောင် ဘယ်လိုမှ ကင်းကွာနေလို့ မရကဲ့ကိစ္စက ကုမရတဲ့ ရောဂါကြီးတစ်ခုလို ငါတို့နှစ်ယောက်ကို စွဲကပ်နေတာပဲ'

စွဲမြဲ စကားအဆုံးမှာ ဝင်းဌေးကရယ်သည်။

'ကျောင်း ပြေးကြ၊ လျှောက်လည်ကြနဲ့၊ မင်းတို့ကတော့ အရမ်းပျော်နေမှာပေါ့'

စွဲမြဲက မချိသောအပြုံးဖြင့် ပြုံးသည်။

'ပျော်တာကတော့ ဘယ်လို ပျော်သလဲ မမေးနဲ့လို့တောင် ပြောရမယ် ထင်တယ်ကွာ၊ ငါတို့နှစ်ယောက် ရည်းစားဖြစ်ခြင်းရဲ့ အဓိက လက္ခဏာဟာ ဘာလဲလို့ မေးရင်၊ အဲဒီလိုနေကြတာလို့ပဲ ပြောရလိမ့်မယ်၊ မင်း



စဉ်းစားကြည့်လေ၊ ငါတို့နှစ်ယောက်မှာ ဒီပြင်ဟာ ဘာမှ မပြောင်းဘူး၊ အခေါ်အဝေါ်ဆိုရင်လဲ ရင်ငြိမ်းနဲ့ စွဲမြဲ၊ နင်နဲ့ငါနဲ့ပဲ၊ ရည်းစား ဖြစ်သွားလို့ ကိုကိုတို့ မောင်မောင်တို့၊ မောင်တို့၊ ကိုတို့ ပြောင်းသွားတာ မဟုတ်ဘူး၊ အဲ့.... စာရေးတဲ့ အခါရယ်၊ စိတ်လိုလက်ရ ရှိတဲ့အခါရယ် တစ်ခါတလေတော့ ရင်ငြိမ်းကငါ့ကို မောင်လို့ခေါ်တယ် သူ့ကိုသူလဲ ရင်ငြိမ်းလို့ပြောတယ် ဒါပေမယ့် ဒါကလဲ ဆယ်ကွေ့ တစ်ကွေ့တောင် မရှိပါဘူးကွာ၊ အာလဲ သိပ်မတွေ့ပါဘူး၊ နောက်ဆုံးကျတော့ နင်နဲ့ငါနဲ့ ရင်ငြိမ်းနဲ့ပဲ ပြန်ဖြစ်တာပဲ'

'ဒါကတော့ သိပ် အရေးမကြီးပါဘူး'

'အေး– တခြားအရေးမကြီးတဲ့ အဟာတွေလဲ ဘာမှ မပြောင်းလဲဘူး'

ဝင်းဌေးက ရယ်၍....

'ဖက်တာ၊ နမ်းတာတို့တော့ ပြောင်းမှာပေါ့ ကွာ၊ မဟုတ်ဘူးလား'

'အင်း—သွားသွား လာလာများတော့လဲ အဲဒါလေးတွေကတော့ ရှိတာပေါ့ကွာ၊ ဒါပေမယ့်အလွန်အကျွံကတော့ ဘယ်တော့မှ မရှိပါဘူး၊ စည်းလေးကမ်းလေးတော့ ရှိပါတယ်၊ ပြဿနာက တစ်ယောက်နဲ့ တစ်ယောက် တွေ့ချင် မြင်ချင်နေတာကွ၊ တစ်ယောက်အနားမှာ တစ်ယောက် ရှိချင်နေတာ၊ နည်းနည်းလေး မျက်စိအောက်က ပျောက်ရင် စိတ်မချနိုင်တော့

ဘူး၊ သဝန်ကလဲအရမ်းကို တိုတတ်နေကြတယ်’

‘အဲဒါနဲ့ ပြဿနာတက်ကုန်ရော ဆိုပါတော့’

‘အေးပေါ့၊ နောက်ဆုံး သူ့အိမ်က သိသွားတာပေါ့ကွာ၊ ကျောင်းပြေးတဲ့ ကိစ္စကလဲ မိသွားတယ်’

‘အဲဒီတော့’

‘အဲဒီတော့ တို့နှစ်ယောက်လဲ အတော်အတိ ဒုက္ခရောက်ကုန်တာပေါ့ကွာ’

ပြောရင်းနဲ့ စွဲမြဲကပတ်ဝန်းကျင်ကို တစ်ချက်လှမ်းကြည့်သည်။

ကားလေးက မြို့ပြင်ရောက်၍ လယ်ကွင်းများကိုနံဘေးမှာ ထားပြီး မောင်းနှင်ရသည်မို့ ရှုခင်းမြင်ကွင်းက အမြင်တဆုံး ကျယ်ပြန့်နေသည်။

ခပ်လှမ်းလှမ်း နေပူထဲတွင် လေပွေတစ်ခု ဝဲကတော့ထိုးနေသည်ကို မြင်တွေ့လိုက်ရ၏။

[၈]

‘ရင်ငြိမ်းမရှိဘူး စွဲမြဲ၊ ကျောင်းသွားပြီ၊ လာဦး၊ နင့်ကို ငါ မေးစရာရှိလို့’

ဘဝမှာ ပထမဆုံးစ လေပွေဝဲကတော့ ထိုးသောနေ့။ ထိုနေ့က အဖြစ်အပျက်ကို စွဲမြဲကောင်းစွာ မှတ်မိနေသေးသည်။

ထိုနေ့မနက်က ပုံမှန်အတိုင်း ကျောင်းသွားရန် ရင်ငြိမ်းကိုပင် ခေါ်ခြင်းဖြစ်သည်။ ခါတိုင်းလိုပဲရင်ငြိမ်းက သူ့ကိုစောင့်နေလိမ့်မည်။ သူလာမှကျောင်းအတူ သွားမည်ဟုပဲ အောက်မေ့သည်။

သို့သော် ရင်ငြိမ်းတို့အိမ် ရောက်သည့်အခါ၊ အိမ်အနေအထားနှင့် မိသားစုများ ရှိနေပုံ၊ ပုံစံက ဘာမှ မပြောင်းလဲသော်လည်း သူ ရောက်သွားသည့် အချိန်တွင် ရင်ငြိမ်းအစ်မ တင်တင်သိန်း ထွက်လာပြီး ပြောသော စကားကြောင့် စွဲမြဲ ထိတ်ခနဲဖြစ်သွားသည်။

တင်တင်သိန်းအမူအရာက တစ်မျိုးဖြစ်နေ၏။

မျက်နှာပျက်တက်တက် ဖြစ်နေသလို၊ သူနှင့်စကားပြေ ဆင်းလာသည့်အချိန်မှာပင် ပတ်ဝန်းကျင် ဘေးဘီဘယ်ည လှမ်းအကဲခတ်နေသေးသည်။

ရင်းငြိမ်းသူ့ကို မစောင့်ဘဲ ကျောင်းသွားနှင့်ပြီဆိုကတည က ပုံမှန်အခြေအနေ မဟုတ်တော့ဆိုသည်ကို စွဲမြဲသိလိုက်သည သို့သော် အကျိုးအကြောင်းသိချင်သေးသဖြင့်ဘာမှပြန်မပြေ ဘဲစက်ဘီးကို ဒေါက်ထောက် ရပ်ထားလိုက်ပြီး တင်တင်သိ ဆီလျှောက်သွားလိုက်သည်။

'နောက်ကို မနက်မနက် ရင်ငြိမ်းကို လာမခေါ် တော့ စွဲမြဲ၊ ညနေလဲပြန်လိုက်မပို့နဲ့တော့၊ ငါပြောတ ကြားလား'

ခေါ်တုန်းကတော့ မေးစရာရှိလို့ဟု ပြောပြီးခေါ်ခြ ဖြစ်သည်။ သို့သော် ခု သူပြောသည့်စကားက မေးစရာမဟု ပြောစရာသာ ဖြစ်နေ၏။

သူ့စကား နောက်ဆုံး ပိုဒ်လေးကတော့ မေးခွန်းလေး ဖြစ်နေသဖြင့် စွဲမြဲက ခေါင်းညိတ်လိုက်ရင်း....

'အင်း....ကြားပါတယ် မမတင်သိန်း၊ အဲဒါဘာ လို့လဲ'

'ဘာဖြစ်ရမလဲ၊နင်နဲ့ရင်ငြိမ်း ဖြစ်နေကြတာကို အိမ် သိသွားလို့ပေါ့'

'ဟင်'



'ဟင်မနေနဲ့၊ နင်တို့နှစ်ယောက် အဆက်ဖြစ်နေကြတာ ရော၊ ကျောင်းပြေးပြီး လျှောက်လည်နေကြတာရော အဖေသိသွားတယ်၊ မနေ့ကလဲ နင်တို့ကျောင်းပြေးပြီး ဘုရားသုံးဆူဘက် သွားကြသေးတယ် မဟုတ်လား၊ အဖေက အကုန်လုံး သိနေတယ်၊ အဲဒါညကလဲ ဟို ကောင်မ အရိုက်ခံရတာ ကောင်နေတာပဲ၊ နင်တို့နှစ် ယောက် ကျောင်းအတူတူသွား၊ အတူတူပြန် လုပ်နေ တာလဲ မလုပ်ရတော့ဘူးတဲ့၊ အခုရင်ငြိမ်းကို နင်တို့ ကျောင်း ဆယ်တန်းက မခင်စန်းနဲ့ အပ်ထားတယ်၊ ကျောင်းသွား ကျောင်းပြန် မခင်စန်းနဲ့ပဲ သွားရပြန် ရမယ်တဲ့'

စွဲမြဲ ဘာလုပ်ရမှန်းပင်မသိ ဖြစ်သွားသည်။သည်အတိုင်းဆို ရင်ငြိမ်းနဲ့ တွေ့ရဖို့ပင် လွယ်ပါတော့မလား၊ သူငြိမ်ပြီးပူပန် နေဆဲမှာပင် တင်တင်သိန်းကဆက်၍—

'အဲဒါ နင်နဲ့လဲအဆက်ဖြတ်ဖို့ ရင်ငြိမ်းကို ပြောထား တယ်၊ ဖြတ်ရင်ဖြတ် မဖြတ်ရင် ရင်ငြိမ်းကို ကျောင်း ထုတ်ပစ်မယ်တဲ့၊ ဒါနောက်ဆုံး သတိပေးတာပဲတဲ့'

'ဟာဗျာ၊ ဒုက္ခပါပဲ၊ အဲဒါဆို ဘယ်လိုလုပ်ရမလဲ'

တင်တင်သိန်းကတော့ အစကကည်းက သူတို့နှစ်ယောက် အခြေအနေကို ရိပ်မိနေသည်ဟု ရင်ငြိမ်းက ပြောဖူးသည်။ ပြီးတော့ တင်တင်သိန်းက ရင်ငြိမ်းဘက်က ဘာမဆိုအမြဲရှိ တတ်သည်။ ထို့ကြောင့် ကျဆင်းသွားသော စိတ်ဓာတ်နှင့်

အတူ တင်တင်သိန်းကို အားကိုးတကြီး မေးလိုက်ခြင်းဖြစ်သည်။

တင်တင်သိန်း အမူအရာက အားရစရာဘော့ တုံ့ပြန်မလာ။

'ဘယ်ပိုလုပ်မလဲ၊ လောလောဆယ်တော့ ဒီလိုပဲခဏ အဆက်ဖြတ် ထားလိုက်ကြ ဦးပေါ့ဟ၊ ဒါမှဖြစ်မှာပေါ့၊ နင်တို့ကလဲ ခက်တယ်စွဲမြဲ၊ နင်တို့ကိစ္စက ငါသိတာကြာလှပြီ၊ဒါမျိုး ဖြစ်လာမှာစိုးလို့၊သိုသိုသိပ်သိပ်နေ၊ သိပ်ထ မနေကြနဲ့လို့ ဟိုကောင်မကို တတွတ်တွတ်ပြောနေတဲ့ကြားက၊ နင်တို့က ပြောမရဆိုမရ ကဲနေကြတာကိုး၊ ကောင်းတယ်'

'ဒုက္ခပါပဲ မမတင်သိန်းရယ်၊ ဒီအတိုင်းဆို ကျောင်းမှာ ရင်ငြိမ်းနဲ့ စကားပြောဖို့တောင် ခက်သွားပြီ မမတို့ အဖေပြောသလို အဆက်ဖြတ်ဖို့ဆိုတာကလဲ မလွယ်ဘူး'

'ဩြော်....ခက်နေပါပြီ၊ ခုလောလောဆယ်တော့ ဘာအဆက်အသွယ်မှ မလုပ်ဘဲ အဆက်ဖြတ်သလို နေလိုက်ကြပေါ့ဟ၊နောက်မှလူကြီးတွေမသိအောင် တိတ်တိတ်ဆက်ပေါ့၊ ခုသွားဆက်လို့ကတော့ မလွယ်ဘူးနော်၊ အဖေက တကယ်လုပ်မှာ၊ တော်ကြာ ရင်ငြိမ်းကို ကျောင်းတကယ် ထုတ်ပစ်မှ ဟုတ်ပေ့ ဖြစ်နေမယ်'

'ဦးလေးက ကျွန်တော်တို့နှစ်ယောက်ကို သဘောမတူလို့လား'



'ဘယ်သိမလဲဟ၊ခုဟာကတော့ အဖေကလဲ နင့်ကိုပါ ဒေါကန်နေတယ်၊ နင့်ကိုရိုးသားတယ်ဆိုပြီး ယုံကြည်လို့ ဒီလောက်ခွင့်ပြုထားတာကို နင်ကအခွင့်အရေးယူတယ်၊ ဘာညာနဲ့၊ နင့်လဲ သူမကျေနပ်ဘူး'

'မဟုတ်ပါဘူး မမရယ်၊ ကျွန်တော်လဲ မဟုတ်တရုတ်လုပ်တာမှ မဟုတ်ဘဲ၊ ကျွန်တော်တို့နှစ်ယောက်၊ တစ်ယောက်နဲ့ တစ်ယောက် တကယ်ချစ်ကြတာပါ'

'ဩြော်....နင်တို့အရှယ်၊ နင်တို့အတန်းနဲ့ ဒီလိုဖြစ်နေတာကို ဘယ်မိဘက ခွင့်ပြုမလဲဟဲ့၊ ခုတောင်အဖေက ကိုယ့်သမီးပဲကိုယ်ဆူလို့၊ ကျောင်းသာ သွားတိုင်ရင် နင်ရော ရင်ငြိမ်းပါ ကျောင်းထုတ်ခံရမှာ သိရဲ့လား'

စွဲမြဲရင်မောစွာ သက်ပြင်းချသည်။

ခုချိန်မှတစ်စုံတစ်ရာ ဆက်ပြောနေလျှင်လည်း အကြောင်းထူးစရာ မမြင်၊ သို့အတွက် ပြေရာပြေကြောင်း ခေါင်းသာ အသာညိတ်ရတော့သည်။

'အင်း... အဲဒါဆိုလဲ ကျွန်တော် ကျောင်း သွားတော့မယ် မမတင်သိန်း၊ မမနဲ့ကျွန်တော် တွေ့သွားတယ်ဆိုတာသာ ရင်ငြိမ်းကို ပြောပြလိုက်ပါ'

တင်တင်သိန်းက ခေါင်းညိတ်သည်။

စွဲမြဲ စက်ဘီးပေါ်ပြန်တက်၍ နှင်းထွက်လာခဲ့သည်။

* * *

ကျောင်းရောက်သောလည်း ရင်ငြိမ်းကို မျက်နှာမကောင်းစွာ တွေ့ရသည်။

အခြေအနေက ဘာမှန်းမသိသဖြင့် စွဲမြဲလည်း အနားမကပ်ရဲ၊ ရင်ငြိမ်းကလည်း ခေါင်းကြီးတငုံ့ငုံ့လုပ်၍ ဘာစကားမှလာမပြော။ဘယ်သူနှင့်မှလည်း စကားသိပ်မပြောသည်ကိုမတွေ့ရ။

ညနေ ကျောင်းဆင်းသည့် အခါကျမှ ရင်ငြိမ်း သူငယ်ချင်း မိုးမိုးတစ်ယောက် မယောင်မလည်နှင့် စွဲမြဲနားရောက်လာသည်။ ခါတိုင်းကဲ့သို့ စာအုပ်ဖြင့်မဟုတ်ဘာ စာလေးတစ်စောင်ယူလာ၍ ပေးသည်။

ထုံးစံအတိုင်း ထိုစာကိုအိမ်အထိယူပြီး မဖတ်နိုင်၊ လမ်းမှာတင် ဖွင့်ဖတ်သည်။ စာကအရေးပေါ် ရေးလိုက်ရ၍လားမသိ အတွန့်အတက် အညွန့်အခက်တွေ ဘာမှမပါဘဲ လိုရင်းကိုသာ တိုးတိတိရေးထားသည်။

စွဲမြဲ။
မနက်က နင် အိမ်ရောက်ခဲ့သေးတယ် မဟုတ်လား၊ အိမ်မှာ မမတင်သိန်းနဲ့ တွေ့ခဲ့မယ်ထင်တယ်၊သူနဲ့တွေ့ရင်တော့နင်အကျိုးအကြောင်းသိခဲ့ရမှာပါ။
အခြေအနေ မကောင်းဘူးဟာ၊ ငါလဲမနေ့ညက အရိုက်တောင်ခံရဘယ်၊ ကိစ္စကတော့ နင်နဲ့ ငါ့ကိစ္စကို အိမ်ကသိသွားလို့ပေါ့။
တစ်နေ့နေ့ အခြေအနေလဲပေး၊ ကံလဲကြုံလာ



ရင်တော့ ပြန်ဆုံကြတာပေါ့ဟာ၊ လောလောဆယ်တော့ ငါ့ကိုခဏ မေ့ထားလိုက်ပါဦး။
ငါနင့်ကိုချစ်ပါတယ်၊ဒါပေမယ့် -

စာက တိုးတိတိနှင့် ရပ်သွားသည်။စာအောက်မှာ ခါတိုင်းထိုးနေကျ လက်မှတ်ကိုပင် ထိုးမပေးလိုက်တော့။

စာဖတ်ပြီး စွဲမြဲငိုင်ကျသွားသည်။

တစ်နေ့နေ့–တစ်နေ့နေ့ဆိုသော ကိစ္စကဘာမှ မရေရာသောစကားပင်။ ထိုတစ်နေ့နေ့ ဆိုသော မရေရာသည့်ကာလ မရောက်ခင် ကြားခရီးမှာ သူ ဘယ်လို နေရထိုင်ရ မည်နည်း။

ရင်ထဲမှာ ပူလောင် လင်းဟာနေသည်။

အိမ်ပြန်ချင်စိတ်လည်း လုံးဝမရှိတော့။

ဆောက်တည်ရာ မရသောစိတ်ဖြင့် ဇေယျတို့ အိမ်ဘက်သို့ ထွက်လာခဲ့၏။

* * *

'မဟုတ်ဘူး ဇေယျ၊ ငါဆိုလိုတဲ့ သဘောက၊ ခုလိုအခြေအနေက တောင်းဆိုလာတဲ့ အနေအထားမှာဘယ်လိုပဲဖြစ်ဖြစ် နေသင့်နေထိုက်တဲ့ပုံစံနဲ့နေရမှာပါပဲ ဆိုတာကို ငါလက်ခံပါတယ်၊ဒါပေမယ့် အဲဒါဟာ နှစ်ယောက်တည်းသိတဲ့အနေအထား တစ်မျိုးနဲ့ ညှိယူသွားလို့ဖြစ်နိုင်တာပဲ'

'အဲလေ အခုလဲ အဲဒီပုံစံပဲ မဟုတ်ဘူးလား'

စွဲမြဲက ခေါင်းခါ၍ ရင်ငြိမ်းစာကို ထုတ်ပြရင်း....

'အဲဒီပုံစံဆို ငါဘာပြောရေးလိုမလဲ ဇေယျ၊ မင်းစာဖတ်တတ်တာပဲ၊ သူ့စာကို သေချာဖတ်ကြည့် စမ်းပါဦး၊ ခုဟာက သူ့သဘောနဲ့ သူနောက်မှ နောက်ရောက်ရေး၊ ခုလောလောဆယ်တော့ ငါ့ကို ခဏမေ့ထားလိုက်ပါဦးတဲ့'

'ဒီလိုလဲရှိပါတယ် စွဲမြဲရာ၊ သူလဲဒီကိစ္စနဲ့ ပတ်သက်ပြီး အရိုက်အနှက်ခံ၊ အဆူအကြိမ်းခံထား ရတော့စိတ်ညစ်ညစ်နဲ့ ရေးမိရေးရာ ရေးချလိုက်တာ ဖြစ်နိုင်ပါတယ်'

'ဒါပေမယ့်စာကငါ့လက်ထဲကိုရောက်နေပြီကွ'

'အေးလေ....အဲဒါဆိုရင်လဲ လောလောဆယ်တော့ သူပြောသလိုပဲ နေလိုက်ရုံရှိတာပေါ့၊ နို့မို့ ဘာသွားလုပ်မလဲ၊ လုပ်စရာမှမရှိတော့တာ'

'ငါသူနဲ့ ဇွတ်တွေ့ပြီး အဲဒီကိစ္စရှင်းလိုက်ချင်တယ်ကွာ၊ သူ့ ငါ့ကိုကကယ်ချစ်ရင် ဒီစကားမျိုးဘယ်ပြောသင့်မလဲ၊ လောလောဆယ် ဒီလိုအခြေအနေ ရှိတယ်၊ ဒါကြောင့်ဒီလိုနေကြမယ်ဒါပေမယ့် တို့နှစ်ယောက်ကြားမှာ ဘာမှ မပြောင်းလဲဘူး လူချင်း မတွေ့ရပေမယ့် စိတ်ချင်းအမြဲဆုံနေကြမယ်၊ ဘာညာလုပ်ထားလို့ မရဘူးလား'

စွဲမြဲ စကားကြောင့် ဇေယျကခေါင်းကုတ်ရင်းပြုံးသည်။



'အေးလေ မင်းပြောသလိုလဲ ရတာတော့ရတာပေါ့၊ ဒါပေမယ့် သူက အဲလိုမှမလုပ်ဘဲ၊ အဲဒါကိုမင်းကသွားရှင်းလဲ သူက ဒီအတိုင်းပဲ ပြောလွှတ်မှာပေါ့'

'အဲ့လိုဆိုရင်တော့ ငါနဲ့ မဖြစ်ဘူးဇေယျ၊ အချစ်မှာ အဲလောက်မှ သတ္တိမရှိရင် ဘယ်လိုလုပ်ပြီး ရှေ့လျှောက်ကြုံရမယ့် အခက်အခဲတွေကို ရင်ဆိုင်မလဲ၊ ခုဟာက ပြဿနာဖြင့်စရုံရှိသေးတယ်သူက ကြောက်ပြီးတွက်ပြေးတာ တစ်မိုင်နှစ်မိုင်ရောက်နေပြီ'

ဇေယျက ဘာတွေးမိသည်မသိ ရယ်လိုက်ပြီး....

'အဲဒါဆိုလဲရှင်းရှင်းလေးပဲကွ၊ မင်းမှ သူ့ပုံစံကိုမကြိုက်တာ၊ မင်းနဲ့ မဖြစ်ဘူး ထင်မှတော့သူကလဲဖြတ်လက်စနဲ့၊ မင်းကလဲ တစ်ခါတည်းပဲ ဖြတ်ပစ်လိုက်ပေါ့ ပြီးတာပဲမဟုတ်လား'

'အေးပါ၊ ငါကလဲ့ အဲဒီအတိုင်း လုပ်မှာပါပဲ၊ ခုလဲ ဇာတ်လမ်းက ပြီးနေပါပြီ၊ နေပေါ့ကွာ သူ့တောင်မှ မေ့နိုင်သေးတာ၊ မေ့ခိုင်းသေးတာ၊ ငါကယောကျ်ားပဲ၊ သူ့ထက်နှစ်ခါ ပြန်တောင်မေ့နိုင်ရမှာပေါ့'

'ကောင်းတယ်စွဲမြဲ၊ မေ့ပင်လိုက်'

စွဲမြဲက ဇေယျမျက်နှာကို စေ့စေ့ကြည့်ရင်းဆွဲဆက်ထိုးပစ်လိုက်ချင်စိတ်တွေ ပေါ်နေသည် တမင်သက်သက် ရိနေသည်ဟုလည်း စိတ်ထဲထင်မိ၏။

သူလည်း ရင်ငြိမ်းလို အချိုးအစားအတိုင်းပင် စကားကို လက်လွှတ်စပယ်ပြောနေသည်။ မေ့ပင်လိုက်ဆိုသော စကားက သူတို့ပါးစပ်ထဲမှာ ထမင်းစားရေသောက်နိုင်လှသည်။

စစ်စစ်မှန်မှန် ချစ်ထားသောဘဝမှာ လွယ်လွယ်လေးမေ့ပစ်လို့ရနိုင်မရနိုင်၊ တကယ်ပဲ လုံးဝမသိတော့ဘူးလား။

စိတ်ဖြေစရာမရှိသဖြင့် သက်သာလိုသက်သာငြား လာမိခါမှ ဆောက်တည်ရာမရသော စိတ်အပြင်ဒေါသများပါပိုထွက်လာရသည်။

'ဘောက်'

ဇေယျနှင့် စကားဆက်ပြောချင်စိတ်လည်း မရှိတော့။

စွဲမြဲဒေါကန်ကန်နှင့် တောက်တစ်ချက်ခေါက်ရင်း ပြန်လာခဲ့သည်။

ဖြစ်နိုင်လျှင် လောကကြီး တစ်ခုလုံးကို စိစိညက်ညက်ချေပစ်လိုက်ချင်၏။

[၉]

တွေးရင်း တွေးရင်းနှင့် ရင်ငြိမ်း၏ ဝမ်းနည်းစိတ်က ဒေါသအဖြစ်ကူးပြောင်းသွားသည်။

စိတ်သက်သာရာရမလား အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက် ကြည့်သည်။ မရ။ လျှောက်၍ မရသဖြင့် ခုတင်ပေါ် သွားငုတ်တုတ် ထိုင်ကြည့်သည်၊ ဒေါသက မပြေ၊ ခုတင်ပေါ်မှ ဆင်း၍ ခုတင်နားမှာ မတ်တတ်ရပ်သည်၊ ဒါလည်းစိတ်ထဲမှာ မသက်သာ။

မျက်စိထဲမှာ မထုံဘတ်တေးအမူအရာနှင့် လှောင်သလိုလို သရော်သလိုလိုပြုံးနေသော စွဲမြဲ၏မျက်နှာကို မြင်သည်၊ ဘယ်လောက်အသည်းယားဖို့ ကောင်းပါသနည်း၊ သည်မှာကိုယ်က သူ့အတွက် သည်လောက်ခံစားနေရသည့်အချိန်၊ သူကတစ်ချက်ကလေးမှ မျက်နှာမညိုး၊ အမူအရာမပျက်။

ဒေါသဖြစ်ဖြစ်နှင့် ခုတင်ပေါ်က ခေါင်းအုံးကို ဆွဲယူပြီး နံရံဆီပစ်ပေါက်လိုက်သည်။

ဒါလည်း မထူးခြား။

နားထဲမှာ နေ့လယ်က မိုးမိုးပြောလိုက်သော စကားများ က တရစ်ဝဲဝဲပြန်ကြားနေသည်။

'နင့်ကောင်က ဘယ်လိုလဲရင်ငြိမ်း၊ နင်ကသာ ညည မျက်ရည် ကျရတာနဲ့ တစ်ရေးနိုး ထငိုရတာနဲ့၊ သူ့ အတွက် ခံစားနေရတာ သူကျတော့ ခပ်တည်တည်ပဲ၊ မတွေ့ဘူးလား၊ နင်ကမေ့ ဆိုတော့လဲ မေ့ပစ်လိုက် တာပဲ၊ ခုထက်ထိ နင်ရေးလိုက်တဲ့ စာနဲ့ပတ်သက်လို့ ဘာတစ်ခု လာပြောဖော့်ရလဲ၊ စွဲမြဲ အဲဒီလောက်နေ နိုင်တာ ငါသိပ် အံ့သြတာပဲ'

သည်တုန်းကတော့ ဟန်ကိုယ့်ဖို့ဆိုသော စကားနှင့်အညီ မာမာတင်းတင်းပင် မိုးမိုးကို တုံ့ပြန်နိုင်ခဲ့သည်။

'ဩော်- ဒါကတော့ ငါကသူ့ကို ဖြတ်လာတာကိုး တဲ့၊ သူက ငါ့ကိုဘာလာပြောလို့ရမလဲ၊ သူလဲ ဒီလိုပဲ နေပေးရမှာပေါ့၊အဲ့လိုမဟုတ်လို့ သူကကဂျီကဂျောင် လာလုပ်ရင် ငါပဲစိတ်ညစ်ရမှာပဲ၊ ကောင်းတယ်၊ သူ့ ဟာနဲ့သူ ဒီလိုပဲနေပစေ'

'အေးလေ- နင်တို့ကိစ္စနဲ့နင်တို့ ကျေနပ်နေရင်လဲ ပြီး တာပါပဲ၊ ဒါပေမယ့် ငါကတော့ စွဲမြဲကြည့်ရတာ အံ့သြတယ်၊ နင်နဲ့ပတ်သက်လို့ တစ်စက်မှ ခံစားရပုံ မပေါ်ဘူး၊ တွဲတုန်းကတောင်လဲ နင်တို့ပဲ အသည်း အသန် ခုကျတော့လဲ ဒီဘက်ကပြောတဲ့ လူကလဲခပ် လွယ်လွယ်ပဲ၊ လောလောဆယ် ငါ့ကိုမေ့ပစ်လိုက်တဲ့



ဟိုကလဲ ခပ်တည်တည်ပဲ မေ့ပစ်လိုက်ဆိုတာနဲ့ သတိ တောင် ရတဲ့ပုံမပေါ်တော့ဘူး'

အမှန်က မိုးမိုးပြောတာကို မခံချင်၍သာ ဇွတ်ခုခံနေရ သော်လည်း ရင်ငြိမ်းစိတ်ထဲမှာ စွဲမြဲကိုအတော် မကျေမနပ်ဖြစ် နေမိသည်။

မိုးမိုးပြောတာထက်ပင် စွဲမြဲဂုပ်နေပုံက ပိုဆိုး၏။

ပြန်တွက်ကြည့်သောအခါ တစ်ယောက်နှင့် တစ်ယောက် စကားလုံးဝမပြော စာတစ်လုံးမှ ရေးသား မဆက်သွယ် ဖြစ်သည်မှာတစ်ပတ်ကျော်ခဲ့ပြီ။

သည်လောက်ဆိုလျှင် တော်ရုံချစ်ကြသူများပင်အလူးအလဲ ခံစားနေရပြီ။ သည့်ပြင် လူမပြောနှင့် အဖေက ဆူရိုက်လိုက် သဖြင့် စိတ်ညစ်ညစ်နှင့် ဖြတ်စာကောက်ရေး လိုက်သော သူ ကိုယ်တိုင်ပင်လျှင် လွမ်းငွေ့ဝေစပြုပြီ။

ငါမှားသွားတယ်၊ အမှန်ကသူ့ကို ယတိပြတ်ကြီး အဲလို ရေးလိုက်ဖို့ မကောင်းဘူး၊ ဘာဖြစ်လဲ၊ အဖေဆူတုန်း ရိုက် တုန်းခဏကနေ၊ မေ့မေ့ ပျောက်ပျောက် ဖြစ်လောက်တဲ့ အချိန်အထိ နှစ်ယောက်သား နားလည်မှု ယူပြီး ဖြတ်ချင် ယောင်ဆောင်နေကြ။ ဒီကြားထဲမှာ မနေနိုင်လျှင် မိုးမိုးတို့ ဇေယျတို့လို ကိုယ့်ကို နားလည်တဲ့ သူငယ်ချင်းတွေ ကနေ တဆင့် တိတ်တိတ်ခိုး စာဆက်သွယ်ထားပြီးနေတဲ့ ကိစ္စ၊ ခုတော့ ငါကမေ့ပစ်လိုက် ဘာညာ သွားရေး လိုက်တော့-

ဘာညာ တောင်တောင် အီအီတွေး၍ နောင်တ တရား လေးတွေ ဝင်နေမိပြီ။

ဒီလောက်ချစ်ကြခင်ကြပြီးမှ ကန့်စွန်းရိုးကို လက်နှင့်ဆိတ်ဖြတ်သလို သောက်ခနဲ ပြတ်သွားရသည့် ဒုက္ခကမသေး၊ ညညဆိုလျှင် ရင်ငြိမ်းအိပ်၍ပင်မရ၊ မအိပ်ခင် သူ့ကို သတိရပြီးမျက်ရည်ကျရသလို တစ်ခါတလေ အိပ်မက်ထဲသူနှင့် ဟိုသွားဒီသွား၊ ဟိုတုန်းကလို ပျော်နေမိပြီး၊ အိပ်ရာကလန့်နိုးတော့ ကြေကွဲစိတ်ဖြင့် မျက်ရည်ဖိုင်ဖိုင်ကျရသည်သည်းအကြိမ်ကြိမ်။

တကယ်သာ သူ့စာကိုဖတ်ပြီး စွဲမြဲက၊ နင်ဒီလိုဘော့မပြောပါနဲ့ ရင်ငြိမ်းရယ်၊ နင့်ကို ငါမေ့ပစ်လိုက်လို့ဆိုတဲ့ကိစ္စဟာ ဖြစ်နိုင်တဲ့ ကိစ္စမှမဟုတ်ဘဲ၊ နင့်ကို ငါ မမေ့ပါရစေနဲ့၊ ငါ လောလောဆယ် ငါနဲ့မဆက်သွယ်ချင်နေပါ၊ ဒါပေမယ့် နင်ကတော့ နင့်ဆီတစ်ပတ်တစ်ခါလောက်တော့ စာရေးပါရစေ၊ ဒါမှမဟုတ်လဲ ဓာတ်လေးဖြစ်ဖြစ် လူလစ်တုန်းစကားပြောပါရစေ၊ ဘာညာ အပူကပ်သလျှင်လည်း လိုက်လျောနိုင်ဖို့ အဆင်သင့်ပင်။

ခုတော့ သေချင်းဆိုး စွဲမြဲ၊ ဘာတစ်ခုမှအကြောင်းမပြန်သလို၊ ဘာတစ်ခုမှလည်း အပူမကပ်၊ ဂျီမတိုက်၊ ရင်ငြိမ်းရေးလိုက်သည့်စာတစ်ကြောင်းကို ဘုရားဟော ဗျာဒိတ်များမှတ်နေသလား မသိ၊ မေ့ဆိုဘာနဲ့ တုံးတိတိကြီး မေ့ပစ်လိုက်သည်၊

စကားမပြောနှင့် ဆိုတာနှင့် တစ်လုံးဆိုဘစ်လုံးမှမဟာတော့ စာလည်း က ကြီးရေက, တစ်လုံးပင် မရေး။

'သေနာကျစွဲမြဲ၊ နင် ငါ့ကို တကယ်မချစ်ဘူးမဟုတ်
လား၊ ငါ့ကိုသက်သက်မဲ့ အပျော်လာတွဲတာမဟုတ်



လား၊ ငါကတော့ နင့်ကိုချစ်လိုက်ရတာ၊ နင်ကတော့
ငါ့ကိုချစ်ဟန်ဆောင်ပြီး လှည့်စားတယ်၊ သေချင်ဆိုး
မိုးကြိုးပစ်၊ မြွေပွေးကိုက်'

ပါးစပ်ကလည်း ပြော၊ မျက်ရည်ကလည်းကျ၊ လက်ထဲမှခေါင်းအုံးကိုလည်း စွဲမြဲ အမှတ်ဖြင့် စိတ်ရှိ လက်ရှိထုရိုက်ပစ်သည်။

ရိုက်ရင်းနှင့် မောလာတော့မှ ထိုခေါင်းအုံးကိုမျက်နှာအပ်ပြီး အားရပါးရငိုချလိုက်သည်။

'မနက်ဖြန်ကျရင်တွေ့မယ်၊ မသာကြီး၊ နင့်ကိုငါမုန်း
တယ် သိလားစွဲမြဲ၊ နင့်ကို ငါအရမ်းမုန်းတယ်'

ပြောရင်းနှင့် ရှိုက်စီးဆင်းလာသော နှာရည်များကိုလက်ဖြင့် ညှစ်ယူသည်။ ထိုနောက် မွေ့ရာပေါ် ဖြန့်ခင်းထားသည့်အိပ်ရာခင်းကို စွဲမြဲ၏ ခေါင်းအမှတ်ဖြင့် အားရပါးရသုတ်ပစ်လိုက်တော့၏။

* * *

'တောက် အဲဒီရင်ငြိမ်းကို ငါသုံး မကျေနပ်ဘူးကွာ၊
မင်း စဉ်းစားကြည့် ဒေယျ၊ အခုဆိုသူနဲ့ငါနဲ့ လုံးဝ
အဆက်အသွယ်ပြတ်နေတာ ဘယ်နှစ်ရက်ရှိပလဲ၊ တင်
ပတ်ကျော်သွားပြီ၊ အရင် တုန်းကများ တစ်ရက်
လောက်မတွေ့ရရင်ကို၊ ငါကနေနိုင်သလေးဘာလေး

နဲ့ မျက်ရည်ကျရ၊ စိတ်ကောက်ရလုပ်ခဲ့တဲ့ မိန်းမ၊ ခုကျတော့ သိပ်နေနိုင်နေတာပေါ့ဟုတ်လား၊ ငါက အစက သူ အဲလောက်အသည်းမာမှန်းမသိဘူး၊ မကျေနပ်ဘူးကွာ၊ လုံးဝမကျေနပ်ဘူး’

ကျောင်းမှာ၊ အတန်းထဲမှာ၊ ရင်ငြိမ်းရှေ့မှာ၊ တခြားသူငယ်ချင်းများ ရှေ့မှာတုန်းကတော့ ဘာမှ မဖြစ်သလို ထိမထင်အမူအရာမျိုးနှင့် ဣန္ဒြေသမ္ပတ္တိသိက္ခာ၊ သမာဓိကြီးနှင့်နေလာခဲ့ပြီး၊ ညနေ ကျောင်း ဆင်း ချိန် သူအိမ်ရောက်၍ သူနှင့် နှစ်ယောက်တည်းရှိမှ မျက်နှာဖုံးကွာကျပြီး ခံစားချက်တွေ ပေါက်ကွဲနေသည့် စွဲမြဲကိုကြည့်၍ ဇေယျကပြုံးသည်။

‘ဟေ့ကောင်၊ မင်းက ဘာပြုံးတာလဲ’

စွဲမြဲဒေါသမြားဦးက ရုတ်တရက် သူ့ဘက်လှည့်လာသည်။ ဇေယျက အရူးတစ်ပိုင်းလို ဖြစ်နေသော စွဲမြဲကို ပြုံးမြဲပြုံးလျက်ကြည့်ရင်း....

‘မင်း ဖြစ်နေပုံ မင်းပြန်စဉ်းစားကြည့်ဦးမှပေါ့ စွဲမြဲ မင်းဟာက အရူးတစ်ယောက်လို ဖြစ်မနေဘူးလား၊ မင်းကို ငါပြောသားပဲ၊ ဘယ်လိုမှ မနေနိုင်တော့ဘူးဆိုရင်လဲ ရင်ငြိမ်းကို စာနဲ့ဖြစ်ဖြစ် ရေးပြီး အကျိုးအကြောင်းပြောပြ၊ ဇီလိုကြီးတော့ ပစ်ပစ် ခါခါ လုပ်မထားပါနဲ့၊ လူရှေ့သူရှေ့မှာ အဆက်အသွယ်ဖြတ်ထားရင်တောင် လူမသိ သူမသိ တစ်ယောက်နဲ့တစ်ယောက် အရင်လိုပဲ ပြန်ချစ်နေပါရစေ၊ ဘာညာ



လုပ်ပါလားဆိုတော့လဲ မင်းပဲ မာနကြီး တစ်ခွဲသာလိုလို၊ ဘာလိုလိုနဲ့၊ နေပစေ၊ သူတောင်မေ့နိုင်သေးတာ၊ ဘာညာနဲ့ ဖင်ခေါင်းက ကမ္ဘာလောက်ကျယ်နေပြီး’

ဇေယျက စွဲမြဲအရှိုက်တည့်တည့်ကိုလာထိသည်၊ ဒီပြင်ကိစ္စဘာမှ လုပ်မရတိုင်း ထွက်ပြူးရင်းထွက်နေသည့် ဒေါသက ဇေယျဆီ အတိုးလိုက် အတာစလုက် ရောက်သွားသဖြင့်—

‘ငါဖင်ခေါင်း ကျယ်တာ မဟုတ်ဘူး ဇေယျ၊ သူ့အကြောင်းကို ငါသိတယ်၊ သူငါ့ကို ဘယ်လိုမှ မမေ့နိုင်ဘူး၊ ငါလဲသူ့ကို မမေ့နိုင်ဘူး၊ သူလဲငါ့ကို မမေ့နိုင်ဘူးဆိုတာ သူရောငါရောသိတယ်၊ အဲဒီ သိလျက်သားနဲ့ အခုထက်ထိ သူက ဟန်တစ်ခွဲသားနဲ့ မာန်လုပ်နေလို့ ငါဒေါသဖြစ်တာ’

‘အဲလိုဆိုလဲ ကိုယ်က ယောကျ်ားလေးပဲကွာ၊ ကိုယ်က စပြီးပြေရာ ပြေကြောင်း တစ်ခုခုပြောလိုက်ပေါ့၊ ခုလောက်ဆို သူလဲမင်းဆီက တစ်ခုခုစောဒကပြန်တက်ဖို့ ကိစ္စကို မျှော်ရင်မျှော်နေမှာပေါ့’

‘မျှော်ရင် မျှော်နေမှာ မဟုတ်ဘူး၊ မျှော်ကို မျှော်နေတယ်၊ ငါသိတယ်၊ ဒါပေမယ့် ဒီလောက်တစ်ယောက်ကိုတစ်ယောက် ချစ်တဲ့သူအချင်းချင်း လွယ်လွယ်ကူကူမေ့နိုင်တာကို မကျေနပ်လို့ တစ်ယောက်နဲ့ တစ်ယောက်မေ့ရင် ဝေးရင် ဘယ်လိုခံစားရမယ် ဆိုတာသူ သေချာသိသွားအောင် တမင်ပညာပေးနေတာ’

စွဲမြဲစကားအဆုံးမှာ ဇေယျက ဝါးလုံးကွဲ ထရယ်သည်။ ရယ်၍ ဝသလောက်ရှိမှ စွဲမြဲကိုသဘောကျစွာ ပြုံးကြည့်ရင်း–

'အင်း.... မင်းပုံစံက ဘယ်လို ဖြစ်နေသလဲ ဆိုတော့၊ အနင်းခံနေတယ်လဲပြောသေး၊ အသံက တဲခေါင်မိုးက ထွက်လာတယ်ဆိုတဲ့ လူကြွားပုံစံမျိုး ဖြစ်နေပြီ စွဲမြဲ၊ မင်းကသူ့ကို ပညာပေးနေတာဆိုရင် သူခံစားနေရတဲ့ အချိန်မှာ မင်းက ခပ်တည်တည်လေးနဲ့ ဒူးနှုန်နေရုံပဲဗျ တာပေါ့ကွ၊ ခုကျတော့ ဟိုကခံစားရသလား မခံစားရသလား မသေချာသေးခင်မှာ မင်းက ရှုံးတော့မယ်'

'ရှုံးရှုံးကွာ၊ သူလုပ်ပုံက အလုပ်မှမဟုတ်ဘဲ'

'မင်းလုပ်တာလဲ အတူတူပဲပေါ့ စွဲမြဲရ၊ ကိုယ့်ဟာကိုယ်လဲ ခံနိုင်ရည်မရှိဘဲနဲ့ ဘာဖြစ်လို့ မာနကြီးသွားခံခနရလဲ၊ ကဲ....ရိုးရိုးနဲ့ရှင်းရှင်းလေးပဲ၊ ငါပြောမယ် စွဲမြဲ၊ မင်းရှုံးကြောင်း မှုကြောင်းနဲ့ ဘာမှ ထင်ရာလျှောက်ပြောမနေနဲ့၊ မနက်ဖြန်ကျရင် စနေနေ့၊ ကျောင်းမှာ အချိန်ပိုသင်တန်းရှိတယ်၊ အဲဒီမှာ ဆယ်တန်း ဘ-မခင် စန်းတို့နဲ့လဲ အချိန်ချင်းမတူဘူး၊ ရင်ငြိမ်းကိုကျောင်းလိုက်ပို့မယ့် မတင်တင်သိန်းကလဲ ကျောင်းမှာထားခဲ့ပြီး ပြန်သွားမှာပဲ၊ အဲ့ဒီကျရင် မင်းကျောင်းထဲမဝင်ဘဲ အပြင်တစ်နေရာရာက စောင့်နေ၊ မတင်တင်သိန်း ပြန်သွားတာနဲ့ ရင်ငြိမ်းကို အကျိုးအကြောင်းပြောပြီး မင်းဆီ ငါလွှတ်လိုက်မယ်၊ မနက်ဖြန် တစ်ရက်ကတော့ အချိန်ပိုပဲ၊ အဲဒီတစ်ချိန် ကျောင်းလစ်ပြီး



မင်းတို့ချင်း အလွမ်းပြန်သယ်ကြ၊ ခဏခဏတော့ဒါမျိုး မလုပ်နဲ့၊ ဒီတစ်ခါ ထပ် ပြဿနာဘက်ရင် ပိုဆိုးကုန်လိမ့်မယ်၊ နားလည်ရဲ့လား'

ဇေယျစကားအဆုံးမှာ စွဲမြဲငြိမ်သွားသည်။

ဇေယျပြောသော အစီအစဉ်လေးကတော့ ဖြစ်လာခဲ့လျှင် အတော်ကောင်းမည်။

လူကြားကောင်းအောင် ဘာညာအော်ဟစ် ကြိမ်းဝါးနေရသော်လည်းကိုယ့်ရင်ထဲကဝေဒနာကိုကိုယ်ပဲသိသည်။နောက်ထပ်တစ်ပတ်လောက်သာဒီလိုဆက်နေသွားရင်ယောကျ်ားကြီးတန်မယ့် လွမ်းဖျာလွမ်းနာကျ၍ သေရသည်ဆိုပါက လူကြားရှုပင် ကောင်းမည်မဟုတ်။

'ဘယ်လိုလဲ စွဲမြဲ၊ ငါပြောသလို လုပ်မလား၊ ဒါမှ မဟုတ် နောက် ထပ် တစ်ပတ် ကျော်ကျော် လောက် ရင်ငြိမ်းကို ပညာထပ်ပေးထားဦးမလား'

ဇေယျက ပြုံးဖြဲဖြဲနှင့် မာဆတ်ဆတ်သံ တမင်လုပ်၍မေးသည်။

စွဲမြဲ အကျပ်ရိုက်သွား၏။

စောစောက ကိုယ့်ဟာကိုယ် တင်ထားခဲ့သော အရှိန်ကို အရှက်မရှိ ပြန်လျှော့ချရဖို့ကလည်း ခက်နေသည်။

သို့သော် ပြည်ထဲရေး၊ ပမ်းရေးနှင့် အရှက်ကွဲရေးတို့ထက် လွမ်းရေးက ခက်နေသဖြင့် လူမကြီးသေး သော်လည်း လူကြီးများရှက်လျှင် လုပ်နေကျပုံစံအတိုင်း ဟီးခနဲ့တစ်ချက်ရယ်လိုက်ပြီး–

'မင်းပြောသလိုပဲ လုပ်တော့မယ်ကွာ၊ မနက်ဖြန်ကျရင် ရင်ငြိမ်းကို မင်း ဆက်ဆက်ပြောပေး ဟုတ်လား'

'မအေပေး'

ဇော်ယျက တစ်တစ်ခွခွကြီး မေတ္တာပို့၍ကောင်းချီးမင်္ဂလာပြု၏။

မနက်ဖြန်ကျလျှင်တော့ ပွဲကြီးပွဲကောင်းပင်။

*

# အပိုင်း (၃)

[၁]

'ကဲပါကွာ၊ သဘောကတော့ မင်းတို့နှစ်ယောက် အဲလို ဖြစ်ပြီး ပြန်ကြည် သွားကြတယ် ပေါ့၊ အဲလိုမဟုတ် လား'

အရှိန်လေးနှင့် ပြောနေဆဲ၊ စိတ် ကောင်းစွာ မရှည်ချင် တော့သော လေသံဖြင့် ဖြတ်မေးလိုက်သော ဝင်းဒွေးစကား ကြောင့် စွဲမြဲစကားများ တုံ့ခနဲ ဖြတ်ဘောက်သွားသည်။

ပြီးမှ တစ်ချက်ရယ်၍....

'ဘယ်လိုဖြစ်တာလဲကွ၊ သူ့အပိုင်းနဲ့သူ တစ်ဆင့်ပြီး တစ်ဆင့် ပြေဒပြမှာပေါ့၊ ဘယ်လိုကြောင့် ဒီလောက် လောနေရတာလဲ'

'ဟာ....ငါသိချင်တာက နောက်ဆုံးကျတော့ မင်းတို့ နှစ်ယောက် ဘာဖြင်သွားကြသလဲ ဆိုတာပဲကွ၊ မင်း က ဟိုရစ်ဒီရစ်နဲ့ သိပ်အသေးစိတ်တွေ ဖွဲ့နွဲ့ပြောနေ တော့ နားထောင်ရတာ စိတ်မရှည်ချင်တော့ဘူး'

ဝင်းဌေး စကားကြောင့် စွဲမြဲကရယ်သည်။

'ခက်ပါလား ဝင်းဌေးရာ၊ မင်းညစ္စာက ဘာနဲ့တူနေ
သလဲဆိုတော့ ခုခေတ် ဝတ္ထုဖတ်တဲ့ ကောင်မလေးတွေ
အတိုင်းပဲ၊ ဝတ္ထုဖြင့် စ မဖတ်ရသေးဘူး၊ ဇာတ်လမ်း
မှာ ဘာဖြစ်လဲ အရင်သိချင်နေပြီ၊ စာအုပ်ကိုအစဉ်
အတိုင်း တစ်မျက်နှာပြီး တစ်မျက်နှာ ဖတ်သွားပါကွ
ဘာကိစ္စ ဇာတ်သိမ်း စာမျက်နှာကို အရင်လှန်လှန်
ကြည့်ချင်ရတာလဲ'

'စိတ်မရှည်ဘူးကွ၊ မင်းညစ္စာက ငါ့သိချင်တဲ့ နေရာ
ရောက်ဖို့ အဝေးကြီးလိုဦးမယ်'

'မင်းက ဘာသိချင်လို့လဲ'

'အခုမင်းမကွေးကို ဘာကိစ္စနဲ့ သွားနေတယ်ဆိုဘာပဲ'
စွဲမြဲက မချိပြုံး ပြုံးသည်။

'ငါလဲ အဲဒါပဲပြောပြနေတာပဲ ဝင်းဌေးရာ၊ မင်းသိပ်
သိချင်ရင်လဲ ငါကြိုပြောပြလို့ ရပါတယ်၊ အခုက ငါ
မကွေးကို သွားတဲ့ကိစ္စက ရင်ငြိမ်းနဲ့ တွေ့ရမလားလို့
သွားတာပဲ၊ ကဲ – ရှင်းပလား၊ ကျေနပ်ရင် တော်ပြီ၊
ငါဆက်မပြောတော့ဘူး'

'မဟုတ်ဘူးလေကွာ၊ ဒီလိုတော့ လုပ်လို့ ဘယ်ဖြစ်မလဲ၊
အကျိုးနဲ့ အကြောင်းနဲ့ တော့ ပြောရမှာပေါ့၊ ဘာ
ကိစ္စ ရင်ငြိမ်းနဲ့ သွားတွေ့ရမှာလဲ၊ ရင်ငြိမ်းနဲ့ မင်းရဲ့
အခြေအနေက အခုရောဘယ်လိုလဲ၊ မင်းအခုပြောနေ
တဲ့ ကိစ္စတွေက ကြာပြီမဟုတ်လား'



စွဲမြဲက လက်ဆယ်ချောင်းထောင်၍–

'ဆယ်နှစ်ရှိပြီ သူငယ်ချင်း၊ မင်းကိုငါ အခုပြောနေတဲ့
ကိစ္စတွေက ကျန်ခဲ့တဲ့ဆယ်နှစ်၊ ငါ ကိုးတန်းတုန်းက
ဖြစ်ခဲ့တာတွေ ပြောပြနေတာ'

'အေးလေ....အဲဒါကြောင့် ငါမေးတာပေါ့၊ အခုရော
မင်းနဲ့ ရင်ငြိမ်း အခြေအနေက ဘယ်လိုလဲလို့'

'ဘယ်လိုမှမလဲနဲ့ ဝင်းဌေး အဲဒီကိစ္စငါမသိဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ရင်ငြိမ်းနဲ့ငါမတွေ့တာပဲ အဲ့ဒီ
ဆယ်နှစ်နီးပါးပဲ ရှိနေလို့ပဲ'

'မတွေ့တာ ဟုတ်လား'

'ဟုတ်တယ်၊ အဲဒီလွန်ခဲ့တဲ့ ဆယ်နှစ်လောက် တုန်းက
ရင်ငြိမ်းနဲ့ငါ ဖြစ်ခဲ့တဲ့ဇာတ်လမ်းတစ်ပိုင်းပြီးတဲ့နောက်
အခုထက်ထိ သူနဲ့ငါနဲ့ ပြန်မတွေ့ ရသေးဘူး၊ အခု
သွားနေတာတောင် ငါ့စိတ်ကူးနဲ့ငါ တွေ့ရမယ်ထင်
ပြီး သွားနေတာနော်၊ တွေ့ရမယ်မတွေ့ရဘူး ဘယ်လို
မှ ပြောလို့မရသေးဘူး'

'ဒါဖြင့်နေပါဦး၊ အဲဒီလွန်ခဲ့တဲ့ ဆယ်နှစ် လောက်က
မင်းတို့နှစ်ယောက်က ဘယ်လိုလုပ် ကွဲသွားကြတာလဲ'

ဝင်းဌေးအမေးကြောင့် စွဲမြဲရယ်မိသည်။

'အခုပြောနေတာလဲ အဲဒါပဲပေါ့ ဝင်းဌေး၊ မင်းက
စိတ်မရှည်ဘူးဆိုတော့ ငါကဘယ်လိုလုပ်ရမလဲ'

'ဟင်— ဒီလိုဆိုရင်တော့ ငါ့ဦစွာ တုံရင်းတုံရင်းပဲပြန်ရောက်ရဦးတော့မှာပေါ့၊ ဒါဖြင့် ဒီလိုလုပ်ကွာ'

'အင်း....ပြော၊ ဘယ်လိုလုပ်မလဲ'

'ဟာချို့ ကိစ္စလေးတွေကို သိပ်အကျယ်ချဲ့ ပြောမနေနဲ့ ခပ်တိုတိုနဲ့ လိုရင်းကိုချုံ့ပြော၊ အဲဒါပြောပြီးမှ မင်းဆက်ပြောချင်သေးရင် ပြောချင်တဲ့အပိုင်းကို တစ်ခါအသေးစိတ်ပြန်ပြော၊ အခုဟာက ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲသိချင်စေါ မင်းကတော်တော်နဲ့ ရှေ့မရောက်နိုင်ဘော့ဘူး ဖြစ်နေတယ်'

'အခု မင်းကိုငါပြောနေတာကိုက အတော်ကျဉ်းချုပ်ပြီး ပြောနေတာပဲ ငင်းဌေး၊ အသေးစိတ်သာ အကုန်လုံးပြောရရင် နောက်ထပ် နှစ်ရက်နဲ့တောင် မပြီးဘူး မင်းပြန်စဉ်းစားကြည့်၊ ငါးတန်းကနေ ကိုးတန်းအထိ ငါတို့နှစ်ယောက် ရည်းစားမဖြစ်ခင် ကလေးဘဝ၊ သူငယ်ချင်းဘဝက အပိုင်းကို ငါဘယ်နှစ်ကွက်ပဲပြောပြလဲ၊ အဲဒီကာလတင် ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း၊ ငါးနှစ်တိတိရှိတယ်၊ အဲဒါတွေသာ အသေးစိတ် ငါပြောလိုက်ရင်း မင်းတစ်ခါတည်း ကားပေါ်က ဆင်းပြေးသွားလိမ့်မယ်'

'အေးပါ၊ ဟုတ်ပါပြီ၊ မင်းကတော့ မင်းအဖြစ်အပျက်ကို မင်းအသေးစိတ် သိနေတာမဟုတ်လား၊ ဘယ်ဟာအရေးကြီးတယ်၊ ဘယ်ဟာအရေးမကြီးဘူး ပိုသိတာပေါ့၊ ဒါပေမယ့် ငါက ဒါတွေဘယ်သိမလဲ၊ ခုနမင်းပြောသွားတဲ့ နေရာဆိုရင် ငါ့စိတ်ထဲမှာ ဘာမှအရေးမကြီးဘူး အောက်မေ့တာပဲ'



'ဘယ်ဟာကိုလဲ'

'ခြော်—ရင်ငြိမ်းအဖေက မင်းတို့အကြောင်း သိသွားလို့ ရင်ငြိမ်းကို ဆူတာရိုက်တာကနေ မင်းတို့တစ်ပတ်လောက် ဝေးနေတုန်းမှာ အပြန်အလှန်စိတ်တိုဒေါသဖြစ်၊ ငိုကြ၊ လွမ်းကြဖြစ်နေတဲ့ အကြောင်းတွေပေါ့' စွဲမြဲက သက်ပြင်းချသည်။

'ငါ့ ဇာတ်လမ်းမှာ အဓိက အပိုင်းက အဲဒီနေရာပဲ ဝင်းဌေး၊ အဲဒီအဖြစ်အပျက်လေးဟာ သာမန်အားဖြင့် ဘာမှအရေးမကြီးဘူးလို့ ထင်ရပေမယ့် နောက်ဖြစ်လာမယ့်အကျိုးဆက်အဖြစ်အပျက်တွေရဲ့အကြောင်းရင်းဟာအဲဒါပဲ၊ အကယ်၍ အဲဒီ အဖြစ်အပျက်လေးသာ အဲလိုမဖြစ်ခဲ့ရင်၊ ရင်ငြိမ်းနဲ့ ငါဟာ ခုလိုဆယ်နှစ်လောက် သူ့အကြောင်းကိုမသိ၊ ကိုယ့်အကြောင်း သူမသိဘဝနဲ့ ဝေးချင်မှဝေးရမယ်'

'ဘယ်ဆိုတဲ့စာပါလားဟ၊ အဲ့လောက်တောင်ပဲလား'

'အဲလောက်ပဲ ဝင်းဌေး၊ မင်းစဉ်းစားကြည့် ရင်ငြိမ်းနဲ့ငါ့ဘဝမှာ ရှေ့ပိုင်းက တစ်လျှောက်လုံး ဘာပြဿနာ၊ ဘာအခက်အခဲ ရှိခဲ့လို့လဲ၊ ဝေးလဲတစ်ခါမှမဝေးခဲ့ဖူးဘူး၊ အဲလောက်နီးနီးကပ်ကပ် နေလာခဲ့ရတော့၊ ပထမပိုင်းမှာ မင်းကိုငါပြောခဲ့သလိုပဲ၊ ရင်ငြိမ်းကိုငါချစ်လို့ ချစ်နေမှန်းတောင် မသိခဲ့မိဘူး'

'အင်း – ငါမှတ်မိပါတယ်၊ မင်းတို့နှစ်ယောက် အတူတူ တွဲသွားတာကို ဆယ်တန်းကကောင်တွေနောက်လို့ တစ်ပတ်လောက် ခပ်တန်းတန်းနေပြီးမှ ပြန်ပေါက်ကွဲပြီး ရည်းစားတွေဖြစ်ကုန်ကြတာကို ပြောတာ မဟုတ်လား'

'အေး – အဲဒီတုန်းက တစ်ပတ်ဝေးသလိုဖြစ်သွားတယ်၊ သူနဲ့ငါ တစ်ခါတည်း ရည်းစား ဖြစ်သွားတာပဲ၊ သဘောကတော့ သူနဲ့ငါဟာ နည်းနည်းလေးမှ ဝေးလို့ရတဲ့ အနေအထားမရှိဘူး၊ နည်းနည်းလေး ဝေးလိုက်တာနဲ့ အဲဒီဝေးတာကို အကြောင်းပြုပြီး နောက်တစ်ဆင့်၊ နောက်တစ်ဆင့် ခုန်ခုန်တက်သွားကြတာပဲ'

'အင်း....လုပ်ပါဦး၊ ဆက်ပြောပါဦး'

'ခုပြောနေတဲ့ကိစ္စမှာလဲ ဒီအတိုင်းပဲ၊ သူနဲ့ငါနဲ့ ရည်းစားဖြစ်သွားကြတယ်၊ ပုံမှန်အတိုင်းသာ နေသွားကြရင် ဘာမှ ထူးထူးခြားခြား အဖြစ်အပျက်တွေ ဖြစ်သွားကြမှာ မဟုတ်ဘူး၊ သူလိုငါလို ဇာတ်လမ်းမျိုးနဲ့တင် ပြီးသွားမှာပဲ'

'အင်း...'

'ခုကျတော့ လူကြီးတွေရဲ့ အတားအဆီး ပြဿနာကို အကြောင်းပြုပြီး သူနဲ့ငါနဲ့ တစ်ပြိုင်တည်း နောက်ဆုတ်ကြည့်ကြတယ်၊ သူတင် မေ့ပစ်ဖို့ ကြိုးစားကြည့်တာ မဟုတ်ဘူးနော်၊ ငါလဲ ဒေါ်ကန်ကန်နဲ့ မေ့ပစ်ဖို့



ကြိုးစားကြည့်တာပဲ၊ ဒါပေမယ့် ခက်တာက သူလဲ ငါ့ကို မေ့လို့မရသလို ငါလဲ သူ့ကို မေ့လို့မရဘူး၊ မေ့လို့မရတဲ့အပြင် ပိုဆိုးသွားတာက သူနဲ့ ငါနဲ့ ခွဲနေရလို့ ဝေးနေလို့မဖြစ်ဘူး၊ နှစ်ယောက် ဝေးရင် သေလုအောင်ခံစားရတော့မယ်ဆိုတာ တို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း ကိုယ်စီ ကိုယ်စီ သိသွားကြတာပဲ'

သည်တစ်ခါတော့ ဝင်းဋ္ဌေးက ဘာမှ ဝင်မပြောဘော့ဘဲ ခေါင်းညိတ်ရုံ ခေါင်းညိတ်သည်။

စွဲမြဲက စကားကိုခဏနားသည်။ ပြီးမှ....

'ဘယ်လိုလဲ ဝင်းဋ္ဌေး၊ ငါ ဆက်ပြောရတော့မလား'

ဝင်းဋ္ဌေးကရယ်၍ ခေါင်းညိတ်သည်။

'အေးကွာ....ပြောတော့၊ မင်းဟာမင်း ဆက်ပြောချင်တဲ့ ပုံစံနဲ့သာပြော ငါဝင်မရှုပ်တော့ဘူး၊ မင်းတို့ဇာတ်လမ်းက တိမ်မဖယောင်နဲ့နက်ပြီး ရှုပ်သလိုလိုနဲ့ ရှုပ်လာပြီ'

ဝင်းဋ္ဌေးမှတ်ချက်စကားကို သဘောကျစွာဖြင့် စွဲမြဲကရယ်သည်။

အာရုံ ပြန်စုစည်းလိုက်သော ခဏ၌ အတိတ်က ပုံရိပ်များ အားလုံး စွဲမြဲရင်ထဲဝယ် တဖျပ်ဖျပ် ထင်ဟပ်လာသည်။

ရင်မောစွာဖြင့် ပင့်သက်တစ်ချက် ရှိုက်လိုက်၏။

တကယ်လဲ တို့ဇာတ်လမ်းက  တိမ်မယောင်နဲ့နက်၊ ရှင်းမယောင်နဲ့ရှုပ်ခဲ့ပါတယ် ရင်ငြိမ်း။

ဒီထက် ဆက်ပြောရရင်၊ မှန်မယောင်နဲ့လည်း  မှားခဲ့ကြတယ်ကွယ်။

*

[၂]

'နင် သိပ်ရက်စက်တာပဲ ရင်ငြိမ်း၊  ငါ့ကိုတကယ်ပဲမေ့သွားနိုင်တယ်နော်၊ ငါသိပါတယ် ရင်ငြိမ်းရယ်၊ နောက်နောင် တကယ့်ပြဿနာ၊ တကယ့်အခက်အခဲ  အကျပ်အတည်းနဲ့ ကြုံလာရင်လဲ၊  နင် ငါ့ကိုဒီလိုပဲ  ရက်စက်သွားဦးမှာပဲ မဟုတ်လား'

'အံမယ်၊ အဲ့လိုမပြောပါနဲ့ စွဲမြဲရယ်၊ တကယ်တမ်းရက်စက်နိုင်တာက နင်ပါ၊ သူများကစိတ်ညစ်လို့  စကားလေးတစ်ခွန်း မှား  ပြောမိတာကိုပဲ အပြစ်ကြီး ယူလို့ မဆုံးတော့ဘူး'

'ဪ....နင်ပဲ၊ ငါ့ကိုမေ့ပစ်လိုက်ဆို'

'ဟုတ်တယ်၊ သူများကမေ့ပစ်လိုက်ဆိုတာနဲ့ပဲ တကယ်မေ့ပစ်လိုက်ရလား၊ သိပါတယ်၊ အဲ့လိုမေ့ပစ်လဲ နင်

က ဘာမှဖြစ်မယ့်လူမှ မဟုတ်ဘဲ၊ မေ နိုင်မှာပေါ့၊ နှင်
က ငါ့ကိုတကယ်ချစ်တာမှ မဟုတ်ဘဲ’

‘မဆိုင်တာ မပြောနဲ့ရင်ငြိမ်း၊ နှင့်ကိုဘယ်သူက မေ့ပစ်
နိုင်တယ်ပြောလဲ၊ အဲ့ဒီရက်တွေမှာ ငါ ဘယ်လောက်
ခံစားရတယ် အောက်မေ့လဲ’

‘သွားပါ၊ ခံစားရတယ် ဆိုပြီးတော့သာ ပြောနေတာ
တကယ်တမ်းကျတော့ သူက အမူအရာတောင် ပျက်
တာမဟုတ်ဘူး၊ သူများကသာ သူ့အတွက် ငိုလိုက်ရ
တာ၊ ကျွန်မမှာရှင့်အတွက် ညတိုင်းမျက်ရည်ကျရတယ်
သိရဲ့လား ကိုစွဲမြဲရဲ့’

‘နှင်ကမျက်ရည် ကျရုံတင်ကျတာ ရင်ငြိမ်း၊ ငါကသေ
တော့မယ်၊ နောက်ထပ်သာ အဲလိုမျိုး တစ်ပတ်နှစ်ပတ်
ဆက်နေသွားရရင် ငါသေသွားနိုင်တယ်’

‘အေးဟယ်၊ ငါလဲနှင့်ကို ရန်တွေ့ချင်လွန်းလို့သာ တွေ့
နေတာပါ၊ ငါမျက်ရည်ကျတိုင်း၊ နှင်လဲအဲလိုပဲ၊ ငါ့
ကိုသတိရနေမှာပဲလို့ တွေးမိပါတယ်၊ ဒုက္ခပဲ စွဲမြဲရယ်၊
ဒီလိုသာဆို တို့ဘယ်လိုလုပ်ကြမှာလဲ ပြောလေ’

ရင်ငြိမ်းစကားကြောင့် စွဲမြဲရင်ထဲနင့်ခနဲ ဖြစ်သွားရသည်။
ဘယ်လိုလုပ်ကြမှာလဲ၊ ပြောလေတဲ့။

ထိုအမေးကို စွဲမြဲဖြေရခက်လှသည်။ ခုကိစ္စက ပြဿနာများ
ကိုဖြေရှင်းပြီး အခက် အခဲမဲ့စွာ ပြန်လည် ဆုံစည်းရခြင်းမျိုး
မဟုတ်။ ခွဲပြီးမနေနိုင်တော့၍သာ ဇွတ်တိုး တွေ့ဆုံကြခြင်း
ဖြစ်သည်။



ပြဿနာများက ပြဿနာအတိုင်း အလုံးအထည် မပျက်ရှိ
နေဆဲသာရှိသေး၏။

ခုလိုခိုးကြောင် ခိုးဝှက် တွေ့ဆုံခြင်းသည်ပင် ရင်ငြိမ်းအိမ်မှ
သိသွား ရိပ်မိသွားပါက ပြဿနာ ပိုမိုကြီးထွားလာနိုင်သည်။
ပြဿနာကလည်း ဘယ်ကအစရှာ၍ ဘယ်လို ဖြေရှင်းရမည်မှန်း
မသိသည့် ပြဿနာချုံး။

‘နေဦး ရင်ငြိမ်းရာ၊ ငါ့ကိုတစ်ခု ပြောစမ်းပါ၊ နှင်
အဖေက ဘာဖြစ်လို့ ငါနဲ့ သဘောမတူရတာတဲ့လဲ’

‘နှင့်ကို မမတင်သိန်းက မပြောပြလိုက်ဘူးဆို’

‘ပြောတော့ပြောဘယ် ရင်ငြိမ်း၊ ဒါပေမယ့် သူပြော
တာကလဲ လုံးလုံးထွေးထွေးပဲ၊ သဘောတူတာ မတူ
တာကိုမဟုတ်ဘူး၊ နှင့်နဲ့ ငါနဲ့က အသက်အရွယ် ငယ်
တာရော၊ အတန်းငယ်တာရော၊ ဒီအရွယ်မှာ ဘယ်မိဘ
က သဘောတူခွင့်ပြုမှာလဲတဲ့’

ရင်ငြိမ်းက ခေါင်းညိတ်သည်။

‘ဟုတ်တယ်စွဲမြဲ၊ အဖေကပြောတာလဲ ဒီအတိုင်းပဲ
ငါတို့နှစ်ယောက်ကို သဘောတူတာ မတူတာပြောနေ
တာမဟုတ်ဘူး ဒီအသက် ဒီအရွယ် ပညာမစုံ၊ ဘာမစုံ
သေးဘဲနဲ့ ဒီလိုမဖြစ်ရဘူးပေါ့ဟာ၊ အဖေတင်မဟုတ်
ပါဘူး၊ အမေကလဲ ဒီအတိုင်းပြောတာပါပဲ’

‘ဒါဖြင့် ကျောင်းထုတ်ပစ်တို့ ဘာတို့ ဆိုတာကကော’

‘ပြော်.... ဒီအသက် ဒီအရွယ်နဲ့ ပညာကိုပဲ စိတ်မဝင်
စားဘဲ ဒါမျိုးစိတ်ကူးနေရင်တော့ ဘာကိစ္စ ကျောင်း

ဆက်ထား တော့မှာလဲ၊ ကျောင်း ထုတ်လိုက်ပြီး လင်
ပေးစားလိုက်ရုံ ရှိတော့တာပေါ့တဲ့'

'လင်ပေးစားမယ် ဟုတ်လား၊ ဘယ်သူနဲ့ ပေးစား
မှာလဲ'

'သူကြိုက်တဲ့သူနဲ့ ပေးစားမှာပေါ့၊ အဲဒါ ဘယ်သူလဲ
ဆိုတာတော့ ဘယ်သိမလဲ၊ သူတို့ပြောတာက နင်က
ယောကျ်ား တစ်ယောက်အနေနဲ့ တူတူတန်တန် ဘာ
လုပ်နိုင်မှာလဲတဲ့၊ အရွယ်မဖြစ်စလောက်၊ ပညာမဖြစ်
စလောက်နဲ့အမေနို့နံ့တောင် မစင်သေးတဲ့ မလောက်
လေး မလောက်စားအရွယ်တဲ့၊ အဲဒါလောက် လင်လို
ချင်နေရင်လဲပြောတဲ့၊ လူလူ သူသူ ယောကျ်ား မျိုးနဲ့
သူတို့ပေးစားလိုက်တော့ မယ်တဲ့'

'အဲဒါ အဟုတ်ပြောတာလား'

'ဘယ်သိမလဲဟာ၊ တကယ်ပြောတာလား၊ စိတ်ဆိုးလို့
ပြောတာလားဆိုတာ ဘယ်လိုလုပ် ခွဲနိုင်မလဲ ငါ့ကို
တံမြက်စည်းနဲ့ရိုက်၊ အမေကလဲ ပေါင်တွင်းကြော
လိမ်ဆွဲနဲ့ လုပ်ချင်တိုင်းလုပ်နေတဲ့ ဥစ္စာကို'

သည်ပြဿနာကို ဘယ်လိုပြေလည်အောင် ရှင်းမည်နည်း။
အသက်အရွယ် ပြည့်စုံဖို့ကော၊ ပညာပြည့်စုံဖို့ကော ဆိုတာ
က ခုချက်ချင်း ထလုပ်၍ ရသည့် အလုပ်မဟုတ်၊ သူ့ ဟာသူ
တစ်နာရီပြီးတစ်နာရီ၊ တစ်ရက်ပြီးတစ်ရက် တစ်တန်းပြီးတစ်
တန်း ကုန်လွန်ကျော်လွှားသွားရမည့် ကာလများကိုနှစ်ပေါင်း
များစွာက စောင့်ဆိုင်းနေရမည့် ကိစ္စ။



တက္ကသိုလ်မှာ အနိမ့်ဆုံးဘွဲ့တစ်ခုရ၍ ပညာစုံဖို့ပင် အနည်း
ဆုံး ငါးနှစ်ကျော်ကျော် စောင့်ရဦးမည်။

သည် အတောအတွင်းမှာ ခုတိုင်းဝေးလံ စိမ်းကားစွာနေ
နေရဖို့ကလည်း မလွယ်၊ ဝေးရခြင်းဝေဒနာ တစ်ပတ်အငှင်း
လောက်မှာပင် ထိတ်လန့် ချောက်ချားဖွယ် ကောင်းလောက်
အောင် ရင်ဆိုင်ခဲ့ရပြီးကြပြီ။

စွဲမြဲရင်မောမောနှင့် သက်ပြင်းကြီးကိုသာ လေးလံစွာချ
မိသည် ။

ခုမှ ဆင့်ခေါင်း ခွေး မချီနိုင်ဆိုသော စကားပုံလို ပြဿနာ
ရောမကြီးနှင့် တွေ့ဆုံနေရပြီ။

ရင်ခွင်ထဲမှာ ထွေးပိုက်ထားမိသော ရင်ငြိမ်းကို ငုံ့ကြည့်မိ
သည်။

ရင်ငြိမ်း မျက်နှာလေးကလည်း သနားစဖွယ် သေးငယ်
ချောက်ချားလျက်ရှိ၏။

*

## [၇]

'ငါကလဲ့ သူတို့ပြောသလို ပညာစုံ အရွယ်ရောက်တဲ့ အထိ ကြိုးစားစောင့်မှာ ရင်ငြိမ်းရာ၊ ခုလိုလူတစ်လုံး သူတစ်လုံး မဖြစ်သေးဘဲနဲ့ တော့ နင့်ကိုချို့ ချို့ ငဲ့ငဲ့နေ ရအောင် ငါမလုပ်ပါဘူး၊ ဒါပေမယ့် ခက်တာက—'

ခဏကြာသောအခါမှ စွဲမြဲကတွေး တွေးဆဆ အမူအရာဖြင့် ပြောသည်။ ရင်ငြိမ်းက စွဲမြဲစကားကို စိတ်ဝင်စားစွာဖြင့်....

'ဒါပေမယ့် ခက်တာက ဘာဖြစ်လဲ စွဲမြဲ'

'ဒါပေမယ့် ခက်တာက ဒီကြားထဲမှာ ဘာ အဆက် အသွယ်မှ မလုပ်ဘဲ တစ်ယောက်နဲ့တစ်ယောက် ဝေးပြီး တော့ မနေနိုင်ဘူးဟာ၊ ခုလောက်လေး ဖြစ်ဖြစ် ဆက် သွယ်နေရရင် မဆိုးဘူး'

'ခုလောက်လေးဆိုတာ ဘယ်လိုဟာကို ပြောတာလဲ'



'ခုလိုလေးပေါ့ဟာ၊ လူကြီးတွေ အမြင်မှာ အဆက် အသွယ်ပြတ်နေပြီ ထင်ရအောင် တတ်နိုင်သလောက် ခပ်ဝေးဝေးလေးနေပြ၊ တစ်ပတ်တစ်ခါ နှစ်ပတ်တစ် ခါလောက် ခိုးတွေ့၊ ဒီကြားထဲမှာ အရေးကြီးတဲ့ ပြောစရာ စကားရှိရင်လဲ အရေးကြီး ကြီးသလိုစာနဲ့ ဖြစ်ဖြစ်၊ လူကိုယ်တိုင်ဖြစ်ဖြစ် ပြောလို့ပေါ့'

စွဲမြဲစကားကြောင့် ရင်ငြိမ်းစဉ်းစားသွားသည်။ ခဏကြာ အောင် ငိုင်၍စဉ်းစားပြီးမှ....

'အဲလောက်တော့ နေရမှာပေါ့ဟာ၊ လုံးလုံးကြီး အဆက်အသွယ် ဖြတ်ရမယ်ဆိုတာကတော့ အဓိပ္ပာယ် မရှိပါဘူး၊ ငါလဲမနေနိုင်ဘူး၊ မသိဘူးဟာ စိတ်ညစ် တယ်၊ အစကတည်းက တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်မရှိကြရင်တော့ တစ်မျိုးပေါ့၊ သံယောဇဉ် တွေ အမျိုးမျိုးထားပြီးမှ ဟင့်အင်းဆိုပြီး သံယောဇဉ် ဖြတ်ဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ'

'ငါပြောချင်တာလဲ အဲဒါပဲ ရင်ငြိမ်း၊ သူတို့ပြောသလို နေဖို့က လက်တွေ့မှာ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ခုလော လောဆယ် တစ်ပတ်လောက် နေကြည့်တာနဲ့ပဲ တစ် သက်စာ လုံလောက်အောင် ခံစားလိုက်ရပြီ၊ နောက် ထပ် ဒါမျိုးကြုံရမှာ အရမ်းကြောက်တာပဲ ရင်ငြိမ်း၊ အဲဒါ ငါပလီပြီးပြောတဲ့စကား မဟုတ်ဘူး၊ တကယ် ပြောတာ'

ရင်ငြိမ်းက ခေါင်းညိတ်သည်။

'ငါနားလည်ပါတယ် စွဲမြဲရယ်၊ နင်ခံစားရသလို ငါလဲ ခံစားရပါတယ်၊ အဲဒီတော့ ဒီလိုလုပ်ဟာ၊ ဘာပဲဖြစ် ဖြစ် မထူးတော့ဘူး၊ ငါတို့နှစ်ယောက် ဒီလိုပဲ နေကြ မယ်၊ ငါတို့ဘက်က တတ်နိုင်သလောက် မိဘစကား ကို နားထောင်ကြတာပဲ၊ အဲဒါမှ တစ်နည်းနည်းနဲ့ သူတို့ကသိပြီး မကျေနပ်ကြရင်လဲ လုပ်ချင်ရာ လုပ်ကြ ပစေတော့'

'နင် တကယ်ပြောတာလား ရင်ငြိမ်း'

'အေး....တကယ်ပြောတာ'

'အဲလိုဆိုရင်တော့ ဘာပြောစရာလိုမလဲ ရင်ငြိမ်း၊ တို့ နှစ်ယောက်ကြားမှာ အဲဒီနားလည်မှုနဲ့ အဲဒီသတ္တိမျိုး ရှိဖို့ပဲလိုတယ်၊ ကျန်တဲ့အပိုင်းမှာ ဘယ်လို နေရနေရ မမှုပါဘူး၊ ငါတို့အပိုင်းက မှားနေတာရှိရင်လဲ ပြင် သွားကြမှာပေါ့'

'အရင်လို ခဏခဏ ဟိုသွား ဒီသွား လျှောက်သွားနေ ကြတာမျိုးကို ပြောတာလား'

'အင်း....'

'အဲဒါလဲ နေနိုင်မှ နေမယ်ဟာ၊ ရှင်းရှင်းပြောရရင် အဲလိုနေရတာကို ငါသိပ်ပျော်တယ်၊ ငါတို့ဟာငါတို့ သန့်သန့်ရှင်းရှင်းနဲ့ ဖြူဖြူစင်စင် ပျော်တာပဲ၊ ဘယ် သူ့မှ ထိခိုက်အောင်လုပ်တာမဟုတ်ဘူး၊ သူတို့ စိုးရိမ်



သလို ပညာရေးဘက်မှာလဲ မထိခိုက်စေရဘူး၊ ခါတိုင်း ထက်တောင် အဆင့်ပိုဘက်အောင်လုပ်ပြလိုက်ဦးမယ်၊ အဲဒီကြားထဲကမှ ဟိုဟိုဒီဒီ ပြဿနာရှာရင်တော့ ငါက လဲ လုပ်ချင်ရာကောက်လုပ်ပစ်တော့မှာပဲ'

ရင်ငြိမ်းစကားကြောင့် စွဲမြဲကရယ်သည်။

'တယ်ဟုတ်ပါလား ရင်ငြိမ်း၊ နင် အရမ်းကို သတ္တိ ကောင်းလာပါလား၊ နင့်စကား ကြားရတာနဲ့တင် အားရှိလိုက်တာ၊ နင့်ဘက်ကသာ အဲ့လို ပြတ်သားလို့ ကတော့ ငါက နင့်ထက် ဆယ်ပြန်လောက် စွန့်စားရဲ တာပေါ့ ရင်ငြိမ်းရယ်၊ အခု ငါနဲ့ တွေ့နေတုန်းမို့ ဒီစကားပြောတာ မဟုတ်ပါဘူးနော်၊ အမြဲတမ်းကော အဲလိုပဲပြတ်သားမှာ မဟုတ်လား'

'ပြတ်သားမယ်....ပြတ်သားမယ်၊ တကယ်ခံစားရတော့ ငါပဲ ခံစားရတာ၊ ငါစိတ်ဆင်းရဲနေတော့ ဘယ်သူကမှ ဝင်ကူခံစားပေးတာ မဟုတ်ဘူး'

စွဲမြဲ သဘောကျစွာပြုံးသည်။

'နင့်ကို ငါ အရမ်းချစ်သွားပြီ ရင်ငြိမ်း၊ ငါ့ကိုလဲယုံ၊ ဘဝမှာ ဘာတွေပဲကြုံကြုံ၊ ဒီတစ်သက်မှာ နင်ကလွဲလို့ ငါ ဘယ်သူ့ကိုမှမချစ်ဘူး၊ ဘယ်သူ့ကိုမှလဲ မယူဘူး၊ နင့်ကို ငါကတိပေးတယ်'

'အေး....ပြီးရော၊ ငါလဲ အဲလိုပဲ ကတိပေးတယ်'

အညာနေသည် ပူတော့ပူ၏။

သို့သော် ခိုနားရာအရိပ်အောက်မှတော့ တသုန်သုန် တိုက်နေသော လေပြည်ညင်း၏ ဖေးမမှုကြောင့် အေးမြမြ အေးမြနေရသည်ပဲလေ။

* * *

'အား....တော်ပါသေးရဲ့....သူလာလို့'

လမ်းကွေ့မှ ချိုးဝင်လာသော ရင်ငြိမ်းကို လှမ်းမြင်လိုက်မှ စွဲမြဲ ရင်အေးသွားသည်။

အတိတ်ကို ဖြတ်သန်း၍ ပြောင်းလဲခဲ့ရသော အခြေအနေများကို စဉ်းစားနေ၍သာ အချိန်ကုန်မှန်းမသိ ကုန်သွားသည်၊ သူ တမျှော်မျှော်နှင့် စောင့်နေရသည်မှာ နာရီဝက်လောက်ပင် ရှိသွားပြီဖြစ်၏။

သည်ဘက်ပိုင်းမှာ အဲလို ရင်မောစရာ လေးများကတော့ ခဏခဏ ဖြစ်သည်။ သတ္တိရှိသည် ဆိုသည့်တိုင် မလိုအပ်ဘဲ ပြဿနာတွေ ကြီးထွားလာမှာ ကိုတော့ စိုးရိမ်ရသေး သဖြင့် လျှို့ဝှက် သိုသိပ်တန်သည်တို့ကို လျှို့ဝှက် သိုသိပ်ရသေးသည်။

ခုလည်း ရင်ငြိမ်း ကျောင်းက ထွက်လာတာ နောက်ကျနေသော်လည်း နောက်ကျနေကောင်းလားဟု အပြစ် မတင်ရက်။ ရင်ငြိမ်း ကျော်လွှားရသည့် အခက်အခဲက များစွာရှိသည်။ သူကသာ ဇေယျကို မှာလိုက်ပြီး သည်နားကနေ အလွယ်တကူ စောင့်နေနိုင်သော်လည်း ရင်ငြိမ်းကျတော့ အိမ်က လိုက်ပို့



သည့် အစ်မ ကျေနပ်အောင်လည်း ကျောင်းထဲအဝင် ပြရသေးသည်။ ပြီးတော့ အချိန်ပိုသင်သည့် ဆရာမ မမြင်အောင် ရှောင်တိမ်းပြီး စာသင်ခန်းထဲ တခြား ကျောင်းသား ကျောင်းသူများ ဝင်သွားချိန်ကျမှ ခိုးပြီး လစ်ထွက်ခဲ့ရသည့် ဘဝ။

သူ့ခမျာ ကိုယ့်ကို ချစ်၍သာ စွန့်စားနေရသည်၊ တစ်ခုခု အဆင်မပြေ ဖြစ်သည်နှင့် ရင်ဆိုင်ရမည့် ပြဿနာက မလွယ်ဟု အတွေးဖြင့် သနားရင်း၊ ရင်ထဲမှာ မြတ်နိုးမှုများ တိုးလာသည်။

နေပူထဲမှ လျှောက်လာသော ချစ်သူကို နေရိပ်ကနေ အခန့်သား စောင့်မနေရက်တော့သဖြင့် ရင်ငြိမ်း လာနေသည် ဘက်သို့ စွဲမြဲက ထွက်ကြိုလိုက်သည်။

'စောင့်နေတာ ကြာပြီလား စွဲမြဲ'

စွဲမြဲက ခပ်သွက်သွက် ခေါင်းခါသည်။

'ရပါတယ်ရင်ငြိမ်းရာ၊ ငါ စောင့်ရတာက အရေးမကြီးဘူး၊ နင့်အတွက်သာ ငါ စိတ်ပူနေတာပါ၊ နင် ထွက်လာရတာ လွယ်ရဲ့လား'

ရင်ငြိမ်းက မဲ့ပြုံးလေး ပြုံးသည်။

'လွယ်မှ ထွက်ရမယ်ဆိုရင် နင်နဲ့ ငါနဲ့ တင်သက်လုံးတောင် တွေ့ရမှာ မဟုတ်ဘူး စွဲမြဲ၊ ခုလဲ ငါနင့်ကို အရေးတကြီး ပြောစရာရှိလို့သာ ထွက်လာရတာ ဒေါ်အေးအေးမြင့် ငါ့ကို တွေ့သွားတယ်'

ယခု အချိန်ပိုသင်တန်းတွင် သင်ရမည့် ဆရာမက တွေ့သွားသည့် ပြဿနာကမသေး။ လူကို မြင်ပြီးမှ အတန်းမတက်သည်ကို

သတိထားမိလျှင် ဆရာမ ဒေါကန်ဘော့မည်၊ ဒေါကန်၍ သူ့ ဟာသူ ဆူရိုရိုက်ရိုနှင့်ဆို ဒီလောက်မဟုတ်၊ အိမ်ကိုသာ လှမ်းတိုင်လိုက်လျှင် မလွယ်။

'အရေးကြီးလို့ဟုတ်လား ရင်ငြိမ်း'

ဟုတ်တယ်၊ အဲဒါ ပြောပြီးရင် ငါ အဘန်းပြန်တက်မှ ဖြစ်မယ်၊ ဒီနေ့တော့ ဘယ်မှမသွားဘော့ဘူး စွဲမြဲရော၊ နင်လဲ ငါနဲ့ အတန်း လိုက်တက်ရင်တက်၊ မတက်ချင်ရင်လဲ ပြန်နှင့်ဘော့'

'အေးပါ– အဲဒါက အရေးမကြီးပါဘူး၊ အရေးကြီးတယ်ဆိုတာ ပြောစမ်းပါ၊ ဘာဖြစ်လို့လဲ နင့်အိမ်က ပြဿနာ တက်နေပြန်ပြီလား ရင်ငြိမ်း'

ရင်ငြိမ်း ခေါင်းညိတ်သည်။

'အင်း... ပြဿနာမှ အကြီးအကျယ်ပဲ၊ အဖေနဲ့အမေက ငါ့ကို မကျွေးမှာတောင် မထားတော့ဘူးတဲ့'

'ဟင်'

'ငါ့ကိုတော့ ဘာမှမပြောသေးပါဘူး၊ တစ်နေ့ညက အဖေနဲ့အမေ တိုင်ပင်နေတာကို အငယ်မ စိုးစိုးက ကြားပြီး ငါ့ကို ပြန်ပြောတာ၊ ဒီမှာ ဒီအတိုင်း ဆက်ထားရင် နင်နဲ့လဲ ပြတ်မှာ မဟုတ်ဘူး၊ ငါ့ကို ပညာရေးကအစ စိတ်မချဘူး၊ အဲဒါ ငါ့ကို နင်နဲ့ဝေးအောင် တစ်နေရာရာ ပို့ထားလိုက်ရင် ကောင်းမယ်–တဲ့'

'သူတို့က ဘယ်ပို့မှာလဲ'



'အဲဒါကတော့ မသိသေးဘူး၊ ဖြစ်နိုင်တာကတော့ ရန်ကုန်က ငါ့အဒေါ်အိမ်ပဲ၊ ရန်ကုန်မှာ အမေ့ ညီမတွေရှိတယ်၊ သူတို့က သားသမီးမရှိဘူး၊ သူတို့ဆီပို့ပြီး အဲဒီမှာပဲ ကျောင်းတက်ခိုင်းမလား မပြောတတ်ဘူး၊ မပြောတတ်ဘူးကွာ မန္တလေးမှာလဲ ဖေဖေ့အစ်မကြီးကြီးတို့ရှိတယ်၊ အဲဒီမှာလဲ ငါနဲ့ရွယ်တူ ဝမ်းကွဲ ညီအစ်မတွေရှိတယ်၊ ဖြစ်နိုင်တာကတော့ အများကြီးပဲ'

'အခုကို သူတို့က ပို့တော့မှာလား'

'ဟာ....အခုတော့ မဟုတ်သေးဘူးပေါ့၊ စာမေးပွဲ ဖြေပြီးမှ သူတို့က ပို့မှာ'

စာမေးပွဲက တစ်လကျော်ကျော် လိုတော့သည်။ ဘာမှ မလိုတော့ပါလားဟု တွေးမိ၏။

စွဲမြဲ စိတ်ညစ်ရသည့် အထဲက ခေါင်းပါ ပူလာသည်။ ဘယ်လိုဖြစ်ပြီး ဒီလောက် ပြဿနာတွေ ဆိုလာရတာလဲဟုလည်း တွေးရင်း စိတ်ထဲမှာ ရှုပ်ထွေးလာသည်။

'အဲဒါဆို ဘယ်လိုလုပ်မလဲ ရင်ငြိမ်း၊ ခုတိုင်းက အခန့်မသင့်ရင် တောက်လျှောက် ဝေးမှာ၊ မကွေးကနေ ရန်ကုန်တို့ မန္တလေးတို့ကို တစ်ခေါက်တစ်ခေါက် သွားဖို့ဆိုတာကလဲ သိတဲ့အတိုင်းပဲ'

'အေးပါ အဲဒါကို ငါလဲသိပါတယ်.... ဒါကြောင့် နင့်ကို အရေးဘာကြီး ခေါ်ပြောတာပေါ့၊ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်၊ ခုဟာက သူတို့လဲ ငါတို့ကို ခွဲဖို့ အချိန်ယူပြီးစီစဉ်တာပဲ၊ ငါတို့က ကြိုပြီး သိမထား

ရင်ဘော့ တစ်မျိုးပေါ့၊ အခုတော့ သူတို့ အစီအစဉ်ကို ကြိုသိနေတာပဲ၊ ဒီကြားထဲမှာ တို့ဘာလုပ်ရင်ကောင်း မလဲ ကြံစည်းစား ထားကြတာပေါ့ဟာ၊ အချိန်က တော့ ရပါသေးတယ်၊ ကဲ– ငါသွားမယ်စွဲမြဲ၊ နင် ကော လိုက်ခဲ့မလား'

စွဲမြဲက လေးကန်စွာ ခေါင်းခါသည်။

'မလိုက်တော့ဘူးဟာ၊ ဒီနေ့သင်တဲ့ဟာတွေညနေ ကျ မှပဲ ဇေယျဆီက ပြန်ကူးလိုက်တော့မယ်၊ သွားတော့ နင်ကလဲ ထီးလေး ဘာလေးတောင် ယူမလာဘူး ရင်ငြိမ်းရာ၊ နေကလဲ ပူလိုက်တာ'

စွဲမြဲစကားကြောင့် ရင်ငြိမ်းက ရယ်သည်။

'ဘာမှ မပူပါနဲ့ စွဲမြဲရာ၊ နင်နဲ့တွေ့ဖို့ နေပူထဲလဲ ထိ မပါဘဲ ငါလျှောက်ရဲပါတယ်၊ စိတ်ချ၊ ငါသွားမယ် နော်'

စွဲမြဲ ခေါင်းညိတ်ပြသည်။

ရင်ငြိမ်း ပြောသွားသော စကားထဲမှာ တိုက်ရိုက်အနက် အပြင် အခြား သွယ်ဝိုက်သော ဝက်ဝှတ္တိအနက် တွေပါသေး ကြောင်း စွဲမြဲ သတိပြုမိလိုက်၏။

* * *



'အဲ့ဒီကိစ္စက သေချာသွားပလား စွဲမြဲ'

ဇေယျ အမေးကြောင့် စွဲမြဲက ခေါင်းညိတ်ရင်း–

'သေချာသလောက်ရှိနေပြီ ဇေယျ ရင်ငြိမ်း အဖေနဲ့ အမေက ရင်ငြိမ်းကို တည့်တည့် မပြောသေးပေမယ့် ရန်ကုန်က အဒေါ်တွေက ကျောင်းပိတ်တာနဲ့ သူတို့ လာခဲ့မယ့် အကြောင်း စာရေးလိုက်တယ်....တဲ့၊ အဲ့ဒီ ကျရင် သူတို့ တစ်မိသားစုလုံး ရန်ကုန်ကို လိုက်လည် ကြမယ်၊ ဘာညာနဲ့ စကားတော့ စ နေကြပြီတဲ့'

'အဲဒီတော့ မင်းက ဘယ်လိုလုပ်မယ် စဉ်းစားလဲ'

'ငါလဲ မစဉ်းစားတတ်တော့ဘူး ဇေယျရာ ဒီတိုင်း ငြိမ်နေလိုက်ရင်ပဲ ရင်ငြိမ်းနဲ့ အဆက်အသတ်မရှိ ဝေး သွားမှာပဲ၊ မဝေးချင်ရင်လဲ လုပ်စရာက တစ်နည်းပဲ ရှိတယ်၊ ငါလဲ ရန်ကုန်လိုက်ပြောင်း၊ ဟိုမှာ ဖြစ်တဲ့ နည်းနဲ့ ရှုန်းကန်ပြီး ကျောင်းတက်'

'အဲလိုကော ဖြစ်နိုင်လို့လား'

'စဉ်းစားကြည့်တာပဲ့လေကွာ၊ ဒါပေမယ့် ခက်တာက တို့မှာ အဆင်ပြေဖို့၊ မပြေဖို့ ခဏထားဦး၊ ငါ့အိမ်က အဲလို လုပ်ခွင့်ပြုအောင်တောင် ငါ ဘယ်လိုလုပ် ပြော မလဲ'

ဇေယျက ရယ်သည်။

'အမှန်အတိုင်းပဲပြောပြပေါ့ကွာ၊ ကျွန်တော် ရည်းစား ဟိုပြောင်း သွားလို့ ဟိုမှာလိုက်ပြီး ချိန်းတွေ့မလို့.... လို့'

'အေး...အဲဒါမှ အဘိုးကြီးက ငါ့ကိုသတ်မှာ'

'မင်း အဖေလဲ ကောင်း ကောင်း နေမကောင်းဘူး ဆို—'

'အေး....အဲဒါလဲ ပြဿနာပဲ၊ အဖေက အသက်ကြီးမှ ကျန်းမာရေး ချို့တဲ့လာ တယ်ကွာ၊ ခြံထဲဘောင် ကောင်းကောင်း မဆင်းနိုင်လို့ ငါပဲဝင်လုပ်နေရတာ မင်းအသိပဲ၊ စကားရှိင်းရှိင်း၊ ဥပမာရှိင်းရှိင်းနဲ့ပြော ရရင်တော့ ငါလဲ ဖင်မနိုင်ဘဲပုံကြီးဟင်း စားနေမိ ထင်တာပဲ'

'ဟုတ်တယ် စွဲမြဲ၊ ငါလဲ အဲဒါပြောမလို့ပဲ၊ ကြည့် တော့ လုပ်ကွာ၊ ဖိုးသုံးယောက်ပေါင်း လုပ်လိုက်တဲ့ အလုပ်ဟာ ငယ်ငယ်ကတည်းက နိမိတ်မကောင်းဘူး၊ သုံးယောက်စလုံးဒုက္ခရောက်ဘတ်တယ်၊အဲဒီတုန်းကလဲ ရင်ငြိမ်းနဲ့ မင်းနဲ့ပဲ ဖြစ်တဲ့ကိစ္စ၊ ငါကြားက ခုလိုပဲ ကန့်လန့် ကန့်လန့် ဝင်ပါခဲ့တာပဲ၊ အဲဒီတုန်းကတော့ ရင်ငြိမ်းက ထိခိုက်အနာတရဖြစ်၊ ငါကချီးပေ၊မင်းက ဘုန်းကြီး အတွယ်ခံရခဲ့တယ်၊ အဲဒါကိုတော့ မမေ့နဲ့'

တိုက်တိုက်ဆိုင်ဆိုင်ပင် ဇေယျက ငယ်ငယ်တုန်းက ဆား စည်ကျောင်းမှာ သရဲသွားချောင်းသည့် ကိစ္စနှင့် ထပ်တူပြု၍ ပြောလိုက်သည်။ စွဲမြဲက အောင့်သီး အောင့်သက် ပြုံး လိုက်ပြီး။

'ခုလဲ ဒီကိန်းဘော့ ဆိုက်နေတာပဲ ဇေယျ၊ အဲဒါ ကြောင့်လဲ အဲဒီလို မဆင်မခြင်သွား မိုက်ကန်းစွန့်စား



ရမယ့်ကိစ္စမျိုးကို ခုထက်ထိခေါင်းထဲ ထည့်မစဉ်းစား သေးတာပေါ့'

'ဘာလဲ.... ဘယ်တော့မှ မခွဲရအောင် တစ်ခါတည်း သတ်ပြေးမယ့် ကိစ္စလား'

'အေး'

'ဟာ....အဲလောက်တော့ မလုပ်သင့်သေးဘူးထင်တယ် စွဲမြဲ၊ မင်းတို့ နှစ်ယောက်စလုံး ဒုက္ခ ရောက်သွားလိမ့် မယ်၊ ဒီတစ်ခါ ဘုန်းကြီးကရိုက်မှာ မဟုတ်ဘူး၊ ဘဝ ဒုက္ခတွေက မင်းကိုတွယ်မှာ ဘုန်းကြီး ကြိမ်ဒဏ်က ဆေးလိမ်းလို့ပျောက်တယ်၊ ဘဝရိုက်တဲ့ ကြိမ်ဒဏ်ရာ မှာ ကုစရာ ဆေးက သိပ်မရှိဘူး'

'အဲဒါထက် ရင်ငြိမ်းမှာလဲ ခြေထောက် ပုလင်းကွဲရှတဲ့ ဒဏ်ရာထက် ဘဝတစ်ခုလုံး သုံးမရအောင် ယိုယွင်း သွားတဲ့ ဒဏ်ရာမရစေချင်ပါဘူးကွာ၊ နောက်တစ်ခုက ငါတို့နှစ်ယောက် ပူးပေါင်း တည်ဆောက်ချင်တဲ့ ဘဝ လေးဟာ တောသော ဘောကျော်ရဲ့ ဘုရားပြိုက ပထမဘုရားလို အဖြစ်မခံနိုင်ဘူး'

'ဟာ....ဘယ်ကောင်းတဲ့ ဥပမာပါလား၊ရှင်းပါဦးကွာ'

'ငါနဲ့ရင်ငြိမ်း တည်ဆောက်ချင်တဲ့ ဘဝလေးဟာ ရေ ရှည်ဘည်တံ့၊ လှပခန့်ညားစေချင်တယ် ဇေယျ၊ အခု လက်ရှိငါ့ဘဝက ဘောကျော်၊ ဘောသော ဘီးလူး ဘဝလိုပဲ မတင့်တယ်ဘူး၊ ရင်ငြိမ်းက သိကြားမင်းတို့ ဘုံဗိမာန်လိုဟိုးအမြင့်မှာနေတဲ့ မိဘလူတန်းစားအဆင့်

အတန်းက ပေါက်ဖွားရတဲ့ မိန်းကလေး၊ သိကြားဆက်တဲ့ မြသလွန်ဟာ သူနဲ့ထိုက်တန်တဲ့ နေရာမှာပဲ ဌာပနာပြု ကိုးကွယ်ခံဖို့သင့်သလို၊ အင်မတန်မှအဆင်ပြေ လှပတဲ့ ဘဝကလာတဲ့ မိန်းကလေးဟာလဲ ခိုင်ခိုင်မာမာ တည်ဆောက် ထားတဲ့ ဘဝထဲမှာပဲ ရှိနေသင့်တယ်၊ အဲဒါကြောင့် ငါ့မူလရည်ရွယ်ချက်ကိုက ငါ့အင်ဂျင်နီယာဖြစ်အောင် ကြိုးစားမယ်၊ ငါ့ဘဝအဆင့်အတန်းကိုလဲ သူနဲ့လိုက်အောင် မြှင့်ယူမယ်၊ အဲဒီအချိန်အခါ အဲဒီအခြေအနေရောက်မှ ရင်ငြိမ်းကိုငါ့ဘဝထဲခေါ်ယူပြီး လှလှပပလေး ထားမယ်လို့ စိတ်ကူးထားတာပါ’

‘အေးကွာ...ခုလဲဖြစ်လာတဲ့ အခြေအနေကို အောင့်အီးသည်းခံပြီး အဲဒီအချိန်အခါ ရောက်တဲ့အထိ တစ်ဘက်ကကြိုးစား၊ တစ်ဘက်က ထိန်းသိမ်းပြီး စောင့်ပါ စွဲမြဲရာ၊ အခိုက်အတန့် ဝေးမှာကြောက်ပြီး၊ တစ်သက်လုံး ဒုက္ခရောက်ရမယ့် အလုပ်မျိုးကိုတော့ ဖြစ်နိုင်ရင် မလုပ်ပါနဲ့’

‘ငါ သဘောပေါက်ပါတယ် ဇေယျရာ၊ ဘယ်ကိစ္စမဆို အခြေအနေနဲ့ အချိန်အခါပေးမှ ကိုယ်ရည်မှန်းချက်အတိုင်း ပေါက်ရောက်တာပါ၊ အခြေအနေနဲ့ အချိန်အခါမဟုတ်ရင် ဘာလုပ်လုပ် ကိုယ်ဒုက္ခကိုယ်ရှာသလိုပဲဖြစ်နေမှာပဲ၊ အခုတောင် ရင်ငြိမ်းအဖေ သိကြားမင်းကြီးက ငါတည်ထားတဲ့ ဘုရားလေးကို ဝရဇိန်လက်နက်နဲ့ ဖြိုခွင်းပြီး မြသလွန်ကို ဘုရားသုံးဆူက ရသေ့



တွေဆီ သွားအပ်သလို ရင်ငြိမ်းကို ရန်ကုန်က အဒေါ်တွေဆီ သွားအပ်ဖို့ ပြင်နေပြီလေ’

‘ဒါပေမယ့် နောက်ဆုံးမှာတော့ ဘုရားဒါယကာဟာ ဘုရားဒါယကာပါပဲကွာ၊ ရင်ငြိမ်းရဲ့နှလုံးသားကို မင်းပိုင်ခွင့်ရနေပြီပဲ၊ ဘီလူးဘဝကနေ ယောကျ်ားကုန်သည်ဖြစ်အောင်သာ မင် ဘဝကိုမင်း ပြောင်းယူပေါ့၊ အဲဒီအခါကျရင် သိကြားမင်းကပါကူပြီး ဘောကျော်တည်တဲ့ဘုရားကို တည်ပေးမှာပါ’

စွဲမြဲက ရင်မောခြင်းကြီးစွာဖြင့် သက်ပြင်းချသည်။

‘အေးကွာ သမိုင်းထဲက ဘောကျော်လို အစအဆုံးလိုက်ဖြစ်ရင်တော့ အကြောင်း မဟုတ်ဘူးပေါ့၊ မင်းပြောသလို အင်မတန် သာယာ ပျော်ရွှင်စရာကောင်းတဲ့ဘဝမျိုးနဲ့ ဇာတ်ပေါင်းရမှာပဲ၊ ငါစိုးရိမ်တာက ကြားထဲမှာ ကုသိုလ်ကံဆိုးပြီး ဘောကျော် မဖြစ်ပဲ ဘောသော ဖြစ်သွားမှာကိုပဲ’

‘ဘောသောက ဘာဖြစ်သွားလို့လဲ’

‘ဘုရားတည်တဲ့ အခန်းကျတော့ ဘောသောက အရှုံးလောက်ပဲဖြစ်သွားတယ်၊ ဘောကျော်က ပုဏ္ဏဝတီနဲ့ရသူဌေးကြီး သုဘောဂနဲ့ပေါင်းပြီး ဘုရားတည်နေချိန်မှာသူက ရွှေလှည်းတစ်စီး၊ ငွေလှည်းတစ်စီးပဲရပြီး သူ့ရပ်သူ့ရွာ သူပြန်သွားရတာ’

ဇေယျက ရယ်သည်။

'အေးလေ….ဒါပေမယ့် အဲဒါက ပုဏ္ဏဝတီနဲ့မရတောင်မှ ရွှေလှည်းတစ်စီး ငွေလှည်းတစ်စီးတော့ ရသေးတယ် ခုမင်း ရင်ငြိမ်းကိုယူရင် ချေးဖြစ်သွားမှာပေါ့ စွဲမြဲရ'

စွဲမြဲက သက်ပြင်းချလျက်….

'ပုဏ္ဏဝတီနဲ့ မရဘဲတော့ ရွှေလှည်းဆယ်စီး ငွေလှည်းဆယ်စီးရလဲ စိတ်ချမ်းသာစရာ မဖြစ်ပါဘူးကွာ၊ ငါ တည်ဆောက်ချင်တဲ့ ဘဝက ရင်ငြိမ်းပါမှ လှမယ့် ဘဝပါ၊ အခြေအနေနဲ့ အချိန်အခါ ကိစ္စကတော့ တစ်မျိုးပေါ့'

စာမေးပွဲဖြေရမည့် နေ့ရက်များနီးလာပြီမို့ ဆောင်းနှောင်းရွက်ဝါများက လေရူးနှင့်အတူ လွင့်ဝဲကျနေသည်။

ကျောင်း၏ အရှေ့ဘက် တောအုပ်များဆီမှ ဥဩငှက်သံကိုလည်း ကြားနေရ၏။

* * *

[၄]

မြသလွန် ဘုရား၏ စောင်းတန်းအတိုင်း ဆင်းလာလျှင် စောင်းတန်းအလယ်လောက်ညာဘက်တွင် တင်ပျဉ်ခွေရုပ်ပွားတော်ကြီးတစ်ဆူရှိသည်။

ထိုကိုယ်တော်ကြီး သီတင်းသုံးရာ အာရုံခံတန်ဆောင်း၏ဘေးမှ လမ်းကလေးအတိုင်းပတ်၍ ဧရာဝတီမြစ်ဘက်လျှောက်သွားလျှင် ကမ်းပါးစွန်း မရောက်ခင် သီကြား နတ်ကွန်းအဆောက်အဦလေးသို့ ရောက်သည်။

ထိုမှနည်းနည်း ဆက်လျှောက် လိုက်လျှင် မြသလွန်စေတီတော်ကြီး တည်ရှိရာ နဂတ္တမတောင်တော်၌ ဧရာဝတီမြစ်ဘက်သို့ စွန်းထွက်နေသော ကမ်းပါးစွန်းလေးသို့ ရောက်၏။

ထိုသိကြားနတ်ကွန်း ကမ်းပါး စွန်းလေး၏ မြေပြင်တွင် ကျောက်တုံး ကျောက်ဆိုင်များဖြင့် ထိုင်ရောနေစရာ ကောင်း

သသို၊ မန်ကျည်းပင်၊ ထနောင်းပင်၊ အကျော်ပင်စသော အပင်များ အုပ်မိုးနေသဖြင့် အရိပ်လည်းကောင်းသည်။

မြစ်ရေပြင်ကို ဖြတ်သန်းလာသော တောင်လေ ပေါ်လေညင်း အေးအေးကြောင့်လည်း ငြိမ်းငြိမ်းချမ်းချမ်း ရှိသည်။

ထိုနေရာလေးသို့ စွဲမြဲနှင့်ရင်ငြိမ်း ရောက်နေ ကြသည်မှာ အတော်လေး ကြာပြီဖြစ်သည်။

စာမေးပွဲဖြေဖို့ တစ်ပတ်လောက်သာ လိုတော့သလိုစာမေး ပွဲဖြေပြီးလျှင်လည်း ရင်ငြိမ်းရန်ကုန်ပြောင်းရမည့် အရေးကရှိ နေသဖြင့်၊ ထိုရက်ပိုင်းများမှာ သိပ်လျှိုလျှိုဝှက်ဝှက် ကွာကွာ ဝေးဝေးကြီး ဘယ်လိုမှ မနေနိုင်ကြတော့။

သို့အတွက် ထိုရက်ပိုင်းမှာ သူတို့အတွေလည်း များခဲ့ကြ သည်။ တွေ့လျှင်လည်း တခြား ဝေးဝေးလံလံနှင့် ပူပူလောင် လောင် သွားရမည့်နေရာများထက် အေးငြိမ်းသော ထိုနေရာ လေးသို့ပင် ရက်ဆက်နီးပါး လာခဲ့ကြသည်။

တွေးတိုင်းလည်း ရင်ငြိမ်းတစ်ယောက် မျက်ရည်ကျဖြစ်နေ သည်။ ခုလည်း ရင်ငြိမ်းက စွဲမြဲရင်ခွင်ကိုမှီပြီး မျက်ရည်ကျ လျက်ရှိ၏။ ရင်ငြိမ်း၏ မျက်ရည် နွေးနွေးများက အင်္ကျီမှတစ် ဆင့် ဖြတ်သန်းပြီး စွဲမြဲရင်ကို စိုစွတ်နေသည်။

စွဲမြဲကပင့်သက်တစ်ချက် ရှိုက်လိုက်ပြီး။

'မငိုပါနဲ့ ရင်ငြိမ်းရယ်၊ နင့်မျက်ရည်ကျတာ မြင်တိုင်း ငါ့နှလုံးသားတွေ ပွဲပွဲ ကျသွားသလိုပဲ၊ ငါ ပြောတာ လက်မခံနိုင်ဘူးလား၊ လောလောဆယ် လာမယ့် ဆယ် တန်းတစ်နှစ်နဲ့ တက္ကသိုလ်မတက်ရခင်သေးပါ၊ ခြောက်



လလောက်ကို အောင့်အီးပြီး နေလိုက် ကြရအောင်၊ နင်လဲဆယ်တန်းမှာ အမှတ် ကောင်းကောင်းနဲ့ ဆေး ဖြစ်ဖြစ်၊ ပညာရေးဖြစ်ဖြစ် ဝင်အောင်ကြိုးစား၊ ငါလဲ စက်မှုတက္ကသိုလ်ဆို သေချာပေါက် ဝင်ရအောင်ကြိုး စားမယ်၊ အဲဒါဆို နှစ်ယောက်စလုံး ရန်ကုန်မှာပဲ ကျောင်းတက်ပြီး ပြန်ဆုံရမှာပေါ့၊ ဒါမှမဟုတ် နင်လဲ စက်မှုဘက္ကသိုလ်က ဓာတုအင်ဂျင်နီယာလိုဟာမျိုး၊ အထည်အလိပ် အင်ဂျင်နီယာလို ဟာမျိုး တက်ဟာ၊ အဲဒါဆို တစ်ကျောင်းတည်းလဲ ခြောက်နှစ်လောက် အတူတူနေရမယ်၊ ကျောင်းပြီးရင်အလုပ်လေးရအောင် ဖောင့်ပြီးယူလိုက်ကြရုံပဲ မကောင်းဘူးလား'

ရင်ငြိမ်းက ရှိုက်သံနှင့်အတူ မျက်မှောင်ကြုတ်ရင်းခေါင်း ခါသည်။

'မကောင်းဘူး၊ မကောင်းဘူး၊ အဲဒါတွေကနောက်မှ ဖြစ်မယ့်ကိစ္စ၊ ဆောက်ဖြစ်မှ ကျောင်းဒကာ၊ ဘာမှ ရေရာတာ မဟုတ်ဘူး၊ အဲဒီမရောက်ခင် တစ်နှစ်ခွဲ လောက် အကြာကြီး ခွဲနေရဦးမှာက ရှောင်မရတဲ့ကိစ္စ ကြီး၊ အဲဒီ တစ်နှစ်ခွဲအတွင်းမှာ ဘာတွေ ဖြစ်ဦးမယ် ဆိုတာလဲ ဘယ်သူမှသိတာ မဟုတ်ဘူး၊ ဘာမှ မဖြစ် လဲ အဲလောက်အကြာကြီး တစ်နယ်တကျေးမှာ ခွဲပြီး ငါ မနေနိုင်ဘူး'

ရင်ငြိမ်း အမှုအရာက ဆားစည်ကျောင်းမှာ ငါးတန်း တုန်းက အိပ်သာဘက်တွင် ရှိသည်ဆိုသော တစ္ဆေနှင့် ဥစ္စာ

စောင့်များကို သွားကြည့်ဖို့ဇွတ်ပြောနေတုန်းက အမူအရာမျိုး ဖြစ်လာသည်။

စွဲမြဲက သက်ပြင်းချရင်း

'နေနိုင်တာတော့ ငါလဲ ဘယ်နေနိုင်ပါ့မလဲ ရင်ငြိမ်း ရယ်၊ ဖြစ်နိုင်ရင် နာရီ မလပ် စက္ကန့် မလပ်တစ်သက် လုံး ဒီတိုင်းပဲ နင့်ကို ရင်ခွင်ထဲထည့်ပြီး နေသွား ချင်တာပေါ့'

'တော်ပါတော့ စွဲမြဲရယ်၊ နင်နဲ့ ငါ ဒီဘဝမှာ ဆုံရ တော့မယ်လဲ မထင်တော့ပါဘူး'

'အဲလို မဟုတ်ပါဘူး ရင်ငြိမ်းရယ်၊ ဘီလူးဘောခကျော် တောင်မှ တစ်ဘဝခြားပြီး သူ့ဘုရား သူ တည်နိုင်ခဲ့ သေးတာပဲ၊ နင် ဘုရားပြိုက ဘုရားတင် မကြည့်နဲ့လေ မကွေးက မြသလွန် ဘုရားကြီးကိုလဲ ပြန်ကြည့်ဦးမှ ပေါ့၊ တစ်ဘဝဆိုတာ အချိန်တွေ အများကြီးပါဟာ ကံကောင်းလို့ နောက်ဘဝ ဆက်ရရင် အချိန်တွေ ပိုများလာနိုင်သေးတယ်၊ ဘယ်အချိန်ဖြစ်ဖြစ်၊ ဘယ် ဘဝ ဖြင့်ဖြစ်၊ ငါနင့်ကို ချစ်နေမှာပဲရင်ငြိမ်း၊ပြီးတော့ နင့်ဆီကို ငါ မရောက် ရောက်အောင်လာခဲ့မှာပဲ'

'သွားစမ်းပါ၊ နင့်ကို ငါ မယုံတော့ဘူး စွဲမြဲ၊ အခု တောင် ခွဲရမှာ ကြောက်ပြီး ငါကသာ ငိုပြီးရင်း ငိုနေရတာ၊ နင်ကျတော့ နည်းနည်းမှတောင်ကြောက် ပုံ မရဘူး၊ ခွဲနေဖို့စကား ချည့်ပြောပြီး ငါ့ကိုချော့ သိပ်နေတယ်၊ အေးပေါ့လေ၊ နင်က ယောကျ်ား



လေးဆိုတော့ တင်ချို့ကွယ် တယောယ်မေ့ပြီး ဒီ့ပြင် ကောင်မတွေနဲ့ ပျော်မြူးနေနိုင်တာကိုး'

'မဟုတ်တာ ရင်ငြိမ်းရာ၊ ပေးချင်တဲ့သစ္စာကို ပေးပါ၊ အခုလဲ သိကြားနတ်ကွန်း နားမှာ သိကြားမင်းကို သက်သေထားပြီး ငါကျိန်ရဲပါတယ်၊ သိကြားမင်း ကိုယ်တိုင် ငါ့ကို မိုးကြိုးနဲ့ပစ်ပါစေ၊ ငါနင့်ကိုဝေးနိုင် ခွဲနိုင်လို့ ဒီစကားတွေ ပြောနေတာ မဟုတ်ပါဘူး၊ အခြေအနေနဲ့ အချိန်အခါမပေးသေးတဲ့ ဘဝမှာ ဒီလိုမှ မလုပ်ရင် နင်ကော ငါကော ဘဝပျက်ပြီး ဒုက္ခရောက်ကုန်မှာ စိုးလို့ပါ'

'ဘာ....ငါကော နင်ကောလဲ၊ နင် အင်ဂျင်နီယာ အရာရှိကြီး မဖြစ်ဘဲ၊ ဆင်းရဲနေမှာစိုးလို့ ငါ့ကို ရန်ကုန်ပဲ အတင်းသွားခိုင်းနေတာ မဟုတ်လား၊ငါက နင့်နဲ့ခွဲနေရမှ ဘဝပျက်ပြီး ဒုက္ခ ရောက်မှာ နင့်လို ဂုဏ်တွေ ငွေတွေ ငါကမက်တာ မဟုတ်ဘူး'

စေတနာကို ဝေဒနာဖြစ်အောင် ရင်ငြိမ်း ဇွတ်အတင်း လုပ်ပစ်နေပြီဟုစွဲမြဲသိသည်။ လုသမျှ ဉာဏ်ထက်ပြီးအချစ် ကြီးတတ်သော်လည်း သူ လုပ်ချင်ရာရှိပြီဆိုလျှင် ဇွတ်ကို လုပ် လိုက်ရမှ ကျေနပ်သော ချစ်သူ အတွက် စွဲမြဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာ၏။

သူ့ဟာသူ တိကျပြတ်သားနေသော စိတ်ပင့်ရှေ့လိုက်စား သည့် ကမ်းပါးစွန်းလို ပြိုလုလုယိုင်နဲ့နဲ့ဖြစ်လာသည်။

ချစ်သူနှင့်ဝေးသော ဒဏ်၊ ဝေးရုံဝေးသောဒဏ်ကိုအံကြိတ်
ခါးစည်းလျက် ခံနိုင်သော်လည်း ရင်ငြိမ်း၏အထင်လွဲမှားစွာ
နာကြည်းလျက် ဝေးရသော အဖြစ်မျိုးကိုတော့ တစ်မိနစ်ပင်
ရင်မဆိုင်ချင်။

နေရောင်ကြောင့် မြစ်ပြင်သည် လှိုင်း ကြက်ခွပ်လေးများ
ဖြင့် တလက်လက် ထ နေ သည်။ ခြောက်သွေ့၍ အငွေ့
ထောင်းထောင်းထနေသည့် သဲသောင်ပြင်ကြီးကို အပေါ်စီး
မှနေ လှမ်းကြည့်လိုက်သည်။

အရိပ်ထက် အပူကပိုကျယ်ပြန့်ကြီးမားရှည်လျားနေသော
အဖြစ်ကို သတိပြုမိ၏။

* * *

'အဲဒီတော့ နင်က ဘယ်လိုဖြစ်စေချင်လို့လဲ ရင်ငြိမ်း
ငါပြောသလိုလုပ်လို့ နင်စိတ်မချမ်းသာဘူးဆိုရင်တော
ရှည်ရှည်ဝေးဝေး စဉ်းစား မနေနဲ့တော့၊ နင် စိ
ချမ်းသာမယ့် ကိစ္စပဲ ငါလုပ်တော့မယ်၊ ပြော.... န
ဘာလုပ်ချင်လဲ'

စွဲမြဲက မိုက်ကန်းကန်းပင် ဆုံးဖြတ်ချက် ချလိုက်ပြီးရင်ငြိမ်း
ကို မေးသည်။ ရင်ငြိမ်းကပါးပေါ်မှစိုစွတ်နေသောမျက်ရည
စ,များကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း စွဲမြဲနှင့်မျက်နှာချ
ဆိုင်လိုက်သည်။



'ဘာ လုပ်ရမယ်ဆိုတာ ငါပြောနေရဦးမှာလား စွဲမြဲ၊
နင် ယောကျ်ားပဲ ဘာလုပ်ရမယ် ဆိုတာ နင် မသိ
ဘူးလား၊ မဆုံးဖြတ်တတ်ဘူးလား၊ သတ္တိမရှိဘူးလား၊
မိန်းကလေး တစ်ယောက်အနေနဲ့ စ,မပြောသင့်တဲ့
စကားတွေ ငါ့ကို ပြောခိုင်းပြီးမှ ဘာလုပ်ရမယ်
ဆိုတာ နင်သိမှာလား'

ရင်ငြိမ်း စကားများက စွဲမြဲရင်ထဲသို့ ထနောင်း ဆူးခက်
ခွဲလို စူးနစ်ဝင်ရောက်လာသည်။

'အဲဒါဆို ခုတည်းက မဝေးရအောင် နင့်ကို ငါခိုးပြေး
ရတော့မှာပေါ့ ရင်ငြိမ်း၊ ကောင်းပြီလေ၊အဲဒီအတိုင်း
ပဲ ငါလုပ်မယ်၊ ဒါပေမယ့် ခုချိန်မှာ နင်အိမ်ကလဲ
ငါတို့ကို ပြန်လက်ခံမှာ မဟုတ်ဘူး၊ ငါ အိမ် ကတော့
လက်ခံလဲ အစ ကတည်းက ခြံထဲမှာ ပန်းပင် စိုက်စား
နေတဲ့ ဆင်းရဲသားအိမ်၊ ဒါမှမဟုတ် နင်နဲ့ငါ နှစ်
ယောက်တည်းပဲလဲ တစ်နေရာမှာ ဆင်းဆင်းရဲရဲသွား
လုပ်ကိုင် စားသောက်ရလိမ့်မယ်၊ အဲဒါကို တော့ ခံနိုင်
ရည်ရှိအောင် နင်ကြိုတွက်ထား၊ စာမေးပွဲနောက်ဆုံး
နေ့ကျရင် နင့်ကို ငါခိုးပြေးမယ် ရင်ငြိမ်း၊ ကျေနပ်
ပလား'

'နင် ငါ့ကို အဲ့ဒီလေသံနဲ့ မပြောနဲ့စွဲမြဲ၊ နင့်ကို ငါ
အစကတည်းက ချမ်းသာမယ်ထင်ပြီးကြိုက်တာမဟုတ်
ဘူး၊ ဆင်းရဲရမှာလဲ ငါမကြောက်ဘူး၊ ဒါပေမယ့် ငါ့
ကြောင့်မို့ နင်က မခိုးချင်ခိုးချင်နဲ့ ခိုးသူရတာမျိုး ဆို

ရင်တော့ နင့်နောက်တို့ ငါလုံးဝမလိုက်ဘူး၊ အဲဒီ
တော့ ရှင်းရှင်းပြော၊နင်ငါနဲ့အတူနေချင်စိတ် ရှိလား
မရှိဘူးလား ဒါပဲဖြေ'

အသက်ဆယ့်ရှစ်နှစ်ထဲရောက်ကာ ဖြူဖြူသွယ်သွယ် မြင့်မြင့်
လေးနှင့် လူကြီးလေးလိုဖြစ်ကာ၊ ခန္ဓာကိုယ်ကော အသိဉာဏ်
ပါဖွံ့ဖြိုးနေပြီဖြစ်သော်လည်း ရင်ငြိမ်းစိတ်က ငါးတန်းတုန်း
က ဂါဝန်ဖားဖား၊ ဂျပန်ဆံတောက်နှင့် သေးသေးတာတာ
အရွယ်ကတည်းက စိတ်မျိုးပင် ရှိနေသေးသည်။

ကတ်သီး ကတ်သတ်ထပ်လုပ်နေသော ရင်ငြိမ်းကို ကြည့်၍
စွဲမြဲက ပြုံးရင်း....

'ငါနင့်နဲ့ မခွဲနိုင်ဘူး၊ အတူတူအမြဲနေသွားချင်တယ်
ဟဲ့ စကားကို ပြောခဲ့ဘဲ့အကြိမ်ပေါင်းသန်းနဲ့တော
လောက်ပြီ ရင်ငြိမ်း၊ အဲဒီတော့အပိုတွေမေး၊ အပို
ပြောလုပ်မနေနဲ့တော့၊ လုပ်သလို မဖြစ်ရင် ဖြစ်သ
လုပ်ဖို့လဲ ငါဘက်က ဘာမှ သတ္တိကြောင်စရာမရှိဘူ
ငါယောကျ်ားတစ်ယောက်၊ ကြုံရမယ့်ဒုက္ခက နင့်
ကနေ ငါအမြဲရင်ဆိုင်သွားဖို့ဆုံးဖြတ်ပြီးသား'

ရင်ငြိမ်းကလည်း မဲ့ဘဲ့ဘဲ့လုပ်၍ ရယ်သည်။

'ပြီးရော အဲဒါဆို ငါ့ကို ရန်ကုန်လိုက်သွားဖို့ကိစ္စဘာ
ထပ်မပြောနဲ့တော့၊ နင့်လိုပဲ ငါလဲသတ္တိရှိတယ်၊
ယောက်ကို တစ်ယောက်ချစ်လို့ စွန့်စားရတာ ဘ
ကြောက်စရာမလိုဘူး၊ ကိုယ်ချစ်တဲ့သူနဲ့ကိုယ် အတူ



စားရင်း သေသွားတာကမှ မြတ်သေးတယ်၊ဒီအတိုင်း
ကြီးတော့ ရင်အကွဲမခံနိုင်ဘူး'

စွဲမြဲ သက်ပြင်းချသည်။

ရင်ငြိမ်း၏ ထက်သန်နေသော စိတ်ကိုထပ်အနှောင့်အယှက်
မပေးချင်တော့သဖြင့် ဘာမှထပ်မပြောတော့သော်လည်းရင်ထဲ
မှာတော့ ရင်ငြိမ်းကြားစေချင်သောစကားများကို ပြောနေမိ
သည်။

'ဘောကျော်နဲ့ဘောသောအကြောင်း နင်ကငါ့ထက်
တောင်ပိုသိပါသေးတယ် ရင်ငြိမ်းရယ်၊ သူတို့လဲဘုရား
ကိုယ်တိုင် စွန့်ခဲ့တဲ့ သလွန်ကို သူတို့မှာရှိတဲ့အခြေအနေ
အချိန်အခါအရ ရှိတဲ့အင်အားလေးနဲ့ ဘုရားတည်ခဲ့
တာပါ၊ အဲဒီကိစ္စဟာ မကောင်းတဲ့ ကိစ္စ မမြတ်တဲ့
အလုပ်လုံးဝမဟုတ်ပါဘူး'

ဒါတောင်အခြေအနေရယ်၊ အချိန်အခါရယ် မပေးတာကို
အကြောင်း ပြုပြီးတည်ခဲ့တဲ့ ဘုရားက မတင့်တယ် လေတော့
သိကြားမင်းက သူတို့တည်တဲ့ မသပ်မရပ်စေတီကိုဖြိုပစ်ခဲ့တာ
ပေါ့၊ ဘုရားရဲ့ မြသလွန်တော်ဆိုဘာဘော်ရုံတန်ရုံစေတီတော်
လောက်မှာ ကိန်းဝပ်လို့ရတာမှမဟုတ်ဘဲ....။

နင်နဲ့ငါတည်ဆောက်မယ့်ဘဝကလဲ၊အခြေအနေနဲ့အချိန်
အခါကခွင့်မပြုသေးဘဲတည်ဆောက်ရမယ့်ဘဝတို့နှစ်ယောက်
ကြားမှာ မြင့်မြတ်သန့်စင်တဲ့ အချစ်ကလေးထာဝရ ကိန်းဝပ်
နိုင်မကိန်းဝပ်နိုင်၊ မသေချာဘူးကွယ်။

'တခြားဟာမစိုးရိမ်ပါဘူး၊ ရှိပြီးသား သန့်စင်မွန်မြတ်တဲ့အချစ်ကလေးပါဘုရားပြိုကဘုရားပြိုကဲ့သလိုပြိုကွဲပြီး ညစ်နွမ်းလွင့်ပြယ်သွားမှာကိုသာ ငါကြောက်တာပါ'

တောင်ကမ်းပါးစွန်းလေးတွင် ညင်းလေအေးက ဖြူးဖြူးသွေးလျက်ဘောသွရှိ၏။

အောက်သဲမြေမှ တငွေ့ငွေ့တက်နေသော အပူရှိန်များလေညင်းထဲ တိုးဝင်ရောလာမှာ ကိုသာ စိုးရိမ်မိ ပါသည်ရင်ငြိမ်း။

∴

[၅]

'အဲဒါဆို မင်းက နောက်မှ ဘာဖြစ်ဖြစ်ဆိုပြီး ငွတ်မိုက်တော့မယ့်သဘောပဲပေါ့ စွဲမြဲဟုတ်လား'

စွဲမြဲခေါင်းညိတ်သည်။

'ဟုတ်တယ် ဇေယျ၊ ငါ့ဘက်ကတွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတာက သူ့အတွက်နဲ့သူ့အပေါ်ချစ်လွန်း စေတနာထားလွန်းလို့ ဖြစ်နေတဲ့ ကိစ္စပဲ၊ အဲ့လိုလုပ်လို သူ စိတ်ဆင်းရဲမယ်ဆိုရင်တော့ သူစိတ်ချမ်းသာဖို့ကိုပဲငါဦးစားပေးရတော့မှာပေါ့'

ဇေယျကလည်း လက်ခံနားလည်ပုံဖြင့် ခေါင်းညိတ်သည်။

'အေးလေ၊ အဲ့ဒါဆိုတော့လဲ တစ်မျိုး စဉ်းစားပေးရတော့မှာပေါ့၊ အဲဒီတော့ အဲဒီနေ့ကျရင် မင်းဘယ်လိုလုပ်မှာလဲ၊ ငါကကော ဘယ်လိုကူညီပေးရမှာလဲ'

'အဓိကကတော့ငါဘယ်သွားရင်ကောင်းမလဲဆိုတာပဲ ဗေယျ၊ နောက်ပိုင်းကျရင်တော့ ငါ့အိမ်ကို ငါမဖြစ်ဖြစ်အောင် ပြန်တက်ရမှာပေါ့ကွာ၊ကျောင်းပြန်မဖွင့်ခင်စပ်ကြား အိမ်မှာပဲ နေရင်း ပိုက်ဆံရမယ့် အလုပ်တစ်ခုခုရအောင်ရှာလုပ်ရမှာပေါ့၊ပြီးတော့ ဆယ်တန်းကို အမြင့်ကဖြေနိုင်အောင် ကြိုးစားရမယ် ဆယ်တန်းအောင်ပြီးရင် အနိမ့်ဆုံးစာပေးစာသူဖြစ်ဖြစ်ဆက်တက်ပြီး ဘွဲ့တစ်ခုခုရအောင်လဲလုပ်ရမယ်၊ ပညာရေးနဲ့ပတ်သက်လို့ တစ်ခုခုဆုံးခန်းတိုင်အောင်တော့ ကြိုးစားရမှာပဲ'

'ဒါဆိုသိပ်ဝေးဝေး သွားလို့တော့ မဖြစ်ဘူးပေါ့'

'သိပ်ဝေးဝေးသွားစရာပိုက်ဆံလဲ မရှိပါဘူးကွာ၊တော်ကြာ တစ်ရပ်ကျေးမှာ စားစရာဘောင်မရှိဘဲဖြစ်နေပါဦးမယ်၊ ကောင်းတာကတော့သိပ်အားမနာရမယ့် သူငယ်ချင်း မိတ်ဆွေတစ်ယောက်ရှိတဲ့နေရာကိုပဲ ခဏတဖြုတ်ရှောင်တိမ်းတဲ့ သဘောသွားနေလိုက်ချင်တယ်၊နီးတာ ဝေးတာက အကြောင်းမဟုတ်ဘူး၊လူကြီးတွေမျက်စိလည်ပြီး ရှာတရက်သွားလိမ့်မယ် မထင်တဲ့နေရာကို ရွေးနိုင်ဖို့ပဲ'

'အဲဒါ မင်းနဲ့ကော၊ ရင်ငြိမ်းနဲ့ကော မပတ်သက်တဲ့ လူမျိုးဆို ပိုကောင်းမှာပေါ့၊ဒါဆိုသူတို့ဘယ်လိုမှ အစရှာရမှာ မဟုတ်ဘူး'

'အေး....အဲဒီတော့'



'အဲဒီတော့ မင်း ဘုရားပြို သွားမလား၊ အဲဒီမှာငါနဲ့ ညီအစ်ကို ဝမ်းကွဲတော်တဲ့ ကြည်စိုးဆိုတဲ့ကောင် တစ်ကောင်ရှိတယ်၊ မင်းသူ့အိမ်မှာတော့ အားနာစရာမရှိဘူး၊ ရွာမှာ သူ့မိဘတွေကလဲ အတော် ဆောင့်တင်းတယ်၊ တစ်အိမ်လုံးသဘောလဲ ကောင်းတယ်၊ အိမ်မှာလဲ သူတို့အဖေအမေနဲ့ ညီအစ်ကိုနှစ်ယောက်ပဲ ရှိတာ၊ အိမ်က အကျယ်ကြီး'

'ဘုရားပြို ဟုတ်လား'

'ဟုတ်...ဒီလိုလေ ဘုရားပြိုဆိုတာက မင်းနဲ့ဆက်ဆက်စပ်စပ်ရှိတဲ့ အရပ်မှမဟုတ်ဘဲ၊ ရုတ်တရက် စဉ်းစားရင် အဲဒီသွားမယ်ဆိုတာ ဘယ်လိုမှစဉ်းစားမိမှာ မဟုတ်တဲ့အရပ်'

'ရင်ငြိမ်း သူငယ်ချင်းတွေတော့ရှိတယ် ပြောတယ်ကွ'

'ရှိပစေပေါ့ ဘာဖြစ်လဲ၊ ရောက်စ တစ်ရက်နှစ်ရက်မှာတော့ အိမ်ထဲကအိမ်ပြင်မထွက်ဘဲ ကိုယ်ယောင်ဖျောက်နေလိုက်ဦးပေါ့၊ နောက်မှ သူတို့ကိုခေါ်ပြီး အကျိုးအကြောင်းပြောပြ၊ သူငယ်ချင်းဆိုတာ ဒါမျိုးမှာ သစ္စာရှိရှိနဲ့ အားကိုးရပါတယ်ကွာ၊ သူတို့ကစောင့်ရှောက်ပေးကြဦးမယ်'

'ငါကတော့ သိပ် မသွားချင်ဘူး၊ တခြား လွတ်လွတ်ကင်းကင်း တစ်နေရာမရှိဘူးလား'

'ဘာလဲ လွတ်လွတ်ကင်းကင်းဆိုတာ၊ ရင်ငြိမ်းသူငယ်ချင်းတွေဘာတွေ မရှိတဲ့အရပ်ကို ပြောတာလား'

'မဟုတ်ပါဘူး၊ အဲဒါက သိပ်ပြဿနာ မဟုတ်ပါဘူး၊ အဓိကက မြသလွန်သမိုင်းနဲ့ ဆက်စပ်ပြီး ဘောကျော်၊ ဘောသော ဘုရားအဖြိုခံရတဲ့ နေရာကြီး ဖြစ်နေလို့၊ အမှန်အတိုင်းပြောရရင်၊ အဲဒါတွေနဲ့ငါ သိပ်မဆက်စပ်ရဲဘူး'

ဇေယျက ရယ်သည်။

'မင်းကလဲ ကြောင်ပြန်ပြီ စွဲမြဲရာ၊ ဘာမှမဆိုင်ပါဘူး၊ ဘုရားသမိုင်းက ဘုရားသမိုင်းပဲ၊ မင်းရောက်ဖူးချင်နေတဲ့ ဘုရားတောင် ဖူးရတာပေါ့၊ ဒါမှမဟုတ်လဲ သည်ပြင်နေရာ စဉ်းစားမယ်လေ၊ မင်းဘူးဘက် ကူးမလား၊ အဲဒီမှာ မျိုးဇင့်တို့ရှိတာပဲ'

စွဲမြဲက ခေါင်းခါသည်။

'မဖြစ်ဘူးကွ၊ မျိုးဇင့်အဖေကလဲ ကားထောင်စားတဲ့လူ၊ ရင်ငြိမ်းအဖေနဲ့မသိဘဲ နေမှာမဟုတ်ဘူး'

'ဒါဖြင့် ပွင့်ဖြူဘက်သွားကွာ၊ အဲ့ဒီမှာလဲ ငါ့အမျိုးတွေရှိတယ်။

စွဲမြဲက ခေါင်းခါမြဲ ခေါင်းခါရင်း—

'ဒီဘက်ကမ်းက မြို့တွေ စဉ်းစားစမ်းပါကွာ၊ ဟိုဘက်ကမ်းကူးသွားရတာက အန္တရာယ်များပါတယ်၊ ဇက်စောင့်ရတာနဲ့ ဟိုဘက်မှာ ကားငှားဖို့ လုပ်ရတာနဲ့ နောက်က လိုက်လာတဲ့သူတွေနဲ့ တိုးပြီး ဒုက္ခများကုန်ပါမယ်'



'ဒါဆိုရင်တော့ ငါပြောတဲ့ ဘုရားပြိုသာ သွားတော့ စွဲမြဲ၊ ငါစောစောကြိုပြီး ကြည်စိုးကို အကြောင်းကြားထားမယ်၊ ကြည်စိုးဆိုတာ ခုနငါပြောတဲ့ ငါနဲ့ညီအစ်ကို ဝမ်းကွဲတော်တဲ့လူ၊ သူ့ကို ကန်ပြားကစောင့်ခိုင်းပြီး ကန်ပြားအထိငါကားနဲ့ မင်းတို့နှစ်ယောက်ကို ပို့ပေးမယ်၊ ကန်ပြားကနေဖပြိုကိုကြည်စိုးက လှည်းနဲ့ ခေါ်သွားလိမ့်မယ်'

'ဘုရားပြိုအထိ ကားနဲ့သွားလို့ မရဘူးလား'

'ရတော့ ရတယ်ကွ၊ ဒါပေမယ့် လှည်းလမ်းအတိုင်းမောင်းရတာဆိုတော့တော်ရုံကားနဲ့ သွားလို့မကောင်းဘူး၊ ဂျစ်ကားတို့ ကားကြီးတို့နဲ့မှ ကိုက်တာ၊ ငါယူလာမယ့် ကားက ပရက်စတို၊ သိပ်ငယ်တယ် နိမ့်တယ်၊ မကောင်းဘူး'

'မင်းကကော ဘယ်ကကားနဲ့ လိုက်ပို့မှာ မို့လို့လဲ'

'ငါ့ယောက်ဖ ကား ငါမောင်းယူလာခဲ့မယ်၊ ဒါပေမယ့် ကျောင်းထဲ အထိတော့ ယူမလာဘူးပေါ့ကွာ၊ ဆေးရုံထောင့်မှာ ဖြစ်ဖြစ်၊ ပြည်တော်သာ ဘက်မှာ ဖြစ်ဖြစ် ရပ်ထားခဲ့မယ်၊ စာမေးပွဲဖြေပြီးတာနဲ့ မင်းတို့လဲ အဲဒီကိုအမြန်ဆုံး ရောက်အောင်လာခဲ့၊ ငါလဲ စောထွက်ပြီး အဲဒီကစောင့်နေမယ်၊ ကြည်စိုးကိုလဲငါ မနက်ဖြန် ကြိုပြောထားနှင့်လိုက်မယ်'

'အေးလေ....အဲဒါဆိုလဲ မင်းကောင်းမယ် ထင်သလိုသာ လုပ်လိုက်ပါ'

လောလောဆယ် တစ်ပူအေးသလို ဖြစ်သွားသဖြင့် စိတ်
သက်သာရာ ရသွားသည်။

ဇေယျက ခဏဆိုင်းနေပြီးမှ–

'မင်းမှာ ပိုက်ဆံဘယ်လောက်ရှိလဲ ဖွဲ့မြဲ'

'ဘာလုပ်မလို့လဲ'

'မဟုတ်ပါဘူး၊ ငါမေးတာသာ ဖြေပါ'

'နှစ်ရာ သုံးရာတော့ ရအောင်ရှာထားရမှာပေါ့ကွာ'

'အဲ့ဒါဆို လိုလိုမယ်မယ် ငါ့ဆီက ငွေတစ်ထောင်
သွား၊ ငါ့ငွေစုစာအုပ်ထဲမှာ ထောင့်ခြောက်ရာကျော်သာ
ရှိတယ်၊ ငါထုတ်ပေးလိုက်မယ်'

'ဟာ....နေပါစေကွာ'

ဇေယျက ရယ်သည်။

'ယူသွားစမ်းပါကွာ၊ နောက်ထပ် လေးငါးနှစ်အတွင်း
မှာ အဲဒီပိုက်ဆံ ငါ့ဘာမှ သုံးဖြစ်မှာ မဟုတ်ပါဘူး
မင်းလိုက မကောင်းသေးတော့ ငါပိုးနေတဲ့ ညွန့်ညွန့်
စိန်က ငါ့ကိုပြုံးအောင် မပြုဖူးသေးဘူး'

ဇေယျစကားကြောင့် ဖွဲ့မြဲမျက်လုံးပြူး၍....

'မင်းက ညွန့်ညွန့်စိန်ကို ပိုးနေတာယ်ဟုတ်လား၊ ဟာ
ငါတောင်မသိပါလား'

'မင်းမသိတာ အဆိုးမဟုတ်ဘူး ဖွဲ့မြဲ၊ ခုထိညွန့်ညွန့်
ကတောင် သူ့ကို ငါပိုးနေမှန်း မသိသေးဘူး၊
လောက် ငါကလဲ အပိုးဘော်ဘာ'

နှစ်ယောက်သား သဘောကျစွာ ရယ်ဖြစ်သည်။



အုံးဖြတ်ပြီးတော့လည်း သည်ကိစ္စက ဘာမှ မဟုတ်တော့
သလိုပါတဲ့လားဟု ဖွဲ့မြဲတွေးလိုက်၏။

* * *

'ဒါဖြင့် မင်းတို့နှစ်ယောက်က....'

နားထောင်ရင်းနှင့် သိချင်စိတ်ရှုတ်တရက် ပေါက်ကွဲမှုကို
သည်းမခံတော့ဘဲ ဝင်းဌေးက ဝင်မေးချန်ပြင်သည်။

ဖွဲ့မြဲက လက်ကာ၍ တားလိုက်ရင်း...

'ဖြတ်မမေးနဲ့လို့ ငါပြောထားတာပဲ ဝင်းဌေးရာ၊
လမ်းဆုံးရင် ရှာတွေ့ပြီး မင်းသိချင်တာတွေ အကုန်
ပြည့်စုံ သွားမှာပါ၊ ဟိုတစ်ဖြတ်၊ ဒီတစ်ဖြတ်ဖြတ်
တောက်ပြီး အကြောင်းပြချက်တွေ ဖြေရှင်းချက်တွေ
ပေးနေရတာက ပို သံသရာရှည်ပါတယ်'

ဝင်းဌေးက ရယ်သည်။

'ငါကမင်းကို လူပျိုအောက်မေ့လို့'

'အင်း....မင်းကတော့ ပြောရင်းနဲ့ကို ထပ်ကဲလာတာ
ပဲလား ဝင်းဌေး၊ ကဲ အေးအေး ဆေးဆေးနား
ထောင်စမ်းပါကွာ'

သည်တော့မှ ဝင်းဌေးက ဘာမှမပြောတော့ဘဲ ငြိမ်နေလိုက်
သည်။ ဖွဲ့မြဲက ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော ဒူးယား
ဘူးမှ စီးကရက် တစ်လိပ်ကို ထုတ်ယူ၍ မီးညှိဖွာရှိုက် ရင်း

သူနှင့်ရင်ငြိမ်းတို့ နှစ်ယောက်၏ စာမေးပွဲ နောက်ဆုံးနေ့က အဖြစ်အပျက်လေးကို ဆက်ပြောသည်။

ခံစားမှုပါပါ နေ့သဖြင့် စွဲမြဲချက်သုံးသဲတွင် ထိုနေ့က အဖြစ်အပျက်ချိုးကို အသေးစိတ် ပြန်မြင်နေမိသလို၊ စကား များက လည်း အဘောင်သေး အသေးစိတ်ပင် ဖြစ်လာ၏။

*

# [၆]

'ကဲ....ရပြီ ဇေယျ၊ မောင်းတော့'

စာမေးပွဲဖြေရင်းကနေ ထွက်လာရသည်မို့ အဝတ် တစ်ထည် ကိုယ်တစ်ခုမှ အပ ပစ္စည်း ပစ္စယ အပို သားရေအိတ် တစ်လုံးပင် မပါ။

ကိစ္စမရှိဘူး၊ အဲဒီနေ့တော့ အဲဒီအတိုင်းသွားလိုက်၊ ဟိုမှာ လဲစရာ ဖယ်စရာ လိုရင်လဲ ကြည်စိုး ကြည့်လုပ်ပေးလိမ့်မယ်၊ နောက်နေ့ကျမှ ငါ တစ်နည်းနည်းစီစဉ်ပြီး လာပို့ပေးမယ်.... ဆိုသော ဇေယျ၏စကားကြောင့် ထိုအတွက် သိပ်ပူပန်ကြောင့်ကြမှုလည်း မဖြစ်မိတော့။

ရင်ငြိမ်းက စွဲမြဲလက်မောင်းကို ခပ်တင်းတင်းလေး ဆုပ်ကိုင်လိုက်သော ခဏမှာပင် ဇေယျကားကို ဝူးခနဲ ဆောင့်ထွက်ရင်း မောင်းတော့သည်။

'မင်းဘက် ၈ မှန်တင်ထားလိုက် စွဲမြဲရာ၊ ပြီးတော့ ရင်ငြိမ်းကလဲ ခေါင်းနည်းနည်း ငုံထား၊ လမ်းမှာမှတ်မိတဲ့ အဘိုးတစ်ယောက်နဲ့ တွေ့ရင် သဲလွန်စရပြီး မင်းတို့ အိမ်တွေက လိုက်ရှာတဲ့အခါ လွယ်သွားလိမ့်မယ်'

ဇေယျ စကားကြောင့် စွဲမြဲကကားမှန်ကို ကမန်းကတန်း ကောက်တင်သည်၊ ရင်ငြိမ်းကလည်း ပျာပျာသလဲ ခေါင်းကို ငုံ့လိုက်၏။

'ရင်ငြိမ်း ထိုင်လို့ရလား'

မာဇဒါပရက်စတို့ ပစ်ကပ်ကားလေးက ရှေ့ထိုင်ခုံတစ်ဆက်တည်းဖြင့် အတန်ငယ်ကျယ်သော်လည်း ဂီယာကဘောလ်ဂီယာမို့ အလယ်ကထိုင်သော ရင်ငြိမ်းမှာ နည်းနည်းတော့ စောင်းစောင်းစောင်း ဖြစ်နေသည်။

'ရတယ်....ကိစ္စမရှိဘူး'

ခိုးကြောင်ခိုးဝှက်ဟု ဆိုသော်လည်း အလွယ်ဆုံးနှင့်အမြန်ဆုံးရောက်နိုင်သောလမ်းမို့ ဇေယျက မကွေးမြို့လယ်၊ အထိကရ လမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းအတိုင်းပင် မောင်းထွက်သည်။

မကွေးနတ်မောက်လမ်းနှင့်ဆုံသောနေရာကျမှ နတ်မောက်တို့ ရေနံချောင်းတို့ဘက်သို့ ထွက်သော လမ်းအတိုင်းချိုးကွေ့သည်။ ထိုကနေ ကားဖြင့်သွားရန် ခရီးဆုံးဖြစ်သော ကန်ပြာအထိကတော့ ဘာမှပြဿနာမရှိ။

သိပ်လည်း အဝေးကြီးမဟုတ်၊ ခုနစ်မိုင် ရှစ်မိုင်လောက်ပင် သွားရသည်။



ကန်ပြာရွာရောက်သောအခါ ရွာထိပ် မန်ကျည်းပင်ကြီး အောက်တွင် လှည်းတင်စီးရပ်ထားသည်ကို တွေ့ရ၏။

လှည်းပေါ်မှာတော့ ရှယ်တူယောကျ်ားတစ်ယောက်။

ဇေယျက လှည်းနားအထိ မောင်းသွားရင်း....

'လှည်းပေါ်က ထိုင်နေတာကြည်စိုးပဲ စွဲမြဲ၊ ဘာမှမပူနဲ့ တို့အစီအစဉ်တွေအားလုံး ကွက်တိပင်နေတယ်'

ဇေယျက ကားကိုရပ်သည်နှင့် နှစ်ယောက်သားသုတ်သုတ်သုတ်ပင် ကားပေါ်ကဆင်းသည်။

'လာ....စွဲမြဲနဲ့ ရင်ငြိမ်း လှည်းပေါ်တက်တော့၊ ဒီနေရာမှာ ဖြတ်သွားဖြတ်လာကားတွေနဲ့ သိပ်အကြာကြီးနေဖို့မကောင်းဘူး၊ ကဲ....ကြည်စိုး မင်းဘက်အပိုင်းကို မင်းကြည့်လုပ်တော့ပေါ့လား၊ ငါ မလိုက်တော့ဘူး'

'ဟင်....မင်းက မလိုက်တော့ဘူးလား ဇေယျ'

'အေးလေ'

ဇေယျကနေခဲ့မည်ဆိုသဖြင့် စွဲမြဲကော ရင်ငြိမ်းပါ အလန့်တကြားနှင့် မေးလိုက်သည်။

ဇေယျက ခေါင်းခါရင်း–

'ငါ့လိုက်တော့ဘူးလေကွာ၊ ငါရွာ အထိ လိုက်ရင် ဒီကားကြီး ဒီနားမှာအကြာကြီး ရပ်ထားခဲ့ရမှာပေါ့၊ ငါ လိုက် တာနဲ့ ပြန် တာနဲ့ နှစ်နာရီ သုံးနာရီလောက်ကြာနေရင် ကားကြီးက နောက်ကလိုက်ရှာမယ့်လူတွေအတွက် လမ်းပြမှတ်တိုင်ကြီးလို ဖြစ်မနေဘူး

လား၊ပြီးတော့ငါကဏ္ဍမြွေမပျက်မြို့ထဲချက်ချင်းပြန်ပြီး ဦကိစ္စ ငါနဲ့ ဘာမှ မဆိုင်သလို သွားလုပ်နေရဦးမှာ'

သူ့စကားက သင့်တော် မှန်ကန်သော်လည်း ခုထက်ထိ တောင် အသိအကျွမ်း မဖြစ်သေးသူနောက်သို့ အားကိုးသမှုပြု ပြီး လိုက်ရမည်ဆိုသဖြင့် စွဲမြဲစိတ်ထဲမှာ အားငယ်သွားသည်။

ဤအချက်ကို ရိပ်မိသွားသော ဇေယျက–

'မင်း ဘာမှမစိုးရိမ်နဲ့စွဲမြဲ၊ ကြည်စိုးကို မင်းအစစအား ကိုးနိုင်တယ်၊ ဘာမှ အားနာစရာလဲ မလိုဘူး၊ ကြည်စိုး မင်းသူတို့အားမငယ်အောင် ကြည့်ပြောပြီး ဆက်လုပ်ပေးတော့၊ ငါသွားမယ်ဟုတ်လား'

ကြည်စိုးကခေါင်းညိတ်ပြသည်၊ ဇေယျက စွဲမြဲနှင့်ရင်ငြိမ်း ကို နှုတ်ဆက်ပြီး ထွက်သွားသည်နှင့် ကြည်စိုးက စွဲမြဲတို့ဘက် လှည့်ရင်း–

'ကိစ္စမရှိပါဘူး ကိုစွဲမြဲ၊ ဇေယျကြီး ပြန်တာကောင်း ပါတယ်၊ ဘာမှမပူနဲ့၊ ကျွန်တော့်ကို ဇေယျလိုပဲ သဘောထားအားလုံး အဆင်ပြေပြေဖြစ်စေရမယ်'

ပြောပြောဆိုဆိုနှင့်ပင်ကြည်စိုးက နွား အဆင်သင့်တပ်ထား သော လှည်းကိုမောင်းထွက်သည်၊ ရွာထိပ်ဝင်လမ်းမှကွေ့ချိုး သွားသည်နှင့် ချေနံချောင်းကားလမ်းမကြီးက မြင်ကွင်းထဲမှ ကွယ်သွားသည်။

ရွာထဲရှိသဲလမ်း ဖြူဖြူလေး အတိုင်းလှည်းကို ခပ်သွက် သွက်မောင်းလာခဲ့သည်။



'ဘေးကိုတော့ နည်းနည်း သတိထားနော်၊ လပ်းကာ ရှေ့ကျရင် နည်းနည်းကျဉ်းတယ်၊ အစွန်းထွက်နေတဲ့ သစ်ကိုင်းတွေနဲ့ မျက်နှာကို ရိုက်မိမှာစိုးလို့'

ကြည်စိုးစကားကို စွဲမြဲက ခေါင်းညိတ်တုံ့ပြန်သည်။

အတွင်းပိုင်းရောက်သည်နှင့် လှည်းက လမ်းကြမ်းတို့ ထုံးစံ အတိုင်းခုန်စပြုသည်။

သို့သော် ကြည်စိုးအမြော်အမြင်ကြီးစွာ ခင်းထားသော လှည်းပေါ်မှ ကောက်ရိုးများကြောင့် အတော် သက်သောင့် သက်သာနှင့် မနာမကျင်စီးနင်းလိုက်ပါနိုင်ခဲ့၏။

* * *

'အတော်ဝေးသေးလား ကိုကြည်စိုး'

'အင်း....အနည်းဆုံး လေးဆယ့်ငါးမိနစ်နဲ့ တစ်နာရီ ကျော်ကျော် ကြာမှာတော့ သွားရမယ်ကိုစွဲမြဲ၊ ယာ ခင်းတွေ ဖြတ်တဲ့ အချိန် တော့နေနည်းနည်းပူမယ်၊ အဆောင်းလေး ဘာလေး ရှိရင်တော့ ဆောင်းထား ပေါ့'

'ရပါတယ်ဗျာ ကိုစွဲမရှိပါဘူး'

ခုချိန်မှာ နေပူတာ လောက်ကတော့ နည်းနည်းလေးမှပင် စွဲမြဲတို့ မမှုတော့။

ရင်ပူခြင်းကနေ နေပူခြင်းကို အေးစက်စက် ရာသီဟုပင် အောက်မေ့ထားနိုင် နေမိသည်။

အသားတူပင် ရင်ခုန်ခြင်းကလည်းလှည်းခုန်ခြင်းကိုအတော် ငြိမ်သက်နေတာပဲဟုပင် ထင်နေမိ၏။

* * *

'ရင်ငြိမ်း…ကြောက်နေလား'

ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ခရီးပေါက်ပြီးချိန်မှာတော့ စွဲမြဲနည်းနည်းတည်ငြိမ် ရင်အေးစပြုလာသည်၊

ပတ်ဝန်းကျင်အနေအထားကလည်း အေးချမ်း တည်ငြိမ်သော ကျေးလက်ရှုခင်းများ အဖြစ်သို့ လုံးလုံး လျားလျား ကူးပြောင်းသွားပြီမို့ စိတ်ထဲမှာ စိုးရိမ်စရာ နယ်မြေမှ လွန်မြောက်သွားသလိုခံစားနေရသည်။

စွဲမြဲက ရင်ငြိမ်း ပခုံးလေးကို သိုင်းဖက်ထားရင်းမေးသည်။ ရင်ငြိမ်းက ခေါင်းညိတ်ရင်း–

'ကြောက်တာ သ်စွဲမြဲရယ်၊ တို့နှစ်ယောက် ဘာတွေကြုံရဦးမလဲမသိဘူးနော်'

စွဲမြဲက သက်ပြင်းချသည်။

'မပူပါနဲ့ ရင်ငြိမ်းရယ်၊ကိုယ်တစ်ယောက်သုံးပါတာပဲ၊ ခုတိုင်းကလဲ အားလုံး အဆင်ပြေသွားပါပြီ၊ ကိုယ်ထင်တယ်၊ နောက်က လိုက်ရှာမယ့် လူတွေက ခုချက်



ချင်းလဲ ဘာဖြစ်ပြီဆိုတာ သိမှာမဟုတ်သေးဘူး၊ သိလို့ ရှာပြီဆိုရင်လဲ ဒီနေရာမျိုးကို ရှာဖို့လုံးလုံး စိတ်ကူးမိမှာ မဟုတ်ဘူး'

'ရင်ငြိမ်းလဲ အဲဒါတော့ မပူပါဘူး စွဲမြဲရယ်၊ တစ်ခုပဲ စိုးရိမ်တာက ဟိုရောက်ရင် နေရေးထိုင်ရေး စားရေး သောက်ရေးအဆင်မှ ပြေပါမလားလို့'

ပြောတာတော့ တိုးတိုးပင်ပြောတာဖြစ်သည်။ သို့သော် လှည်းမောင်းရင်းနှင့် နားပါးသော ကြည်စိုးက ကြားသွားပြီး

'အဲဒါလဲ ဘာမှ မပူပါနဲ့ မရင်ငြိမ်းရာ၊ တို့မှာ ဘာတစ်ခုမှ လိုလေသေး မရှိစေရပါဘူး၊ ကျွန်တော်တို့ အပိုင်းက လုံးဝ ဝတ္တရားကျေရပါစေမယ်၊ ကျွန်တော့်စကားကို ယုံပါ၊ ဟိုရောက်ရင်လဲ ခင်ဗျားတို့သချာတွေ့ရမှာပါ'

ရင်ငြိမ်းက အားနာသွားဟန်ဖြင့် မျက်လုံးလေး ပြူးပြီး လှမ်းကြည့်သည်၊ ပြီးမှ ကြည်စိုးဘက်လှည့်၍

'ကိုကြည်စိုးတို့ဘက်က ဝတ္တရားမကျေမှာစိုးလို့ ပြောတာ မဟုတ်ပါဘူး၊ခု…ဒီမှာနေသချ ရက်ပိုင်းကတော့ ဟုတ်တာပေါ့၊ ရင်ငြိမ်း ပြောတာက နောင် ဆက်စခန်းသွားရမယ့် ကိစ္စအတွက်ပြောတာပါ'

'ဒါလဲ မပူနဲ့ မရင်ငြိမ်း၊ အဆင်မပြေမချင်းကျွန်တော်တို့ဆီမှာနေ၊ နှစ်နဲ့ ချီနေလဲ ရတယ်၊ ခင်ဗျားတို့

အတွက် ကတော့ ကျွန်တော်တို့မှာ ဘာ တာဝန်မှ
မကြီးပါဘူး’

‘ကျေးဇူးတင်ပါတယ် ကိုကြည်စိုး ရယ်’

ကြည်စိုး စကားအဆုံးမှာ စွဲမြဲက ကျေးဇူးစကားကို
အလိုက်သိစွာ ဝင်ပြောလိုက်သည်။ နောက်မှနောက်ရောက်ရား
ခု... လောလောဆယ်တော့ အားပေးစကားနှင့်ပင် ရင်ထဲမှာ
လှုံ့ခြုံလာသည်မို့ တကယ်လည်း ကြည်စိုးကို ကျေးဇူး တင်
နေမိ၏။

‘ရွာ ရောက်ဖို့ သိပ်မလိုတော့ဘူးဗျ၊ ဟိုကမြင်နေရတာ
ဘုရားပြို့ ဘုရားပဲ၊ ကျွန်တော်တို့ ရွာက တောင်ရွာ
မြောက်ရွာဆိုပြီး နှစ်ပိုင်းရှိတယ်၊ ကျွန်တော့်အိမ်က
မြောက်ရွာမှာ’

နာရီဝက်ကျော်ကျော်လောက် အကြာမှာ ကြည်စိုးက
ခပ်ဝေးဝေးမှ ဘုရားတစ်ဆူကို လှမ်းပြရင်းပြောသည်။

ရင်ငြိမ်းက ခေါင်းညိတ်ရင်း

‘သူသာ မရောက်ဘူးတာပါ၊ ရင်ငြိမ်းက ဖပြို့ကို
ရောက်ဖူးပါတယ် ကိုကြည်စိုး၊ ဖပြို့ မှာ သိပ်ခင်တဲ့
သူငယ်ချင်းတွေရှိတယ်’

ကြည်စိုးက အံ့သြစွာဖြင့်

‘ဟုတ်လား၊ ဘယ်သူတွေလဲ’

ရင်ငြိမ်းက သူ့ သူငယ်ချင်း နာမည်များကို ပြောပြသည်။

‘ဟာ၊ သူတို့နဲ့လဲ ကျွန်တော် အရမ်းခင်ပါတယ်၊ ဒါဆို
အဆင်ပြေပါတယ်၊ တချို့ မရင်ငြိမ်း မှာ လို တဲ့



မိန်းကလေး အသုံးအဆောင် ပစ္စည်းတွေ သူတို့ဆီက
ကျွန်တော် သွားဆွဲပေးမယ်’

‘အင်း... ခင်ဗျားကတော့ ဘာပြောပြော အဆင်ချည့်
ပြနေတာပါလား ကိုကြည်စိုး၊ ဟုတ်မှလဲ လုပ်ပါ
ဗျာ၊ တော်ကြာ သူတို့က ရင်ငြိမ်း ဒီရောက်နေတာ
လဲ သိရော၊ မကွေးက ရင်ငြိမ်း မိဘ တွေဆီ လှမ်း
အကြောင်းကြားလို့ ဒုက္ခတွေ ရောက် ကုန်ပါဦးမယ်’

ကြည်စိုးက ရယ်၍ ခေါင်းခါရင်း။

‘ဟာ... မဟုတ်ဘူးဗျ၊ အဲဒီကောင်မလေးတွေက အဲ့လို
လူများကိစ္စဝင်ပြီး ကဖျက် ယဖျက် လုပ်တတ်မယ့်
အမျိုးတွေ မဟုတ်ပါဘူး၊ သူတို့လဲ သူတို့ အလှည့်ကျ
ပြန်ဝင်မှမလည်အောင် ခင်ဗျားတို့ကို ဝိုင်း ကာကွယ်
စောင့်ရှောက်ပေးကြမှာပါ’

ရင်ငြိမ်းကလည်း ဝင်ထောက်ခံသည်။

‘ဟုတ်တယ် စွဲမြဲ! အဲဒါတော့ မပူပါနဲ့ ရင်ငြိမ်း
သူငယ်ချင်းတွေက စိတ်ချရပါတယ်’

စွဲမြဲက ရယ်သည်။

‘အဲဒါဆို ကိုကြည်စိုးပြောသလိုပဲ ဘာမှ ပူစရာ မလို
တော့ဘူးပေါ့၊ ကဲ....ဒါဖြင့် ရင်ငြိမ်း လဲစိတ်ချလက်ချ
သာနေတော့ ကိုယ်လဲ စိတ်အေးသွားပြီ’

မှတ်မှတ်မိမိ၊ သည်ခရီးမှာပင် စွဲမြဲက သူ့ ကိုယ်သူ ကိုယ်ဟု
ပြောပြီး အခေါ်အဝေါ် ပြောင်းသွားခြင်းဖြစ်သည်။ ရင်ငြိမ်း
ကလည်း နင်နှင့်ငါ သိပ်မလုပ်တော့ဘဲ၊ နာမည်လေးတွေ ထည့်

ပြောသော စနစ်ကို ဘာမှညှိနှိုင်းထားခြင်း မရှိဘဲကူးပြောင်းလိုက်သည်။

သိပ် မကြာသော ကာလမှာပင် ကြည်စိုးတို့ အိပ်သို့ရောက်သည်။

ကြည်စိုးက အသင့်ပြင်ဆင်ထားသော အိမ်သေးသေး တစ်လုံးထဲကို ခေါ်သွားသည်။

အိမ်ပေါ်ရောက်မှ

'ဘာမှ မပူနဲ့ဆိုတာ အဲဒါကိုပြောတာပဲ ကိုစွဲမြဲ၊ ဒီအိမ် တစ်လုံးလုံးကို ခင်ဗျားတို့အတွက် အပိုင်စား ပေးလိုက်ပြီ၊ ကျွန်တော့် မိဘတွေနဲ့ ကျွန်တော်တို့ညီအစ်ကိုက ဟိုဘက်က အိမ်မှာနေတာ၊ ခင်ဗျားတို့ လွတ်လွတ်လပ်လပ်နဲ့ အားမနာ ပါးမနာ နေရအောင် တမင်သည်အိမ်လေးမှာ ထားပေးတာ၊ ဒီအိမ်လေးက အိမ်မှာ ဘာမှ လိုတာ မဟုတ်ဘူး၊ တမင် အပိုဆောက်ထားတဲ့အိမ်၊ စားချိန်ကျမှ ကျွန်တော်က ခေါ်မယ်၊ စားတာတော့ ဟိုအိမ်ပေါ်မှာစား၊ ဒါမှမဟုတ် ဒီအိမ်မှာပဲ စားချင်ရင်လဲ ဒီပို့ပေးမယ်'

တကယ်လဲ အားနာစရာကောင်းလောက်အောင် ကိုကြည်စိုး အစီအစဉ်တွေက ပြည့်စုံ လုံလောက်နေသည်။

ပျဉ်ထောင်အိမ် ခပ်သေးသေးလေးထဲမှာ ပစ္စည်း ပစ္စယလေးတွေ သူ့ဟာနဲ့သူ အဆင်သင့်ရှိနေ၏။

ဘုရားစင်လေးလဲ ရှိသည်။ ဧည့်ခန်းမှာလည်း သင်ဖြူးဖျာလေး တစ်ချပ်နဲ့အတူ ကွမ်းအစ်၊ ဆေးလိပ်ခွက်၊ ထွေးခံပါ



မကျန် ရှိနေသည်။ အတွင်းခန်းလေးထဲမှာတော့ သင်ဖြူးဖျာခပ်ကြီးကြီးတစ်ချပ်ပေါ်တွင် အိပ်ရာခင်း သန့်သန့်လေး ဘာလေးနှင့် ခင်းထားသော နှစ်ယောက်အိပ်မွေ့ရာလေးတစ်ခု။

စွဲမြဲ ရင်ထဲ လှုပ်ခနဲ ခုန်သွား၏။

[၇]

'ကဲ....ခင်ဗျားတို့လဲ စိတ်ပင်ပန်း လူပင်ပန်းနဲ့ ခရီးပန်းလာကြတယ်၊ နားနားနေနေ နေကြဦး၊ကျွန်တော်လဲ နွားတွေဖြုတ်ပြီး ဒီပြင် လုပ်စရာ ရှိတာလေးတွေ လုပ်လိုက်ဦးမယ်၊ လိုတာရှိရင် လှမ်းသာ ခေါ်လိုက် ကျွန်တော် ဘယ်မှမသွားဘူး၊ အမြဲရှိနေမယ်'

အိမ်လေးပေါ်မှနေ ကြည်စိုးက အိမ်မကြီးပေါ်ခေါ်သွား၍ သူ့မိဘများနှင့် မိတ်ဆက်ပေးသည်။ ပြီးမှ အိမ်လေးဆီသို့ ပြန်လာသည်။ သည်တစ်ခေါက်မှာတော့ ကြည်စိုးကအိမ်ပေါ်ပင် လိုက်မတက်တော့ဘဲ အောက်ကသာ နှုတ်ဆက်၍ ထွက်သွားသည်။

အိမ်ပေါ်မှာ စွဲမြဲနှင့် ရင်ငြိမ်း နှစ်ယောက်သာ ကျန်ခဲ့၏။



ရင်ငြိမ်းက အိမ်ရှေ့ခန်းတွင်မယောင်မလည်နှင့်ရပ်နေဆဲ။ စွဲမြဲက အိပ်ခန်းလေးကို ဝင်ကြည့်သည်။အပြင်ခန်းနှင့်အတွင်းခန်းကို လိုက်ကာလေး တစ်ခုနှင့် ခြားထားသဖြင့် ရင်ငြိမ်းကို မမြင်ရတော့။

စွဲမြဲက အခန်းထဲမှနေ လှမ်း၍

'ရင်ငြိမ်း လာလေ၊ အပြင်မှာ တစ်ယောက်တည်း ဘာလုပ်နေလဲ'

'ဘာမှမလုပ်ပါဘူး၊ ဒီမှာပဲနေချင်လို့'

'မဟုတ်ဘူးလေ၊ ဒီမှာ ပြင်ထား ဆင်ထားတာလေးတွေက ကြည့်ပါဦး၊ မဆိုးဘူး ရင်ငြိမ်းရ၊ သားနားတယ်၊ မကွေးက ရောဦးတို့လို အကောင်းဆုံး တည်းခိုခန်းတွေတောင် ဒီလောက် သပ်သပ်ရပ်ရပ်မရှိဘူး'

'အို....မလာချင်ပါဘူး ဆိုမှ'

ရင်ငြိမ်း အသံက တုန့်တုန့်ယင်ယင် လိုလို၊ ဘာလိုလိုနှင့် တစ်မျိုးဖြစ်နေသည်။

စွဲမြဲ ရုတ်တရက် ကြောင်သွား၏။

ပြီးမှ တစ်စုံတစ်ရာကို တွေးမိသဖြင့် ရယ်လိုက်ပြီးအခန်းပြင်ပြန်ထွက်သည်၊ ရင်ငြိမ်းမျက်နှာ ပန်းရောင်သန်းနေသည်ကို မြင်ရသည်။

စွဲမြဲက သဘောကျစွာ ရယ်သည်။ ရင်ငြိမ်း မျက်နှာ ပန်းနုမှနေ အရောင်ရင့်သွားပြီး။

'ဘာရယ်တာလဲ'

'မဟုတ်ပါဘူး၊ ရင်ငြိမ်းကို ကိုယ်သဘောကျလို့ပါ။ သတ္တိကောင်းတုန်းက သတ္တိကောင်းပြီး ဘာအခုမှ ကြောက် နေတာလဲ၊ ကိုယ်က ရိုးရိုးခေါ်တာပါ၊ ရင်ငြိမ်းရာ အတွင်းခန်းထဲကို ရင်ငြိမ်းလုံးဝ မဝင်ရဲ သေးလို့ ကြည့်ချင်မလားဆိုပြီး ခေါ်ပြတာပါ၊ ဟား ဟား သဘောကျ တယ်ကွာ'

'အံမာ....၊ ဘာ သဘောကျတာလဲ၊ သူက သိပ်ပျော် နေတယ်ပေါ့လေ'

'ပျော်တာပေါ့ ရင်ငြိမ်းရ၊ အခုအချိန်ကစပြီး ကိုယ်တို့ နှစ်ယောက် တစ်သက်လုံး အတူတူနေခွင့်ရပြီပဲ၊ အတူတူ နေရင် ဘယ်လိုနေရတယ်ဆိုတာရော သိတယ် မဟုတ် လား'

စွဲမြဲ စကားကြောင့် ရင်ငြိမ်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ ရှက်ကိုး ရှက်ကန်းအမူအရာနှင့် စွဲမြဲဆီပြေးလာ၍ထုရိုက်ရင်း....

'တော်တော့ကွာ၊ မဟုတ်က ဟုတ်ကတွေ လျှောက် မပြောနဲ့၊ မသိဘူး၊ရင်ငြိမ်း အဲဒါတွေဘာမှနားမလည် ဘူး၊ သူနဲ့အတူတူနေမယ်ဆိုတာ ခါတိုင်းလိုပဲ ရိုးရိုး ပြောတာ'

'ခုလဲ့၊ ကိုယ်က ဘာပြောလို့လဲ ရင်ငြိမ်းရ၊ ရင်ငြိမ်း ပြောသလို ရိုးရိုးပဲ ကိုယ်လဲ ပြောတာပဲဥစ္စာ'

'သွားပါ၊ သူ မဟုတ်က ဟုတ်ကတွေ လျှောက်ပြော နေတာ ရင်ငြိမ်း မသိဘူးမှတ်လို့လား၊ အဲဒါတွေ လာ မပြောနဲ့ ရင်ငြိမ်းရှက်တယ်'



စွဲမြဲက ရယ်သည်။

'ခုမှ ရှက်လို့ဘယ်ရတော့မလဲ ရင်ငြိမ်းရဲ့၊ ရင်ငြိမ်းနဲ့ ကိုယ်က အခု အရင်လိုမှ မဟုတ်တော့ဘဲခိုးရာလိုက်ပြေး ပြီ ဆိုကတည်းက အကြင် လင်မယား ဖြစ်သွားပြီပဲ ဥစ္စာ'

'ဖြစ်ဖြစ် မဖြစ်ဖြစ် မသိဘူး၊ ရှုတ်ရှုတ်၊ရှုတ်ရှုတ်မလုပ်နဲ့ နော် စွဲမြဲ၊ ရင်ငြိမ်း ရှက်လာရင် ငိုလိုက်မှာ'

သည်တော့မှ စွဲမြဲက အရယ်ရပ်၍—

'အဲလိုတော့ မငိုပါနဲ့ ရင်ငြိမ်းရယ်၊ ကိုယ်က ရင်ငြိမ်း ရှက်နေမှန်း သိလို့တမင်စနေတာပါ၊ ကဲ--လာ၊မရှက် နဲ့တော့၊ ညခန်းမှာပဲ အတူတူထိုင်မယ်၊ စကားပြော စရာဆိုစရာရှိတာလေးတွေလဲ ပြောကြမယ်၊ ရှေ့ရေး လေးဘာလေး တိုင်ပင်ကြရအောင်'

စွဲမြဲက ညှော်ခန်းရှိ သင်ဖြူးလေးပေါ်မှာထိုင်သည်၊ သည် တော့မှ ရင်ငြိမ်းကလည်းအနားကပ် ကျုံ့ကျုံ့လေးထိုင်၏။ စွဲမြဲက ထိန်းပြုံးလေး ပြုံးလိုက်ရင်း—

အဲလိုမှပေါ့ မိန်းမရာ၊ လင်မယားဆိုတာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် အတူတူရှိရတယ်တဲ့၊ ဘာလို့ခွဲခြား ခွဲခြား လုပ်နေရတာလဲ၊ လင်မယားဆိုတာ ဘာလုပ် လုပ် အမြဲတမ်းအတူရှိနေရတာ'

ရင်ငြိမ်းလက်က စွဲမြဲကျောပေါ်သို့ အုန်းခနဲကျသည်။

'လုပ်ပြန်ပလား၊ ဒါတွေမပြောနဲ့လို့ဆို၊ ပြောလို့ကို မရဘူး၊ မှတ်ထား-မှတ်ထား'

စွဲမြဲက သဘောကျစွာဖြင့် တဟားဟားရယ်သည်။

စွန့်စားရသော ဘဝလေး၏ အစသည် ပျော်စရာလည်းကောင်း၏၊ ရင်ခုန်စရာလည်းကောင်း၏။

အနာဂတ်ပြဿနာများသည်သည်း လတ်တလောမှာတော့ အတော်ဝေးဝေးလံလံအရပ်သို့ ရောက်နေကြကုန်၏။

*

[၀]

အမှောင်ထုကြီးထဲမှာ စွဲမြဲလန့်နိုးလာ၏။

နိုးလာသောခဏမှာ သူ ရုတ်တရက်ကြောင်နေသေးသည်။ ခါတိုင်းအိပ်နေကျ ကိုယ့်အိပ်ရာပေါ်မှာပဲအိပ်နေသည်ထင်မှတ်ပြီးမှ ထူးခြားနေသော ပတ်ဝန်းကျင်ကို သတိပြုမိသည်။

ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင် နေသည်သာမက၊ အနားမှာလည်း လူတစ်ယောက်ရှိနေသေးသည်၊ ဘာဖြစ်တာလဲ၊ အခုဘယ်ရောက်နေတာလဲ၊ အနားမှာ အိပ်နေတာဘယ်သူလဲ၊ အမေးများစွာဖြင့် ကမန်းကတန်း အဖြေရှာယူရသည်။

သည်တော့မှ ပြောင်းလဲနေပြီဖြစ်သော သူ့အဖြစ်ကိုသူ သတိပြန်ရ၏။

ရင်ငြိမ်း။

သူ့အနားမှာ အိပ်ပျော်နေသူက ရင်ငြိမ်းမှ ရင်ငြိမ်းအစစ်ပင်၊ နေ့လယ်က သူတို့နှစ်ယောက် စွန့်စား ထွက်ပြေးခဲ့ပြီးနောက်၊ ခုခါမှာ တကယ်ပင် အကြင် လင်မယား အဖြစ်ပေါင်းသင်းနေကြရပြီပဲ။

သည်တော့မှအိပ်ရာမဝင်ခင် ကြည်စိုးလာ၍ ပေးသွားသော ဖယောင်းတိုင်နှင့် မီးခြစ်ကို ခေါင်းရင်းမှာ ထား၍ အိပ်ကြသည်ကို အမှတ်ရသည်၊ စွဲမြဲကခြင်ထောင်ကိုဟ၍ လက်ထုတ်ပြီး ဖယောင်းတိုင်နှင့် မီးခြစ်ကို စမ်းသည်။

လက်ထဲသို့ ထိုပစ္စည်း နှစ်မျိုးလုံး ရောက်လာမှ မီးခြစ်ကိုခြစ်ပြီး ဖယောင်းတိုင်ကို ထွန်းသည်၊ လုံးလုံးကြီး လင်းထိန်သွားသည်ဟု မဆိုနိုင်သော်သည်း အခန်းထဲကို မြင်သာထင်သာအောင်တော့ အလင်းရောင်ရောက်လာသည်။

ခြင်ထောင်ကို လွတ်လွှာကင်းကင်းမ၍ ဖယောင်းတိုင်မီးကို အထဲသွင်းလိုက်သည်။

ကလေးတစ်ယောက်လို အပူအပင်ကင်းစွာ အိပ်ပျော်နေသော ရင်ငြိမ်းမျက်နှာကို မီးရောင်ဖြင့် ကြည့်လိုက်၏။

ဆံပင်များအနည်းငယ် ပွ၍ မျက်ခွံလေးများ နီမို့မို့ဖြစ်နေသော်လည်း သူ့ဇနီးဖြစ်နေသည့် ရင်ငြိမ်းသည် အိပ်ပျော်နေသည့်အခါမှာလည်းလှမြဲလှနေသည်။

ကြည့်၍မဝနိုင်ဖြစ်နေသည့် ချစ်သူ၏ မျက်နှာကို အတော်ကြာအောင်ငေးနေပြီးမှ ခေါင်းအုံးအောက်သို့ လက်လျှို၍ လက်ပတ်နာရီလေးကို ထုတ်ကြည့်သည်။

ကိုးနာရီ။



ခြောက်-အခုမှ ညကိုးနာရီရှိလေးသည်ပဲ။

မြို့ပေါ်မှာ ဆိုလျှင်သည်အချိန် အိပ်ရာဝင်ဖို့ စဉ်းစားကြဦးမည်ပင်မဟုတ်သေး၊ လျှပ်စစ်မီးမရှိသော သည်လိုရွာမျိုးမှာတော့၊ အခုသူပင် တစ်ရေးနိုးလာခဲ့ပြီ။

ခုနစ်နာရီလောက်က အိပ်ရာဝင်ခဲ့သည်ကို အမှတ်ရသည်၊ ဒါဆိုသူအိပ်ပျော်သွားသည်မှာ တစ်နာရီပင်မပြည့်သေး။

စွဲမြဲကမီးရောင်ဖြင့် ရင်ငြိမ်းမျက်နှာကို တဝတစ်ခါပြန်ကြည့်ပြီး ကျေနပ်သွားမှ ဖယောင်းတိုင်မီးကိုငြိမ်းလိုက်သည်။

ပြန်လည်ကြီးစိုးသွားသော အမှောင်ထုထဲတွင် မီးခြစ်နှင့် ဖယောင်းတိုင်ကို လက်ထုတ်၍ မူလနေရာတွင် ပြန်ထားသည်။

လက်ပြန်သွင်း၍ ခြင်ထောင်ကို ပြန်ဖိပြီးသည်နှင့် မျက်လုံးပိတ်ထားထားသည်လိုပဲ ဖြစ်နေသော အမှောင်ထုတွင်းမှာ အိပ်ချင်စိတ်လုံးဝပျောက်နေသည်၊ မျက်လုံးများကိုဖွင့်ထားလိုက်သည်။

ထိုနောင်ဘဝတွင် အတွေ့ကြုံသစ်အဖြစ် ဖြတ်သန်းခဲ့ရသော တစ်နေ့တာမှ အမှတ်ရစရာလေးများကိုပြန်စဉ်းစားရင်း မျက်လုံးထဲပြန်ပုံဖော်ကြည့်သည်။

အားလုံးကို ထင်ရှားစွာ ပြန်မြင်ယောင်၏။

* * *

'ကိုစွဲမြဲတို့ မရင်ငြိမ်းတို့ကတော့ သမိုင်း အပြည့်အစုံကို သိပြီးသားဖြစ်မှာပေါ့၊ မကွေးမြသလွန် ဘုရား သမိုင်းမှာပါတဲ့ ဘုရားပြိုဆိုတာ ဒီဘုရားပဲ'

ကြည်စိုးပြောသောစကားကို စွဲမြဲက ခေါင်းညိတ် တုံ့ပြန်ရှင်း-

'သမိုင်းကိုတော့ သိပါတယ်ကိုကြည်စိုး၊ ဘောကျော်တို့ ဘောသောတို့ ဘီလူးညီအစ်ကိုတွေ မြတ်စွာဘုရား ဆီကလာတဲ့ သလွန်တော်ကို ဒီနေရာမှာ ဘုရားတည်ပြီး ကိုးကွယ်တော့ မြသလွန်တော်ရဲ့ မူလ ပိုင်ရှင်ဖြစ်တဲ့ သိကြားမင်းက နေရာဌာနနှင့် အချိန်အခါ၊ တည်ဆောက်ပုံ မဟုတ်ဘူးဆိုပြီး ဖြိုပစ်ခဲ့တဲ့နေရာ မဟုတ်လား'

'ဟုတ်တယ် ကိုစွဲမြဲ၊ အဲဒီဘောသော ဘောကျော်တို့ တည်ခဲ့တဲ့ ဘုရားကတော့ သိကြားမင်းဖြိုလို့ ပြိုသွားတာ ထားပါတော့၊ ထူးဆန်းတာက ဒီနေရာမှာ အထိမ်းအမှတ်အဖြစ်နဲ့ နောက်ထပ် တည်တဲ့ဘုရားတွေလဲ ဘယ်တော့မှ ပြီးအောင်တည်လို့ မရဘူး တည်ခဲ့သမျှ စေတီတိုင်းဟာ မပြီးခင် ပြန်ပြိုပြို သွားတာပဲ၊ ဒီဘက်ပိုင်းမှာ လက်လှမ်းမီသလောက် ကဗျည်းထိုးထားသမျှ ၁၂၀၀ မြန်မာသက္ကရာဇ်မှာ ဦးလူဒုတ်ဆိုတဲ့ပုဂ္ဂိုလ် တစ်ခါတည်တယ်၊ မအောင်မြင်ဘူး၊ ပြန်ပြိုတယ်၊ ၁၃၂၂ ခုနှစ်မှာ တစ်ခါ ရန်ကုန်က



ဦးရှိန်းနဲ့ ဦးဘအောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေ တစ်ခါ ထပ်တည်တယ်၊ မအောင်မြင်ဘူး ပြန်ပြိုသွားတာပဲ'

'အခု ဒီဘုရားကျတော့'

'ဒီဘုရားကျတော့မှ ထူးထူးခြားခြား အောင်မြင်ပြီး ပြန်မပြိုတာပဲ၊ ဒီဘုရားကိုတော့ ၁၃၂၂ ခုနှစ်က ဒီဘုရားပြိုရွာ၊ရွာလယ်ကျောင်းဆရာတော်ကြီး ဦးဝိရိယ ဦးဆောင်ပြီး ပြန်တည်တာ ဒါကြောင့် တချို့က ဆရာတော်ကြီးကို ဘောကျော် ဝင်စားတာလို့တောင် ပြောကြတယ်'

'ခုရော အဲဒီ ဆရာတော်ကြီး ရှိသေးလား'

'ရှိတာပေါ့၊ သက်တော် ၈၀ နီးပါး ရှိနေပြီ'

'ဩော်'

ရာဇဝင်သမိုင်းနှင့် နှစ်ပေါင်းများစွာရင်းနှီးအကျွမ်းတဝင်ဖြစ်လောခဲ့သော်လည်း ခုမှသည်နေရာကို ရောက်ဖူး၊ဖူးဘူးသောဘုရားပြိုကို စွဲမြဲက ရင်ငြိမ်းနှင့်အတူ ကန်တော့ ဦးချရင်းသေချာကြည့်သည်။

ယခု ရှိနေသော ဘုရားကတော့ ဉာဏ်တော် ၂၇တောင်ရှိသော စေတီ တစ်ဆူပင်။

စေတီက ကုန်းမို့မို့ကလေးပေါ်တွင်၊ရင်ပြင်တံတိုင်း ဇရပ်တန်စောင်းတို့ဖြင့် သပ္ပာယ်စွာ တည်ရှိသည်။ ရင်ပြင်တော်ကို လှည့်ပတ်ကြည့်ရှု ဖူးမျှော်ပြီး ပြန်အထွက်တွင် ဘုရား ကုန်းပေါ်မှနေ အနောက်ဘက် လှမ်းကြည့်သည်။

ရောဝတီမြစ်ကို အဝေးမှ လှမ်းမြင်ရသည်။ ထို့ပြင် မြစ်တစ်ဘက်ကမ်းစက္ကိန်းတဲ ဘုရားနှင့် အခြား စေတီ ပုထိုးများကို အတော် ထင်ထင်ရှားရှားလေး လှမ်းမြင်နေရ၏။

'သမိုင်းထဲမှာ ပါတဲ့အတိုင်းကတော့ မြတ်စွာဘုရား စက္ကိန်းတဲမှာ ခဏ ကိန်းဝပ်တုန်း ဒီနေရာကနေ ဘော်ကျော်တို့ ဘီလူး ညီအစ်ကိုတွေကို လှမ်းမြင်ပြီး ဘုရားကို သွားဖူးကြတာတဲ့၊ ဟုတ်တယ်နော်၊ ဒီနေရာကနေ စက္ကိန်းတဲဘုရားကို အတိုင်းသားမြင်နေရတာပဲ၊ မြတ်စွာဘုရားကို ကပ်ခဲ့တဲ့၊ကြစုဖန်ခါး ဆိုတာရော ဒီမှာ ရှိသေးလား'

စွဲမြဲ အမေးက ကြည်စိုးက ခေါင်းညိတ် တုံ့ပြန်ရင်း–

'ရှိတယ်ကိုစွဲမြဲ၊ ခုန ဆရာတော်ကြီး ကျောင်း ထိုင်တဲ့ ရွာလယ် ကျောင်းထဲမှာကို၊ ကြစုဖန်ခါးပင် ကြီးတွေ ရှိတယ်'

'ကြစုဖန်ခါး ဆိုတာက ရိုးရိုး ဖန်ခါးသီးနဲ့ မတူဘူးလား'

'မတူဘူးဗျ၊ ပုံစံလဲ မတူဘူး၊ အရသာလဲ မတူဘူး၊ကြစုဖန်ခါးဆိုတာက ကြစုသီး ပုံစံမျိုး၊ ချောချောလုံးလုံး ချွန်ချွန်လေး ရိုးရိုးဖန်ခါးကထောင့်တွေနဲ့ခပ်လုံးလုံးပဲ၊ မချွန်ဘူး၊ နောက်ထပ် အံ့သြစရာ တစ်ခုကလဲ အဲဒီ ကြစု ဖန်ခါးပြင်ဟာ ဆရာတော်ကြီးရဲ့ ကျောင်းထဲမှာပဲ ရှိပြီး တခြား အပင်က အသီးတွေထက်ကို ပိုထူးခြားပြီး ကောင်းတယ်'



ရာဇဝင်သမိုင်း ဆိုသည်မှာ သူ့ အဆက်အစပ်နှင့် သူတော့ ထာဝရ ရှင်သန်နေတာပ ါပဲလားဟု တွေးမိသည်။

ဘုရားပြို့စေတီကိုရောက်တော့ ညနေ လေးနာရီလောက် ရှိပြီဖြစ်သည်။

သိပ် မမြောင်ခင် ဘုရားက ပြန်ခဲ့၏။

* * *

'ဝုတ်....ဝုတ်'

'ဒီအိမ်မဟုတ်လား၊ နေဦး နေဦး၊ အလန့်တကြား သွားမခေါ်နဲ့ဦး၊ ထွက်ပြေးလို့ မရအောင် သေချာ ဝိုင်းထား'

'ဟင်'

ညနေက အဖြစ်များ ပြန်တွေးနေ၍မှ မဆုံးသေး၊ ရွာလမ်း သောက်က ခွေးဟောင်သံနှင့်အတူ ဆူဆူညံညံ လူသံများ ကြားရပြီး ထင်ထင်ရှားရှား ကြားလိုက်ရသော အသံ တစ်သံကြောင့် စွဲမြဲ မျက်လုံး ပြူးသွားသည်။

တွေးလက်စ အတွေးများလည်း ကြက်ပျောက် ငှက် ပျောက်၊ ပျောက်သွားပြီး အတိတ် တလန့်နှင့် တထိုင်လိုက်မိသည်။

သည်အသံကို သူ သိ၏။

ရင်ငြိမ်းအဖေ၏အသံ။

'ဘုရား....ဘုရား'

စွဲမြဲ ခေါင်းနားပန်းများ ကြီးသွားသည်။

သူတို့နှစ်ဦး မိုက်မိုက်မဲမဲ စွန့်စား၍ တည်ဆောက်ခဲ့သော ဘဝကမ္ဘာလေးကို ဖျက်ဆီးတော့မည့် ပုဂ္ဂိုလ်များရောက်လာပါပြီကော။

စွဲမြဲအလန့်တကြားနှင့် ရင်ငြိမ်းရှိရာအရပ်ကို လက်ဖြင့်စမ်းရှာသည်။

ရင်ငြိမ်းတစ်ယောက် စိဘ်ချလက်ချ အိပ်မောကျကာ လှပစွာ မက်နေသည့် အိပ်မက်ကလေးကို မဖျက်ချင်သော်လည်း ဖျက်ရတော့မည် ဖြစ်ကြောင်း ဝမ်းနည်း စိတ်မကောင်းစွာ တွေးလိုက်မိ၏။

[ ၉ ]

'ရင်ငြိမ်း... ရင်ငြိမ်း ထ....ထ၊ ထပါဦး ရင်ငြိမ်းရယ်'

ရင်ဆိုင်ရတော့မည့် အန္တရာယ်ဆိုးကြောင့် ရင်ငြိမ်းလက်မောင်းကို လှုပ်ယမ်းရင်း ခပ်အုပ်အုပ်ခေါ် နှိုးနေသည့်စွဲမြဲအသံမှာ အက်ကွဲနေသည်။

ရင်ငြိမ်းက တော်တော်နှင့်မနိုး။

သုံးလေးခါ ခပ်ကြမ်းကြမ်း လှုပ်လိုက်မှ ရင်ငြိမ်းလန့်နိုးလာပြီး ကယောင်ချောက်ချားနှင့် ထထိုင်သည်။

'ရင်ငြိမ်း... ရင်ငြိမ်း'

'ဟင်... ဘာလဲစွဲမြဲ၊ ဘာဖြစ်လို့လဲ၊ ငါတို့ ဘယ်ရောက်နေတာလဲ'

ရင်ငြိမ်းလည်း နိုးခါစမှာ မှောင်ကြီးမည်းကြီးထဲ ဇဝေဇဝါ ဖြစ်နေသည်။ စွဲမြဲက ရင်ငြိမ်းနားကပ်၍ ခပ်တိုးတိုးလေသံဖြင့်....

'တို့နှစ်ယောက် ဘုရားပြိုကို ရောက်နေတယ်လေ၊တို့နှစ်ယောက် ခိုးပြေးလာကြတယ်၊ မှတ်မိပြီလား'

'အင်း....အင်း၊ မှတ်မိပြီစွဲမြဲ၊ အခုဘာဖြစ်လို့လဲ'

'နင့်အဖေလိုက်လာတယ်၊ အခု အိမ်ရှေ့မှာ ရောက်နေပြီ'

'ဟင်....ဒုက္ခပါပဲ၊ဘယ်လိုလုပ်ကြမလဲ စွဲမြဲ၊ငါ့ကိုတွေ့ရင်တော့ အဖေကသတ်မှာ'

'အေးပါ၊ ငါသိပါတယ်၊ ခဏလေး အသာငြိမ်နေရင်ငြိမ်း၊ တို့နှစ်ယောက် သူတို့လက်ကို ပြန်ပါလို့မဖြစ်ဘူး၊ ဖြစ်တဲ့နည်းနဲ့ လွတ်အောက်ထွက်ပြေးမှ ဖြစ်မယ်လာ ထ၊ ဖြည်းဖြည်းထ၊ အသံမကြားစေနဲ့၊ အခြေအနေကို အကဲခတ်ပြီး ငါပြေးမယ်၊ ငါ့လက်ကိုသေချာ ကိုင်ထား၊ ပြီးတော့ ငါသွားတဲ့ နောက်သာလိုက်ခဲ့'

'လုပ်ပါဦးစွဲမြဲရယ် တို့နှစ်ယောက် လွတ်အောင် ပြေးမှဖြစ်မယ်'

'အေးပါငါသိပါတယ်၊ စကားမပြောနဲ့တော့'

ရင်ငြိမ်းကို တိတ်ခိုင်းပြီး အပြင်က အသံများကို နားစွင့်သည်။

'ကြည်စိုး....ကြည်စိုး၊ အောင်ငြိမ်း၊ ဦးထွန်းလှိုင်၊ဟာဒီလူတွေကလဲ နှိုးရခက်လိုက်တာနော်၊ထကြစမ်းပါဦး'

ရင်ငြိမ်းအဖေအသံမဟုတ်။ ရွာထဲကအရပ်လူကြီး တာညာတွေပါ ခေါ်လာသည်ထင်သည်။ ခပ်အုပ်အုပ် ကျိတ်နှိုးနေသောအသံကို ကြားရ၏။ သူတို့အိမ်ဘေးဘက်သို့ ရောက်လာပုံတော့မပေါ်သေး။



ဟိုဘက်ကအိမ်ကြီးအရင် ဝိုင်းမဲနေပုံ ပေါ်သည်။ စွဲမြဲကရင်ငြိမ်းနားကပ်၍—

'တို့ပြေးရင် လွတ်နိုင်သေးတယ် ရင်ငြိမ်း၊ လာ အိမ်နောက်ဖေးပေါက်ဆင်းမယ်၊ အရမ်း မှောင်နေတယ်နော်၊ သတိထားပြီးတော့လျှောက်၊ ဘာသံမှမထွက်စေနဲ့၊ အသံထွက်ရင် တို့ဒီဘက်မှာရှိတာ သိသွားလိမ့်မယ်၊ ကြားလား'

'အင်း....အင်း'

ရင်ငြိမ်းက လေသံနှင့်ပင် ကြားကြောင်း ပြန်ဖြေသည်။စွဲမြဲက ရင်ငြိမ်းလက်ကို စမ်းရှာပြီး ခပ်တင်းတင်း ဆုပ်လိုက်သည်။ ရင်ငြိမ်းတစ်ကိုယ်လုံး အေးစက်ပြီး တဆတ်ဆတ် တုန်နေသည်ကိုလည်း သတိထားမိလိုက်၏။

• * *

အမှောင်ထဲမှာ အသံမထွက်အောင် သတိထားပြီး စမ်းတဝါးဝါး လျှောက်လာနေရသဖြင့် ခရီးကမတွင်။ လမ်းကိုမြင်ရအောင်လည်း မီးရောင်တစ်ခုခု မပြုရဲ။ အန္တရာယ်ကို[illegible] ချုပ်တီးခေါ်သလို ဖြစ်သွားမည်။

နှစ်ယောက်သား စမ်းရင်းစမ်းရင်းနှင့် နောက်ဖေးထွက်ပေါက်ကို ရောက်လာကြသည်။

အပြင်ဘက်မှာလည်း လမိုက်နေသဖြင့် မှောင်မည်းလျက်ရှိသည်။

ဘာတွေ ပြောနေကြသည် သဲသဲကွဲကွဲကြားရအောင် နားစိုက်မထောင်နိုင်တော့ သော်လည်း၊ ဘယ်မလဲ၊ မင်းတို့ဆီမှာရှိတယ်ဆိုဟူသောအသံတစ်ခုကိုတော့ ခပ်ကျယ်ကျယ် ကြားလိုက်ရသည်။

စွဲမြဲက အမှောင်ထဲတွင် မသဲမကွဲမြင်နေရသော မြင်ကွင်းဖြင့် လှေကားထစ်ကိုခြေဖြင့် စမ်းကာ တစ်ထစ်ချင်း ဆင်းသည်။ ရင်ငြိမ်းကလည်း သူ့နောက်က ကပ်ပါလာ၏။

နှစ်ယောက်စလုံး မြေကြီးပေါ်သို့ ကအား လျော့စွာ ချောချောမောမော ရောက်သွားကြသည်။

'ဆက်သွားလေ စွဲမြဲ၊ ဘာလို့ရပ်နေတာလဲ'

ရင်ငြိမ်း အသံတုန်တုန်ယင်ယင်လေး ပေါ်ထွက်လာသည်။

'အေးပါ'

စွဲမြဲက အမှောင်တကော ပြန်ဖြေရင်း ခေါင်းပေါက်လုမတတ် စဉ်းစားသည်။ ပြဿနာက ကြည်စိုးတို့ခြံဝင်း နောက်ဘေးမှာ ထွက်ပေါက်ရှိမရှိ မသိ။ ခြံစည်းရိုးကို ဘယ်လိုကျော်ထားမှန်းပင် စဉ်းစားမရ။ ဘယ်ဘက်ကိုပြေးလျှင် ဘယ်ရောက်မည်မှန်းလည်း မသိ။

တွေဝေ...ရင် ရင်ငြိမ်းအသံထွက်လာပြန်သည်။

...ပ်နေတာလဲ စွဲမြဲ'



'ဘယ်ဘက်ကို ဘယ်လိုသွားရမှန်း မသိလို့ရင်ငြိမ်း'

'အို...ဘယ်ရောက်ရောက်ဟာ၊ ခြေဦးတည့်ရာသာပြေး အဲဒီအသံတွေနဲ့ ဝေးတဲ့ဘက်ကို သွားပေါ့'

ရင်ငြိမ်းစကား၏ နောက်ဆုံးပိုဒ်လေးက အရမ်းတန်ဖိုးရှိသွားသည်။ သည်တော့မှစွဲမြဲကအသံကြားရာဘက်ကို ကျောခိုင်း၍ခပ်သွက်သွက် ခြေလှမ်းများဖြင့် လျှောက်သည်။

ဆိုသည်က ခြေထောက်မှာလည်း နှစ်ယောက်စလုံး ဖိနပ်မပါကြ။ အောက်က မြေကြီးကလည်း ရှင်းရှင်း လင်းလင်းမဟုတ်။ ဘာတွေမှန်းမသိ ခိုးလိုခုလုတွေ ခဏခဏနင်းမိသည်။

ရှတတ်သော ပစ္စည်းများ၊ စူးတတ်သော ပစ္စည်းများဆိုလျှင်တော့ ပက်ခနဲ၊ စွ်ခနဲ ထိရှစူးဝင်သွားမှသာ ရှမိ၊ စူးမိကြောင်းသိရပေလိမ့်မည်။

သို့သော် ဒါလည်းဂရုမစိုက်နိုင်တော့။ ရှေ့မြန်မြန်ရောက်ဖို့သာ အရေးကြီးနေသည်။

ထိုစဉ် ကျောဘက်မှလည်း လက်နှိပ် ဓာတ်မီးရောင် များတဝင်းဝင်းနှင့် ဟိုထိုးသည်ထိုး လုပ်ကြပြီဖြစ်၏။

အထူးသဖြင့် အတော် လှမ်းလာပြီ ဖြစ်သော သူတို့အိမ်လေးဆီမှ ရင်ငြိမ်းအဖေအသံကြီးကို အထိတ်တလန့် ကြားလိုက်ရသည်။

'မရှိတော့ဘူး၊ ဟိုခွေးရော၊ ခွေးမရော၊ တို့အသံကြားတာနဲ့ ထွက်ပြေးသွားပြီ။ ခြံနောက်ဘက်မှာ ရှိလိမ့်မယ် မီးနဲ့ထိုးကြည့်ပြီး လိုက်ကြ။ တွေ့ရင်ညှာမနေနဲ့ သေအောင်သာရိုက်သတ်ပစ်ခဲ့'

'ပြေး—ပြေး....ပြေးတော့ စွဲမြဲ၊ ကြားတယ် မဟုတ်လား၊ အဖေ့အသံ'

'ကြားတယ်'

'စမ်းတဝါးဝါး သုပ်မနေနဲ့တော့ဟာ၊ သေချင်သေပစေတော့၊ ဖြစ်ချင်ရာဖြစ်၊ အဲဒီအတိုင်း ရှေ့တည့်တည့်သာပြေးဘော့၊ မတတ်နိုင်ဘူး'

ရင်ငြိမ်းအသံမဆုံးခင် စွဲမြဲက ရင်ငြိမ်းလက်ကို ဆွဲ၍ပြေးသည်။ ရင်ငြိမ်းကလည်း နောက်မှအားကုန် ပြေးလိုက်၏။

'ဗုန်း'

'အင့်'

မမြင်မကန်းနှင့် သစ်ငုတ်တိုကြီးတစ်ခုကို ဝင်တိုက်မိသည်။ စွဲမြဲရော ရင်ငြိမ်းပါ ခြေပစ်လက်ပစ် လဲကျသွားသည်။

'အား'

ရင်ငြိမ်းဆီမှ နာနာကျင်ကျင် အော်လိုက်သံ ပေါ်ထွက်လာ၏။

စွဲမြဲ ထိတ်သွားပြီ။

'ဘာဖြစ်တာလဲ ရင်ငြိမ်း၊ ဘာဖြစ်လို့သဲ'

'ဘာလဲမသိဘူးဟာ၊ ငါ့ပေါင်ကို လာစိုက်နေတယ်၊ နာလိုက်တာ'

'ဟာ—ဒုက္ခပဲ'

ရင်ငြိမ်းသာမဟုတ်၊ စွဲမြဲခြေထောက် တစ်ခုလုံးလည်းပြုတ်ထွက်သွားလုမတတ် နာကျင်နေသည်။ စောစောက သစ်ငုတ်



ကို တိုက်မိသောအရှိန်ဖြင့် ခြေထောက်များ ကျိုးသွားပြီလားအောက်မေ့သည်။

'ငါထလို့မရတော့ဘူး စွဲမြဲရယ်၊ ပေါင်က အရမ်းနာတယ်'

'နေဦး၊ နေဦးရင်ငြိမ်း၊ အရမ်းမထနဲ့၊ ငါ့ကိုတွဲ ငါ့ကိုတွဲလိုက် အား'

ရင်ငြိမ်းကို ထူနေရင်းပင် စွဲမြဲ ခြေထောက်ကလည်း စူး၍နာလာသည်။

'အံမယ်လေး၊ နာလိုက်တာ စွဲမြဲရာ'

စွဲမြဲက အံကြိတ်၍ ရင်ငြိမ်းကို ချိုင်းမှ မတင်ကာထူသည်။ ထိုနောက် နှစ်ယောက်သား ထော့နဲ့ထော့နဲ့ လျှောက်နိုင်သလောက်တော့ မြန်အောင်လျှောက်ကြသေးသည်။

'ဟိတ်—မပြေးနဲ့၊ နှစ်ယောက်စလုံး ရပ်လိုက်စမ်း'

ထိုစဉ် လက်နှိပ်ဓာတ်မီးရောင် တစ်ခုကကိုယ်ပေါ်ကျလာသည်။ ထိုနောက် ကျားဟိန်းသံကို လှမ်းမာန်မဲ့ တားဆီးလိုက်သောအသံကြီး။ ပြေး၍မလွတ်နိုင်တော့ပြီ စွဲမြဲ သိလိုက်သည်။

သို့အတွက် ရင်ငြိမ်းကို အသာလွှတ်လိုက်ပြီး အသံဘက်သို့ မျက်နှာမူလိုက်သည်။

'အား'

လက်နှိပ်ဓာတ်မီးရောင်က မျက်နှာ တည့်တည့်သို့ ဝင့်လာသည်။ မျက်လုံးများပြာပြီး ဘာမှမမြင်ရ။

‘တောက်’

စွဲမြဲတစ်ယောက်က ဒေါသကို ဘယ်လိုမှ မထိန်းနိုင်တော့။ တောက်တစ်ချက်ခေါက်၍ လက်ကို လှုပ်ယမ်းလိုက်သည့် ခဏတွင် လက်က တစ်စုံတစ်ခုကို သွားတိုးမိသည်။

မမြင်မကန်းနှင့် ထိုအရာဝတ္ထုကို ဆုပ်ယူဆွဲလိုက်သောအခါ ဝါးလုံးလား သစ်ကိုင်းလား မသိသည့် လုံးလုံးရှည်ရှည်အရာ တစ်ခုလက်ထဲပါလာသည်။

‘ဟော့ကောင်၊ မခုခံနဲ့၊ ငြိမ်ငြိမ်အမိခံစမ်း၊ မင်းသေသွားလိမ့်မယ်’

တစ်ဖက်မှလှမ်းဟန့်သည်၊ စွဲမြဲက အံကြိတ်၍ ထိုဝါးလုံးကို ယမ်းခါရင်း–

‘သေချင်သေပစေ ခင်ဗျားတို့လက်ထဲမှာတော့ အမိမခံဘူး၊ မကျေနပ်ရင် သတ်ပစ်လိုက်’

‘ဟာ....ဒီကောင်၊ ငြိမ်ငြိမ်အမိခံပါလို့ ပြောနေကာမှ၊ ကဲကွာ’

‘ဟော့ကောင်စွဲမြဲ၊ အမိခံလိုက်၊ အမိခံလိုက်၊ ဘာမှပြန်မလုပ်နဲ့’

မျက်လုံးက မီးရောင်စူးစူးဖြင့် ပြာဝေကာ ဘာမှမမြင်ရသည့်ကြားမှ အသံနှစ်ခု ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ရသည်။ နောက်အသံက သူ့အလွန်ရင်းနှီးနေသည့်အသံဟုသိလိုက်သော်လည်း ဘယ်သူ့အသံဟု စဉ်းစားချိန်မရတော့။

ဘယ်က ရောက်လာမှန်းမသိသည့်၊ မာကျောသော အရာတစ်ခုကသူ့ခေါင်းကို ပြင်းထန်စွာလာထိသည်။



‘ခွပ်’

‘အား’

‘အံမယ်လေး လုပ်ကြပါဦး၊ စွဲမြဲသေပါပြီ’

ဦးခေါင်းတစ်ခုလုံး ပေါက်ကွဲထွက်သွားသလို နာကျင်မှုကြီး တစ်ခုက တစ်ခေါင်းလုံးကို ဖုံးလွှမ်းသွားသည်၊ တစ်ဆက်တည်းမှာလည်း ရင်ငြိမ်း၏ ငယ်သံပါအောင် အော်ဟစ်သံကို ကြားလိုက်ရ၏။

ထိုနောက်မှာတော့ စွဲမြဲ ဘာမှမသိတော့။

ပြာဝေသော အလင်းရောင်များပါ ပျောက်ကွယ်သွားပြီး အမှောင်ကမ္ဘာကြီးထဲသို့ ဦးစိုက် ကျွမ်းပြန် ကျရောက်သွားတော့၏။

*

# အပိုင်း (၄)

[ ၁ ]

အဲဒီတုန်းက ကြားလိုက်ရတဲ့ ရင်ငြိမ်းရဲ့ အော်သံဟာ ငါ နောက်ဆုံးကြားလိုက်ရတဲ့ ရင်ငြိမ်းရဲ့ အော်သံပဲ ဝင်းငွေး၊ အဲသလိုပဲ အဲဒီညက အမှောင်ထုထဲမှာ ဖယောင်းတိုင်လေး ထွန်းပြီး ရင်ငြိမ်း မျက်နှာကို ကြည့်လိုက် ရတာဟာလည်း ရင်ငြိမ်းကိုနောက်ဆုံး မြင်လိုက်ရခြင်းပဲ၊ အဲဒီနောက်ပိုင်းမှာ ထက်ထိ ရင်ငြိမ်း မျက်နှာကိုလည်းမမြင်ရတော့ဘူး၊ရင်ငြိမ်း အသံလည်း မကြားရတော့ဘူး၊ ရင်ငြိမ်းတစ်ယောက်ဘယ်ကို ရောက်လို့ ဘာဖြစ်နေတယ်ဆိုတာတောင်မသိတော့ဘူး။

စွဲမြဲကရှည်လျားလှသော သူ့ပြောပြချက်များ အဆုံးတွင် င်ပန်းနွမ်းနယ်သွားသလို သက်ပြင်းကြီးတစ်ခုချသည်။

စွဲမြဲစကားကို နာခံစွာဖြင့် တစ်လျှောက်လုံး ငြိမ်နား ထောင်နေသော ဝင်းငွေးက ခုမှ မေးခွန်း ပြန်ထုတ်သည်။

'အဲဒီညကစပြီး မင်းနဲ့ ရင်ငြိမ်းကွဲသွားကြတယ်ဆိုပါ တော့'

စွဲမြဲက ခေါင်းညိတ်သည်။

'ဟုတ်တယ် ဝင်းငွေး၊ အဲဒီညက ငါအရိုက်ခံရပြီး သတိမေ့သွားလိုက်တာ၊ ငါပြန်သတိရတော့ မကွေး ဆေးရုံပေါ်ရောက်နေပြီ၊ အနားမှာ စိတ်တပူပူစောင့် နေတဲ့ ငါ့အဖေနဲ့အမေပြန်ပြောတာကတော့ ငါသတိ ကောင်းကောင်း မရဘဲ ဖြစ်နေတာ တစ်ပတ်လောက်ရှိ ပြီ–တဲ့'

'ဟော–အဲလောက်တောင်ဖြစ်သွားတာလား'

'ဖြစ်တာကတော့ မပြောနဲ့ကွာ၊ တစ်ခါတည်းအဲဒီနေ ရာမှာဘင် ပွဲချင်းပြီး မသွားတာ ကံကောင်းပဲ၊ငါ့ကို တွယ်ထည့်လိုက်တာက သူတို့အိမ်က ဂျစ်ကားမောင်း တဲ့ ဒရိုင်ဘာကွ၊ ဂျစ်ကားကို လှည့်နှိုးတဲ့ ဂေါက်တံ သံချောင်းနဲ့ ရိုက်ထည့်လိုက်တာ'

'အားလားလား၊ မင်းဟာ မလွယ်ပါလား စွဲမြဲရာ၊ ရင်ငြိမ်းအဖေက တကယ့်ကို သူပြောသလိုအသေလုပ် တာနေမှာ'

'အဲလိုတော့ ဟုတ်မယ် မထင်ပါဘူးကွာ၊ သူကတော့ စိတ်ဆိုးလို့ ငါတို့လဲ ကြောက်အောင်ခြောက်လှန့်လိုက် တာ နေမှာပါ၊ ဒါပေမယ့် လုပ်တဲ့လူတွေက ခပ် ကြမ်းကြမ်း လုပ်တတ်ဘဲ့လူတွေမို့ လက်လွန်ကုန်တာ



လဲ ဖြစ်ပါလိမ့်မယ်၊ အဲဒီလူလဲ မသက်သာဘူး၊ အဲဒီ အမှုနဲ့ထောင်တွေဘာတွေ ကျသွားသေးတယ်'

'သူကထောင်ကျ၊မင်းကရော'

'ငါကသတိရတဲ့ အချိန်ကစပြီး ရင်ငြိမ်းကို မတွေ့ရ တော့တာ ခုထက်ထိပဲ၊ သူငယ်ချင်းတွေ ပြောကြတာ ကတော့ ရန်ကုန် ပို့ထား လိုက်တယ် ထင်တယ်တဲ့၊ မကွေးမှာ ကိုရင်ငြိမ်းမရှိတော့တာ၊ အဲဒီနေ့ကရသွား တဲ့ ဒဏ်ရာလဲ ဘာဖြစ်လိုဖြစ်မှန်းတောင် မသိလိုက်ပါ ဘူးကွာ'

'မင်းကရော လိုက်မရှာတော့ဘူးလား'

'ဖြစ်ဖြစ်ချင်း သုံးလေးလကတော့ ငါ့ကိုယ်ငါတောင် မနည်းခေါင်းထူ နေရတာပဲကွာ၊ ဘယ်လိုလုပ်ရှာနိုင် မလဲ၊ နောက်ပိုင်း တစ်နှစ်လောက်လဲ ကျန်းမာရေး သိပ်မကောင်းတာနဲ့ အိမ်က ငါ့ကို ဘယ်မှမလွှတ်ဘူး၊ နောက်တစ်ခုက ငါလဲ ဘယ်လိုလုပ်ရှာမလဲ၊ ဘယ် ရောက်နေလဲဆိုတာ တိတိကျကျမှ မသိတာ၊ အဲဒီ တော့ သူ့ဆီက အဆက်အသွယ်တစ်ခုခု ရမလားဘဲ မျှော်ကြည့်ရတာပေါ့'

'ရလား'

'မရပါဘူးကွာ၊ အဲဒါနဲ့ နောက်နှစ်ကျတော့ ဆယ် တန်းဖြေ၊ အောင်၊ စက်မှုတက္ကသိုလ်ရောက်တယ်ဆိုပါ တော့၊ အာရ်အိုင်တီတက်နေတဲ့ တစ်လျှောက်လုံးမှာ တော့ဘယ်သွားသွား၊ဘာလုပ်လုပ် အမြဲလိုလိုသတိထား

ပြီး ရင်ငြိမ်းကို ရှာမိတယ်၊ မတွေ့ပါဘူးကွာ၊ ရန်ကုန်မှာပဲ မရှိတာလား ဒါမှမဟုတ်တော့လဲ ကပ်လွဲလေးတွေပဲ့လွဲနေကြသလား မပြောတတ်ဘူး၊ ရန်ကုန်က လမ်းမတွေပေါ်မှာ ကိုယ်တွေ့ချင်တဲ့ လူတစ်ယောက် ရှာရတယ် ဆိုတာလဲ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာမင်း အသိပဲ’

‘မန္တလေးဘက်ရော ကြည့်သေးလား’

‘ကြည့်သေးတယ်၊ ငါတက္ကသိုလ်မှာ ဒုတိယနှစ်တက်နေတုန်းတစ်ခါ၊ စတုတ္ထ နှစ် တက် နေ တုန်း တစ်ခါ မန္တလေးရောက်တယ်၊မန္တလေးမှမဟုတ်ပါဘူး၊ မြန်မာပြည်ထဲမှာ ဘယ်သွားသွား ရောက်လေရာအရပ်မှာသူနဲ့ ပြန်တွေ့ရမလားဆိုပြီး အမြဲရှာခဲ့တာပါပဲ၊ မကွေးမှာလဲ ဘာထူးခြားတဲ့ သတင်းရမလဲ ဆိုပြီး အမြဲစောင့်နားထောင်ခိုင်းထားတာပဲ’

‘အခုကော ရင်ငြိမ်းကို အဲလိုပဲရှာဖို့ပဲလား’

‘မဟုတ်ဘူး ဝင်း‌ဌေး၊ တစ်နေ့တုန်းက ဗေယျငါ့ဆီ ဖုန်းဆက်တယ်၊ဘာပြောလဲဆိုတော့၊ ရင်ငြိမ်းသူ့အိမ်မှာ ပြန်ရောက်နေသလားမသိဘူးတဲ့၊ ရင်ငြိမ်းလို့ထင်ရတဲ့ အမျိုးသမီးတစ်ယောက် ရင်ငြိမ်းတို့အိမ်မှာ တွေ့မိသလိုပဲ၊ အဲဒါနဲ့ သူသတိထားဖြီး စောင့်ကြည့်တော့၊ အဲဒီအမျိုးသမီးက အိမ်ထဲကနေ အိမ်ပြင်ဘော့တစ်ခါမှ မထွက်ဘူး၊ ဒါပေမယ့် စိတ်ထဲမှာ ရင်ငြိမ်းပဲ



အောက်မေ့တယ်တဲ့၊ အဲဒါနဲ့ သူကငါ့ကိုလှမ်းသတင်းပေးတာ’

‘သိပ်တော့ မသေချာသေးဘူးပေါ့’

‘အေး–ဒါပေမယ့် ငါကတော့ ဘာဖြစ်ဖြစ် သွားကြည့်ရမှာပဲ၊ အမှန်တော့ မနေ့ကတည်းက ထွက်လာချင်တာကွာ၊ ကားကလဲ ခရီးဝေးသွားမှာ ဆိုတော့ပြင်ရဆင်ရသေး၊ အလုပ်လက်စတွေလဲ ဖြတ်ရသေးဆိုတော့ ဒီနေ့မှ ထွက်လာနိုင်တာ’

ဝင်းဌေးက ရယ်သည်။

‘ဒါဖြင့် ငါ့ကိုရော ဘာကိစ္စ ခေါ်လာတာလဲ၊ မင်းတစ်ယောက်တည်း ဖြစ်နေလို့ အဖော်ခေါ်တာလား’

‘အဲဒါလဲပါတာပေါ့ကွာ၊နောက်တစ်ခုက အကြောင်းရှိရင် တိုင်ပင်ဖော်တိုင်ပင်ဘက်လဲရတာပေါ့’

စကားများကို မာရသွန်ပြေးသလို တောက်လျှောက်ကြီးပြောလာခဲ့ရသဖြင့် မောသွားဟန်ဖြင့် ခေတ္တနားလိုက်ကြသည်။ အင်းမမှာ ထမင်းစားသောက်ပြီး၍ ပြန်ထွက်ကြရင်း ညီကိုလွန်လာမှ စွဲမြဲက တစ်စုံတစ်ခုကို သတိရဟန်ဖြင့်....

‘ဩော်....ခုနပြောတုန်းက ငါ မေ့ကျန်ခဲ့တာ တစ်ခုရှိတယ် ဝင်းဌေး’

‘ဘာလဲ’

‘ငါတို့ ဘုရားပြိုမှာခိုနေကြတုန်း ရင်ငြိမ်းအဖေ ဘယ်လိုလုပ်သိပြီး လိုက်လာနိုင်တာလဲဆိုတဲ့ကိစ္စ’

'အေး….စောစောကတော့ ငါလဲ အဲဒါမေးမလို့ပဲ၊ ဒါပေမယ့် ဒီပြင်အကြောင်းတွေပြောနေရင်းနဲ့ မေ့သွားလို့၊ အင်း….လုပ်ပါဦး၊ အဲဒါက ဘယ်လိုဖြစ်လို့လဲ'

'အဲဒါလေးကလဲ စိတ်ဝင်စားဖို့ကောင်းတယ်ကွ'

သည်တစ်ခါတော့ ဝင်းဒွေးကမောင်းပြီး စွဲမြဲက ဘေးမှထိုင်လိုက်လာသည်မို့ စကားပြောရင်းနှင့် ကားဘက်ကို အာရုံစိုက်စရာမလိုတော့။ စီးကရက်တစ်လိပ်မီးညှိသောက်ရင်း စွဲမြဲက နောက်ဆက်တွဲဇာတ်လမ်းလေးကို ဆက်ပြောသည်။

ပြည်မှအထွက်ကားလမ်းလေးက ဧရာဝတီမြစ်နှင့်ယှဉ်လျက်သွားနေပြီး အကွေ့အကောက်များနှင့် တစ်မျိုးပုံစံ ပြောင်းသွား၏။

* * *

'ဟင်….ဇေယျ'

စွဲမြဲ ဆေးရုံတက်နေရသောကာလ၊ တစ်လလောက်ပင်ရှိဦးမည်။ နေ့လယ်ခင်းကြီး နေ့ကလည်းပြင်း ခေါင်းကလည်းအုံခဲနေသဖြင့် ဆေးသောက်ပြီး စွဲမြဲ အိပ်ပျော်သွားခဲ့၏။

အိပ်ပျော်သွားသည်မှာ ဘယ်လောက်ကြာသွားသည်မသိ၊ အိပ်ရာကနိုးလာပြီး မျက်လုံးမဖွင့်သေးဘဲ ငြိမ်နေဆဲ နားထဲမှာ ထူးခြားသောအသံတစ်ခုကို ကြားသည်။



ငိုသံလိုလို၊ ရှိုက်သံလိုလို၊ လေသံဖြင့် တီးတိုးတတွတ်တွတ်ပြောဆိုနေသံလို ကြားရသည့် အပြင် ထိုအသံကလည်း မိမိအနားမှ ကပ်၍လည်း ဖြစ်ပေါ်နေသဖြင့် စွဲမြဲ အသံကြားရာဘက် ငဲ့စောင်းပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

ပထမ၌ သဲကွဲစွာမမြင်ရသေးသော်လည်း မြင်ကွင်းကြည်လင်လာသော ခဏ၊ မြင်ရသောမြင်ကွင်းကြောင့် စွဲမြဲ အရမ်းအံ့သြသွားသည်။

ဇေယျ။

စွဲမြဲ ဘာမှ အမြင်သွေလွဲစရာမရှိ။ ဇေယျမှ ဇေယျအစစ်။ ပို၍အံ့သြဖွယ်ရာကောင်းသည်က သူ့ဘေး၌ထိုင်နေသော ဇေယျသည် ရိုးရိုးပုံမှန်ထိုင်နေတာမျိုး မဟုတ်ဘဲ သူ့ခုတင်ဘေးကိုလက်တင်ခေါင်းအပ်၍ တရှိုက်ရှိုက်ငိုနေခြင်းပင် ဖြစ်သည်။

သေချာဂရုစိုက်နားထောင်လိုက်မှ တီးတိုး တွတ်တွတ်ပြောနေသော လေသံသည်လည်း ဇေယျဆီမှပင် ထွက်နေခြင်းဖြစ်ကြောင်း သိရသည်။ အသံက ကွဲကွဲပြားပြား မဟုတ်သော်လည်း 'ငါ့ကိုခွင့်လွှတ်ပါ စွဲမြဲရာ၊ ငါ့ကိုခွင့်လွှတ်ပါ' ဆိုသောစကားလုံးကို ထပ်ပြန်တလဲလဲရွတ်နေမှန်း ခုတော့ ကြားရသည်။

စွဲမြဲက ဇေယျအပြုအမူကို နားမလည်သဖြင့် အကြောင်းပုံသိရရန် ဇေယျပခုံးကို လက်ဖြင့်သုပ်ထိသည်။

'ဟင်….မင်းနိုးနေတယ်ဟုတ်လား စွဲမြဲ'

ဇေယျက အလန့်တကြားဖြင့် ခေါင်းထောင်ကြည့်ရင်းမေးသည်။ ဇေယျပါးပေါ်မှ မျက်ရည်စများကို စွဲမြဲ သေချာ မြင်လိုက်ရသည်။

'ဟုတ်တယ် ဇေယျ ငါနိုးနေတာကြာပြီ၊ မင်း ငိုနေတယ် ဟုတ်လား၊ ဘာဖြစ်လို့ငိုရတာလဲကွာ၊ ပြီးတော့ မင်းကို ငါက ဘာဖြစ်လို့ ခွင့်လွှတ်ရမှာလဲ'

ပြောခါမှ ဇေယျက ဝမ်းနည်းပက်လက်ဖြစ်သွားသည် ထင်သည်။ ရှိုက်ကြီးတငင်ငိုချလိုက်ပြီး....

'မင်း မသိဘူး စွဲမြဲ၊ မင်းအခုလိုဖြစ်ရတဲ့ကိစ္စမှာ တရားခံက ငါ၊ ရင်ငြိမ်းအဖေကို မင်းတို့ဆီ လမ်းပြခေါ်လာခဲ့တာ ငါ၊ ငါ့ကြောင့် မင်းတို့နှစ်ယောက်ကို ရင်ငြိမ်းအဖေက ရှာတွေ့သွားတာ'

'ဘာ....ဘာပြောတယ် ဇေယျ၊ အား....'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် မယုံနိုင်လောက်အောင် အံ့သြခြင်းဖြစ်သွားမိသည်။ ရုတ်တရက်လည်း ခေါင်းထောင်ထလိုက်သဖြင့် ခေါင်းတစ်ခုလုံး နာကျင်ကိုက်ခဲသွားသည်။

ဇေယျက ပျာပျာသလဲထ၍ စွဲမြဲခေါင်းကိုဖေးမပေးရင်း–

'ခုလောလောဆယ်တော့ စိတ်လိုက်မာန်ပါမဖြစ်ပါနဲ့ဦး စွဲမြဲရာ၊ မင်းနေကောင်းအောင်အရင်ကြိုးစားပါ၊ နေကောင်းတော့မှ မင်းဆန္ဒရှိသလို ငါ့ကို သတ်ချင်သတ်၊ ရိုက်ချင်ရိုက်၊ ကြိုက်သလိုလုပ်ပါ၊ အကျိုးအကြောင်းကို မင်းနားလည်အောင်လဲ ငါရှင်းပြပါ့မယ်'



စွဲမြဲက ခေါင်းအုံးပေါ် ပြန်လှဲ၍ ဝေဒနာ သက်သာအောင် ခဏငြိမ်နေသည်။ပြီးမှမျက်လုံးမဖွင့်ဘဲ ပါးစပ်ကိုသာလှုပ်၍....

'ငါတို့နှစ်ယောက်ရှိနေတဲ့ ဘုရားပြိုက ကိုကြည်စိုးတို့အိမ်ကို ရင်ငြိမ်းတို့အဖေ ရောက်လာအောင် ခေါ်လာတာ မင်း၊ဟုတ်လားဇေယျ'

'ဟုတ်တယ်စွဲမြဲ၊ အဲ့ဒီကိစ္စဟာ ငါ့ကြောင့် ဖြစ်သွားရတာပဲ၊ မင်းစဉ်းစားကြည့်ပေါ့ စွဲမြဲရာ၊ မင်းတို့သွားတဲ့နေရာဟာ ငါသာဖော်ကောင်မလုပ်ရင် တစ်လနှစ်လ လိုက်ရှာတောင် ရှာတွေ့မယ့် နေရာမျိုးမဟုတ်ဘူး၊ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်စွဲမြဲရာ၊ ငါမင်းကို ဒုက္ခရောက်စေချင်လို့ ဒီလိုလုပ်တာမဟုတ်ပါဘူး မင်းအပေါ် စေတနာထားလွန်းလို့ ခုလိုဖြစ်ရတာပါ'

စွဲမြဲရင်ထဲမှာတော့ ဒေါသများ အလိပ်လိပ် ထနေသည်။ ယုံကြည်စွာ အားကိုးမိသူက သစ္စာဖောက်ခဲ့တာပဲ ဟုလည်း ယူကျုံးမရဖြစ်မိ၏။

သို့သော် ဇေယျစကားကြောင့် အလကားတော့ ဇေယျ ဒီလိုလုပ်မှာမဟုတ် တစ်ခုခုအကြောင်းကြောင့် လုပ်တာပဲဖြစ်ရမည်။ ထိုအကြောင်းကို သိချင်လာသည်။ သို့အတွက်–

'ဘယ်လို စေတနာလဲ'

'အမှန်အတိုင်း ပြောတာပါ စွဲမြဲ၊ ငါပြောတဲ့ စကားယုံပါ၊ မင်းတို့နှစ်ယောက် ကန်ပြားမှာ ငါ့ကားပေါ်က ဆင်းပြီး ကြည်စိုးရဲ့လှည်းကလေးပေါ် ဘက်သွက်

သွားတာကို ကြည့်ရင်းငါအရမ်း စိတ်မကောင်းဖြစ်သွားတယ်၊ ကားပေါ်က ဆင်းပြီး လှည်းစီးသွားရသလိုပဲ မင်းတို့နှစ်ယောက်လဲ ဘာမှမပူမပင်မကြောင့်မကျပဲ အေးအေးချမ်းချမ်း နေရတဲ့ဘဝကနေ သက်သက်မဲ့ ကိုယ့်ဘဝလေးတွေကို ဖျက်ဆီးသွားကြတယ်လို့ ထင်လာတယ်’

‘အဲ့ဒီကအပြန်လမ်းတစ်လမ်းလုံးမှာ ငါ့ကိုငါလဲအဖြစ်မကောင်းတဲ့ လူတစ်ယောက်လို ခံစားလာရတယ်၊ ငယ်ငယ်တုန်းက အဖြစ်အပျက်ကလေးကို ပြန်တွေးပြီးမင်းတို့အရိုက်ခံရ၊ အနာတရဖြစ်ကြမယ့် သူတွေ၊ငါလဲအခုသူငယ်ချင်းတွေရဲ့ ဘဝကိုဝိုင်းကူ ဖျက်ဆီးပေးလိုက်တဲ့သူ၊ ဘဝမှာ ဒုတိယအကြိမ် ချေးပေ ဦးတော့မယ်လို့ ထင်လာမိတယ်....

ဒါကြောင့် အိမ်ပြန်ရောက်ပြီး တစ်နေကုန်နေမရ ထိုင်မရနဲ့ ချီတုံချတုံ ဖြစ်နေရာကနေ ညခုနစ်နာရီလောက်ကျတော့ ငါမနေနိုင်တော့ဘူး၊ ခုချိန်ဆို အချိန်မီရင်မီဦးမယ်၊ ရင်ငြိမ်းအဖေကို အကျိုးအကြောင်း ပြောပြပြီး မင်းတို့နှစ်ယောက်ကို ဇွတ်ခွဲလိုက်ရင် ခဏတော့မင်းတို့ စိတ်ညစ်ရမှာပေါ့၊ ဒါပေမယ့် တစ်သက်လုံးအတွက်တော့ ကောင်းသွားမှာပဲဆိုပြီး အဲ့ဒီကိစ္စလုပ်လိုက်တာပါ—

‘ဒါပေမယ့် အခုတော့ ငါရည်မှန်းသလို မဖြစ်ဘဲငယ်တုန်းက ပုံစံအတိုင်းပဲ ရင်ငြိမ်းက ဝါးငုတ်စူးပြီး



ဒဏ်ရာရ၊ မင်းကအရိုက်ခံရ၊ ငါကျတော့လဲ သူငယ်ချင်းတွေအပေါ် သစ္စာဖောက်မိတယ်ဆိုတဲ့ နာမည်ဆိုးကြီးနဲ့ပဲ ချေးပေပြန်ရပြီ။ ငါစိတ်မကောင်းဘူး စွဲမြဲရာ ဒါကြောင့် ဝမ်းနည်းလွန်းတာနဲ့ ငိုမိတာပါ’

ဇေယျ၏ ရှည်လျားသော ရှင်းပြချက်စကား၏ အဆုံးမှာ စွဲမြဲ စိတ်မကောင်းစွာဖြင့် သက်ပြင်းချသည်။

‘ကဲပါကွာ၊ ငိုမနေပါနဲ့၊ အမှန်တကယ်တော့ မင်းလုပ်တာ မှန်ပါတယ်၊ ခုလောလောဆယ်မှာမထင်မှတ်ဘဲ ဖြစ်ကုန်တဲ့ မတော်တဆထိခိုက်မှုတွေကြောင့် မင်းကိုယ်မင်း ခွင့်မလွှတ်နိုင်သလို ဖြစ်သွားရတာပါ၊ မင်းစေတနာက တကယ်တော့ အမှန်ဆုံးတရားပါ၊ ငါ့လဲမသိလို့ မိုက်တာမှမဟုတ်ဘဲ၊ ရင်ငြိမ်းစိတ်မဆင်းရဲစေချင်လို့ ဇွတ်မိုက်ခဲ့တာပဲ၊ ခုတော့ အခြေအနေကိုကအဲ့ဒီဇွတ်မိုက်မယ့် ကိစ္စကို ဆက်လုပ် ခွင့်မပြုတော့ဘူးလေ၊ ဝမ်းမနည်း ပါနဲ့ ကွာ မင်း မှန် ပါ တယ်၊ ဒါပေမယ့်’

‘ဒါပေမယ့် ဘာဖြစ်လဲ စွဲမြဲ’

‘မင်းတို့အားလုံး အချိန်မမီလိုက်ဘူး ဇေယျ၊ ငါတို့နှစ်ယောက် အဲ့ဒီအချိန်မှာ လင်မယားဖြစ်နေကြပြီ’

‘ဟင်’

‘ဒါလဲ စိတ်မကောင်းတော့မဖြစ်ပါနဲ့၊ ရင်ငြိမ်းကို ငါမတွေ့တွေ့အောင် ပြန်ရှာယူပါ့မယ်၊ ဒီကြားထဲမှာလဲတတ်နိုင်သလောက် ငါ့ဘဝတောင့်တင်းခိုင်မာအောင်

ကြိုးစားသွားမှာပါ၊ ခုလို ဘီလူး ဘဝ ကနေ ကုန်သည် ညီနောင် ပြန်ဖြစ်တဲ့အခါ၊ မင်းဘောသော လုပ်ပြီး ငါ့ကိုပုဏ္ဏဝတီပို့ပေးဖို့တော့ မမေ့ပါနဲ့'

ဇေယျမျက်လုံးအစုံမှိတ်ပြီး ခေါင်းညိတ်သည်။

ထိုနေ့ည ဇေယျနှင့် ဘာဘူသွဲ့မြဲပါ မျက်ရည်ကျရ၏။

*

[၂]

'ဒါဖြင့် ခုကိစ္စမှာလဲ ဇေယျသူ့ကိစ္စသူ ကျေပွန်အောင် ထမ်းဆောင်လိုက်တာပေါ့မဟုတ်လား စွဲမြဲ၊ ရင်ငြိမ်း ကိုတွေ့ပြီ ထင်ကင်ချင်း မင်းဆီအကြောင်းကြားလိုက် တာကို ပြောတာလေ'

စွဲမြဲခေါင်းညိတ်သည်။

'ငါလဲသူတွေ့တဲ့ မိန်းကလေးဟာ ရင်ငြိမ်းပဲဖြစ်ပါစေ လို့ ဆုတောင်းမိ ပါ့တယ်ကွာ၊ ပြီးတော့ ရင်ငြိမ်းရဲ့ အခြေအနေကလဲ၊ ငါသူ့ကို ပြန် လက် ထပ် နိုင် တဲ့ အခြေအနေဖြစ်ပါစေလို့ ဆုတောင်းမိပါတယ်၊ ခုချိန် မှာ ငါလဲ ဘောကျော် ဘီလူး မဟုတ်တော့ပါဘူး၊ လူယောကျ်ားကုန်သည်ဖြစ်နေပါပြီ၊ တို့ဘဝရဲ့ ဇာတ်

'ပေါင်းချိန်လဲ တန်ပါပြီ၊ ဘဝမှာ တစ်ခါက ကျူး
လွန်ခဲ့ဖူးတဲ့ အမှားတစ်ခုအတွက် ထိုက်ထိုက်တန်တန်
လဲ ခံစားကြေကွဲ လွမ်းဆွတ်ခဲ့ရပြီးပါပြီ'

နွေဘက်သို့ကူးလုပြီမို့ လမ်းဘေးတစ်ဝိုက်ရှိသစ်ပင်အတော်များများမှာ ရွက်ခြောက်များ ကြွေကျပြီး အရိုးပြိုင်းပြိုင်းနှင့် ရှိနေသည်။

'သစ်ပင်သစ်ကိုင်းဆိုတာ ရွက်ဟောင်းတွေကြွေလိုက်ရတာနဲ့ ပုရစ်နုလေးတွေက တစ်ဆင့် ရွက်သစ်ဝေဖို့ ပြန်
အစပျိုးရတယ်မဟုတ်လား၊ငါ့ဘဝမှာလဲ ရွက်ဟောင်း
ရွက်ဝါတွေ ကြွေကုန်ချိန်တန်ပါပြီ၊ရွက်သစ်လေးတွေ
ပဲ ဝေပါရစေတော့လို့ ဆုတောင်းမိပါတယ်ကွာ။

စွဲမြဲရင်မှ လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသော စကားကြောင့် ဝင်းဒွေး ရင်ထဲမှာပင် ဆို့သွားသည်။

သူနှင့် စတင် ခင်မင်ခဲ့သည်မှစ၍ ခုချိန်ထိ လေးငါးနှစ်လောက်ကာလအတွင်း ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားသောအမူအရာမပြဘဲ နေလာခဲ့သည့် စွဲမြဲ၏ အကြောင်းကိုလည်း ခုမှ နားလည်သဘောပေါက်သည်။

သစ္စာတရား၏ အကျိုးကို ခံစားခွင့်တော့ရ ရမှာပေါ့ဟုလည်း တွေးမိ၏။

'မင်းဆုတောင်းပြည့်မှာပါ စွဲမြဲ'

• * *



'ရွှေ့နားမှာ ဘေးကပ်ရပ်လိုက် ဝင်းဒွေး၊ မြို့ထဲကို
ငါမောင်းဝင်လိုက်မယ်'

မကွေးအဝင်တွင် စွဲမြဲက ဝင်းဒွေးကိုကား ရပ်ခိုင်း၍နေရာချင်းလဲလိုက်သည်။

လမ်းမှာစကားပြောရင်း ခပ်အေးအေး မောင်းလာသဖြင့် မူလ မှန်းထားသလို ငါးနာရီလောက်မဝင်ဘဲ ခြောက်နာရီခွဲကျော်ကျော်၊ အတန်ငယ်မှောင်မှ မကွေးသို့ ဝင်သည်။

'မင်း အခု ဘယ်သူ့ဆီအရင်သွားမှာလဲ စွဲမြဲ'

'ဇေယျဆီပဲ သွားလိုက်ပါ့မယ်၊ ဝင်ချင်တာ ကတော့
ရင်ငြိမ်းတို့ အိမ်ကို တိုက်ရိုက်ပဲ ဆိုဘာပြောနေစရာ
တောင်လိုမယ်မထင်ပါဘူးကွာ၊ဒါပေမယ့်အခြေအနေ
နဲ့အချိန်အခါအရ ဇေယျဆီအရင်မဝင်လို့မှ မဖြစ်ပဲ'

'ဇေယျက ရော အခုဘာလုပ်နေလဲ'

'ဒီကောင်ကသူဌေးကွ၊ ငါရင်ငြိမ်းနဲ့ ပတ်သက်လို့
သောင်းကျန်းနေတဲ့ ကာလတုန်းက ပိုးမှန်းသိအောင်
တောင်မပိုးရဲတဲ့ ညွန့်ညွန့်စိန်နဲ့ပဲ အိမ်ထောင်ကျတယ်
ဒီမြို့မှာ နာမည်ကြီး ကျူရှင်ဆရာလုပ်နေတယ်၊တခြား
စီးပွားရေးလုပ်ငန်းတွေလဲ အများကြီး'

'ဘောသောကတော့ ရွှေလှည်းတစ်စီး၊ ငွေလှည်းတစ်
စီးနဲ့ ဟန်ကျနေပြီပေါ့'

ဝင်းဒွေးက သူနှင့်ပါ ရင်းနှီးသွားပြီဖြစ်သော ရာဇဝင်သမိုင်းဖြင့် ပုံခိုင်းရင်းပြောသည်။ သဘောကျစွာလည်း ရယ်သည်။ စွဲမြဲကခေါင်းညိတ်ရင်း....

'ဘောသောကတော့ ဟန်ကျသွားပါပြီကွာ၊ ဘောကျော်သာ ခုထက်ထိ ဘုရားဒကာလဲမဖြစ်၊ ရွှေပန်းကုံးနဲ့ စာခွေလဲမမြင်ရသေးဘဲ ယောင်ချာချာ အရှုံးတစ်ပိုင်း ဖြစ်နေရတုန်းပေါ့'

ဇေယျတို့က မြို့မပိုင်းရှိ ဘုရားလမ်းထဲမှာ နေသည်။

ဆယ်နှစ်ဆိုသော ကာလအတွင်းမှာမကွေးမြို့သည်ပြောင်းတော့ ပြောင်းလဲသွား၏။ သို့သော် ဘယ်လမ်းကနေ ဘယ်သွားရင် ဘယ်ရောက်မှန်း မသိအောင်တော့ မဖြစ်သေး။

မြို့အဝင်ပိုင်းရှိ ပန်းခြံနှင့် အားကစားကွင်း အကြားရှိပြီ သားလမ်းတောင် တစ်ခုပိတ်ပြီး လမ်းသစ်တစ်ခု တိုးချဲထား သည်နှင့် ပန်းခြံကရှေးကထက် များစွာ လှပနေသည်တို့သာ သိသိသာသာ ခြားခြားနားနား ပြောင်းလဲသည်။ ထိုနောက် မြို့ထဲရှိ အစိုးရဌာန ဆိုင်းဘုတ်များ။ ပိုမိုကျယ်ပြန့် ကောင်းမွန်သွားသော လမ်းမကြီးများ။

စွဲမြဲကဇေယျတို့အိမ်အထိ အခက်အခဲမရှိဘဲ ရှောရှောရှူရှူ မောင်းဝင်သွားနိုင်သည်။

ဇေယျတို့အိမ်ရှေ့၌ ကားရပ်သောအခါ ညနေခုနစ်နာရီပင် ထိုးနေပြီဖြစ်သည်။

* * *



'အဲဒါပဲ စွဲမြဲ၊ မင်းဆီကို ဖုန်းဆက်ပြောတော့၊ အဲ့ဒီ အိမ်မှာ အဲဒီအမျိုးသမီးကို တွေ့တာသုံးရက်ပဲရှိသေးတယ်၊ ဘာမှလဲ သေချာ မစုံစမ်းနိုင်သေးဘူး၊ ဒါပေမယ့် လိုလိုမယ်မယ် မင်းကို အကြောင်း ကြားထားမှဖြစ်မယ်ဆိုပြီး ကမန်းကတန်း ကောက်ဆက်လိုက်တာ'

'အဲဒါမနေ့ကတော့ မင်းလာရင် ဒီထက်ပိုပြီးပြည့်ပြည့်စုံစုံ သတင်းပေးနိုင်ရင် ကောင်းမယ်ဆိုပြီး အသည်းအသန် ထပ်လှုပ်ရှားလိုက်တယ်၊ သိပ်တော့ အခက်အခဲမရှိလိုက်ပါဘူး၊ ရင်ငြိမ်းအောက် အငယ်မ စိုးစိုးကို အရဲစွန့်သွားတွေ့ပြီး ပြောင်ပဲဖွင့်မေးရတာပေါ့၊ စိုးစိုးက ကျောင်းဆရာမ၊ ဆားစည်ကျောင်းမှာ အလယ်တန်းပြ လုပ်နေတယ်၊ တင်တင်သိန်း ရှိရင်တော့ တင်တင်သိန်း မေးမလို့ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ စိုးစိုးနဲ့ကျတော့ ငါတို့ကသိပ်မှ မရင်းနှီးလိုက်ဘဲ'

'ဒါပေမယ့် စိုးစိုးက မဆိုးပါဘူးကွ၊ သူက မင်းတို့ဇာတ်လမ်းတွေကိုလဲ အသေးစိတ် သိနေပုံရပါတယ်၊ ငါ့ကိုလဲ သူကောင်းကောင်းသိတယ်၊ ငါသိချင်တာတွေကိုလဲ သေချာပဲ ပြောပြပါတယ်'

ဇေယျက ခရီးရောက်ဆိုက်ပင် အခြေအနေ အသေးစိတ်ကို ရှင်းပြသည်။

ရင်ငြိမ်း၏ညီမ စိုးစိုးနှင့်သူ တွေ့ခန်းကိုလည်း အသေးစိတ်နှင့် ပြည့်ပြည့်စုံစုံပင် ပြောပြ၏။

* * *

'ဟုတ်တယ် ကိုဇေယျ၊ မမရင်ငြိမ်း အိမ်မှာပြန်ရောက်နေတယ်၊ သိပ်မကြာသေးဘူး၊ သုံးလေးရက်ပဲရှိသေးတယ်၊ အဖေနေမကောင်းလို့ ပြန်လာတာ'

'ဟုတ်လား စိုးစိုး၊ ဦးလေးက ဘာဖြစ်လို့လဲ'

'အစုံပါပဲ၊ အဖေ့မှာက အစကတည်းက သွေးတိုးရော ဆီးချိုရော၊ နှလုံးရော၊ ရောဂါတွေ စုံနေတာပဲ၊ ဟိုတလောကတောင် ဆေးရုံတစ်လလောက်တက်လိုက်ရသေးတယ်၊ ပြန်ဆင်းပြီး ဘယ်လောက်မှ မကြာဘူး ခုတစ်ခါ ပြန်ဖောက်နေလို့ အဖေ့ အခြေအနေက သိပ်မကောင်းဘူး၊ အဲဒါနဲ့ မမရင်ငြိမ်းကို လှမ်းမှာပြီး ခေါ်လိုက်ရတာ'

'ရင်ငြိမ်းက ဘယ်ရောက်နေလို့လဲ'

'မမရင်ငြိမ်း နိုင်ငံခြားရောက်နေတာ မသိဘူးလား'

'ဟင့်အင်း ဘယ်တုန်းက သွားတာလဲ'

'ကြာပြီ၊ ငါးနှစ်လောက် ရှိပြီထင်တယ်၊ ဘယ်ကမလဲ ခုနစ်နှစ် ရှစ်နှစ်လောက် ရှိမယ်၊ စိုးစိုးတို့ ဦးလေးက နိုင်ငံခြားရေးရုံးမှာ လုပ်တော့ သံရုံးအမှုထမ်းနဲ့မိသားစု တစ်ခုလုံးသွားကြတော့၊ မမရင်ငြိမ်းပါ ပါသွားတယ်၊ အင်းလေ- ကိုဇေယျမသိတာလဲ ဘာမှမဆန်းပါဘူး၊ စိုးစိုးတို့တစ်အိမ်လုံးက မမရင်ငြိမ်းနဲ့ ပတ်သက်တဲ့သတင်းတွေကို ဘယ်သူ့ကိုမှပြောပြတာမှမဟုတ်ဘဲ၊ ခုတောင်ကိုဇေယျ စိုးစိုးဆီမလာစဖူး လာတဲ့ကိစ္စမှာ ရည်ရွယ်ချက် တစ်ခုရှိမယ်ထင်လို့ စိုးစိုး တမင်ပြောပြတာပါ'

ဇေယျက သက်ပြင်းချသည်။

'စိုးစိုး၊ ရင်ငြိမ်းနဲ့ စွဲမြဲဇာတ်လမ်းကို သိတယ်မဟုတ်လား'

စိုးစိုးမျက်လွှာချရင်း ခေါင်းညိတ်သည်။

'သိပါတယ် ကိုဇေယျ'

'အမှန်အတိုင်း ပြောရရင် အခု ငါလာတာ အဲဒီကိစ္စအတွက်ပဲ စိုးစိုး၊ သူတို့နှစ်ယောက် ဘုရားပွဲကိုသွားကြတုန်းက ငါ ဘယ်လိုနေရာက ဝင်ခဲ့တယ် ဆိုတာရော နင်သိလား'

'သိပါတယ် ကိုဇေယျ၊ အဲဒီတုန်းက စိုးစိုး ငယ်သေးပေမယ့် အကုန်မှတ်မိနေပါတယ်'

'အေးဟာ သူ့အရွယ်၊ သူ့အခြေအနေ၊ အချိန်အခါ တုန်းက ငါ့အင်မတန် စိတ်မကောင်းစွာနဲ့ သူတို့နောင်ရေးကို ကြည့်ပြီး လုပ်သင့်လုပ်ထိုက်တာတွေလုပ်ခဲ့ပါတယ်၊ ဒီအတွက် ငါရော စွဲမြဲပါ အရမ်းခံစားခဲ့ရတယ်၊ ရင်ငြိမ်းလဲ ဒီလိုပဲ နေမှာပါ၊ အခုအခြေအနေနဲ့ အချိန်အခါက တစ်မျိုး ပြန်ဖြစ်လာပြီလေ၊ အဲဒီတော့ နင်ငါ့ကို ကူညီနိုင်ရင် ကူညီပါ'

'စိုးစိုးက ဘာကူညီရမှာလဲ ကိုဇေယျ'

'ခုလောလောဆယ် ရင်ငြိမ်းနဲ့အနေအထားက ဘယ်လိုရှိနေလဲ၊ စွဲမြဲနဲ့ ပတ်သက်လို့ရော ရင်ငြိမ်း ဘယ်လို

သဘောထား သေးလဲ၊ အခု စွဲမြဲကို ငါ့ဖုန်းဆက် အကြောင်းကြားပြီး လှမ်းခေါ် ထားတယ် စိုးစိုး၊ မနက်ဖြန်ဆို စွဲမြဲမကွေးကို ရောက်လာလိမ့်မယ်၊ အဲဒါ ဘာတွေဖြစ်လာနိုင်မလဲဆိုတာ ငါ့ကိုပြောပြပါစိုးစိုး၊ မနက်ဖြန် စွဲမြဲရောက်လာရင် ရင်ငြိမ်း အနေအထားကို ကြိုပြောပြထားချင်လို့’

စိုးစိုးက သက်ပြင်းချရင်း ခေါင်းခါသည်။

‘ခုချိန်မှာ ကိုဇေယျတို့ မျှော်လင့်ထားတဲ့အနေအထား မှာ မမရင်ငြိမ်းမှာ မရှိတော့ဘူး ကိုဇေယျ၊ စိုးစိုး သိသလောက် ကိုစွဲမြဲနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှ မမ ရင်ငြိမ်း ပြည်ဖုံးကား ချလိုက်ဘာကြာပြီ၊ ခုလဲ မမ ရင်ငြိမ်းပြန်လာ လပိုင်းလောက်ပဲ ခွင့်ရသလို၊ ဒီမှာလဲ သူ ကြာကြာမနေချင်ဘူး၊ မြန်မာနိုင်ငံသား၊ မြန်မာ နိုင်ငံသားရိုး အမှုထမ်းတစ်ယောက်အနေနဲ့ မြန်မာပြည် ကိုမချစ်လို့ နိုင်ငံခြားမှာနေရတာ ပျော်လို့တော့ဟုတ် မယ်မထင်ဘူး၊ အထူးသဖြင့် သူမကွေးမှာ ကြာကြာ နေချင်စိတ် မရှိတာဖြစ်ပါလိမ့်မယ်၊ ဩော်...အခု မမ ရင်ငြိမ်းလဲ နိုင်ငံခြားကနေ စာပေးစာယူနဲ့ သိပ္ပံဘွဲ့ရ ပြီး ဦးလေးနဲ့အတူတူ သံရုံးမှာပဲပြန်အမှုထမ်းနေတယ် ကိုဇေယျ’

‘နေပါဦး စိုးစိုး၊ ရင်ငြိမ်းက မြန်မာပြည်မှာ ဒါမှ မဟုတ် မကွေးမှာပေါ့လေ၊ ကြာကြာနေချင်စိတ် မရှိ



ဘူးဆိုတာ ဘာဖြစ်လို့လဲ၊ အလုပ်က ခွင့်မရလို့လား၊ ဒါမှမဟုတ် ဒီပြင်အကြောင်းရော ရှိသေးလို့လား’

‘သူမကွေးနှင့် ပတ်သက်လို့ စိတ်နာဇရာတစ်ခု ရှိနေ တယ် ကိုဇေယျ၊ အခုတောင် ဒီကို ရောက်ကတည်းက ဘယ်သူနဲ့မှလဲမတွေ့ဘူး၊ ဘယ်မှလဲမသွားဘူး၊ ရောက် ကတည်းက အိမ်ထဲကအိမ်ပြင် လုံးဝမထွက်ဘူး’

‘စွဲမြဲနဲ့ပတ်သက်လား စိုးစိုး’

‘စိုးစိုး၊ မမရင်ငြိမ်းရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက် လို့ အများကြီး မပြောချင်ဘူး ကိုဇေယျ၊ ဒီပြင် ကိစ္စ နဲ့တော့ မကွေးကို စိတ်နာဇရာ သူ့မှာ ဘာအကြောင်း မှ မရှိဘူးလို့ ထင်တာပဲ ဆိုတာလောက်ပဲ ပြောချင် ပါတယ်’

‘ကောင်းပြီလေ၊ စိုးစိုးဒီလောက်ပဲ ပြောချင်တယ် ဆို ရင်လဲ၊ ဒီလောက်ပဲပြောပါ၊ ဒါပေမယ့် တို့ ထင်တာ တော့ စွဲမြဲ မကွေးကိုရောက်လာရင် ရင်ငြိမ်းကိုမဖြစ် ဖြစ်တဲ့နည်းနဲ့တွေ့ဖို့ကြိုးစားလိမ့်မယ်လို့ တော့ထင်တယ်၊ အဲဒါကိုလဲ ရင်ငြိမ်းကို ကြိုပြောပြ ပေးထားစေချင် တယ် စိုးစိုး’

‘ရပါတယ်ကိုဇေယျ၊ စိုးစိုးပြောပြလိုက်ပါမယ်’

စိုးစိုး အမူအရာကဘာမှအကဲခတ်၍မရနိုင်လောက်အောင် အေးဆေးကြည်လင်နေသည်။

ရင်ငြိမ်းဘာဖြစ်နေသည်ဆိုသည်ကို အိမ်ပြန်ရောက်ပြီးချိန်မှ နေစ၍စွဲမြဲရောက်မလာမီအထိ စဉ်းစားကြည့်သည်။ သို့သော် ဘယ်လိုမှ အဖြေမရ။

စွဲမြဲ ရောက်လာလျှင် သည်အတိုင်းပြောပြတော့မည်ဟုသာ ဆုံးဖြတ်လိုက်ရ၏။

*

[၃]

ဇေယျ စကားဆုံးအောင် နားထောင်ပြီးနောက် စွဲမြဲ မျက်မှောင်ကြုတ်သွားသည်။

ရန်ကုန်မှထွက်လာခဲ့စဉ်ကတည်းက ရင်ငြိမ်းနှင့် ပြန်တွေ့ရ နိုး မျှော်လင့်မိသော မျှော်လင့်ချက်အပြင် ခုထိသူနားမလည် နိုင်သော အချက်အလက် အချို့လည်း ပူးတွဲ ပ ါလာသည်။ ကွဲကွာနေသည့်ကာလများတွင် ရင်ငြိမ်း ဘာဖြစ်ခဲ့သည်။ သို့မဟုတ် ဘာဖြစ်နေသည် ဆိုသည်ကို သူ လုံးဝမသိရ။

မျှော်လင့်ကြိုတွေးမထားသောအကြောင်းအရာသစ်များ နှင့် ရင်ဆိုင်နိုင်သည် ဆိုသည်ကိုလည်း ထည့်စဉ်းစားဖို့သူ မမေ့ခဲ့။ သို့အတွက် ဇေယျဆီမှ တစ်ဆင့် စတင်ကြားရပြီဖြစ်သော အကြောင်းအရာသစ်များအပေါ် ထူး တော့ မထူးဆန်းမိ။

သို့ရာတွင် ရင်ငြိမ်း သူ့ကို စိတ်နာနေသည်ဆိုသောစကား၏ အဓိပ္ပာယ်ကိုတော့ လုံးဝ စဉ်းစား၍မရ။

‘ရင်ငြိမ်းက ဘယ်လိုဖြစ်လို့ မင်းကို စိတ်နာရတာလဲ စွဲမြဲ’

စွဲမြဲ လေသံတိတ်နေသဖြင့် ငြိမ်မနေနိုင်တော့ ဝင်းဒွေးက ဝင်မေးသည်။ စွဲမြဲက ခေါင်းတစ်ချက်ဆတ်ရင်း

‘မင်း ပြောတဲ့အချက်အလက်တွေက ရှုပ်သလိုလိုနဲ့ရှင်းတော့နေပါတယ် ဇေယျ၊ တချို့ ကွင်းဆက်ပြတ်နေတဲ့ ကိစ္စလေးတွေကိုလဲ ပြန်ချိတ်ဆက်ယူလို့ ရလာပါပြီ၊ ဥပမာဆိုပါတော့’

စွဲမြဲက စကားလိုခဏရပ်သည်။ ပြီးမှ လက်ထဲကစီးကရက် ဆေးလိပ်ပြာခွက်ထဲ ပြာခြွေချရင်း —

‘စောစောပိုင်းက ငါနားမလည်တဲ့ ကိစ္စတွေရှိတယ်၊ ရင်ငြိမ်းနဲ့ငါနဲ့ ကွဲခဲ့တဲ့ အနေအထားက ရိုးရိုးအနေအထားမဟုတ်ဘူး၊ သည်းထိတ်ရင်ဖို ကိစ္စတွေရော၊ မတော်တဆ ထိခိုက်မှုတွေရော စုစည်း တိုက်ဆိုင်ပြီး သူနဲ့ငါနဲ့ရဲ့ အချစ်စိတ်အမြင့်ဆုံး စံချိန်ရောက်နေတဲ့ အချိန်မှာကွဲခဲ့တာ၊ တစ်ယောက်နဲ့ တစ်ယောက် မဖြစ်ဖြစ်အောင် ပြန်ဆုံဖို့ ကြိုးစားဖို့ ဘယ်လောက်ကောင်းလဲ၊ ဒါပေမယ့် ရင်ငြိမ်းဘက်က လုံးဝ ပျောက်ချက်သားကောင်းသွားတယ်၊ သူရှိနေရာကို ငါမသိလို့၊ ငါ့ဘက်က လှမ်းမဆက်သွယ်နိုင်၊ ရှာမတွေ့နိုင် ဖြစ်နေပေမယ့်၊ ငါကဘယ်နေရာမှာမှ ရွှေ့သွားတဲ့လူမဟုတ်



ဘူး၊ ငါနဲ့တကွ ငါ့မိတ်ဆွေရဲ့ လိပ်စာတွေ၊ အိမ်တွေ အကုန်လုံးသူသိတယ်၊ အချိန်ပိုင်းတစ်ခုအထိ မဆက်သွယ်နိုင်ရင်တောင်မှ တစ်ချိန်ချိန်တော့ဘယ်လိုနည်းနဲ့ မဆို လှမ်းဆက်သွယ်လို့ ရတာပဲ’

‘ဒါပေမယ့် သူလုံးဝ မဆက်သွယ်ခဲ့ဘူး၊ အဲ့ဒါဘာဖြစ်လို့လဲ၊ တိတိ ကျကျ ငါ အဖြေ မထုတ် နိုင်ခဲ့ဘူး ဝင်းဒွေး၊ လမ်းမှာတုန်းကလဲ မင်းကို ငါပြောခဲ့ပြီ၊ အခု အဲဒီအဖြေကိုတော့ ငါထုတ်နိုင်ပြီပေါ့’

‘ဘယ်လို ထုတ်နိုင်လဲ’

‘သူ ငါ့ကို စိတ်နာနေတယ်လေကွာ၊ ဘာဖြစ်လို့ စိတ်နာသလဲဆိုတာကတော့ လောလောဆယ်မှာ အသိချင်ဆုံး အကြောင်းအရာပဲပေါ့၊ ဒါပေမယ့် စိုးစိုးစကားအရ၊ ရင်ငြိမ်းငါ့ကို စိတ်နာသွားတယ် ဆိုတာတော့ သိရပြီ၊ ဒါကြောင့်သူ့ဘက်က ဆယ်နှစ်လုံးလုံးပျောက်ချက်သား ကောင်းသွားတာပေါ့၊ သေချာတာ တစ်ခုက သူနိုင်ငံခြားကိုထွက်သွား၊ လိုက်သွားတဲ့အကြောင်းထဲမှာ ငါ့ကိုစိတ်နာတဲ့ ကိစ္စကလဲ အကြောင်းတစ်ချက်အနေနဲ့ ပါကိုပါရမယ်’

‘အင်း’

‘အဲဒီတော့ အဓိကသိဖို့ ငါကြိုးစားရမှာက ငါ့ကိုသူ ဘာကြောင့် စိတ်နာရတာလဲ ဘယ်အချိန်ကစပြီး စိတ်နာသွားတာလဲ သူစိတ်နာရအောင် ဘယ်သူတွေက သူနဲ့ ငါ့ကြားမှာ အင်မတန်ပိရိတဲ့ လုပ်ကြံဖန်တီးမှုတွေ

လုပ်သွားလဲ တကယ်က ငါ့ အနေအထားကိုသာ သူ
အမှန်းအတိုင်းသိရင် ဘာအကြောင်းကြောင့် ငါ့ကိုသူ
စိတ်နာစရာမရှိဘူး၊ ဒါကြောင့် ဒီကိစ္စမှာ ကြားဝင်
ပြီး ဖန်တီးသွားတဲ့ ကိစ္စတွေ မလွဲမသွေရှိနေပြီ၊ သူနဲ့ငါ
မျက်နှာချင်းဆိုင်ပြီး မဖြေရှင်းနိုင်သရွေ့ ဒီကိစ္စတွေ
ဟာ ဘယ်လိုမှကျေညက် သွားနိုင်မှာမဟုတ်ဘူး'

'အဲဒီကိစ္စ ကျေညက်ရုံတင် ဘယ်ကမလဲကွာ၊ မင်းတို့
ချင်း ပြန်ပေါင်းဖို့ကိစ္စလဲ လုပ်ရဦးမှာပေါ့၊ အဲဒါလဲ
အရေးကြီးတာပဲ မဟုတ်လား'

ဇေယျအမေးကြောင့် စွဲမြဲကရယ်သည်။

'အရေးကြီးတဲ့ ဘက်ကနေပြောရင်တော့ ဒီကိစ္စထက်
အရေးကြီးတဲ့ ကိစ္စကငါ့ဘဝမှာ ဘာမှ မကျန်တော့
ဘူး ဇေယျ၊ ဒါပေမယ့် အဲဒါကို ရင်ထဲက မျှော်လင့်
ချက်အနေနဲ့ပဲ ထားရဲပါတယ်'

'ဘာဖြစ်လို့လဲ'

'အခြေအနေနဲ့ အချိန်အခါဆိုတဲ့ စကားဟာ ဘယ်
လောက်အထိ တားသွားတယ် ဆိုတာ နှလုံးသားနဲ့
ရင်းပြီး ဆယ်နှစ်လောက် ဘဝမှာ ခံစားထားပြီးပြီ
ပဲကွာ'

'မဟုတ်ပါဘူး၊ ဒီကိစ္စ....ဒီကိစ္စဆိုတာ မင်းအပေါ်စိတ်
နာတယ်ဆိုတဲ့ ကိစ္စ၊ အဲဒီကိစ္စကျေညက်သွားရင် ဒါက
အလိုလိုပြေလည်သွားမှာပါ၊ ငါတော့အဲဒီအတိုင်းပဲ
ယုံတယ်နော် ကိုဝင်းငွေ'



'ဟုတ်တယ် ကိုဇေယျ၊ ကျွန်တော်လဲ ဒီလိုပါပဲ'

စွဲမြဲက နာနာကျင်ကျင်လေး ရယ်ရင်း....

'ဒီနေရာမှာ အလုပ် ··ကိုင်ခြင်း မတူတော့လို့ ပဲလား
မသိဘူးကွာ၊ မင်းတို့နဲ့ငါ အလုပ်တစ်ခုကို သုံးသပ်ပုံ
ချင်း ကွာနေကြတယ်'

'ဘယ်လိုကွာလို့လဲ'

'ကျူရှင်ဆရာ လုပ်နေတဲ့ဇေယျက ငါ့ကိစ္စကို စာမေး
ပွဲ တစ်ကြိုထုတ်သလို ထုတ်တယ်၊ တစ်ကြိုထုတ်ဆိုတာ
နောက်မှ စာမေးပွဲမှာ ပါပါ၊ မပါပါ၊ လောလော
ဆယ်တော့ငါရိုက်တဲ့ စပေါ့မှန်ရမယ်ဆိုပြီး ယုံကြည်
နေတာကိုး၊ အဲလိုပဲဝင်းငွေကျတော့လဲ ဝပ်ရှော့ဆရာ
မကောင်းနစ်ဆိုတော့ ငါ့ကိစ္စကို ကားပျက် တစ်စင်းကို
ကြည့်တဲ့အနေနဲ့ပဲကြည့်တယ်၊ အင်ဂျင်မကောင်း အင်
ဂျင်၊ ဘက်ထရီမကောင်း ဘက်ထရီ၊ပြင်လိုက် အသစ်လဲ
လိုက်ရင် ကောင်းသွားမှာပဲဆိုတဲ့ ပုံစံမျိုးပေါ့'

စွဲမြဲစကားကြောင့် ဝင်းငွေနှင့် ဇေယျသာမက ဇေယျ၏
မဟေသီညွန့်ညွန့်စိန်ပါရယ်သည်။

ခုထိ ဘာစကားမှ ဝင်မပြောသေးသော ညွန့်ညွန့်စိန်က
ဝင်၍....

'ဒါဖြင့်နင်ကရော ဘယ်လိုသုံးသပ်လို့လဲ စွဲမြဲ'

'ငါကတော့ ဆောက်လုပ်ရေး အင်ဂျင်နီယာကိုဟ၊
ဒီပုံစံ ဒီ ဒီဇိုင်းနဲ့အိမ်ကို ဒီရေခံမြေခံပေါ်မှာ ဆောက်

လို့ရမရ၊ဆောက်သင့်မဆောက်သင့်ကနေစ ချိန်ရတာကိုး'

'အဲဒီတော့'

'အဲ့ဒီတော ခုနေခါမှာ ချော်လင့်ချက်ကလွှဲလို့ ဘာကိုမှ ခိုင်ခိုင်မာမာ မစဉ်းစားရဲသေးဘူး ဇေယျ၊ မင်းရော စိုးစိုးနဲ့တွေ့တုန်းက ရင်ငြိမ်းနဲ့ပတ်သက်လို့ အရေးကြီးဆုံးအချက် တစ်ချက်ကို မေးခဲ့သေးလား'

'ဘာလဲ'

'ရင်ငြိမ်းအခု အနေအထားကိုပေါ့၊ ဆယ်နှစ်လောက်အတွင်းမှာ လူဘာဖြစ်ယောက်ဘာ ပြောင်းလဲ တတ်တယ်လေ၊ အခုရင်ငြိမ်းဟာ ချစ်သူနဲ့တစ်ခါလိုက်ပြေးဖူးတဲ့ အပျိုဘာနဲ့ပဲရှိသေးလား၊ ဒါမှမဟုတ် အိမ်ထောင်ကျပြီလား'

'ဟာ'

ဇေယျ သူ့နဖူးလက်ဝါးနဲ့ရိုက်သည်။

'အေးကွာ၊ အဲဒီကိစ္စကို ငါ့ခေါင်းထဲမှာ လုံးဝထည့်မစဉ်းစားမိလို့လား မသိဘူး၊ အဲဒီမေးခွန်းကိုငါလုံးဝ မမေးခဲ့မိဘူး'

စွဲမြဲကရယ်သည်။မချိတရိရယ်သော အရယ်မှန်းသိသာ၏။

'တခြားကျူရှင်ဆရာတွေလဲ စာမေးပွဲမေးခွန်းကို မြင်ရပြီဆိုတဲ့အခါ အခု မင်းပြောသလိုပဲ ပြောကြတာပဲ ဇေယျ'

စိတ်ညစ်နေသည့်ကြားက ရယ်ကြရသေးသည်။



အညာဒေသ၏ ဆောင်းနှောင်းရာသီက သူ့ထုံးစံအတိုင်း အတော်လေး အေးစိမ့်နေပြီဖြစ်၏။

* * *

ဘုရားရင်ပြင်ပေါ်မှာလည်း တိုးတက် ပြောင်းလဲမှု လေးများ တော်တော်များများ တွေ့ရသည်။ အဆောက်အဦသစ်များ၊ ပြုပြင်မွမ်းမံမှုအသစ်များဖြင့် ဝေဆာနေ၏။

မြသလွန်ဘုရား၏ အဓိက တိုးတက်ပြောင်းလဲမှုထဲတွင် ဂေါပကရုံးခန်းများရှိသော နေရာအထိ အရင်ကရှိနေသော လမ်းဟောင်းကိုတံတားသစ်၊ ကတ္တရာခင်း လမ်းသစ်တို့ဖြင့် ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းလည်းပါဝင်သည်။

တံတားနှင့် လမ်းသစ်ကတော့ အပြီး မသတ်သေး၊ စွဲမြဲဘုရားပေါ်တက်လာခဲ့စဉ်က နံနက်စောစောစီးစီးပင် အလုပ်လုပ်နေသော လုပ်သားကြီးများကို မြင်ခဲ့သည်။

သိကြားနတ်ကွန်း နေရာလေးကတော့ ထူးခြားစွာပင်ဘာမှ မပြောင်းလဲဘဲ အရင်အတိုင်းရှိနေ၏။ မပြောင်းလဲသောနေရာဟောင်းလေးကို ကြည့်၍စွဲမြဲရင်ထဲမှာ လွမ်းလေညင်းလေးများ တဖြူးဖြူးတသုန်သုန် တိုက်ခတ်လာကြသည်။

'တော်ပါတော့စွဲမြဲရယ် နင်နဲ့ငါဒီဘဝမှာ ဆုံရတော့မယ်လို့ မထင်တော့ပါဘူး'

'ရင်ငြိမ်းရယ်၊ ဘီလူးဘောကျော်တောင်မှ တစ်ဘဝခြားပြီး သူ့ဘုရားသူ တည်နိုင်ခဲ့သေးတာပဲ၊ နင်ဘုရား

ပြို့က ဘုရားတင် မကြည့်နဲ့လေ၊ မကွေးက မြသလွန် ဘုရားကြီးကိုလဲ ပြန်ကြည့်ဦးမှပေါ့၊ တစ်ဘဝဆိုတာ အချိန်တွေအများကြီးပါဟာ၊ ကံကောင်းလို့ နောက်ဘဝ ဆက်ရရင် အချိန်တွေ ပိုများလာနိုင်သေးတယ်၊ ဘယ်အချိန်ဖြစ်ဖြစ်၊ ဘယ်ဘဝဖြစ်ဖြစ်၊ ငါ နင့်ကို ချစ်နေမှာပဲ ရင်ငြိမ်း၊ နင့်ဆီကို ငါမရောက် ရောက်အောင် လာခဲ့မှာပဲ'

'သွားစမ်းပါ၊ ငါနင့်ကို မယုံဘော့ဘူးစွဲမြဲ၊အခုဘောင်ခွဲရမှာ ကြောက်ပြီး ငါကသာ ငိုပြီးရင်း ငိုနေရတာ၊ နင်ကျတော့ နည်းနည်းမှတောင် ကြောက်ပုံ မရဘူး၊ ခွဲနေဖို့ စကားချည့်ပြောပြီး ငါ့ကို ချွေးသိပ်နေတယ်၊ အင်း ပေါ့ လေ၊ နင်က ယောကျ်ားလေးဆိုတော့ တစ်ချုံ့ကွယ် တစ်မယ် မေ့ပြီး ဒီပြင်ကောင်မတွေနဲ့ ပျော်မြူးနေနိုင်ဘာကိုး'

'မဟုတ်တာ၊ရင်ငြိမ်းရာ၊ ငေးချင်တဲ့သစ္စာကို ပေးပါ၊ အခုလဲ သိကြား နတ်ကွန်းနားမှာ သိကြားမင်းကို သက်သေထားပြီး ငါကျိန်ပါ့မယ်'

အတိတ်က အသံများကို ဆွေးမြည့်နာကျင်စွာ ပြန်ကြားယောင် မိ၏။

စွဲမြဲက ဟိုတုန်းက သူထိုင်ခဲ့သော နေရာလေးမှာပင် ပြန်ထိုင်သည်။ သည်နေရာလေးသာမက သည်ပေါ်က လှမ်းမြင်ရသော မြင်ကွင်းများပင် ဟိုတုန်းကနှင့် သိပ်မထူးခြား၊ မပြောင်းလဲ။



ရောဝတီ မြစ်ပြင်ကလည်း လင်းထိန်နေသော နေရောင်အောက်မှာ တလက်လက် ထသော လှိုင်းကြက်ခွပ်လေးချားဖြင့် တငြိမ့်ငြိမ့်စီးဆင်းနေဆဲပင်။ သောင်ပြင် များကလည်း ရွှေးနည်းအတူ အပူငွေ့များ ထုတ်လွှတ်လျက် တံလျှပ်များ တလက်လက် ထနေသည်။

အနားက သစ်ပင်အုပ်အုပ်ကလေးများကလည်း ဆောင်းနှောင်းကြောင် နီတချို့၊ ဝါတလီ၊ စိမ်းရည်လူးသည်ကလူး၊ ငှက်ကလေး များ ကလည်း တစ်ရံရောအခါကလိုပင် သူတို့ဘာသာ ချစ်ကြည် ပလူးလျက်။

လှမ်းဖွယ် လေညင်းလေးကလည်း အေးမြစွာ တိုးဝှေ့ဖြတ်သန်းနေဆဲ။

ရှေး သီချင်းကြီး တစ်ပုဒ်တွင် အမှတ်တမဲ့စွဲထင်စွာကြားခဲ့ဖူးသော စာသားလေး တစ်ခုကို အမှတ်ရ၏။

ပတ္တမြားဝတ်မှုံ
စိန်ချပ်ရုံ ထုံရည်သင်း၊
ရွှေရိုး ရွှက်ညှာ
နီလာတည့် ဖန်ရည်ရေး
ကျေးငယ်နှင့် မင်း။
ခွာပြည်ပြည် မှုန်ဝေနှင်း
ချစ်တင်း ရွှေညီစုံလို့
ရဂုံမြိုင်ယံခင်းမှာ
လွှမ်းလေကညင်း။ ။

*

## [၄]

'ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ'

စေ့ထားသော ခြံတံခါးကို ဖွင့်ဝင်သွားစဉ် ငယ်ငယ်က နေ့စဉ် မနက်တိုင်းကျောင်းသွားရန် ဝင်ဝင်ခေါ်ရသောအဖြစ်များကို အမှတ်ရသည်။ ခြံဝင်းထဲရောက်သောအခါဟိုတုန်းကနှင့် ဘာများ ကွာခြားနေသလဲ သတိထားပြီးကြည့်သည်။

အရင်တုန်းကနှင့် သိပ်မတူချင်တော့။ မြေကွက်ကျယ်ကျယ် ရှည်ရှည်ကြီးကို ကားကြီးများ ရပ်ရန်၊ မြင်ရန် နေရာက တစ်ခြမ်း၊ တိုက်ခံအိမ်ကတစ်ခြမ်းဆောက်ထားသည့်ရင်ငြိမ်းတို့ ခြံဝင်းထဲမှာ အိမ်ဘက်ပိုင်းကတော့ သိပ်အပြောင်းအလဲမရှိ။ ကားထား၊ ကားပြင်ရုံများဘက်မှာတော့ အရင်ကလို ရှုပ်ပွညစ်ပေ မနေတော့၊ ကားကြီးများ မထားတော့သည့် ပုံဖြင့် ကားရုံကြီးကို ဖျက်ပစ်ထားသည်။ နောက်ဘက်မှာကားလေး



များထားသော သပ်သပ်ရပ်ရပ် ဂိုဒေါင်နှစ်လုံး၊ ဒရိုင်ဘာနေအိမ်ဟု ထင်ရသော အိမ်ငယ်လေး နှစ်လုံးနှင့် ရှေ့ပိုင်းမှာ မြေကွက်လက်ကို သည်အတိုင်းထားသည်။

စွဲမြဲက သက်ပြင်းချပြီးအိမ်တံခါးမှ လူခေါ်ခေါင်းလောင်းလေးကို အသံပြုသည်။ မိန်းကလေးတစ်ယောက် ထွက်လာပြီးမေးသည်။

မေးသူကို စွဲမြဲက အကဲခတ်သည်။ ရင်ငြိမ်း၏ညီမ စိုးစိုးပဲဖြစ်မည်ဟု တွက်လိုက်၏။ ဆယ်နှစ်လောက်အတွင်းမှာ အရွယ်ရော၊ ရုပ်ခန္ဓာပါ များစွာဖွံ့ဖြိုးလာသော်လည်း သေချာသတိထားကြည့်လျှင် မှတ်မိနိုင်သေးသောငယ်ရုပ်လေးများမျက်နှာပေါ်မှာ ရှိသည်။

'စိုးစိုးလား'

'ဟုတ်ပါတယ်၊ ဩော်—ကိုစွဲမြဲမဟုတ်လား'

စိုးစိုးလည်း သူ့ငယ်ရုပ်လက္ခဏာများကို ပြန်မှတ်မိသွားပြီဟုသိလိုက်သည်၊ စွဲမြဲက ပြုံးပြရင်း

'ဟုတ်တယ်စိုးစိုး၊ ကိုယ်ပါ၊ စွဲမြဲပါ၊ ကိုယ် ရင်ငြိမ်းနဲ့ တွေ့ချင်တယ် စိုးစိုး၊ တွေ့လို့ရမလား'

စိုးစိုးက သံတံခါးကို သော့ဖွင့်ပေးသည်။ စွဲမြဲ ဝင်သွားအောင် လမ်းဖယ်ပေးပြီးမှ

'ခဏ ထိုင်ပါဦး ကိုစွဲမြဲ၊ စိုးစိုး မမနဲ့သွားတွေ့ပြီးပြောပြ လိုက်ပါ့မယ်'

စွဲမြဲက ခေါင်းညိတ်လျက် ဧည့်ခန်းထဲဝင်လိုက်ပြီး ကုလားထိုင် တစ်ခုတွင် ထိုင်သည်။ စိုးစိုးက ခပ်သွက်သွက် ပြေး၍ အပေါ်ထပ် တက်သွားသည်။

စွဲမြဲက ဘာရယ်မဟုတ်ဘဲ အခန်းထဲ လျှောက် ငေး ရင်း နံရံတွင် ချိတ်ဆွဲထားသည့်တိုင်ကပ်နာရီကို လှမ်းကြည့်သည်။ ကိုးနာရီတိတိ။

ဘုရားပေါ်မှာ အချိန်အတော်ကြာခဲ့တာပဲဟု စဉ်းစားမိသည်။

မနက်ကတည်းက ဘုရားပေါ်ရောက်နေ၍ သိကြား နတ်ကွန်းဘက်သွားထိုင်နေပြီး ဒီကိုလာခါနီးတွင် ရင်ပြင်ပေါ် တက်၍ ဆုတောင်းတစ်ခုပြုခဲ့သေးသည်။

ရင်ငြိမ်းနှင့် တွေ့ခွင့်ရပါစေ၊ ပြောစရာစကားများလည်း သူနားလည်ခွင့်လွှတ်သည်ထိ ပြောပြနိုင်ပါစေဟု။

တောင်းခဲ့သော ဆု များ ပြည့်ပါစေ ဟုလည်းထပ်မံ ဆုတောင်းလိုက်မိ၏။

* * *

ရင်ငြိမ်းက သူ့လက်မှ နာရီကို ငုံ့ကြည့်သည်။

အနက်ရောင် ဆစ်ဘဇင်ကွာ့ဇ်နာရီလေးက နံနက် ကိုးနာရီ တိတိကို ညွှန်ပြနေ၏။



အဖေ့ကို ဆေးတိုက်ချိန်ရောက်ပြီဟု တွေးရင်းသူ့အဖေ၏ ခေါင်းရင်းရှိ ဆေးပုလင်းစားပွဲပေါ်မှ တိုက်ရမည့်ဆေးများ ကို လှမ်းယူသည်။

ထိုစဉ်လှေကားမှ ပြေးတက်လာသော စိုးစိုး၏ ခြေသံကို ကြားသည်၊ ဘာမှ မကြာလိုက်သော အချိန်မှာပင် စိုးစိုး အခန်းထဲရောက်လာသည်။

'မမ....အောက်မှာ ဧည့်သည်ရောက်နေတယ်'

ရင်ငြိမ်း တွန့်ခနဲ ဖြစ်၍ မျက်မှောင်ကြုတ်လိုက်၏။

'ဘယ်သူလဲ စိုးစိုး'

'ကိုစွဲမြဲ'

'ဟင်'

'ဟုတ်တယ်မမ၊ ကိုစွဲမြဲက မမနဲ့ တွေ့ခွင့်ရမလားတဲ့'

ရင်ငြိမ်းက ဘာဖြေရမှန်းမသိသဖြင့် ဘာမှ မဖြေသေးဘဲ အဖေ့ကို တိုက်ရမည့်ဆေးများကိုသာ ပုလင်းထဲမှနေ၍ တုန်ယင်သော လက်များဖြင့် ထုတ်ယူသည်။

'စိုးစိုးဘာပြောလိုက်ရမလဲမမ'

'ဘာမှ မပြောနဲ့ စိုးစိုး၊ ရော့-ဟော ဒီဆေးတွေကို အဖေ့တိုက်ထားလိုက်၊ပြီးရင် ဘယ်မှမသွားနဲ့၊အဖေ့ နားမှာထိုင်နေကြားလား'

'ဟုတ်ကဲ့မမ'

စိုးစိုးက ယောင်တောင်ပေါင်တောင်နှင့် ရင်ငြိမ်းကမ်းပေး သောဆေးများကို လှမ်းယူသည်၊ စိုးစိုးလက်ထဲဆေးများထည့်

ပေးပြီးသည်နှင့် ရင်ငြိမ်းက အဖေ့အခန်းထဲမှ ထွက်ပြီး ကိုယ့်အခန်းဘက်ကူး၍ ဝင်လိုက်သည်။

ထိုနောက် ခုတင်နားအထိ လျှောက်သွား၍ခုတင်စွန်းတွင် ဝင်ထိုင်သည်၊ စိတ်များလှုပ်ရှား နေသည်ကို ငြိမ်သွားရန် မျက်လုံး အစုံကိုမှိတ်၍ အသာငြိမ်နေလိုက်သည်။

သည်လိုအချိန်ကိုရောက်လျှင် သည်လို ဖြစ်တော့မည်ဆိုသည်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ရင်ငြိမ်း ကြိုသိနေခဲ့၏။

အခုတော့ ထိုအချိန်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီလေ။

'ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ'

စိတ်ထဲမှာ ဘာတစ်ခုကိုမှ ဃတိပြတ်ဆုံးဖြတ်၍မရ၊ ဆင်းတွေလိုက်လျှင်လည်း သူ့မျက်နှာ မြင်သည်နှင့် ရင်ထဲက အနာအကျင်များ ပိန်းကြာရွက်ပေါ် ကျသောရေစက်ကဲ့သို့ ရှုတ်ခြည်း လျောကျပျောက်ဆုံးသွားတော့မှာ သေချာနေမည်ကိုလည်း ကြောက်သည်။

ဆင်းမတွေ့ဘဲ နေပြန်တော့လည်း သူနှင့် တစ်သက်တာတကယ်ပဲ ဝေးရသွားပြီ ဆိုသည့်အသိဖြင့် ရင်မှ ခံစားနေရသော ဝေဒနာအသိကစိတ်ကို ဖိစီးလာဦးမည်ကိုစိုးသည်။

စိတ်ထဲမှာ ဆင်းလည်းတွေ့ချင်နေသည်၊ ဆင်းတွေ့ချင်စိတ်လည်းမရှိ၊ နာကြည်းမှုနှင့် သံယောဇဉ် အကြားတွင် စိတ်ကလေးက ရက်ကန်းလွန်းလေး ပြေးသလို ပြေးနေသည်။



ဤသို့ဖြစ်မှာကိုစိုး၍လည်း သူနှင့်ဝေးသော အရပ်များမှာချည်း တစ်သက်တာ အခြေချသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ခုလည်း အဖေ့ကိစ္စမို့သာ သည်ကို ပြန်လာရသည်၊ သည်ရောက်ကတည်းက ရင်ငြိမ်းစိတ်တွေချောက်ချားနေခဲ့၏။

အိမ်ထဲက အိမ်ပြင်ဘယ်မှ မထွက်ရဲ။

ဟိုနေရာမြင်လည်း သူနှင့် ပတ်သက်သောနေရာတွေအဖြစ် သတိရမည်။ သည်နေရာမြင်လည်း သူနှင့် ပတ်သက်သော နေရာတွေအဖြစ်သတိရမည်။ စင်စစ် မကွေးမှာ သူနှင့် ကင်းလွတ်ပြီး သီးခြားတည်ရှိနေသည့်နေရာဟူ၍မရှိသလောက်ရှားသည်။

အိမ်ထဲကအိမ်ပြင်မထွက်ဘဲ အဖေ့နားခိုက်မှာပင်လျှင် ဤအရပ်သည်သူနှင့် ပတ်သက်ခဲ့သော အရပ်ပါလား၊ တစ်ခါက သူနဲ့ငါ အရမ်းချစ်ခဲ့ကြဖူးပါလား ဟူသော သတိကအမြဲရနေသည်။

ခက်သည်က ရင်ငြိမ်းသူ့ကို အရမ်းချစ်သည်။

သို့သော် တစ်ဘက်ကလည်း သူ့ကို အရမ်းစိတ်နာမိသော အကြောင်းကရှိသည်။

သည်အကြောင်း စဉ်းစားပြန်တော့လည်းသူ့ကိုနာကြည်းစိတ်တွေဝင်ရသည်၊ ကာလများစွာ သူခံစားခဲ့ရသော အဖြစ်အပျက်များကိုလည်း သတိရမိ၏။

*

[၅]

ငိုရဖန်များလွန်းသဖြင့် ကိုယ်ထဲမှ မျက်ရည်များကိုဖြစ်စေတတ်သော အစိတ်အပိုင်းများပင် ချို့ယွင်းပျက်စီး တော့မည်လားစိုးရိမ်စရာဖြစ်လာသည်။

ညတိုင်းကျခဲ့ရသော ရင်ငြိမ်း၏ မျက်ရည်များသည် မဟာသမုဒ္ဒရာနှင့်အမျှပင် ရှိရော့မည် ထင်၏။

သည်မျှ စိတ်ဒုက္ခကြီးစွာရောက်နေသော ရင်ငြိမ်းကို သူမေ့ထားရက်နိုင်သလား။ ဤမျှ ရက်စက်မေ့လျော့နိုင်သော နှလုံးသားများ သူ့ရင်ထဲမှာ တကယ်ပင်ရှိနေသည်လား။

ကြာလေလေ ရင်ထဲမှာ နာကျင်မှုတွေ ပိုမို များပြားလာလေလေ ဖြစ်နေ၏။

ညဦးက သူ့အိပ်ရာဘေးတွင် ဝင်ထိုင်၍ ကိုယ်ချင်းစာစွာပြောသွားသော ဒေါ်လေးစကားကို ရင်ငြိမ်း ပြန်ကြားနေမိသည်။



"မငို့နဲ့တော့ ရင်ငြိမ်းရယ်၊ ရင်ငြိမ်းငိုတာ မြင်တိုင်း ဒေါ်လေး အရမ်းစိတ်ဆင်းရဲတယ်၊ ဒေါ်လေးလဲ ဖြစ်နိုင်သမျှနည်းလမ်းတွေရှာဖွေပြီး ဝိုင်းကြိုးစားပေးတာပဲ၊ဒါပေမယ့် သမီးလူကမှမဟုတ်တာ၊ ယောကျ်ားဖြစ်ပြီး ဒီလောက်မှ မစွန့်စားရဲပဲ သတ္တိကြောင်နေမှတော့ ရင်ငြိမ်း တစ်သက်လုံးလဲ အဲလိုပဲ မျက်ရည်ကျနေရမှာပဲပေါ့....၊

'သမီးချစ်သူက သမီးကို တကယ်ချစ်ရင် အဲလောက်ရက်စက်နိုင်မှာ မဟုတ်ပါဘူး၊ ခုတိုင်းက သမီးကို သူမချစ်တော့လို့၊ ဒါမှမဟုတ်လဲ နောက်တစ်ခါ သူထိမှာ ခိုက်မှာ၊ နာမှာ၊ ကျင်မှာကြောက်ပြီး သမီးနားကို မကပ်ရဲတော့လို့ ဖြစ်မှာပေါ့'

မဟုတ်ဘူး....မဟုတ်ဘူး၊ သူ့စိတ်က ဒါမျိုးမဟုတ်ဘူး-ဟု စိတ်ထဲကနေ ဇွတ်အတင်းငြင်းဆန်နေသည့်ကြားက ဒေါ်လေးစကားကို နားထဲစွဲပြီး ယုံချင်လာသည်။

မယုံချင်၍လည်း မရတော့။

အဘယ်ကြောင့်ဆိုသော် စွဲမဲ့ သူ့ကို ဥပေက္ခာပြုထားသည့်ကာလများက နှစ်နှင့်ချီလာပြီဖြစ်သောကြောင့်ပင်။

ဘုရားပွဲမှာ အဓဖတို့က ခွဲသွားပြီးကတည်းက ရင်ငြိမ်းကိုအိပ်မှာ နာရီပိုင်းပင်မထားသောဘဲ လိုအပ်သော ဆေးဝါးကုသမှုများ ပြုပြီး ချက်ချင်း ရန်ကုန်ပို့လိုက်သည်။ ရန်ကုန်ကဦးလေးနှင့်အဒေါ်ကိုလည်း ကြပ်ကြပ်မတ်မတ် စောင့်ရှောက်ရန် မှာသည်။

အထူးသဖြင့် ဘာအကြောင်းနှင့်မှ ရင်ငြိမ်းကိုအပြင်မထွက်စေရ။ အကြောင်းသိပ်အရေးကြီး၍ အပြင်ထွက်ရမည်ဆိုလျှင်လည်း အဖော်မပါဘဲမထွက်စေရ။ အဖော်ကလည်း ရင်ငြိမ်းကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင်သည့်အဖော် ဖြစ်ရမည်။

ကျောင်းများ ပြန်ဖွင့်၍ ကျောင်းတက်ရလျှင်လည်း လူစောင့် တစ်ယောက် ထားပေးပြီး ကျောင်းတက်ကျောင်းဆင်း သတိမလပ်ဘဲစောင့်၊ လိုအပ်လျှင် လခပေး၍ လူတစ်ယောက် ငှားထား၊ ဒါမှစိတ်မချဘူးဆိုလျှင်လည်း ရင်ငြိမ်းကို လုံးလုံး ကျောင်းမလွှတ်နှင့်တော့။ အိမ်မှာပဲ လိုအပ်သော ဆရာများ ငှား၍သင်။ ကုန်ချင်သလောက်ကုန်ပစေ၊ စသည်ဖြင့် ပညတ်တော် အသခေါ်ချ ချထားခဲ့ပြီးမှ အဖေပြန်သည်။

ထိုရက်ပိုင်းမှာကတော့ ထွက်ပြေးဖို့နေနေသာသာရင်ငြိမ်းမှာ ပေါင်တွင်ဝါးငုတ်စူးထားသော ဒဏ်ကြောင့် လမ်းပင်မလျှောက်နိုင်၊ အနာရှိန်ဖြင့် လေးငါးဆယ်ရက်ခန့် အပြင်းဖျားပြီး အိပ်ရာမှပင် မထနိုင်။

တစ်လ ကျော်ကျော် လောက်ကြာမှ ရှင်းရှင်းပျောက်၍ ရင်ငြိမ်းလမ်းသွားနိုင်သည်။

ကောင်းကောင်းနေကောင်း ကျန်းမာပြီ ဆိုကတည်းကလည်း ရင်ငြိမ်းတစ်ယောက် စွဲမြဲထံ ဖြစ်သည့်နည်းနှင့်အဆက်အသွယ်ရရာရကြောင်း စဉ်းစားခဲ့သည်။

သည်လောက် ဆုံးဖြတ်၊ သည်လောက်ရင်ဆိုင်ခဲ့ပြီးမှတော့ နောက်ထပ် ဘာအကြောင်းနှင့်မှလည်း မခွဲချင်တော့။



နောက်ဆုံးမှာဒေါ်လေးတို့အိမ်က အိမ်ဖော်ကောင်မလေးကို အောင်မြင်စွာစည်းရုံးလိုက်နိုင်သည်။ သို့အတွက် ရန်ကုန်ရောက်ပြီးတစ်သခွဲလောက်အကြာမှာ ပထမဆုံးအကြိမ်အဖြစ် စွဲမြဲထံစာတစ်စောင်ရေးလိုက်သည်။

ထိုပထမဆုံး စာပါအကြောင်းအရာများကို ရင်ငြိမ်းခုတိုင်မှတ်မိနေသေး၏။

* * *

စွဲမြဲ....မောင် ...
ရင်ငြိမ်းအခက်အခဲ အမျိုးမျိုးကြားကဒီစာကို
ရေးလိုက်တယ်ကွယ်၊ မောင့်ကို အရမ်းသတိရ
နေတာပဲ။
မောင့်မှာ ရခဲ့တဲ့ ဒဏ်ရာတွေရော သက်သာပြီ
လားဟင်၊ရင်ငြိမ်းတော့ တစ်လလောက်ခံလိုက်
ရတယ် မောင်ရယ်၊ လူကို သေသွားမလား
တောင် အောက်မေ့တယ်။
ခုတော့ပျောက်သွားပါပြီ၊ သိပ်လဲ မစိုးရိမ်နေ
နဲ့ဦး။
မောင့်ကိုတော့ ရင်ငြိမ်း အရမ်းစိုးရိမ်နေတုန်း
ပဲ၊ မောင် သက်မှ သက်သာ ရဲ့လားလို့ပေါ့၊

မသက်သာသေးရင်တော့ သက်သာတဲ့အထိကု
ပါမောင်ရယ်။
သက်သာပြီ၊ ပျောက်ပြီဆိုရင်တော့ ရင်ငြိမ်းဆီ
ဖြစ်တဲ့နည်းနဲ့ လာခဲ့ပါ၊ ရင်ငြိမ်း မောင့်ကို
စောင့်နေမယ်၊ ရင်ငြိမ်းခိုင်ခိုင်မာမာလဲ ဆုံး
ဖြတ်ပြီးသားပါ၊ ဘယ်လောက် ခက်ခဲ၊ခက်ခဲ၊
ဘာတွေနဲ့ ရင်ငြိမ်းကို တားထားတားထား
ဘယ်နေရာရောက်ရောက် ဖြစ်တဲ့နည်းနဲ့ မောင့်
နောက်ပြန်လိုက်မှာပဲ။
မောင် ရင်ငြိမ်းကို အမြန်ဆက်သွယ်ပါ၊ ချက်
ချင်း လူကိုယ်တိုင် မလာနိုင်သေးရင် စာတော့
ပြန်ရေးလိုက်ပါ၊ အခုရင်းငြိမ်းရောက်နေတဲ့နေ
ရာက၊ ဒေါ်လေးတို့အိမ်၊ ဒေါ်လေးတို့အိမ်
လိပ်စာကိုလဲတင်ခါတည်းရေးပေးလိုက်တယ်။
နောက်တစ်ခုက ဒေါ်လေးတို့အိမ်မှာ တယ်လီ
ဖုန်းလဲရှိတယ်၊ တယ်လီဖုန်းဆက်လို့ရရင်လဲပြန်
ဆက်ပါ ဖုန်းနံပါတ်ပါ ရေးပေးလိုက်တယ်။
အန္တရာယ်တော့ ရှိတာပေါ့ မောင်ရယ်၊မောင့်
စာကို ရင်ငြိမ်းလက်ထဲမထည့်မှာတို့မောင့်ဆီက
ဖုန်းလာရင် ကိုင်လို့မရမှာတို့၊ ဒါပေမယ့်
ရေးသာရေး ဆက်သာဆက်ပါ။ ဒီအိမ်က
အိမ်ဖော် ကောင်မလေးကို ရင်ငြိမ်း စည်းရုံး
ထားပြီးသား စာပို့သမားလာချိန်ကို မှတ်ပြီး



သူ့ကို အစောင့် သဘောမျိုးတောက်လျှောက်
စောင့်ကြည့်ခိုင်းထားတယ်၊ သူကမှ ဘယ်သူ့
ဖုန်းဆိုပြီး ပြန်ခေါ်ပေးတာ၊ မောင့်ဆီက
ဖုန်းဆိုရင် ရင်ငြိမ်းကိုမခေါ်တော့ဘဲသူ့ဟာသူ
ကြည့်ပြောလိုက်ဖို့မှာ ထားပြီးသား၊သူ့နာမည်
က ခင်သီတာတဲ့၊ ရုပ်ရှင်မင်းသမီး ခင်သီတာ
တွန်းနဲ့တွဲမှတ်ထား၊နောက်ဆုံးတစ်လုံးကိုဖြုတ်
ပစ်လိုက်။
ကဲ စာရှည်သွားပြီ၊ တော်သေးပြီမောင်ရယ်၊
ရင်ငြိမ်းစိတ်ရှည်ရှည်နဲ့ မောင့်ကို စောင့်ပါ့မယ်
မောင်သာ စာမြန်မြန်ပြန်ရေး၊ ဒါမှ ဒီစာကို
မောင်ရမရသိရမှာ၊ ဒါပဲနော်။

မောင့်-

ရင်ငြိမ်း။

• * *

ထိုစာ ထည့်ပြီး တစ်ပတ်ကျော် နှစ်ပတ် အတွင်း ကတော့ ရင်ငြိမ်းစိတ်ရှည်ရှည် စောင့်နိုင်သေးသည်၊ အရက်နှစ်ဆယ် တစ်လနီးပါးကြာသည်ထိ စာပြန်မလာတော့ ရင်ငြိမ်း စိတ် မရှည်တော့၊ နောက်တစ်စောင်ထပ်ရေးသည်။

ထိုတစ်စောင်လည်းပြန်စာမလာ၊ အရက်နှစ်ဆယ်သောက် တပ်ခါခြား၍ စာထပ်ထပ်ထည့်သည်၊ လေးငါးလသောက် ကြာသည်အထိ စွဲမြဲထံမှ စာမပြောနှင့် ဆက်ရက်ဘစ်ကောင်၊ ချီးတစ်ကောင်ပင် ပြန်မလာ။

သည်ကစ၍ ရင်ငြိမ်းငိုစပြုသည်။
သည်ကြားထဲမှာ ရင်ငြိမ်းငိုတာတွေ၊ ရင်ငြိမ်းဘာလုပ်နေသည်ဆိုသည်ကို သိသွားသော ဒေါ်လေးက–

'ကဲ–ရင်ငြိမ်း၊ သမီးဒီလောက်ဖြစ်နေရင်လဲ သမီးကိစ္စကို ဘယ်သူမှ မကူညီတောင် ဒေါ်လေး ကူညီဘောမယ်၊ သမီးဦးလေးလုံးဝမသိစေနဲ့၊ သမီးစိတ်တိုင်းကျစာရေး၊ ဒေါ်လေးကိုယုံရင် ဒေါ်လေးကို ထည့်ခိုင်း ခင်သီဘာ့ကို ယုံရင် ခင်သီတာ့ကို ထည့်ခိုင်း၊ ပြန်စာကိုလဲ ခင်သီတာရော ဒေါ်လေးပါ စောင့်ပေးမယ်၊ သမီးလူကို အမြန်သာလာခေါ်ခိုင်း၊ သမီးလူ ရောက်လာရင် ဒေါ်လေးပါ ဝိုင်းကြိုးစားပေးပြီး သမီးချစ်သူ့လက်ထဲကို ထည့်ပေးလိုက်မယ်၊ အမှန်ဘော့ သမီးအတွက် ပိုသွယ်ကူအောင် မကွေးကို ဒေါ်လေးလိုက်ပို့ပေးချင်တာ၊ ဒါပေမယ့် အဲဒါဆို သမီးဦးလေးကရော၊ သမီးအဖေ၊ ကိုကိုကပါ ဒေါ်လေးကိုသတ်မှာ သမီးလူက သမီးကိုမခွဲနိုင်ရင်ဖြစ်တဲ့နည်းနဲ့ သူကခေါ်မှာပါ၊ မငိုနဲ့၊ စိတ်အေးအေးသာနေတော့'



'ဟိုဘလောက သမီးအဖေဆီကဖုန်းလာတော့ သမီးလူသတင်းလဲ ဒေါ်လေးရထားပါတယ်၊ သမီးတို့ကိစ္စဖြစ်တုန်းက သူ့ခေါင်းမှာ ဒဏ်ရာရသွားတာသုံးချက်ချုပ်ရတယ်တဲ့၊ ခေါင်းကွဲသွားလို့ အဲဒါလဲသမီးအဖေကိုယ်တိုင် ဆေးလိုက်ကုပေးလိုက်လို့ ကောင်းသွားပြီတဲ့၊ အမှုမဖြစ်အောင်မနည်းလုပ်လိုက်ရတယ်ဆိုလားပဲ ကောင်လေး မိဘတွေကို ငွေသုံးထောင်ပေး ကျေအေးခိုင်းရတယ်တဲ့။ အဲဒီ ပိုက်ဆံတွေလဲ ရှိနေတာပဲ၊ မလာဘဲနေမှာ မဟုတ်ပါဘူး'

ဤနည်းဖြင့် တစ်နှစ်နီးပါးခန့် ရင်ငြိမ်း စွဲမြဲဆီ တောက်လျှောက်စာရေးသည်။ စာမရောက်လို့ ဆိုရအောင်ကလည်း တစ်စောင် နှစ်စောင်မဟုတ်။ စုစုပေါင်း ရင်ငြိမ်းရေးသမျှ အစောင် သုံးလေးဆယ်ရှိမည်။ သည်စာတွေထဲကတစ်စောင်မှ မရောက်ဆိုဘာကတော့ မဖြစ်နိုင်။

ကြားမှာ ခင်သီဘာနှင့်ဒေါ်လေးတို့ ဖျောက်ပင်သည်ထင်မှာ စိုး၍ ဒေါ်လေးက သူနှင့်အတူချေးခေါ်သွားပြီးရင်ငြိမ်းကို ကိုယ်တိုင် စာတိုက်ပုံးထဲ ထည့်ခိုင်းသည်။ စာ လေး–ငါး–ဆယ်စောင်မှာ ရင်ငြိမ်း လက်နှင့်စာတိုက်ပုံးထဲ ထည့်ခဲ့သော စာ များဖြစ်သည်။

ကြာတော့ ရင်ငြိမ်း စိတ်တို့ ဘယ်လိုမှ မကြံ့ခိုင်နိုင်တော့။ ပထမအကြိမ် ခိုးပို့ပြောစဉ်က စွဲမြဲ ငြင်းခဲ့သော အဖြစ်ကို ပြန် သတိရသည်။

ခုတိုင်းဆို စွဲမြဲ တစ်ယောက် တက္ကသိုလ် မရောက် ရမှာစိုး၊ အင်ဂျင်နီယာ မဖြစ်ရမှာစိုးပြီး လာမခေါ်တာ ဖြစ်မည်ဟု ရင်ငြိမ်း တွက်လိုက်သည်။

သည်လောက် ကြာပြီးမှတော့ မထူးဟုဆိုကာ စွဲမြဲအပေါ် စိတ်ကွက်နေသည့်ကြားက တက္ကသိုလ်များ ဖွင့်ချိန်ထိ စောင့်သေးသည်။ နိုင်ငံခြားမသွားခင် ရန်ကုန် တက္ကသိုလ်ပထမနှစ် ဓာတုဗေဒကို ရင်ငြိမ်းတစ်နှစ်တက်လိုက် ရသေး၏။

ပထမနှစ် စာမေးပွဲဖြေပြီးဦးလေးအလုပ်နှင့်အတူနိုင်ငံခြားကို လိုက်ပါသွားခြင်း ဖြစ်သည်။ ဒုတိယနှစ်ကိုတော့ဟိုရောက်မှ စာပေးစာယူနှင့် လှမ်းဖြေ၏။

သည် နိုင်ငံခြားသွားသည့်ကိစ္စကလည်း စွဲမြဲကိုစိတ်နာပြီးမှ တမင်လိုက်သွားခြင်းပင်၊ စောစောက ဆိုခဲ့သလို တက္ကသိုလ်များ ဖွင့်ချိန်ကျတော့လည်း ရင်ငြိမ်းမျှော်သည့်ကြားက စွဲမြဲ ပေါ်မလာ။

တက္ကသိုလ်များဖွင့်ပြီး တင်လလောက် အကြာမှာတော့ ရင်ငြိမ်း လုံးဝ မမျှော်တော့။ ချင်းစိမ်းနှင့်မိတ်သလင်စိတ်များ ဝင်နိုင်သွားသည်။

အခု ရင်ငြိမ်း နားမလည်သည်က သည်လောက် အဆက်အသွယ် ဖြတ်နိုင်ပြီးမှ ဆယ်နှစ်လောက် ကြာပြီးသော ယခု အချိန်ကျမှ စွဲမြဲ တစ်ယောက် ဘာကိစ္စသူ့ဆီ လာဆက်သွယ်ရသနည်း။

နှောင်းခဲ့ပြီ စွဲမြဲ ဟု ရင်ငြိမ်း စိတ်ထဲက ပြောလိုက်၏။



ခု ချိန်မှာ နင်ဘာကြီးဖြစ်နေနေ၊နင့် ငါ့အပေါ်ရက်စက်ခဲ့တဲ့အပြစ်တွေတို့ သတိရနေသ၍ ငါ့လွမ်းစိတ်ကို နာစိတ်နဲ့ ဖြေပစ်လိုက်မှာပဲ၊ လွမ်းစရာရှိတာကို နာစရာနဲ့ ဖြေလို့ ရပါတယ်စွဲမြဲရယ်။

ရင်ငြိမ်းက တွေးရင်း အံကြိတ်လိုက်မိ၏။

[၆]

'စိုးစိုး၊ စွဲမြဲကို သွားပြောလိုက်တော့ ဒီတစ်သက်မှာ သူနဲ့ ငါ တွေ့စရာ အကြောင်း လုံး၀ မရှိတော့ဘူး၊ ဘယ်တော့မှ ငါ့ဆီ မလာနဲ့တော့လို့'

'ဟင်....မမကလဲ'

ပထမဖြစ်စဉ်များ ဖြစ်ခဲ့တုန်းကလည်း ငယ်သေး၊ ခုလည်း ဘာဖြစ်မှန်းမသိသည့် စိုးစိုးက တအံ့တသြနှင့် ရင်ငြိမ်းကို လှမ်းကြည့်သည်။

'ဘာ....မမကလဲ....ဘဲ၊ အဲလိုပဲ သွားပြောလိုက်ပါဆို၊ ဘာလဲ၊ နင် မပြောရဲဘူးလား၊ အဲဒါဆိုလဲ- နေ၊ သူ့ဟာသူ မစောင့်နိုင်တော့ရင် ထပြန်သွားလိမ့်မယ်၊ ငါကတော့ လုံး၀ ဆင်းမတွေ့တော့ဘူး'



ရုတ်ခြည်း ပြောင်းလဲ ခက်ထန်သွားသော သူ့အစ်မ၏ အပြုအမူများကို စိုးစိုးဘယ်လိုမှ နားမလည်တော့ သို့သော် ရင်ငြိမ်း ဆင်းမတွေ့ဘူး ဆိုလျှင်တော့ အောက်မှာထိုင်စောင့် နေသူကို ဒုက္ခမပေးချင်။

'စိုးစိုးက ဘာမှ မပြောရဲစရာ မရှိပါဘူး၊ ဆင်းပြောတာပဲ ခက်တာလိုက်လို့၊ ပြောလိုက်မယ်၊ ခုန မမ ပြောတဲ့အတိုင်း'

'အေး....ပြောလိုက်'

စိတ်လိုက်မာန်ပါ ပြောနေသည့်ကြားက စွဲမြဲ မျက်နှာကို ကွက်ခနဲ မြင်မိသေးသည်။ ဒီတစ်သက်မှာ ဘယ်လိုမှပြန် ဆုံစည်းနိုင်စရာ မရှိတော့သော ခွဲခွာခြင်းပေပဲဟု တွေးမိသော အခါ ငိုချင်လာသည်။

လှေကားမှ စိုးစိုး ဆင်းသွားသံကြားရသည်။

ရင်ငြိမ်းတစ်ယောက် အိပ်ပျော်နေသော အဖေ့နားမှာ ထိုင်၍ ရှိုက်ကြီး တငင် ငိုချလိုက်မိ၏။

* * *

'မငကာ သူနဲ့ တွေ့ရေ အကြောင်း မရှိဘူး၊ဘယ်တော့ မှ မလာပါနဲ့လို့ ပြောလိုက်တယ် ကိုစွဲမြဲ'

စိုးစိုးစကားကြောင့် စွဲမြဲရင်မောစွာဖြင့်သက်ပြင်းချသည်။ ပြီးမှ ပင့်သက် တစ်ချက်ချရင်း....

'ကောင်းပြီလေ စိုးစိုး၊ ရင်ငြိမ်းကကိုယ့်ကို ဒီလောက် စိတ်နာသွားတာကိုး၊ အဲလိုရင် စိုးစိုးကို အကူအညီ တစ်ခု တောင်းချင်တယ်၊ စိုးစိုးကူညီပေးနိုင်မလား'

'ဘာကိုလဲ ကိုစွဲမြဲ'

'စိုးစိုးကို ကိုယ်သိချင်တာလေးတစ်ခု နှစ်ခု မေးချင်လို့ပါ၊ အဲ့ဒါ စိုးစိုးဖြေနိုင်ရင် ဖြေပေးပါလား'

'မေးလေ၊ ဘာ မေးမလို့လဲ'

'ရင်ငြိမ်း အိမ်ထောင် ကျနေပြီလား'

'ရှင်'

'ရင်ငြိမ်းနဲ့ပတ်သက်လို့ ဘာသတင်းအစအနမှ မရဘဲ ကိုယ်လိုက်ရှာနေတာ ဆယ်နှစ်ရှိပါပြီ စိုးစိုး၊ စိုးစိုးတို့ အိမ်ကျတော့လဲ ကိုယ်နဲ့အကြီးအကျယ် ပြဿနာဘက်ခဲ့ တာဆိုတော့ ဝင်လဲ မဝင်ရဲဘူး၊ မေးလဲ မမေးရဲဘူး၊ ဒီပြင်လူတွေဆို စုံးစမ်းခိုင်းတော့လဲ ရင်ငြိမ်းနဲ့ပတ်သက် တဲ့ စကားကို စိုးစိုးတို့အိမ်မှာ ဘာတစ်ခုမှ မေးလို့မရ ဘူးတဲ့'

စိုးစိုး သက်ပြင်း ချသည်။

'ဟုတ်တယ် ကိုစွဲမြဲ၊ ဖေဖေက မမရင်ငြိမ်းနဲ့ ပတ်သက် တဲ့ကိစ္စ၊ဘယ်သူမေးမေး မဖြေရဘူးလို့ မှာထားလို့ပါ'

'ဒါဖြင့်အခု ကိုယ့်ကိုရော ဖြေလို့ရမလား၊နောက်ထပ် သိချင်တာ တစ်ခုက ရင်ငြိမ်းကိုယ့်ကို ဘာဖြစ်လို့ ဒီ



လောက် စိတ်နာနေရသလဲဆိုတာပါ၊ အဲဒါလဲ စိုးစိုး ဖြေနိုင်ရင် ဖြေပေးပါ'

စိုးစိုး ခေါင်းခါသည်။

'ဒုတိယ မေးခွန်းကတော့ စိုးစိုးလဲ အဲဒီ ကိစ္စနှင့်ပတ်သက်လို့ ဘာမှမသိဘူးလို့ ဖြေရမှာပဲ ကိုစွဲမြဲ၊ ပထမ မေးခွန်းကိုတော့ ဖြေတတ်ပါတယ်၊ မမရင်ငြိမ်းမှာ အိမ်ထောင် မရှိသေးပါဘူး'

'ကျေးဇူးတင်ပါတယ် စိုးစိုး၊ ဒီလောက် ကူညီတာပဲ ကျေးဇူးတင်ပါပြီ၊ အကြောင်းဆိုရင်တော့ ရင်ငြိမ်းကို တစ်ခုပြောလိုက်ပါ၊ ကိုယ် ရင်ငြိမ်းကို ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူးလို့၊ ကွဲကွာသွားတဲ့ အချိန်က စပြီး ခုထက်ထိ ရင်ငြိမ်းကို ကိုယ်ရှာနေ၊ မျှော်လင့်နေ တာပါလို့၊ ပြီးတော့ တစ်သက်လုံးလဲ အမြဲမျှော်လင့် သွားမှာပါလို့၊ ဒါပါပဲ စိုးစိုး ကိုယ်ပြန်ဦးမယ်နော်'

'ဟုတ်ကဲ့ ကိုစွဲမြဲ'

စွဲမြဲကနှုတ်ဆက်ပြီး ပြန်ထွက်ခဲ့သည်။ စိုးစိုးကလဲ တံခါး အထိ လိုက်လာပြီး စွဲမြဲ အပြင်ရောက်သည်နှင့် သံတံခါးကိုပိတ် သည်။ ပြီးမှ တစ်စုံတစ်ခု သတိရဟန်ဖြင့်—

'ကိုစွဲမြဲ၊ မကွေးကနေ ဘယ်တော့ပြန်မလဲ'

စွဲမြဲက ခေါင်းခါလိုက်ပြီး....

'မပြောတတ်သေးပါဘူး စိုးစိုး၊ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ မေးကြည့်တာပါ'

'ကိုယ် ရင်ငြိမ်းနဲ့ တွေ့ချင်သေးတယ် စိုးစိုး၊ ဒီနည်းလမ်းနဲ့ အဆင်မပြေရင် အခြားနည်းလမ်း တစ်ခုခုရှိဦးမလား ကြိုးစားကြည့်ချင်သေးတယ်၊ ကိုယ့်မှာသူ ရှိနေတဲ့နေရာကို သိရဖို့အောင် နှစ်ပေါင်း များစွာ စောင့်နေခဲ့ရတာပါ၊ ခုသူရှိနေတဲ့နေရာကို ရောက်ခနပြီပဲ ကိုယ့်ဒီလမ်းစကို အပျောက်မခံတော့ဘူး၊ သူရှိမယ့် အရပ်ကိုထက်ကြပ်မကွာလိုက်ပြီး သူနဲ့ကိုယ် ပြန်ဆုံစည်းနိုင်အောင် ကြိုးစားရမှာပဲ'

စိုးစိုးမျက်မှောင်လေး မသိမသာ ကြုတ်သွားသည်၊ ပြီးမှ လွတ်ခနဲပြောလိုက်သော လေသံမျိုးဖြင့်....

'ဘည်းတော့ရော'

'အခု ဇေယျတို့အိမ်မှာပါ'

'သြော်....'

စကားက ဤသို့ပင်ပြတ်သွားပြီး စိုးစိုးကသံတံခါးကိုသော့ ပိတ်သည်။

စွဲမြဲခြံထဲက ပြန်ထွက်လာခဲ့၏။

* * *

'အဲဒီတော့ မင်းဘာဆက်လုပ်မလဲ စွဲမြဲ'

ပြန်ရောက်သည်နှင့် စွဲမြဲက အကျိုးအကြောင်း ပြောပြသည်။



အားလုံးက စိတ်ဝင်စားစွာ နားထောင်ပြီး ဇေယျက တော့ ထုံးစံအတိုင်း ခပ်လောလောပင် ဝင်မေးသည်။

စွဲမြဲက တစ်ခုခုကို အလေးအနက် စဉ်းစားလျက်...

'ရင်ငြိမ်းနဲ့ ငါ့ကြားထဲမှာ တစ်ခုခု မှားနေတာကတော့ သေချာတယ်ဇေယျ၊ အဲဒါကို စိုးစိုး လဲ ဇဝေဇဝါ ဖြစ်နေပုံရတယ်၊ ငါထင်တယ်၊ ဒီဇာတ်လမ်းမှာ မမျှော်လင့်ဘဲ စိုးစိုးက အရေးပေါ်င် ဖြစ်လာနိုင်တယ်'

'အင်း....ဖြစ်နိုင်ပါတယ်၊ ခုဟာ ရင်ငြိမ်း ဘာဖြစ်နေတယ်ဆိုတာလဲ မင်းကမသိ၊ မင်း ဘာဖြစ်နေတယ်ဆိုတာလဲ ရင်ငြိမ်းက မသိဖြစ်မနေပေမယ့်၊ သူကမင်းတို့ နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းတွေ့နေရတာကိုး'

'အေးကွာ၊ ငါ့စိတ်ထဲမှာ ဇာတ်လမ်းက ဒီအတိုင်းပြီး မသွားနိုင်ဘူးလို့တော့ ယုံကြည်နေတယ်၊ ဒါပေမယ့် ငါ့ဘက်က ဆက်ရောလဲ ဘာလမ်းမှ မရှိတော့ဘူး၊ ရင်ငြိမ်းရှိတဲ့ အိမ်ကို သွားတွေ့တယ် ဆိုကတည်းက လမ်းကဆုံးနေပြီ၊ နောက် ဆုံး တော့ ကကြမ္မာကိုပဲ အားကိုးရတော့မလိုလို ဖြစ်နေပြီ'

ဝင်းဒွေးကလည်း ခေါင်းညိတ်၍...

'ဟုတ်ပါတယ် ဒါပေမယ့် ဒါအခုမှ ထမဆုံးအကြိမ်စ လှုပ်ရှားရတဲ့ လှုပ်ရှားမှုပဲ စွဲမြဲရာ။ တစ်ခုခုတော့ထပ် ထူးခြားလာဦးမှာပါ၊ တစ်ရက်နှစ်ရက်တော့ စောင့်ကြည့်လိုက်ပါဦးကွာ'

စွဲမြဲက ဝင်းဒွေးကို ဖျတ်ခနဲ လှမ်းကြည့်သည်။

'တစ်ရက် နှစ်ရက် စောင့်ကြည့်၊ ဟုတ်လား ဝင်းဌေး၊ မင်းကဘာဖြစ်လို့ ဒီစကားပြောဘာလဲ'

'မသိဘူးလေ၊ မင်းအကျိုးအကြောင်း မေးကြည့်လို့ အဆင်ပြေရင် ရန်ကုန်ပြန်ဘော့မယ် ထင်လို့ပြောတာပေါ့'

စွဲမြဲရယ်၍ ခေါင်းခါသည်။

'ငါရန်ကုန်ကို လုံးဝမပြန်ဘော့ဘူး ဝင်းဌေး၊ရင်ငြိမ်း ဒီမှာရှိနေသရွေ့ ငါသူရှိတဲ့နေရာမှာပဲ နေမယ်၊ ငါဒီ အခွင့်အရေးမျိုး ရဖို့ဆယ်စုနှစ် တစ်နှစ်လောက်စောင့် လာခဲ့ရဘာ သူမပြန်သရွေ့ ငါမပြန်ဘူး၊ နောက်ဆုံး ဘယ်လိုမှ ကြိုးစားမရဘော့ပဲ နိုင်ငံခြား ပြန်သွားရင် တောင် ဖြစ်နိုင်အောင်ကြိုးစားပြီး နိုင်ငံခြားအထိလိုက် ရှင်းမယ်'

'မဟုတ်ဘူးလေ၊မင်းအလုပ်ကရှိသေးတယ်မဟုတ်လား'

'ဟ....ငါ့အလုပ်က ငါ့နည်းငါ့ဟန်နဲ့ စိတ်ကြိုက်စီမံ လုပ်လို့ ရတဲ့ အလုပ်ပဲကွ၊ ငါ့ အခြေအနေနဲ့ လိုက် လျောညီထွေဖြစ်အောင် ပြင်ယူရမှာပေါ့'

ဝင်းဌေးက မျက်လုံးပြူး၍....

'ဟ ...အဲ့လိုဆို၊ ငါကရော'

စွဲမြဲရယ်သည်။

'မင်းကိုတော့ ငါတောက်လျှောက်ကြီး ဆွဲမထားပါ ဘူးကွာ၊ မင်းပြန်ချင်တဲ့အချိန်ကျရင် ငါ့ကိုထားခဲ့ပြီး



ပြန်ပေါ့၊ မင်းပြန်တဲ့ အချိန်မှာ ငါလဲ ငါ့အလုပ် အတွက် မှာစရာရှိတာတွေ မှာလိုက်ဦးမှာပါ'

'မင်းကတော့ ကကယ်ကိုဇွဲကြီးတဲ့ကောင်ပဲ စွဲမြဲ၊ ငါ က မင်းကို စိတ်မောတ် ကျသွားပြီလို့ အောက်မေ့နေ တာ'

ဇေယျက ဝင်ပြောသည်။ စွဲမြဲ ဂ ဒုတိယမ္ဘ ိရယ်လိုက်ပြီး....

'ဇွဲကြီးတာ မဟုတ်ဘူးဇေယျရ၊ စွဲမြဲတာ၊ ခိုင်မာဘာ ရင်ငြိမ်းအပေါ်ထားခဲ့တဲ့ အချစ်ဟာ စွဲမြဲလို့ ခိုင်မာလို့ ဒါကြောင့်လဲ့ ငါ့နာမည်ဟာ စွဲမြဲ ခိုင်မာလို့ ဖြစ်နေ တာပေါ့'

'ဒါနဲ့....ဘော်ကျော်....ဆို'

ငင်းဌေးက ရယ်ရင်း ဝင်နောက်သည်။ စွဲမြဲက ခေါင်း ညိတ်ပြီး

'အေး....ဟုတ်တယ်၊ လွန်ခဲ့တဲ့ဆယ်နှစ်မတိုင်ခင်၊ အရင် ဘဝက ဘောကျော်၊ အခု ဘဝသစ်မှာ ကုန်သည် ယောကျ်ား စွဲမြဲခိုင်မာ၊ ဒါကြောင့် ငါ့နာမည်ကို နောက်ကျရင် ဦးစွဲမြဲခိုင်မာ(ယခင် ဘောကျော်)လို့ ပြောတော့မယ်'

သူ့ စကားကြောင့် ကျန်သူများရယ်၏။

စွဲမြဲကတော့ ကောင်းစွာ မရယ်နိုင်သေး။

*

[၇]

'လာ၊ ဒီမှာထိုင် စွဲမြဲ'
'ဟာ ဘာလုပ်ဦးမလို့လဲဟ၊နင်ကလဲ'
'မရှည်နဲ့၊ ငါက ထိုင်ဆိုရင်ထိုင်၊ ငါက ထဆိုရင်ထ'
'ကောင်းပါပြီ ခင်ဗျာ၊ သက်ဦးဆံပိုင် ကေရီ ဘုရင်မ
ကြီးရဲ့၊ ဒါဆိုလဲ မရှည်တော့ပါဘူး၊ ထိုင်ပါပြီ၊ ကဲ....
ဘာဆက် လုပ်ရဦးမယ်ဆိုတာလဲ အမိန့်တော်ရှိပါဦး'
ရင်ငြိမ်းက ရယ်သည်။
'အမိန့်တော်မရှိနိုင်သေးဘူးမောင်စွဲမြဲ၊ ငါကိုယ်တော်
မြတ်လဲ ထိုင်တော်မူရဦးမယ်'



ပြောရင်းနှင့်ရင်ငြိမ်းကဘုရားရင်ပြင်တော်ပေါ်ရှိကျောက်
ပြား အခင်းပေါ်တွင် စွဲမြဲအနားဝင်၍ ထိုင်သည်။ ပြီးမှ
ပြုံးစိစိနှင့်ကြည့်၍

'ကဲ လက်အုပ်ချီ'
'ဟုတ်ကဲ့၊ ချီပြီးပါပြီ သခင်မ'
'ဘော်တယ် မောင်မင်း၊ အခုချိန်ကနေစ,ပြီးမနောက်
နဲ့တော့၊ ငါဆိုတာကို လေးလေး နက်နက် လိုက်ဆို၊
ကြားလား စွဲမြဲ၊ ငါ တကယ် အလေးအနက် ပြော
နေတာ'
'အေးပါ၊ ဟုတ်ပါပြီ'
'ကဲ....ဆို၊ ကျွန်တော်သည်'
'ကျွန်တော်သည်'
'ရင်ငြိမ်းကို....'
'ဟာ နင်ကလဲ၊ ဘာတွေ လျှောက် ဆိုခိုင်းနေတာလဲ'
'ဟို....ဘာဆိုခိုင်း၊ဆိုခိုင်း၊ဆို....ဆို....ဆို လိုက်ပါလား'
'အေးပါ ဆိုပါမယ်၊ ဒါပေမယ့် ခဏနေပါဦး၊ အခု
နင်က ဘာလုပ်မလို့လဲ'
'သစ္စာပြုမလို့၊ နင့်ကို မယုံလို့'
'ခြော်....ဒါများ၊ ရှင်းရှင်းပြောလိုက် ပြီးနေတာကွာ
ရင်ငြိမ်းကလဲ၊ ဘာမှ မယုံမရှိနဲ့၊ သစ္စာကို တစ်ခါ

မဟုတ်ဘူး၊ အခါတစ်ရာတောင်ပြုရဲတယ်၊ ဒါပေမယ့် သစ္စာပြုတယ်ဆိုတာ၊ နင်ခုန ဆိုသလို ဘုရားရှေ့မှာ တရားခံဖြောင့်ချက်ပေးတဲ့ ပုံစံမျိုးနဲ့ လုပ်ရတာ မဟုတ်ဘူး၊ သေချာလုပ်ရဘာ'

'မသိဘူး၊ ငါက ငါပြောတတ် သလိုပဲ ပြောတာ၊ ဒါဖြင့်ဘယ်လိုဆိုရမလဲ'

'နင်ဘာတွေ သစ္စာပြုစေချင်လို့လဲ ပြော၊ နင်ပြောချင်တဲ့စကားရဲ့ အဓိပ္ပာယ်ကို ငါစကားလုံးစီပေးမယ်'

'တစ်–နင်ငါ့ကို ဘယ်တော့မှ မမေ့ခိုင်းရဘူး၊ နှစ်–နင် ကငါ့အပေါ် တစ်သက်လုံး ချစ်သွားရမယ်၊ သုံးဘာအကြောင်းနဲ့ ဖြစ်ဖြစ် ငါ့စိတ်ဆင်းရဲအောင် နင် မလုပ်နဲ့'

'ဩော်–ဒါဖြင့် နင်ကရော'

'ငါက အဲဒါတွေ အကုန်လုံး လုပ်မယ်လို့ဆုံးဖြတ်ပြီးသား'

ရင်ငြိမ်စကားကြောင့် စွဲမြဲက ရယ်သည်။

'သစ္စာပြုတယ်ဆိုတာ နှစ်ယောက် အတူ ပြုရဘာပါ ရင်ငြိမ်းရယ်၊ ကဲ–ဒီလိုလုပ်၊ နှစ်ယောက်အတူတူဆိုမယ်'

'တပည့်တော်တို့သည်'

'တပည့်တော်တို့သည်'



'ဘယ်သောအခါမှ မေ့ပျောက်ရန် မကြိုးစားကြပါဘုရား'

'ဘယ်သောအခါမှ မေ့ပျောက်ရန် မကြိုးစားကြပါဘုရား'

* * *

ရင်ငြိမ်းပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာသည်။

'ငါနင့်ကို မမေ့ပါဘူး စွဲမြဲရယ်၊ အခုဟာက နင်ငါ့ကို မေ့နိုင်ခဲ့တာကို နာကြည်းလွန်းလို့၊ ငါကိုယ်တိုင် ရင်အကွဲခံပြီး နင်နဲ့ဝေးအောင် နေနေတာပါ'

ရင်ငြိမ်းက အမှောင် ထုများ ကြားသို့ ကြည့်ရင်း တစ်ယောက်တည်းတီးတိုးပြောနေမိသည်။

အပေါ်ထပ်ဝရန်တာ၏ ပတ်ဝန်းကျင်တစ်ခုလုံးမှောင်မည်းတိတ်ဆိတ်လျက်ရှိ၏၊ အိမ်ရှေ့မှသစ်ပင်များကို လေညင်းအေးအေးကတိုး ဝှေ့နေသည့်အသံနှင့် ပိုးမွှားအသံလေးများမှလွဲ၍ တလောကလုံး အိပ်မောကျလျက်ရှိနေကြသည်။

ရင်ငြိမ်းအိပ်ပျော်အောင် ကြိုးစားခဲ့သေးသည်၊ သို့သော် မရ။ သို့အတွက် အိပ်ရာမှ ထပြီးသည် အိမ်ရှေ့ဝရန်တာလေးမှာ တစ်ယောက်တည်းလာထိုင်နေခြင်း ဖြစ်သည်။

နားထဲမှာလည်း ညနေက စိုးစိုးပြောသော စကားများ ရစ်ဝဲနေသည်။

'မနက်က ကိုစွဲမြဲက စိုးစိုးကိုမေးသွားတယ် မမ၊ မမ အိပ်ထောင်ကျနေပြီလားတဲ့၊ ပြီးတော့ သူ့ကို မမက ဘာဖြစ်လို့စိတ်နာနေရတယ်ဆိုတာ စိုးစိုးသိသလားတဲ့၊ ပထမမေးခွန်းကိုတော့ စိုးစိုးဖြေနိုင်လို့ဖြေခဲ့တယ်၊ မမ အိမ်ထောင်မကျသေးပါဘူးလို့၊ ဒုတိယ မေးခွန်းကို တော့ စိုးစိုးလဲမသိလို့ မဖြေနိုင်ဘူးလို့ပဲ ပြောလိုက် တယ်....

'အဲဒီတော့ သူက အကြောင်းဆုံရင် မမကို စိုးစိုးက ပြောပြလိုက်ပါ၊ 'ကိုယ် ရင်ငြိမ်းကို ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူး၊ ကွဲကွာသွားတဲ့အချိန်ကစပြီး ခုထက်ထိ ရင်ငြိမ်းကို ကိုယ်ရှာနေ၊ မျှော်လင့်နေတာ ပါတဲ့၊ ပြီးတော့ တစ်သက်လုံးလဲ အမြဲမျှော်လင့်သွား မှာပါ....တဲ့'

'နောက်တစ်ခုက ပြန်ခါနီးမှာ သူက ပြောသွားသေး တယ်၊ သူ့မှာ မမရှိတဲ့နေရာကိုသိရဖို့အောင် နှစ်ပေါင်း များစွာ စောင့်ခဲ့ရတာပါ-တဲ့၊ အခု မမရှိတဲ့နေရာကို သူရောက်နေပြီမို့ ဒီသမ်းစကို သူအပျောက်မခံတော့ ဘူး၊ မမရှိမယ့်အရပ်ကို ထက်ကြပ်မကွာလိုက်ပြီး မမနဲ့ သူ ဆုံစည်းနိုင်အောင်ကြိုးစားရမှာပဲ....တဲ့'



'နင် ဘာဖြစ်လို့ စိုးစိုးကို ညာသွားရတာလဲ စွဲမြဲရယ်၊ နင် ငါ့ကို တကယ်သာရှာခဲ့ရင် ဘာဖြစ်လို့ မတွေ့နိုင် ရမှာလဲ၊ မေ့နိုင်တုန်းကတော့မေ့ထားပြီး အခုကျမှ ဘာဖြစ်လို့ ရှောင်နေတဲ့ ငါကပဲ အပြစ်ဖြစ်အောင် လီဆယ်တဲ့စကားတွေ ပြောသွားရတာလဲ'

အဝေးမှကြားလိုက်ရသော သံချောင်းခေါက်သံကြောင့် ဆယ့်နှစ်နာရီထိုးပြီဟု သိလိုက်သည်။

'နင် ငါ့ကို အိပ်ပျက်အောင်လုပ်ခဲ့တဲ့ညပေါင်း မနည်း တော့ဘူး စွဲမြဲ၊ နင့်ကြောင့် ငါမှာ ငိုခဲ့ရတဲ့အကြိမ် ပေါင်းကလဲ ကုဋေနဲ့တောင်ချီတော့မယ်၊ နင့်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး သိရဲ့လား'

ထိုစဉ် အတွင်းခန်းဘက်မှ မီးဖွင့်သံနှင့်ခြေသံတစ်ခု ကြား လိုက်ရသည်၊

ရင်ငြိမ်း ပျာပျာသလဲ လှည့်ကြည့်လိုက်သည်။

'ဟင်...စိုးစိုး'

ညှော်ခန်းတံခါးကိုဖွင့်ထွက်လျက် သူ့ဆီလျှောက်လာသော စိုးစိုးကို တွေ့လိုက်ရ၏။

* * *

'မမ စိုးစိုးလဲ မမလိုပဲ အိပ်မပျော်တာနဲ့ ထလာခဲ့တာ ပါ၊ မမကို နှောင့်ယှက်သလိုဖြစ်သွားရင် ခွင့်လွှတ်ပါ နော်၊ မမနဲ့ စိုးစိုး စကားနည်းနည်းပြောချင်တယ်'

စိုးစိုးက ရင်ငြိမ်းအနားရှိ ထိုင်ခုံတွင် ဝင်ထိုင်ရင်း ပြောသည်။ ရင်ငြိမ်းက သက်ပြင်းချလိုက်၍—

'ပြောလေ စိုးစိုး၊ ဘာပြောမလို့လဲ'

'အမှန်အတိုင်း ပြောရရင် အစကမမနဲ့ ကိုစွဲမြဲကိစ္စဟာ စိုးစိုးနဲ့ဘာမဆိုင်ပါဘူး၊ ဒါကြောင့် ဘယ်လိုမှလဲ ဒီကိစ္စမှာ ဝင်မပါဘူးလို့ ဆုံးဖြတ်ပြီးသားပါ၊ ဒါပေမယ့် ခုဟာက မမတို့နှစ်ယောက်ကြားမှာ တစ်မျိုးကြီးဖြစ်နေသလိုပဲလို့ စိုးစိုးထင်မိတယ်၊ ပြီးတော့ မမကို စိုးစိုး ပြစရာတစ်ခုလဲရှိတယ်၊ မမတို့နှစ်ယောက် စလုံးကို ကြည့်ရတာ စိုးစိုး အရမ်းထိခိုက်တာပဲ၊ ဖြစ်နိုင်ရင် မမတို့နှစ်ယောက် ဘယ်လိုဖြစ်ခဲ့ကြတာလဲဆိုတာ စိုးစိုးနားလည်အောင် ပြောပြပါလား မမရယ် နော်'

စိုးစိုးစကားကြောင့်ရင်ငြိမ်းစိုးစိုးကိုပင် သနားသွားသည်။ ဘာမဆိုင် ညာမဆိုင်နှင့် ကြားက သည်ကလေးပင် ရော စိတ်ညစ်နေရပါပြီကော။

ရင်ငြိမ်း ဘာမှမပြောရသေးခင် စိုးစိုးကပင်ဆက်၍—

'မမတို့ မကွေးမှာဖြစ်ခဲ့တဲ့ ပြဿနာကတော့ စိုးစိုးသိပြီးသားပါ၊ ဒါတွေပြန်ပြောပြစရာ မလိုပါဘူး၊ မမရန်ကုန်ရောက်ပြီးတဲ့ နောက်ပိုင်း ဘာဖြစ်တယ်ဆိုတာသာ မသိတော့တာ၊ အထူးသဖြင့် မမကိုစွဲမြဲကို စိတ်နာသွားရတဲ့ ကိစ္စပေါ့'



'ဘာလဲစိုးစိုး၊ မနက်က သူကနင့်ကို သနားအောင်ပြောသွားတာနဲ့ နင်သနားပြီး သူ့ဘက်က ရှေ့နေဝင်လိုက်ဦး မလို့လား'

'မဟုတ်ပါဘူး မမ၊ အခု စိုးစိုးမေးတာကလဲ ကိုစွဲမြဲကိုပြန်ပြောပြဖို့ မေးတာမဟုတ်ပါဘူး၊ စိုးစိုးထင်တဲ့တစ်ချက်များ ဖြစ်နေမလားလို့ပါ'

'အေးပါ....ရပါတယ်၊ မမကလဲ နင့်ကိုပြန်မပြောနဲ့လို့ မတားပါဘူး၊ ပြန်ပြောရင်လဲ ပိုတောင် ကောင်းပါသေးတယ်၊ သိပ်လဲ ရှည်ရှည်ဝေးဝေး ပြောစရာမရှိပါဘူး၊ ဒီလို စိုးစိုး၊ မမသူ့ကို စိတ်နာရတာက—

ရင်ငြိမ်းက သူ ရန်ကုန် ရောက်ချိန်မှ နိုင်ငံခြားမသွားခင်အကြား ဖြစ်ရပ်များကို ခပ်တိုးတိုးချုံ၍ ပြောပြလိုက်သည်။

နားထောင်ရင်း စိုးစိုး မျက်လုံးလေးများအရောင်တသက်သက်ဖြစ်လာသည်ကိုလည်း သတိထားမိလိုက်၏။

*

[၈]

'အဲ့ဒါပဲစိုးစိုး၊ သူ့ကိုမမ အချမ်းချစ်ပါတယ်၊ငယ်ကချစ် အနှစ်ဘစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်းဆိုတဲ့ စကားရှိတာပဲကွယ်၊ ဒီ တစ်သက်လောက်နဲ့တော့ မမသူ့ကိုမေ့စရာအကြောင်း မရှိပါဘူး၊ ဒါပေမယ့် မမကိုသူပစ်ထားခဲ့တာကြီးက ရိုင်းလွန်းတယ်၊ မမဘက်မှာ ဘယ်လို ခံစားနေရမယ် ဆိုတာကို သူမစဉ်းစားခဲ့ဘူးလား'

ရင်ငြိမ်းကတော့ ဆွေးဆွေးမြည့်မြည့် ပုံစံဖြင့်ခပ်လေးလေး ပြောသည်။ သို့သော် စိုးစိုးကသော့ အမူအရာချက်ချင်းပြောင်း လဲသွား၏။ စောစောက သူ့အိပ်ရာမှထစဉ်က ပုံစံမျိုးမဟုတ်



တော့ဘဲ ခက်ခဲသော သင်္ချာတင်ပုဒ်ကို ရုတ်တရက်အဖြေရှာ လိုက်ရသော ကလေးငယ်လို ရုတ်တရက် ရှင်လန်းတက်ကြွ လာပြီး....

'တော်ပြီမမ၊ တော်ပြီ ဒီလောက်ဆို စိုးစိုးသဘော ပေါက်ပြီ၊ ဩော်....မမရယ်၊ မမတို့ခေတ်က မိန်းက လေးတွေမှာ အဲ့ဒါ ခက်တာပဲ၊ စိုးစိုး တို့သာဆို ဒီ လောက် ပြဿနာမျိုးမျှား ရှင်းပစ်ပြီးတာ ကြာလှ နေပြီ'

'ဩော်... ဒီလောက် နာကြည်းနေတဲ့ ဥစ္စာ၊ ဘယ်လို လုပ် သူနဲ့မျက်နှာချင်းဆိုင်မှာလဲ စိုးစိုးရယ်'

'ဘာဖြစ်လို့လဲ မမရဲ့၊ သူက ကိုယ့် စီးဆင်းရဲအောင် လုပ်သလိုဖြစ်နေတာပဲ၊ ဘာဖြင့်လို့ မျက်နှာချင်းဆိုင် ရှင်းမပစ်နိုင်ရမှာလဲ၊ တွေ့လို့မရတဲ့ အချိန်ကတော့ ထားပေါ့၊ ခုလိုတွေ့ပြီဆိုရင် မျက်နှာကို သေချာကြည့် ပြီး ရှင်ဘာအချိုးချိုးတာလဲ၊ ငှဲ့ကိုရှင် ဘာအောက် မေ့နေတာလဲဆိုပြီး အပြတ် မေးပစ်လိုက်မယ်၊ သူ ရှင်းပြတာကို ကိုယ်လက်မခံနိုင်ရင်လဲ ပြီးတာပဲပေါ့၊ လက်မခံနိုင်ပဲ ကိုယ့်လာ ရုတ်ရုတ် ရုတ်ရုတ်လုပ်တယ် ထင်လို့ကတော့ အဲဒီနေရာမှာ ပါးဆွဲရိုက်ပြီး ပြန်လာ ခဲ့ပေါ့၊ ဘာမှ မမလို သံသရာနဲ့ချိပြီး လွမ်းနေစရာ အကြောင်းမရှိဘူး'

'ဩော်.... အဲလိုတော့လဲ ဘယ်လို လုပ်ရက်မလဲ ကွယ်၊ သံယောဇဉ်ဆိုတာ ရှိသေးတယ် မဟုတ်လား'

'အဲဒါကြောင့် ဒါကြောင့် မမအပျိုကြီး ဖြစ်တော့မလိုဖြစ်တာ၊ ဟား – ဟား – ဒါပေမယ့် ခုတော့မပူပါနဲ့တော့လေ၊ ဒီကိစ္စ စိုးစိုးရှင်းပြပါ့မယ်၊ အို....ရှင်းဆိုခုပဲ ရှင်းလိုက်တာ ကောင်းတယ်၊ မမအဲဒီမှာ ခဏနေဦးနော်၊ စိုးစိုးမမကို ပြစရာတစ်ခုရှိလို့'

ပြောပြောဆိုဆို စိုးစိုး လှစ်ခနဲထပြေးသည်။ ရင်ငြိမ်းအံ့အားသင့်စွာဖြင့် ကြောင်ကြည့်ကျန်ခဲ့၏။

* * *

'ရော့....မမ၊ အဲဒါတွေကြည့်စမ်း၊ အဲဒါဘာတွေလဲ'

သိပ်မကြာလိုက်သော အချိန်လေးမှာပင်စိုးစိုးတစ်ယောက် အပြေးအလွှား ပြန်ရောက်လာသည်။ ထိုနောက် လက်ထဲတွင် ပါလာသော ပစ္စည်းတစ်ထုပ်ကို ရင်ငြိမ်းပေါင်ပေါ် တင်ပေးလိုက်၏။

'ဟင် စိုးစိုး၊ အဲ့ဒါတွေ ဘယ်ကရလဲ'

'နေပါဦး၊ အဲဒါကနောက်ပြီးတော့ စိုးစိုးပြောပြမယ်



အဲဒီ ပစ္စည်းတွေဟာ မမပြောခဲ့တဲ့ ပစ္စည်းတွေဟုတ်၊ မဟုတ် သေချာစစ်ဆေးကြည့်စမ်းပါဦး'

စိုးစိုးစကားကြောင့် ရင်ငြိမ်းက ထိုအထုပ်လေးကို ပတ်ထားသည့် သားရေကွင်းကို ဖြေပြီး အထဲကအရာဝတ္ထု တစ်ခုချင်း ကောက်ကြည့်သည်၊ သားရေကွင်းလေးမှာနှစ်ပေါင်းများစွာ ကြာမြင့်နေပြီမို့ တချို့နေရာတွင် အရည်များပျော်ကာ ကပ်နေပြီ။ ဖြုတ်လိုက်သည်နှင့် ပြတ်သွား၏။

အမှန်တော့ ကြည့်စရာပင်မလို။ စာအိတ်ပေါ်က လိပ်စာများကိုကြည့်ရုံနှင့်ပင် လွန်ခဲ့သော နှစ်များစွာက စွဲမြဲထံ သူလှမ်းရေးခဲ့သော စာများဖြစ်ကြောင်း ထင်ရှားနေသည်။

'အဲဒါတွေဟာ မမသူ့ဆီ ရေးခဲ့တဲ့စာတွေပဲ စိုးစိုး၊ ဒါကဘယ်လိုဖြစ်တာလဲ'

'ဘယ်လိုဖြစ်တာလဲဆိုတော့၊ မမရန်ကုန်ကနေ ရေးသမျှ စာအားလုံး ကိုစွဲမြဲဆီတစ်စောင်မှ မရောက်ဘူးလို့ မမကို ပြောပြလိုက်တာပေါ့၊ အဲ့ဒီစာထုပ်ဟာ ဖေဖေ့မီးခံသေတ္တာ ဟိုအောက်ဆုံး ထောင့်ထဲမှာတွေ့နေတာကြာပြီ၊ ဘာမှန်းမသိလို့ စိုးစိုးလဲယူမကြည့်မိဘူး၊ ဟိုတလောကလဲ ဖေဖေခိုင်းလို့ ပိုက်ဆံယူရင်းနဲ့ အပေါ်က လိပ်စာတော့ ကြည့်လိုက်သေးတယ်၊ ဒါပေမယ့် မမတို့ ရည်းစားဖြစ်နေတုန်းက ပေးထားတဲ့ စာတွေ တမင်သိမ်းထားတာဖြစ်မယ်ဆိုပြီး ဒီတိုင်း ပြန်ထား

လိုက်တာ အခုမမပြောမှ ရှင်းတယ်၊ မမရန်ကုန်ကပို့ သမျှစာတွေကို ဖေဖေတို့က အကုန်ကြားဖြတ်ပြီးသိမ်းထားလိုက်တာပဲ မမရဲ့'

'ဘယ်လိုလုပ် သူတို့ကသိမ်းမလဲ'

'ဟာ ဒါတော့ စိုးစိုးလဲဘယ်သိမလဲ၊ သူတို့နည်းသူတို့ ဟန်တော့ ရှိမှာပေါ့၊ လောကမှာ အစီအစဉ်နဲ့ သေချာချာလုပ်ရင် မဖြစ်နိုင်ဘူးဆိုတဲ့အလုပ်မှမရှိတာ'

'ဒါဆို'

'အင်း....ဟုတ်တယ်၊ မမ အဲဒီကိစ္စဟာ ကိုစံမြဲနဲ့ဘာမှ မဆိုင်ဘူး၊ ဖေဖေရယ်၊ ဒေါ်လေးရယ်၊ နောက် ဘယ်သူမှန်းမသိတဲ့ လူတွေလဲပါရဦးမယ်၊ အဲဒါတွေပေါင်းပြီး မမ ကိုစံမြဲကို စိတ်နာ၊ သံယောဇဉ် ဖြတ်သွားအောင် လုပ်လိုက်တာပဲ'

ရင်ငြိမ်းတွေသွားသည်။ အဖြစ်အပျက်များက ရှင်းတန်သလောက်တော့ ရှင်းသွားပြီဖြစ်၏။ သို့သော် နည်းနည်းလေး ကျန်နေသေးတာ တစ်ခုရှိ၍....၊

'ဒါပေမယ့် ဒါချည်းပဲလဲ မလုံလောက်ဘူး စိုးစိုးရဲ့၊ မမစာမရောက်တာနဲ့ပဲ သူကမမကို လိုက်မရှာရတော့ဘူးလား၊ တကယ်သိုလ်တက်တော့ပဲ သူရှာမယ်လို့ ပြောထားပြီး'



'အဲဒါကတော့ ရှင်းတယ် မမ၊ အစကတော့ မဆက်စပ်မိပေမယ့် ခုတော့ အကုန်ဆက်စပ်လို့ ရသွားပြီ၊ ကိုစံမြဲ ဆေးရုံတက်ရတာ နည်းနည်းနော နော မဟုတ်ဘူးနော်၊ သုံးလေး လ လောက်ကြာလိမ့်မယ်၊ အဲဒါ စိုးစိုး မှတ်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုစံမြဲကို ရိုက်လိုက်တဲ့ ဒရိုင်ဘာကြီးကို တရားရုံးမှာစစ်တုန်းကရယ်၊ အမှုမဖြစ်အောင် ဖေဖေတို့ကြိုးစား နေတုန်းကရယ် ပြောပြောနေကြတာတွေအိမ်မှာ စိုးစိုးကြားနေရတယ်'

'ဟင်–ဒါနဲ့၊ ခေါင်းကို သုံးချက်လောက်ပဲ ချုပ်ရတယ်၊ ခဏလေး ဆေးကုပေးတာနဲ့ ပျောက်သွားတယ် ဆို'

'အဲဒါ မမကို ဝိုင်းလှည့်စားတာပေါ့လို့ ပြောပြီးပြီပဲ၊ ကိုစံမြဲက ခေါင်းကွဲသွားရုံ မကဘူး၊ အူတံခွဲ ပါ အက်သွားတယ်၊ အရိုက်ခံရပြီးသတိတောင် တစ်ပတ်လောက်ကြာမှရတာ ဆေးရုံလဲ အကြာကြီး တက်ရတယ်၊ ဆယ်တန်းလဲ တစ်နှစ်မဖြေလိုက်ရဘူး၊ ကျောင်းကနေ ဆေးခွင့်နဲ့နားပြီး နောက် တစ်နှစ်မှဖြေရတာ'

ရင်ငြိမ်းက မျက်မှောင်ကြုတ် စဉ်းစားရင်း အချိန်ကာလများကို ပြန်တွက်သည်။

'ဟယ်....ဒါဆို မမ နိုင်ငံခြား ထွက်သွားတဲ့ အထိ သူ တက္ကသိုလ် မရောက်သေးဘူးပေါ့'
'အင်းပေါ့၊ မမ မျှော်တုန်းက သူကလဲ သူ့ ဒုက္ခနဲ့ သူ၊ သူလဲ လိုက်ရှာရော၊ မမက ဒီနိုင်ငံမှာ မရှိတော့ဘူး၊ အဲ့လိုတွေ လွဲကုန်ကြတာပေါ့'

ရင်ငြိမ်း ငြိမ်သွား သည်။

ပြီးမှ ပါးပေါ်စီးကျလာသော မျက်ရည်များကို လက်ဖြင့် သုတ်ဖယ်လိုက်ပြီး....

'စိုးစိုး'
'ဘာလဲမမ'
'သူ ဘယ်မှာတည်းလဲ နင် သိလား'

'သိပါတယ်၊ ကိုဇေယျတို့ အိမ်မှာတဲ့၊ ဘာလုပ်မလို့လဲ မမ....'

'ငါ ဖုန်းဆက်ချင်တယ်ဟာ...၊ ဇေယျတို့အိမ် ဖုန်း၊ နင် သိလား၊ မသိရင် ဒါရိုက်ထရီထဲမှာဖြစ်ဖြစ်၊ အင်ကွာရီဖြင့်ဖြစ်၊ သိနိုင်တဲ့ နေရာကိုဖြစ်ဖြစ် လှမ်းဆက်ပြီး မေး၊ သူနဲ့ငါ ခုချက်ချင်း စကား ပြောချင်တယ်'
'ဟာ.... မမကလဲ၊ ညကြီး မင်းကြီး၊ ခုဆို တစ်နာရီ လောက်ရှိပြီ'



'ရှိရှိ....စိုးစိုး၊ ဒီကိစ္စက အရေးကြီးတယ်၊ ဖုန်းနံပါတ် နင် မရှာနိုင်ဘူးလား၊ ဇေယျတို့ အိမ်က စကတည်းက ဖုန်းရှိတယ်၊ ငါသိတယ်'

စိုးစိုးက ရယ်၍

'ရှိပါတယ်၊ ရှာလို့လဲ လွယ်ပါတယ်၊ သူ့ ကျူရှင် ကျောင်း ကြော်ငြာစာရွက်တွေမှာ သူ့အိမ်ဖုန်းနံပါတ် ပါတာပဲ၊ နေဦး ဟိုတလေက စိုးစိုးတို့ကျောင်းရှေ့ မှာ ကြော်ငြာစာရွက်တွေ ဝေတုန်းက စိုးစိုး ယူလာ တာ တစ်ရွက် စိုးစိုးစားပွဲပေါ်မှာ တွေ့တွေ့နေတယ်၊ မမကလဲနော်၊စိတ်နာ တုန်းကလဲ ခါးသီးနေတာပဲ၊ ခု ခွင့်လွှတ်တော့လဲ မြန်လှ ချည် လား၊ မနက်ကျမှ အေးအေးဆေးဆေး ပြောပြီးရော၊ကိုစွဲမြဲက မမရှိတဲ့ နေရာကို သူ အမြဲထက်ကြပ်လိုက်ပါ့မယ်လို့ ပြောထား လျက်သားနဲ့'

စိုးစိုးက စပ်ဖြဲဖြဲဖြင့် ပြောသည်။

ရင်ငြိမ်းက မျက်စောင်းထိုးလိုက်ပြီး....

'စိုးစိုးနော်၊ နင် ငါ့ကိုလှောင်သလိုလို လုပ်မနေနဲ့ ငါတို့ ခေတ်က မိန်းကလေးတွေက နင်တို့လောက် မရဲပေမယ့် လုပ်စရာရှိတော့လဲနင်တို့ထက်သတ္တိရှိတယ်

နောက်ပြီး ငါက ခုဆို ခုမှ....ဒါပေမယ့် နင့်ကိုတော့
ငါ ကျေးဇူးအရမ်းတင်ပါတယ်'

စိုးစိုးက မျက်ခုံးပင့်ပြီး ပခုံးနှစ်ဖက်ဘွန့်ပြလိုက်၏။

*

[၉]

'ကရင်....ရင်....ရင်....ရင်'

ညကြီး မင်းကြီး ထမြည်လာသောဖုန်းသံကြောင့်ဇေယျာတို့ တစ်အိမ်လုံး နိုးလာကြသည်။

စဲ့မြဲကတော့ အစကတည်းက မအိပ်နိုင်သော သူမို့ အရင်ဆုံး ထဖြစ်သည်။ ကျန်အိမ်သားများ အလန့်တကြား မဖြစ်စေရန် ဖုန်းကို ကမန်းကတန်း ပြေးကိုင်ပေးလိုက်သည်။

'ဟယ်လို'

'ဟယ်လို'

'ဟုတ်ကဲ့....၊အမိန့်ရှိပါ'

'ခု ပြောတာ ဇေယျာတို့ အိမ်ကလား'

'ဟုတ်ပါတယ်'

'အခုပြောတာ ဘယ်သူလဲ၊ ကိုဇေယျာလား'

'မဟုတ်ပါဘူး၊ ကျွန်တော်က သူ့ညွှန့်သည်ပါ၊ ဇေယျနဲ့ ပြောချင်လို့လား၊ ခေါ်ပေးမယ်လေ'
'မဟုတ်ဘူး....မဟုတ်ဘူး၊ ကိုဇေယျ ညွှန့်သည်ဆိုတော့ ဘယ်သူလဲ၊ ကိုစွဲမြဲလား'
'ဟုတ်တယ်'

'ဟာ....အတော်ပဲ၊ ကိုစွဲမြဲလဲ မအိပ်သေးဘူးထင်တယ်၊ စိုးစိုး ပြောနေတာပါ ကိုစွဲမြဲ'
'ဟင်-စိုးစိုး၊ ဟုတ်လား၊ ဘာကိစ္စလဲစိုးစိုး၊ အကြောင်းရှိလို့လား'

'ဟုတ်တယ်၊ မမကကိုစွဲမြဲနဲ့စကားပြောမလို့တဲ့၊ ခဏကိုင်ထားနော်၊ မမနဲ့ပြော'
'ဘာတဲ့လဲစွဲမြဲ'

အိပ်ရာမှ ကမန်းကတန်းထလာကြသော ဝင်းဌေးနှင့်ဇေယျက လှမ်းမေးသည်၊ စွဲမြဲကခဏနေရန် လက်ကာပြလိုက်ပြီး ဖုန်းခွက်ကိုလက်ဖြင့် ပိတ်၍-

'နေဦး၊ ဟော့ကောင်တွေ အရမ်းအရေးကြီးနေတယ်၊ ခုနပြောတာ စိုးစိုး၊ ရင်ငြိမ်းက ငါနဲ့စကားပြောချင်လို့တဲ့'
'ဟေ....ရင်ငြိမ်းက၊ ဟုတ်လား'
'ဟယ်လို'



ဒီမှာ ရှုပ်ယှက်ခတ်သွားစဉ် တယ်လီဖုန်းနားထောင်ခွက်ထဲမှနေ ရင်ငြိမ်း အသံပေါ်လာသည်။
စွဲမြဲက ဝင်းဌေးတို့ ဇေယျတို့ကို ဂရုမစိုက် အားတော့ဘဲ....
'ဟယ်လို....ရင်ငြိမ်းလား၊ ကိုယ်ပါရင်ငြိမ်း၊ စွဲမြဲပါ'
'စွဲမြဲ၊ ရင်ငြိမ်းပါ၊ ရင်ငြိမ်းသူ့ကိုပြောစရာရှိတယ်'
'ပြော ရင်ငြိမ်း၊ ပြောပါ၊ ကိုယ် နားထောင် နေပါတယ်'

'အင်း....ရင်ငြိမ်းကို ခွင့်လွှတ်ပါ စွဲမြဲရယ်၊ အကြောင်းစုံတော့ မနက်ကျမှ ပြောပြတော့မယ်၊ ဒါပေမယ့် ရင်ငြိမ်း အားလုံးကို နားလည်ခွင့်ရသွားပါပြီ၊ အခု သူဘာလုပ်နေလဲ မအိပ်သေးဘူးလား'
'ဟင့်အင်း-ကိုယ်အိပ်လို့မရပါဘူး ရင်ငြိမ်း'
'အိပ်လို့မရတော့ ဘာလုပ်နေလဲ'
'ရင်ငြိမ်းအကြောင်းကို စဉ်းစားနေတာပါ'
ရင်ငြိမ်းထံမှ ကြားနေကျဖြစ်၍၊ ခုခါမကြားရတာ ကြာပြီ ဖြစ်သော ရယ်သံလေးများကို ပြန်ကြားလိုက်ရသည်။
'ရင်ငြိမ်းလဲ ခုထိမအိပ်ရသေးပါဘူး၊ ကဲ-ကဲ ဒါပါပဲ၊ သူအိပ်ချင်ပြီ မဟုတ်လား၊ အိပ်လိုက်တော့၊ မနက်ကျရင်၊ ရင်ငြိမ်းဆီ စောစောလာခဲ့'
'ဟာ....အဲလိုမလုပ်နဲ့ ရင်ငြိမ်း၊ ပြောစရာရှိတာခုတစ်ခါတည်း ပြောကြမယ်၊ မနက်ကျရင်လဲလာခဲ့မယ်၊ ခုမုန်းမချန်နဲ့တော့ စကားဆက်ပြောဦးမယ်'

'မဟုတ်ဘူး မောင်ရဲ့၊ မောင်ကသူများ အိမ်မှာတည်းနေတာ၊ သူများတွေ အနှောင့်အယှက် ဖြစ်သွားရင် ဘယ်ကောင်းမလဲ၊ မနက်ကျမှ ပြောမယ်ကွယ်နော်'

'မရဘူး ရင်ငြိမ်း၊ ဒီမှာက သူငယ်ချင်းတွေချည်းပဲ၊ ဇေယျရယ်၊ သူ့မိန်းမ ညွန့်ညွန့်စိန်ရယ်၊ နောက် ရန်ကုန်က ကိုယ့်သူငယ်ချင်း တစ်ယောက်ရယ် ဒါပဲရှိတာ၊ ဘာမှ အားနာစရာမရှိဘူး'

'ရင်ငြိမ်းက ဖေဖေ့ကို စောင့်ကြည့်နေရတာ'

'တစ်လျှောက်လုံး ထိုင်ကြည့်နေရလို့လား'

'အဲလိုတော့ မဟုတ်ပါဘူး၊ တစ်နာရီ တစ်ခါလောက် ဆေးသွားတိုက်ရင်း ကြည့်ကြည့်ပေးရတာပေါ့'

'ဒါဆို တစ်နာရီ တစ်ခါကျမှ ခဏထပြီးသွားကြည့်၊ ခုတော့ ဆက်ပြောဦး'

'အိုး-ဇွတ်ကြီးပါလား၊ ရင်ငြိမ်းက ဘယ်အချိန်အထိ ပြောနေရမှာလဲ'

'မနက်လေးနာရီအထိ၊ မနက်လေးနာရီကျတော့ကိုယ် အဲ့....မောင် ရင်ငြိမ်းဆီလာခဲ့မယ်'

'ဟယ်-အဲလောက်ကြီးမကဲနဲ့လေ၊ တယ်လီဖုန်း မိတာတွေစာက်လို့ သေရော့ပေါ့'



'မသေနဲ့၊ အဲဒီတယ်လီဖုန်းခတွေကိုကိုယ် ရှင်းပေးမယ်၊ ဒီလအတွက် တယ်လီဖုန်း ဘီလ်စာရွက်လာရင် ကိုယ်ဆောင်ပေးမယ်၊ ကဲပါ၊ ဒါတွေ ပြောနေရတာနဲ့ လိုရင်းကို မရောက်တော့ဘူး၊ အခုဘယ်လို ဖြစ်လို့ မောင့်ကို နားလည်သွားတာလဲ'

'အင်း မောင်ဟာလေ၊ နေနိုင်တုန်းကတော့ နေနိုင်သလောက်သည်းချင်တော့လဲ သူ့အပြင်မရှိဘူး၊ ဒီလို မောင်ရဲ့'

ညကြီးမင်းကြီးကျမှ အခြေအနေအပြောင်းအလဲတွေ ထဖြစ်ကုန်သော စွဲမြဲကိုကြည့်၍ ဝင်းဌေးနှင့် ဇေယျအံ့သြနေကြသည်။

အကြောင်းစုံကို သူတို့လည်း သိချင်နေကြပြီဖြစ်၏။

* * *

'ဟာ....နင့်မေကလွှားတဲ့မှပဲ၊မပြီးနိုင်တော့ဘူးလားဟ၊ လေကြောတွေကလဲ ရှည်ရှည်နိုင်လွန်းတယ်၊ အမေမွေးတုန်းက လျှာချည်းပဲ ခုနစ်ရက်လောက်ဆွဲထုတ်ယူထားရတယ်ထင်တယ်၊ မပြောချင်ဘူး၊ တစ်ညကွဲတာနဲ့နှစ်ပေါင်း ခုနစ်ရာဆွေးရတယ်လို့ကြားဖူးပါတယ်၊ ဆယ်

နှစ်ကွဲတာနဲ့ နောက်ထပ် ဆယ်နှစ်လုံးလုံးတယ်လီဖုန်းချည်း ပြောကြတော့မလို့လားလဲ မပြောတတ်ပါဘူး၊ ကဲ....ကိုဇေယျ၊ လုပ်မနေတဲ့ဘော့၊ ကျွန်တော်တို့သွားကြထဲက အိပ်ရေးပျက်တယ်'

ဇေယျကလည်း ရှုံ့မဲ့၍....

'အေးဗျာ၊ သုံးနာရီ ထိုးတော့မယ်၊ သူတို့ကတော့ ပြောလို့၊ ဆိုလို့၊ ကြည့်လို့၊ ရယ်လို့ ကျုပ်တို့များကျတော့ နည်းနည်းပါးပါး နားလည်ရအောင်အဘက်လုပ်ပြီးတော့တောင် လှည့်မပြောပြတော့ဘူး'

ညှော်ခန်းကကုလားထိုင်မှာ ငုတ်တုတ်ထိုင်စောင့်ရင်း ဇေယျနှင့် ဝင်းဌေးက ဂျီတွန်တော့၏။

စွဲမြဲက အကုန်ကြားနေသဖြင့် ရယ်လိုက်သည်။

'ဟင်း....ဘာရယ်တာလဲ'

ရယ်သံကြားသွားသော ရင်ငြိမ်းက တစ်ဘက်မှနေလှမ်းမေး၏။

စွဲမြဲက ရယ်ရင်း....

'မဟုတ်ပါဘူး၊ ဟိုမှာ ဇေယျတို့ ဂျီတိုက်နေလို့ ရင်ငြိမ်းရဲ့'

'ဟုတ်လား၊ ဘာတဲ့လဲ'

'ဘာမှမဟုတ်ဘူး၊ ရင်ငြိမ်းနဲ့မောင် ဘာဖြစ်ကြသလဲဆိုတာ မေးမလို့ ထိုင်စောင့်နေကြတာ'



'အို....ဟုတ်သားပဲ၊ သူတို့လဲသိချင်မှာပေါ့၊ ဒီမှာလဲ စိုးစိုးက ရင်ငြိမ်းဘေးမှာငုတ်တုတ် မောင်ရဲ့၊ရင်ငြိမ်းတို့ကိုတော့ ကဲလှချည်လား အောက်မေ့တော့မှာပဲ'

'ကဲသင့်လို့ကဲတာပဲရင်ငြိမ်းရယ်၊ ခုဟာက ဘောဘောဘောကျော် ဘဝလို အခြေအနေ၊ အချိန်အခါမပေးဘဲ မိုက်မိုက်မဲမဲ ကဲကြတာမှမဟုတ်တော့ဘဲ ပုဏ္ဏဝတီနဲ့ ကုန်သည်လူဝင်စားဘဝနဲ့ ကဲကြတာပဲ၊ ကဲသင့်ပါပြီ'

'ဟင်း....သိပ်မကဲနဲ့ဦးနော်၊ သူများက အဖေ့ကိစ္စအတွက် ခွင့်နဲ့ ခဏပြန်လာတာ၊ နိုင်ငံခြားပြန်သွားရဦးမှာ'

'ဟာ....မပြန်နဲ့တော့ ရင်ငြိမ်းရာ'

'ဟဲ့....မပြန်လို့တော့ဘယ်ရမလဲ ကလေးရဲ့၊ ကျုပ်က ရှင့်လို အလုပ်မရှိအကိုင်မရှိ နေချင်တဲ့နေရာမှာ နေလို့ရတာမဟုတ်ဘူး၊ ဟိုမှာ အကျိုးအကြောင်းပြောပြပြီး အလုပ်ကထွက်သင့်ရင်ထွက်ပြီးမှ ပြန်လာရမှာ'

'ဒုက္ခပါပဲ ရင်ငြိမ်းရာ၊ အဲဒါဆို သိပ်ကြာသွားမလားတောင် မပြောတတ်ဘူး၊ ကိုယ်က ဘုရားပွဲ သွားချင်လှပြီ၊ ပြီးတော့ ဟိုအိမ်လေးက အိမ်ခန်းလေးထဲမှာ ဟိုတုန်းကလို....'

'ဟော့....တော်တော့....တော်တော့၊ရှက်စရာတွေမပြောနဲ့တော့၊ အဲဒါတွေကပြီးသွားပြီ၊ ဘာလဲ နောက်ထပ်ခေါင်းကွဲချင်သေးလို့လား'

နှစ်ယောက်သား အားရပါးရရယ်လိုက်ကြသည်။

ပြောရင်းနှင့် လေးနာရီပင်ကျော်လာကြသည်။

အပြင်ဘက်တွင် လင်းအရုဏ်ရောင်နီများပင် ပျိုလာပြီ ဖြစ်၏။

နံနက်ခင်း အေးမြသောလေညင်းကလည်း ဇေယျတို့ ဖွင့်လိုက်သော အိမ်ရှေ့တံခါးမှနေ ဝင်ရောက်လာသည်။သို့သော်လည်း သည်လေညင်းကတော့ လွမ်းလေညင်း မဟုတ်တော့။

တစ်ညတာ၏ အမှောင်ထုနှင့်တူသောဘဝ၏ သောကများ နံနက်ခင်းအလင်းရောင်နှင့် အတူ ငြိမ်းအေးခဲ့ရပြီ မဟုတ်ပါလား။ ။

ကြိုးစားပါဦးမည်။

နွမ်ဂျာသိုင်း။

တိုက်-၆၊ အခန်း-၃၊ ကြို့ကုန်းရိပ်သာ။

အင်းစိန်။

ဖုန်း-၆၃၄၇၅